

သက်ဆွေ၊
းနိုင်ဦး၊
ခင်းကလျာ၊
ထွင့်၊
းထက်ဇော်၊
ဝင်းဇော်(သုံးဆယ်)၊
အောင်ခင်စိုး၊

ယုံလွယ်နောင်တ

# ပဋ္ဌ ဂုဏံ အပာံ ဝန္ဒာမိ

# ရင်ထိတ်သည်းဖို – ယုံလွှယ်နောင်တ


အဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၁၁၀၃၀၉
စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၃၈၀၁၀၉
ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၀၉-ခုနှစ်၊ ဧပြီလ။
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၀၀၀ ကျပ်
အဖုံးနှင့်အတွင်းပုံနှိပ်သူ - ဦးဌေးအောင် (ဝ၈၃၂၅)
မြမင်းပုံနှိပ်တိုက်
အမှတ် (၂၀၄) ၃၁-လမ်း၊
ပန်းဘဲတန်း၊ ရန်ကုန်မြို့။
ထုတ်ဝေသူ - ဦးလှနိုင် (မြိတ်စာပေ)
အမှတ် ၆၆၊ ဗိုလ်ဥက္ကာလမ်း၊
ကြည့်မြင်တိုင်၊ ရန်ကုန်။
ဖြန့်ချိရေး - မြိတ်စာပေ (ဖုန်း-၇၀၄၄၉၀)
၁၉၀၊ ၃၁လမ်း(အထက်)၊ ရန်ကုန်။
စီစဉ်သူ - ကိုလှနိုင် (မြိတ်)
အထက်မြန်မာပြည် - နဂါးစာပေ၊ (မန္တလေး)
ဖြန့်ချိရေး - ထွန်းဦးစာပေ (မန္တလေး)

ဘသက်ဆွေနှင့် (၈) ဦး
ယုံလွှယ်နောင်တ ရင်ထိတ်သည်းဖို/ဘသက်ဆွေနှင့် (၈) ဦး -ရန်ကုန်
မြိတ်စာပေ။ ၂၀၀၉ ။
၂၀၀ - စ၊ ၁၂.၅ x ၁၉.၅ စင်တီ။
(၁) ယုံလွှယ်နောင်တ ရင်ထိတ်သည်းဖို

# ရင်ထိတ်သည်းဖို

## ယုံ့လွှယ်နှောင်ဇိတ

မြိုက် စာပေ
၁၉၈၊ ၃၁လမ်း(အထက်)၊ ရန်ကုန်။ (ဖုန်း-၇၀၄၄၉၀)

## မာတိကာ

## ရင်ထိတ်သည်းဖို

## အယုံလွယ်နှောင်တ


(၁) ဘသက်ခွေ - အတူပေးသောဒုက္ခ

(၂) ဝင်းနိုင်ဦး - ယုတ္တိဗေဒအတွေး

(၃) ယမင်းကလျာ - အဆိပ်ရှိသောသိုး

အစားခံရသောမုဆိုး

(၄) ညီထွင့် - အယုံလွယ်နှောင်တ

(၅) ဟိန်းထက်ဇော် - အိမ်နီးချင်းမိသားစု

(၆) ဝင်းဇော် (သုံးဆယ်) - မိုးကြိုးထိသျှောင်မြီးရှည်

(၇) ဟိန်းထက်ဇော် - ဘုံကြီးပြတ်မေတ္တာ

(၈) ဝင်းဇော် (သုံးဆယ်) - မကြွားဝံ့မနာသာ

(၉) အောင်ခင်စိုး - ကျေးငှက်တရား



## အတွေးပေးသော အကြံ

**အသက်ဆွေ**

လူတစ်ယောက်အဖို့ အကြိမ်မည်မျှ ကံကောင်းတတ်ပါသနည်း။

ကျွန်တော်သည် ယင်းအကြောင်းကို အကြိမ်ကြိမ် တွေးဖြစ်ခဲ့ဖူးသည်။ ယင်းသို့တွေးခြင်းမှာလည်း အကြောင်းရှိပါသည်။

ကျွန်တော်သည် ထောင်မှူးတစ်ဦး ဖြစ်ခဲ့သည်။ ထောင်ကျထောင်အဆောင်မှူးတာဝန်ကိုလည်း ယူထားရသည်။ နေ့စဉ်နှင့်အမျှ ပြစ်ဒဏ်ရ၍ ထောင်ထဲ ဝင်လာသော လူပေါင်းမှာ နှစ်ဆယ်ထက် နည်းသည့်နေ့ဟူ၍မရှိ။

သူတို့ထဲမှာ အချို့က ပြောကြသည်။ ကျွန်တော်တို့ ကံဆိုးလို့ပါ။ ကျွန်တော်တို့ထက် ဆိုးတဲ့ကောင်တွေ အခုထိ ထောင်ထဲမဝင်ရသေးဘူး ဟူ၏။ ဖြစ်နိုင်ပါသည်။ တရားဥပဒေ၏ အဆိုအမိန့်တစ်ရပ်တွင် "အပြစ်ရှိသူ ဆယ်ဦး လွတ်ချင်လွတ်နေပါစေ၊ အပြစ်မဲ့သူတစ်ဦး ထောင်မကျစေရ" ဟု ဆိုထားသည်။ ယင်းအဆို

ကိုချင့်၍ အပြစ်ကျူးလွန်သူများ ပြင်ပလောကတွင် လွတ်နေကြဦးမည်သာ ဖြစ်သည်။

သို့သော် ကျွန်တော် ဆင်ခြင်မိသည့်ကိစ္စမှာ ဒုစရိုက်သမားတစ်ဦး (ကံကောင်းစွာ ကံမကောင်းစွာ မဟုတ်ဘဲ) ထောင်ကျလာသည်။ ထိုသူသည် ကံကောင်းစွာဖြင့် ထောင်က လွတ်သွားသည်။ ပေါ်ပင်စကားနှင့်ဆိုရလျှင် "ရှိတော့ ရှိသည် ရှားသည်" တူသော လူစားမျိုးဖြစ်မည် ထင်သည်။

ကျွန်တော်သည် . . . ချစ်ထွန်းဟူသော အကျဉ်းသားတစ်ဦးနှင့် ခွဲခွာသွားခါနီးတွင် တွေ့ကြသည်။ သူ ပြောသမျှကို သဘောတွေ့မိသော ကျွန်တော်က သူ့အကြောင်းကို ရေးဖြစ်သောအခါ သူ့ကို ဇာတ်ဆောင်ပြီး ရေးမိနေသလို ဖြစ်နေသည်။ ဤသို့ ဖြစ်သွားရသည်မှာ သူ၏ ကံကောင်းခြင်းနှင့် ပတ်သက်ပါသည်။

သို့သော် သူမည်မျှဆက်၍ ကံကောင်းနေပါဦးမည်နည်း။

ဤသို့ဖြင့် . . .

× × × × ×

ကုန်းသာသည့် တောမြို့ကလေးတစ်မြို့သာ ဖြစ်၏။

ဧရာဝတီ အနောက်ဘက်ကမ်းတွင် တည်ရှိ၍ ကျောထောက် နောက်ခံဟုဆိုရလျှင် ရိုးမသည် မားမားမတ်မတ်၊ ရိုးမကို အခြေ တည်၍ နေထိုင်သော တောသူတောင်သားတို့သည် တောင်ယာ လယ်လုပ် မားမခုတ်

သလို ရိုးသားစွာ လုပ်ကိုင်
းသောက်ကြသူများသာ ဖြစ်
သည်။

ရိုးသားသူတို့သည် . . .
ကောင်းမှုဒုစရိုက်ကို ကြောက်
ကြသည်။ ရှောင်ကြသည်။ ထိုမှ
ဆက်နွယ်၍ မကောင်းမှုပြုလုပ်
တတ်သူ၊ နာမည်ကြီးသူကိုပါ
ကြောက်တတ်ကြသည်။ ရှောင်
ကြသည်။

ထို့ကြောင့်ပင် လူမိုက်ဆို
သူတို့က နာမည်တစ်လုံးနှင့် လုပ်
စားနေကြသည်။ ရိုးသားသူတို့
အပေါ် ဒုစရိုက်မှု ကြောက်တတ်
သူတို့အပေါ် အနိုင်ယူဗိုလ်ကျ
ကြသည်။

ကုန်းသာနယ်တကျော၊
နယ်တကျောမှာတော့ ကျား
စစ်ထွန်းဆိုလျှင် ဖိန့်ဖိန့်

တုန်အောင် ကြောက်နေကြရ
သည်။ ကျားကြီးရာဇာကို သူ့
နာမည်ချစ်ထွန်းဟု မခေါ်ရဲကြ
ပါ။ တစ်ကိုယ်တော်ဟု ခေါ်ကြ
သည်။ တစ်ကိုယ်တော် ကျား
ကြီးရာဇာ၊ တစ်ကိုယ်တော် ရာ
ဇန္တ၊ ကျားကြီးရာဇာ တစ်ကိုယ်
တော် ဘယ်လိုခေါ်ခေါ် သူ
ကြိုက်သည်။ ချစ်ထွန်းဟူသော
နာမည်အရင်းကို ခေါ်လိုက်လျှင်
သူအလွန်စိတ်ဆိုးသည်။ ထိုသို့
ခေါ်သူကိုသိလျှင် ခေါ်ယူတော့
လွယ်မည်မဟုတ်။

"တစ်ကိုယ်တော် ကျား
ကြီးရာဇာက ဘယ်နေရာမဆို
အချိန်အခါမရွေး ရောက်လာ
တတ်တာ သူ့ကို မလေးမခန့်
မခေါ်ရဲ မပြောရဲပါဘူးဗျာ . . ."

"တစ်ကိုယ်တော်က

ကျွန်တော်တို့ ဆင်းရဲသားတွေ အသေ ခံနိုင်စက်တာ ကျေးဇူး တင်ရမလိုဘဲ။ သူဘာသာ လူ သတ် ဓားပြတိုက်တာဘော့ သူ့ ကိစ္စနဲ့ သူပေ့ါတော် . . .”

“ဒါပေမယ့် ကုန်းသာ က တရုတ်အဖန်ခေါက်ဆွဲဆိုင် ကို ဘယ်အပြီးနဲ့ တစ်နှစ်တစ်ခါ ဓားပြတိုက်နေပါလိမ့်။ ဒီတရုတ် တော့ တစ်ကိုယ်တော်နိုပ်စက် တာနဲ့ စီးပွားတက်အောင် ကြံရင်း၊ ကုန်ရင်းဖြစ်နေတာ ပဲ. .”

“တိုးတိုး ပြောစမ်းပါဗျာ ဒါလဲ သူ့အကြောင်းနှင့်သူ နေမှာပေ့ါ . .”

ကုန်းသာနှင့် မလှမ်း မကမ်း တောင်ခြေရွာက တော တွင် လူစုမိတိုင်း တစ်ကိုယ်တော်ကျားကြီးရာဇာအကြောင်း ပြောမိကြသည်သာ။

ယခုလည်း သူစိမ်းညို့ သည်ကစ်ယောက်ရောက်နေသည် ညို့သည်ကို ထမင်းကျွေးပြီး စကားဝိုင်းဖွဲ့ရင်းက ထိုစကားများ ကိုပြောမိကြခြင်းပင်။

ညို့သည်သည် ကျား ကြီးရာဇာအကြောင်းကို အတော် စိတ်ဝင်စားသော်လည်း ရွာခံလူ များကို ကြောက်လန့်ခြင်း လုံးဝ မရှိပေ။

“သူတကယ်ပဲ တစ်ကိုယ် တော်လားဗျ၊ နောက်မှာ တပည့် တပန်းတွေ မရှိဘူးလား . .”

“တချို့ပြောတာတော့ တပည့်နှစ်ဆယ်ကျော်လောက်ကို ရှိတယ်တဲ့၊ ဒါပေမယ့် ကုန်းသာ က အဖန်ဆိုင်ကိုတိုက်ရင်တော့

...ဘစ်ကိုယ်တည်းပဲ အမြဲတိုက်
...ာပဲ . . ."

"ကျုပ်ကြားဖူးတာတော့ ...န်းသာက တရုတ်အဖန်ဆိုင်ကို ...နှန်ခဲ့တဲ့ငါးနှစ်လောက်ကပဲ တစ် ...ယ်တော်ရာဇာ ဓားပြတိုက်ဖူး ...ယ်။ အဲဒါလဲ သူမှာလမ်းစရိတ် ...တ်သွားလို့ အကူအညီတောင်း သွားတဲ့သဘောပဲဗျ၊ တကယ် ...ာတာ ဓားပြမဟုတ်ဘူးတဲ့။ ...စ်ခါတစ်ရံ မိုက်ဂုဏ်ပြပြီး ငွေ ...ောင်း၊ သူသွားချင်တဲ့ခရီး ဆက် ...ာပဲလို့ ကြားဖူးတာပဲ . . ."

မိတ်ဆွေပြောသလိုပဲ ဟို ...န်းက ကျုပ်တို့လဲ သိခဲ့တာပဲ။ ...ခုတော့ တစ်ကိုယ်တော်ဟာ ...ားပြဂုဏ်ကို ဘောင်မိနေပြီ။ ...ားပြ တိုက်ဖ၊ အရသာကို ...နှုပ်ဆို ...ော ဟိုကုန်းကနဲ့ ဘယ်တူတော့မလဲ။"

"ဟုတ်ချင်ဟုတ်မှာ ပေါ့လေ . . ."

ဧည့်သည်သည် ချက်ချင်းပင် သူ့စကားကို ရုတ်သိမ်းသလို ရှေ့မဆက်ဘဲ ငြိမ်နေလိုက်သည်။ ထိုအခါ စကားလမ်းကြောင်း ပြောင်းသွားတော့သည်။

"ဒါနဲ့ မိတ်ဆွေဘယ်ကို ခရီးသွားမှာလဲ . . ."

"ကုန်းသာ ဘက်ကိုပါ"

"ဘယ်ကလာခဲ့တာ လဲ မိတ်ဆွေ . . ."

"ကျုပ်လား . . . ရခိုင်ဘက်ကပဲပေါ့။ ရိုးမကိုကျော်ပြီး လာခဲ့တာပဲ . . ."

"အဲဒါ တစ်ကိုယ်တော်နဲ့မတွေ့တာ ကံကောင်းတာပေါ့"

"ဗျာ. . ."

"အခု နတ်တော်လ ရောက်နေပြီလေ . . တစ်ကိုယ်တော် ကုန်းသာကို ရောက်မယ့်လပဲ။ သူ ဒီအနီးအနားမှာပဲ ရှိမှာ။ ခင်ဗျားသူနဲ့ မဆုံလာခဲ့တာလဲ ကံကောင်းတယ်လို့ ပြောတာပါ . . ."

"အေးဗျာ . . ဟုတ်ပ၊ ဟုတ်ပ . . ."

× × × × ×

အဖန်၏ စားသောက်ဆိုင်သည် မြစ်ကမ်းစပ်တွင် ရှိ၏။

ညနေစောင်းလာပြီဆိုလျှင် အဖန်ဆိုင်မှာ လူပြည့်နေတတ်သည်။ အရက်နှင့် ခေါက်ဆွဲကြော်၊ ကြာဇံကြော်တို့ကို လက်မလည်အောင် ရောင်းရတော့သည်။ စားပွဲထိုးချာတိတ် နှစ်ယောက်မှာ ဟိုပြေး၊ သည်ပြေးနှင့် အလုပ်များနေသလို အဖန်ကိုယ်တိုင်လည်း အကြော်ကြော်နေရ၍ အပြင်မထွက်နိုင်အောင် ရှိသည်။

ညရှစ်နာရီကျော်လျှင်တော့ တဖြည်းဖြည်းလူပါးလာပြီး တစ်ယောက်စ၊ နှစ်ယောက်စ စားသောက်သူ ဧည့်သည်တို့ လာတတ်သည်။ အေးအေးဆေးဆေး အချိန်ဖြုန်း ထိုင်ကျင့်ရှိသူတို့လောက်သာ ကျန်နေတတ်သည်။

ထိုအချိန်လောက်ဆိုလျှင် အဖန်လည်း အကြော်ရပ်လိုက်ပြီး အသားသုပ်၊ ခေါက်ဆွဲသုပ်လောက်သာ ဖြီးစလွယ် ရောင်းတော့သည်။

ထို အခြင်းအရာကို ဆိုင်ထောင့်မှာ ထိုင်နေသော ညစ်မ်းညှိသည်က မြင်လိုက်သည်။ သို့သော် အာမှ ဝင်၍ ကြက်ဖက်ခြင်း မရှိ။

သေနတ်နှင့်ရောက်လာသော လူတစ်ယောက်သည် ဆိုင်ဆီသို့ မျက်လုံးကစားကြည့်လိုက်သည်။ ညှိစိမ်းတစ်ယောက် ရှိနေသည်ကို သိ၏။ သို့ရာတွင် လုံးဝဂရုစိုက်ပုံမရပေ။ သူ့အလုပ်ကိုသာ ဆက်လုပ်နေ၏။

"ကဲ . . ကဲ ဒီအချိန် ဒီအခါဆိုရင် ကျုပ်ရောက်လာမယ်ဆိုတာ ခင်ဗျားသိပြီသား မဟုတ်လား အဖန် . ."

"တစ်ကိုယ်တော် . ."

အဖန် ထစ်ငေါ့စွာ ပြောလိုက်သည်ကို သေနတ်နှင့် ဝင်လာသူက သဘောကျသွားဟန် ရယ်မောလိုက်ပြန်၏။

"ဟား . . ဟား . . ဟား သိပ်ဟုတ်တာပေါ့။ တစ်ကိုယ်တော် ဆရာကြီးရာဇာလေ။ ကျုပ်အပြင်ဒီနယ်မှာ ဘယ်သူရှိမှာလဲ။ ကျုပ်လာရင် ရှိတာအကုန်ထုတ်ပေးရတယ်ဆိုတာ ကော နားလည်ရဲ့လား ဟဲ . . ဟဲ . . ."

"ဟုတ် . . ဟုတ်ကဲ့"

"ထုတ်စမ်း . . ဒီနေ့ ရောင်းရတာကော မင်းမိန်းမ လက်ဝတ်လက်စားတွေကော ဖြုတ်လိုက် . . ."

တစ်ကိုယ်တော်သည် လျှင်မြန်သွက်လက်စွာ အဖန်တို့ လင်မယားအနီးသို့ရောက်လာပြီး အဖန်မိန်းမလည်ပင်းမှ

ဆွကြိုးကြိုးကို ဖြတ်ကနဲ ဆွဲဖြတ်လိုက်သည်။ ထို့နောက် ဆွဲအံထဲသို့လက်နှိုက်၍ မံစာစော က အဖန်ရေတွက်နေသော ငွေများကို ထုတ်ယူကာဘောင်းဘီ အိတ်ထဲ ထည့်လိုက်၏။

"အဖန် အရက် တစ်ပိုင်း ထပ်ပေးပါဦး၊ နေ နေ ကျုပ်လာယူမယ် . ."

ထိုမျှ ရှုတ်ရှုတ်သဲသဲ ဖြစ်နေသည့်ကြားက ညေ့စိမ်းလူသည် အလိုက်မသိစွာ အရက်ထပ်မှာသည်။ ထို့နောက် အခြေ အနေကို သိသွားသလို ဟန်ပန်နှင့် သူကိုယ်တိုင် အရက်ယူရန် ထလာသည်။

"ခင်ဗျားဘယ်ကလဲ ဘယ်သူလဲ"

တစ်ကိုယ်တော်သည် လူစိမ်းညေ့သည်၏ အပြုအမူကို မယုံသင်္ကာဟန်ဖြင့် သေနတ်နှင့် ဖမ်းချိန်ထားလိုက်ရင်း မေး၏။

"ကျုပ်ညေ့သည်ပါ၊ ကျုပ်နဲ့မဆိုင်တာ ဝင်မရှုပ်တတ်ပါဘူးဗျာ . . ."

"မရှုပ်တတ်ရင် ဆိုင်ပြင်ထွက်လို့လဲမရဘူး။ တစ်ကိုယ်တော်ကို ဘယ်လူမျိုးမှ ရှုပ်လို့မရဘူး . ."

"ဟုတ်ကဲ့ . . ."

"ဝုန်း"

"ဖြောင်း"

လူစိမ်းညေ့သည်သည် အပြင်ဘက်သို့ ထွက်တော့မ... ပြုံးပြီးမှ တစ်ပတ်လှည့်၍ တ... ကိုယ်တော်အား လက်သီးတ... ချက် အားကုန်ပစ်သွင်းလို...

အတုလုပ်ပြီး ဓားပြတိုက်၊ လု
ယက်၊ လူသတ်နဲ့ အတော်
ဟုတ်နေတာပေါ့ ဟုတ်လား၊
တစ်ကိုယ်တော်ကျားကြီးရာဇာ
ဆိုတာ ငါပဲကွ။ မှတ်ထား . . ”

“ဟင်”

အဖန်တို့လင်မယား
အလွန်အံ့ဩသွားကြသည်။
တစ်ကိုယ်တော်ဟန်ဆောင်သော
ဓားပြကျော်ခေါင်ကိုယ်တိုင်လည်း
အတော်လန့်နေလေပြီ။

'အတုဟာ အတုပဲ။
အစစ်နဲ့တွေ့ရင် ဘယ်တော့မှ
ယှဉ်လို့မရဘူးကွ။ ငါကျားကြီး
ရာဇာဖြစ်ရတာ မင်းကြောင့်
သိလား . . ။ ငါ့နှမနဲ့ ငါ့တူကို
သတ်သွားတဲ့မင်းကိုလိုက်ရှာရင်း
ငါဟာ ဓားပြတွေ အတော်များ
များကို သတ်လာခဲ့တယ်။

သည်။ ညွှေ့စိမ်း၏လှုပ်ရှားမှုမှာ
အလွန် လျှင်မြန်လှသည်။ ထိုသို့
ဆိုးလိုက်ရင်းမှာပင် တစ်ကိုယ်
တော်၏ သေနတ်သည် လူ့လက်
ထဲသို့ ရောက်လာပြီးသား ဖြစ်နေ
သည်။

ခြေပစ်လက်ပစ် ကြမ်း
ပြင်ပေါ်လဲကျသွားသော တစ်
ကိုယ်တော့ကျားရာဇာသည် လူ
စိမ်းညှော့သည်ကို ကြောက်လန့်
တကြား ကြည့်နေသည်။ လူစိမ်း
ညှော့သည်က သူ့ကိုသေနတ်နှင့်
ချိန်ရွယ်ထားပြီ မဟုတ်ပါလား။

“ဘာတဲ့ တစ်ကိုယ်တော်
ကျားကြီးရာဇာ ဟုတ်လား . . ။
. . းလားကွ . . ဟော့ကောင်
. . ကျော်ခေါင် မင်းကငါ့နှမနဲ့ ငါ့တူ
. . ညှဉ်းသတ်၊ ပစ္စည်းယူသွားရုံ
. . ။ အခုတော့ ငါ့နာမည်ကို

နောက်ဆုံးမှ မင်းဟာ ဒီနယ်မှာ ငါ့နာမည်သုံးပြီး လုပ်စားနေတယ်ဆိုတာ သိရလို့ အချိန်ယူပြီး စောင့်နေခဲ့တာ။ ဒီမှာ အဖန် မှတ်ထား တစ်ကိုယ်တော် အစစ်ဟာ ဘယ်တော့မှ ဓားပြ မတိုက်ဘူး။ သူများမပေးတဲ့ ပစ္စည်းမလုဘူး။ ဓားပြတွေကို တော့ မုန်းတယ်။ ဓားပြတွေ့ရင် သတ်တယ် . . "

တစ်ကိုယ်တော်အစစ်သည် အတုကျော်ခေါင်၏ ရင်ဝတည့်တည့်ကို သေနတ်ထိုးချိန်လိုက်ရာ ဓားပြကျော်ခေါင် အလွန်အမင်း ကြောက်လန့်သွား၏။

"ဆရာ ဆရာချစ်ထွန်း၊ ကျွန်တော့်အသက်ကို ချမ်းသာပေးပါဗျာ . . ကျွန်တော်ချမ်းသာသမျှကို ပေးပါ့မယ် . . "

"ဟား . . ဟား . . ဟား ဟား . . ."

"မင်းအလှည့်ကျတော့ ကြောက်တတ်သလား . . ဒီမှ အဖန် . . . "

စကားပြော၍မဆုံး အတုက အစစ်လက်ထဲမှ သေနတ်ကိုလုတော့သည်။ ယောက်သား ပြိုလဲလုံးထွေး သည်။

သို့သော် သိပ်မကြ လိုက်။

"ဒိုင်း . . . "

"အား . . "

တစ်ကိုယ်တော်အ လည်း ကြမ်းပြင်ပေါ်တွင် လ ၍ လောကကြီးကို ချ ကျောခိုင်းသွားရလေသည်။

သူ့ကိုစွပြီးသည်နှင့် ကျား
ီးရာဇာချစ်ထွန်းသည် ဆိုင်ထဲ
ည့်ထွက်လိုက်သည်။ အဖန်
လင်မယားကို နှုတ်မဆက်
လို အတုထံမှလည်း ငွေတစ်
းမှ ယူမသွားချေ။

သို့သော် . . .

ကျားကြီးရာဇာ ဆိုင်ထဲမှ
က်လို့မရတော့ပါ။ ဆိုင်ရှေ့မှာ
က်နက်ကိုယ်စီနှင့် ပြည်သူ့ရဲ
ဖွဲ့ဝင်များ ရောက်ရှိနေပြီ ဖြစ်
သည်။

အသက်ကြီးလှပုံ မရ
းသော ဒုရဲအုပ်က ကျားကြီး
ကို သေနတ်နှင့် ချိန်ရွယ်၍
ပြီးသား . . .။

“ကျားကြီးရာဇာ ဦးချစ်
က်နက်ချလိုက်ပါ”

“[illegible]”

“ခင်ဗျားဟာ ကျားကြီး
ရာဇာအစစ်ဆိုတာ ဟုတ်ပါ
တယ်။ အတုဟာ ခင်ဗျားနာ
မည်ကို လိုက်ဖျက်နေတယ်
ဆိုတာလဲ ကျွန်တော်တို့
သိပါတယ်။ ခင်ဗျားမလုဘူး။
ဓားပြမတိုက်ဘူးဆိုတာလဲ
ကျွန်တော်တို့ သိပါတယ်။
ဒါပေမယ့် ခင်ဗျားက အငြိုးသိပ်
ကြီးပြီး ဓားပြတွေကို လိုက်
သတ်ခဲ့တယ်။ အခုလဲ . . .”

“ကျုပ်သိပြီ။ ကျုပ်မှာ
လူသတ်မှုတွေအများကြီး ဖြစ်
နေတယ် ဆိုပါတော့ . .”

“ဟုတ်ပါတယ် . . .
ဒါ့ကြောင့် ဥပဒေအရ အရေးယူ
တာကို ခံယူပါ။ လက်နက်ချ
လိုက်ပါ။ ကျွန်တော်တို့ ရဲတပ်
ဖွဲ့ဝင်တွေ အားလုံးက ဝိုင်းထား

ပြီးသားပါ။ ခင်ဗျားဘယ်မှ ပြေး
လို့မရတော့ပါဘူး . . ."

"ဒေါက်"

ကျားကြီးရာဇာချစ်ထွန်းသည် လုပ်ရဲလျှင် ခံရဲရမည်ဆိုသည့် လူစားမျိုးထင်ရဲ့ လက်မှ သေနတ်ကို ကြမ်းပြင်ပေါ်သို့ ပစ်ချပေးလိုက်သည်။

"ကျုပ်ဘဝမှာ ကျုပ်လုပ်ချင်တဲ့အလုပ်တစ်ခုကို လုပ်ပြီးပြီပဲ။ ဘာမဆို ကျုပ်ခံရဲတယ်။ တရားဥပဒေကို ကျုပ်မလေးစားလို့ လုပ်နေတာမှမဟုတ်ဘဲ၊ လူတစ်ကာကို စိတ်သောကရောက်အောင် လုပ်နေတဲ့ ဒီလိုကောင်မျိုးတွေကို ရှင်းပစ်ချင်လို့ . . ."

"ခင်ဗျားရဲ့ သဘောထားစိတ်ရင်းကြောင့် တစ်စုံတစ်ခု အထောက်အကူပြုမှာပ
ခင်ဗျားသတ်ခဲ့တဲ့ လူတွေ
ကလည်း ရာဇဝင်လူဆိုးတွေ
ချည်းပါပဲ။ လောလောဆယ်
တော့ . . ."

ဒုရဲအုပ်က တပ်ဖွဲ့ဝင်တ
ဦးကို မျက်ရိပ်ပြလိုက်ရာ ရဲတပ်
ဝင်တစ်ဦးသည် သွက်လက်
ကျားကြီးရာဇာအား လက်ထိ
ခတ်လိုက်လေတော့သည်။

× × × × ×

ဤသို့လျှင် ဗဟိုအကျ
ထောင်သို့ ဝင်လာသေ
ကျားကြီး ရာဇာချစ်ထွန်း
သလိုကို ကျွန်တော်ရေး
သလို ရေးပြီးခဲ့ပါပြီ။

ရဲစခန်းနှင့် တရားရုံး
တွင် ကွာဟချက်တစ်ခုက

...န်းကို ကယ်တင်လိုက်သည်တု ...ပါချေမည်။ ရဲစခန်း၏ ပထမ ...တင်းပေးတိုင်တန်းချက်ကို ...ရားရုံးက အသိအမှတ်မပြုချေ။ ...ပြင် သူကျူးလွန်သော ပြစ်မှု ...းအတွက် မျက်မြင်သက်သေ ...ခြင်းကလည်း သူ့အဖို့ အခွင့် ...းရေးတစ်ခု ဖြစ်နေသည်။

ကျားကြီးရာဇာအတု ...ကျော်ခေါင်ကို သတ်မှုတွင် ...သနတ်ကိုလုရင်း ကျည်ထွက် ...သွားခြင်း ဖြစ်သည်။ အတု၏ ...သနတ်နှင့် အတုသေရခြင်း ...ည်လည်း အစစ်ဖြစ်သော ချစ် ...ွန်းကို ကံကြမ္မာက မျက်နှာ ...ိုက်လေသလားမသိ။ လူသေမှု ...တွက် ပြစ်ဒဏ် ၃ နှစ်ပေးခံရ ...ည်။ သို့သော် လူမိုက်တို့ ကံ ...ကောင်းလျှင် ဩချလောက်သည် ဟု ဆိုရလေမည်လား မသိ။ အမိန့်အမှတ် - ၂/၈၀ က သူ့ပြစ်မှုကို တစ်ဝက်တိတိ ရက်လျှော့ပစ်လိုက်ပြန်သည်။ ထိုအမိန့်ထွက်စဉ်က ချစ်ထွန်းက ချစ်ထွန်း၏ပြစ်ဒဏ်ကျပြီး တစ်လမှာ ၂ နှစ်ခန့် ရှိပြီဖြစ်ရာ ဦးစားပေးလွှတ်ရမည့်သူများ စာရင်းထွင် သူ့နာမည်မှာ ထိပ်ဆုံးမှ ပါဝင်နေပြန်သည်။

ဤဝတ္ထုတိုသည် . . . သူနှင့်မခွဲခွာမီ သူပြောခဲ့သမျှကို ရေးခြင်းဖြစ်သည်။

သူ့ကို ကျွန်တော် တစ်ခုသာ မှာလိုက်ပါသည်။ ဘယ်နည်းနှင့်မျှ ထောင်သို့ပြန်မလာရန်ပင် ဖြစ်ပါ၏။ အဘယ့်ကြောင့်ဆိုသော် လူဆိုးတစ်ယောက်၏ ကံကောင်းမှုမျိုးမှာ

တစ်ကြိမ်ထက် မပိုတတ်
ကြောင်း ကျွန်တော်သိသော
ကြောင့် ဖြစ်ပါ၏။

**ဘသက်ဆွေ**



ယုတ္တိဗေဒအဝွေ့

## သူတို့ဖေဒအခရွေး

ဝင်းနိုင်ဦး

အင်ဂျင်နီယာ ဦးမင်းဒင်သည် သာစည်ဘူတာ၏ ပလက်ဖောင်းပေါ်မှ မန္တလေးအဆန် (၆) အမြန်ရထား၏ ပထမတန်းအိပ်ခန်းတွဲပေါ်သို့တက်လိုက်၏။ နောက်မှ မီးရထားအလုပ်သမား သူ၏သေတ္တာကြီးတစ်လုံးအား ထမ်း၍လိုက်လာသည်။ အခန်းတွင်းမှ စင်ပေါ်သို့ သေတ္တာအားအလုပ်သမားကလွဲတင်ရန် ပြလိုက်စဉ် အင်ဂျင်နီယာ ဦးမင်းဒင်က . . .

"နေပစေကွာ၊ ရှေ့တခုံပေါ်မှာသာတင်ထားလိုက်၊ အထဲက . . ပစ္စည်းတစ်ချို့ . . ထုတ်စရာရှိသေးတယ်၊ နောက်မှ ငါ့ဘာသာငါတင်တော့မယ် . . ရော့ ပိုက်ဆံ"

"ကျေးဇူးပဲဆရာ . ."

အလုပ်သမားက အလုပ်သမားခကိုယူ၍ ထွက်သွားတော့၏။

မကြာမီ ရထားထိန်းထံမှ ခရာမှုတ်သံစူးရှစွာ ထွက်ပေါ်လာ၏။ ရထားက ဥသြနှစ်ချက်မျှဆွဲရင်း တရွေ့ရွေ့ထွက်၏။

အခန်းထဲဝယ် အင်ဂျင်နီယာဦးမင်းဒင်မှလွဲ၍ မည်သူမျှမရှိ၊ ဒီဇင်ဘာလလေကကြမ်းလှ၏။ အရိုးခိုက်မျှအေးနေ၏။ သို့ဖြစ်၍ ပြတင်းပေါက်တံခါးကိုပိတ်လိုက်၏။ အနံ့တစ်ခုက သူ၏အာရုံသို့ ရိုက်ခတ်လာသည်။ သူက မျက်မှောင်ကြုံမိ၏။ ဘာနံ့ပါလိမ့် . . ဆေးရုံတက်ရသည့်အချိန်ကို ပြန်၍ သတိ

ရမိ၏။ ခြေထောက်အား ခွဲစိပ်ကုသစဉ်ကရရှိခဲ့သောအနံ့မျိုး . . မှန်၏။ ကလိုရိုဖောင်းမေ့ဆေးအနံ့ပင် . .

သူကပြတင်းပေါက်တံခါးကိုပြန်ဖွင့်ပြီး စက်ခေါင်းရှိရာဘက်သို့ကျောပေးထားသော ထိုင်ခုံသို့ပြောင်းထိုင်သည်။ အိတ်ထဲမှ စီးကရက်ဘူးကို ယူ၍ စီးကရက်တစ်လိပ်ကိုမီးညှိသည်။ ညအမှောင်ထဲသို့ငေးကြည့်ရင်း စီးကရက်ကိုသာဖွာနေမိ၏။

ထို့နောက် ထရပ်ပြီး သေတ္တာကိုဖွင့်၍ သတင်းစာနှင့်မဂ္ဂဇင်းအချို့ကိုထုတ်ယူပြီး ပြန်ပိတ်သည်။ သေတ္တာကိုမူ စင်ပေါ်သို့မတင်တော့ဘဲ ရှေ့ထိုင်ခုံအောက်သို့ထိုးသွင်းလိုက်၏။

သေတ္တာက အတွင်းသို့မဝင်၊ တစ်စုံတစ်ခုက ခံနေပုံရ၏။ သူကခပ်ကြမ်းကြမ်းထိုးသွင်း၏။ သေတ္တာကဝင်မသွား . .

"ဟာ . . ဘယ်လိုဖြစ်တာ[illegible] လဲ . ."

သူကညည်းတွားလိုက်ပြီ[illegible] ကိုယ်ကိုကုန်း၍ အောက်ဖက်သို့[illegible] ငုံ့ကြည့်၏။ တစ်ကိုယ်လုံး တုန်လှု[illegible] သွား၏။ ပါးစပ်မှ စီးကရက်[illegible] လည်း ပြုတ်ကျသွားသည်။ မကြာ[illegible] အရေးပေါ်ကြိုးကိုဆွဲလိုက်ခြ[illegible] ကြောင့် ရထားကြီးမှာ ညည့်အမှော[illegible] ထဲဝယ် . . ရပ်သွားပြီး ငြိမ်ခ[illegible] သားကောင်းသွားပါတော့၏။

"ကိုဥက္ကာရေ . . မန္တ[illegible] အမြန်ရထားပေါ်က အမှု[illegible] စိတ်ဝင်စားမှာပဲ . . ရော့ ဒါလေး[illegible] လည်းဖတ်ကြည့်ပါဦး . ."

ကိုကိုနိုင်က ကိုဥက္ကာ[illegible] စာတစ်စောင်ကို လှမ်းပေး[illegible] ကိုဥက္ကာက ကိုကိုနှင့်လိုရင်း[illegible] ပြထားသော စာအား ဖတ်[illegible] သည်။

မောင်ကိုကိုနိုင်

ဦးလေးကို အမြန်ဆုံး

ဘာတွေ့စေချင်ပါတယ်။

ဦးဇော်ဖေဝင်း

ထိုစာနှင့် မန္တလေးအမြန်

ထားအမှုမှာ မည်ကဲ့သို့ဆက်နွယ်

နေမှန်း ကိုဥက္ကာမသိ. . သို့ဖြစ်၍

ကိုကိုနိုင်အား မျက်လုံးပြူးကာ

ကြည့်လိုက်၏။ ကိုကိုနိုင်ကမူ

ည်သို့မျှ အဖြေမပေးဘဲ သတင်း

ကိုသာ ကောက်ဖတ်နေ၏။

"ယမန်နေ့ညက မန္တလေး

မြန်ရထားစီးလာသော အင်ဂျင်

ာတစ်ယောက်သည် ၎င်း၏

ခန်းတွဲခုံအောက်တွင် ရင်ဘတ်

ားထိုးခံရ၍ သေနေသော

မျိုးသမီးတစ်ဦး၏ အလောင်း

တွေ့ရှိခဲ့ကြောင်း. . အမျိုးသမီး

အသက် ၃၀ အရွယ်ခန့်ရှိ၍

ာန်အဝတ်အစားများဝတ်ဆင်

ကြောင်း၊ ရထားလက်မှတ်

အရောင်းစာရင်းအရ ဒေါ်ခင်မာဝင်း

ဟုသိရကြောင်း. . "

"အဲဒါက ခုစာနဲ့ဘယ်လို

ပတ်သက်လို့လဲဗျ. . "

"ခင်မာဝင်းဆိုတာ. .

ဦးဇော်ဖေဝင်းရဲ့ သမီးပဲ. . "

"ဩော်. . "

"ဦးဇော်ဖေဝင်းဆိုတာ

ကျွန်တော့်အဖေရဲ့ သူငယ်ချင်း

တစ်ယောက်ပဲ. . ကိုဥက္ကာ၊

ခင်မာဝင်းကိုလည်း ငယ်ငယ်တုန်း

က ကျွန်တော်တွေ့ဖူးတယ်၊ သူ

အရင်တွဲတာက ဗိုဒီယိုမင်းသား

စိုးမိုးကျော်ဆိုတဲ့လူပဲ၊ သူ့ကိုအဘိုး

ကြီးကသဘောမကျဘူး. . နောက်

ဆုံးတော့ ကားဝယ်ရောင်းသမား

ကိုသစ်လွင်ဆိုတဲ့လူနဲ့ အိမ်ထောင်

ကျသွားတယ်. .

ကိုသစ်လွင်က လောင်း

ကစားသမားပဲ၊ ဦးဇော်ဖေဝင်းဟာ

အဝေးပြေးကုန်တင်ကား ၁၀ စီး

ပိုင်တဲ့သူဌေးကြီးမို့ ကိုသစ်လွင်က ခင်မာဝင်းကို ယူပုံရတယ်၊ ဒါပေမယ့်. . အဘိုးကြီးက လူပါးဗျ၊ သူ့သမီးလက်ထဲကို ဘာမှအပ်မထားဘူး၊ လက်ဝတ်လက်စား လောက်ပဲ ပေးထားတာ. . "

"ခင်မာဝင်းတို့ လင်မယား အခြေအနေကကော ဘယ်လိုလဲ ကိုကိုနိုင်. . "

"အင်း. . ဟိုလူကလည်း အိမ်ပြန်ချင်မှပြန်ဆိုတော့ တရားဝင်မဟုတ်ပေမယ့်လည်း ကွဲနေသလိုပဲပေါ့ဗျာ. . "

"အဘိုးကြီးအဖို့ ခုအချိန်မှာ. . စိတ်သောကတော်တော်ရောက်ရမှာပဲ. . "

"မှန်တာပေါ့ ကိုဥက္ကာ၊ ခင်မာဝင်းဟာ မိတဆိုးတစ်ဦးတည်းသောသမီးဆိုတော့ သူ့အတွက် ပိုဆိုးတာပေါ့၊ အဲဒီတော့. . "

"အဲဒီတော့ ဘာဖြစ်လဲ ကိုကိုနိုင်. . "

"ဘာဖြစ်ရမှာလဲဗျာ၊ ဒ[illegible] လောက်ဆိုခင်ဗျားလည်း တော်[illegible] တော်စိတ်ဝင်စားနေပြီ မဟုတ်[illegible] လား. . ကဲ. . အဝတ်အစားလဲ[illegible] ကျွန်တော်နဲ့သာ လိုက်ခဲ့ပေတော့[illegible]

❖ ❖ ❖

ရွှေတောင်ကြား[illegible] ဦးဇော်ဖေဝင်း၏ တိုက်မှာ ခေတ်[illegible] တစ်ထပ်တိုက်ပြားပြားလေးသ[illegible] ဖြစ်၏။ ခြံထဲတွင် ကုန်တင်[illegible] များညအိပ်ရာ ကားဂိုဒေါင်များ[illegible] ရှိသည်။ ကိုကိုနိုင်တို့ရောက်[illegible] ချိန်၌ ဧည့်ခန်းထဲရှိ ဆိုဖာပေါ်[illegible] ဆေးတံကိုသဲကြီးမဲကြီးဖွာနေသ[illegible] ဦးဇော်ဖေဝင်းကို တွေ့ကြရ[illegible]

"ကဲထိုင်ကြကွာ မောင်[illegible] ရှည်ရှည်ဝေးဝေး မပြောတော့[illegible] ဦးဘာလိုချင်တယ်ဆိုတာ မ[illegible] ပြီးပြီပဲဖြစ်မယ်၊ ခင်မာဝင်းကို[illegible]

သတင်းစာထဲမှာ မင်းဖတ်ပြီးရော ပေါ့. . နောက်မင်းဟာ ရဲတပ်ဖွဲ့က ဒုရဲအုပ်တစ်ဦးပဲ၊ သမီးကိုဘယ်သူ သတ်သလဲ. . ဘာကြောင့်လည်း ဆိုတာ ဦးအမြန်ဆုံးသိချင်တယ်"

"ဟုတ်ကဲ့ပါ ဦး၊ တာဝန်ခံ ရဲတပ်ဖွဲ့နဲ့အတူ ကျွန်တော်ကြိုးစား ပေးပါ့မယ်. ."

"အမြန်ဆုံးသာလုပ်ပါ မောင်နိုင်. . ငွေဘယ်လောက်ကုန် ကုန် ဦးဂရုမစိုက်ဘူး၊ သမီးအတွက် ဦးရှာခဲ့တဲ့ငွေတွေပဲ၊ ခု သူမရှိတော့ ဘူး. . တရားခံကိုမိဖို့အတွက် သမီးအတွက်ရည်စူးထားတဲ့ငွေ အသုံးမကဘူး. . ဦးရဲ့စည်းစိမ်ပါ မြှုတ်ပြုတ်ကွာ. ."

"ငွေမလိုပါဘူး ဦး၊ လုပ် သားပြည်သူတွေရဲ့ အသက်အိုး အိမ်စည်းစိမ်ကို ကာကွယ်ဖို့ ကျွန်တော်တို့ရဲတပ်ဖွဲ့တွေမှာ တာဝန်ရှိပြီးသားပါ. . ကျွန်တော်က ဒီအမှုကိုကိုင်ရတာ မဟုတ်တော့ လုပ်ထုံးလုပ်နည်းတွေအရ တာဝန်ခံ ရဲအရာရှိနဲ့ ကျွန်တော်ညှိနှိုင်းလုပ် ပေးပါ့မယ်. ."

"အေးကွာ. . မောင်နိုင်၊ ဦးရဲ့အဖြစ်ကို ကိုယ်ချင်းစာကြည့် ပါ. ."

"ခင်မာဝင်း ကို ဘာကြောင့်သွားရတာလဲ ဦး. ."

"အင်း. . အမှန်တော့ သမီးဟာ ကိုသွားတာ မဟုတ်ဘူးကွ၊ ကျောက်ပန်းတောင်း မြို့ကိုသွားတာ၊ သူ. . သူငယ်ချင်း တစ်ယောက်ဆီအလည်သွားတာပဲ၊ ဟိုမှာ သူတို့သူငယ်ချင်းတွေ့ဆုံကြ ပြီးအနားယူမယ်ပေါ့ကွာ. ."

"သူတစ်ယောက်တည်း သွားတာလား. ."

"မဟုတ်ဘူး၊ အိမ်ဖော် အမျိုးသမီးတစ်ဦးပါသွားသေးတယ်၊ ဒါပေမယ့် သမီးက ပထမတန်းက

လိုက်ပြီး အဖော်က ရှီးရှီးတန်းက စီးတာ. . ”

ကိုကိုနိုင်က ဆက်မမေးသေးဘဲ စီးကရက်ကို ထုတ်၍မီးညှိလိုက်၏။ တစ်ချက်ရှိုက်လိုက်ပြီး မှုတ်ထုတ်လိုက်သော မီးခိုးငွေ့များကိုကြည့်နေပြန်သည်။

“ခင်မာဝင်းမှာ ပိုက်ဆံနဲ့ လက်ဝတ်လက်စားဘယ်လောက်ဖိုး လောက်ပါသွားသလဲ ဦး. . ”

“သူငယ်ချင်းတွေစုပြီး ပျော်မယ်ပါးမယ်. . နောက်စိတ်ကူးရရင် နောက်သူငယ်ချင်းတွေဆီ ဆက်ခရီးထွက်မယ်ဆိုတော့ ငွေသားတစ်သောင်းလောက်နဲ့ လက်ဝတ်လက်စားငါးသောင်းဖိုးလောက် ပါသွားတယ် မောင်နိုင်. . ”

ကိုဥက္ကာမှာ အံ့အားသင့်မှုကိုထိန်းလိုက်ရ၏။ သူဌေးသမီးပေမို့ ဤငွေကြေးမှာ မဖြစ်နိုင်စရာမရှိ. .

“ဆက်ပြောပါဦး. . ဦး”

ကိုကိုနိုင်၏ စကားကြော
တွေနေသည့် ဦးဇော်ဖေဝင်း
သက်ပြင်းချပြီးပြောပြ၏။

“အဖော်ပါသွားတဲ့. .
မေသန်းထွေးရဲ့စကားအရဆို
မှာဆင်းပြီး ကျောက်
တောင်းကိုသွားဖို့ ရထားပြော
စီးရမယ်. . ပျဉ်းမနားမြို့ရော
တော့. . သမီးကမဆင်း
ရွှေဘူတာကိုဆက်လိုက်သွား
ကိစ္စရှိတယ်. . မေသန်းထွေး
ကပဲ ပစ္စည်းတွေနဲ့ဆော
နေလို့ပြောတယ်တဲ့. . ”

“မေသန်းထွေးလည်း
တော်တော်အံ့အားသင့်သွား
မယ့် သမီးစကားကို မပယ်နိုင်
ပြောတဲ့အတိုင်းပဲ စောင့်နေရ
ပေါ. . အဲဒီနေ့တစ်နေ့လုံး
ကုန်သွားကော. . သမီးက ပြ
ရောက်မလာဘူး၊ ဒါနဲ့ မေသန်း

က ဘူတာနားက တည်းခိုခန်းမှာ
ဘည်းလိုက်တယ်၊ နောက်နေ့
သတင်းစာမှာ သမီးသတင်းကြား
ဘာနဲ့ ပထမဦးဆုံးရထားနဲ့ ပြန်လာ
ခဲ့တာပဲ. . ”

“ခင်မာဝင်းရဲ့ အစီအစဉ်
ပြောင်းသွားတာက အံ့ဩစရာပဲ
ဦး. . ”

“အင်း. . ဒီကိစ္စကတော့
မေသန်းထွေးရဲ့ပြောစကားအရ
ဆိုရင်. ဘူတာရောက်
တော့. . သမီးအခန်းအပြင်ဘက်
မှာ လူတစ်ယောက်ရှိနေတယ်တဲ့၊
ာစ်ဖက်ကို လှည့်ရပ်နေတော့
ဘယ်သူဘယ်ဝါမှန်း မသိဘူး. .
အဲဒီလူကြောင့်လို့ မေသန်းထွေးက
ာင်တယ်. . ဒါပေမယ့် သမီးဟာ
ာ့ခရီးစဉ်ဖျက်ရလောက်အောင်
ီလူကြောင့် ဘယ်လိုဖြစ်ရမှာလဲ၊
ာမီးဟာ မြီးကောင်ပေါက်မလေး
ာည်းမဟုတ်ဘူး. . အတင်းအမွှ

ခြိမ်းခြောက်ခံရပုံလည်း မရဘူးလို့
မေသန်းထွေးက ပြောတယ်. . ”

“အဒီလူက ဘယ်သူလဲလို့
ဦးထင်သလဲဟင်. . ”

ကိုကိုနိုင်၏ မေးခွန်းအား
ဦးဇော်ဖေဝင်းက ချက်ချင်းမဖြေ. .
အနည်းငယ်တွေနေပြီးမှ. .

“ဦးမတွေးတတ်ပါဘူး
မောင်နိုင်. . ”

ကိုကိုနိုင်က ဦးဇော်ဖေဝင်း
၏မျက်လုံးအစုံကို စိုက်ကြည့်နေ
၏။ ဦးဇော်ဖေဝင်းက ကိုကိုနိုင်၏
အကြည့်ကိုမခံနိုင်သလို မျက်လုံး
လွှဲ၍ ဆေးတံပြာများကို ဆေးလိပ်
ပြာခွက်ထဲသို့ ခေါက်ချနေသည်။

“အလောင်းတွေ့ရပုံက
ကော. . ဦး. . ”

“အင်ဂျင်နီယာတစ်
ယောက်က တွေ့လို့ရထားကို
အရေးပေါ်ကြိုးဆွဲရပ်စေတယ်. .
ရထားပေါ်မှာ ပါလာတဲ့ ဆံရာဝန်

တစ်ယောက်က စစ်ဆေးကြည့်တယ်.. ခင်မာဝင်းဟာ မေ့ဆေးပေးခံရပြီးမှ ဓားနဲ့အထိုးခံရတာလို့ဆိုတယ်.. တွေ့တဲ့အချိန်နဲ့ သေတဲ့အချိန်ဟာ လေးနာရီလောက်ကြာပြီတဲ့၊ က ထွက်ပြီး မကြာခင်လောက်မှာပဲ ဖြစ်မယ်.."

"လက်ဝတ်လက်စားတွေ ထည့်တဲ့သေတ္တာလေးကကော.."

"မရှိတော့ဘူး ပျောက်နေပြီ.."

ကိုကိုနိုင်က စကားမဆက်သေးဘဲ မေးသင့်မမေးသင့်ကို ချိန်ဆပြီးမှ စိတ်ဒုန်းဒုန်းချလိုက်၏။

"ခင်မာဝင်းမရှိတော့ရင် သူပိုင်ဆိုင်မှုအားလုံးဟာ သူ့ခင်ပွန်းလက်ထဲရောက်ရမှာပေါ့နော်.."

"ဟုတ်တယ် မောင်နိုင်၊ ဒါပေမယ့် မောင်သစ်လွင်ဟာ လောင်းကစားသမားဖြစ်ပေမယ့် ခုလိုကြံမယ်လို့ ဦးမထင်ဘူး.."

"ကျွန်တော်ကလည်း ထင်လို့မဟုတ်ဘူး.. မေးသင့်တဲ့မေးခွန်းမို့ပါ.. ခုကော ကိုသစ်လွင် ဘယ်ရောက်နေသလဲ ဦး.."

"ခင်မာဝင်းကိစ္စနဲ့အပြ
ထွက်သွားတယ်.. မနေ့ကတေ
အိမ်မှာမရှိဘူး.. သတင်းကြား
မနက်ပြန်လာတာပဲ.."

ကိုကိုနိုင်က တစ်ခဏ
စဉ်းစားနေပြန်၏။

"ကဲ.. ဦး၊ မေးစရာ
တော့ပါဘူး.."

"မေသန်းထွေးကို
ပေးရမလား.. မောင်နိုင်.."

"ဟုတ်ကဲ့ ဦး၊ တော
တယ်.."

ဦးဇော်ဖေဝင်းက
ပေါ်ရှိ ခလုတ်လေးတစ်ခုကို
လိုက်၏။ မကြာမီ အမျိုး
တစ်ဦးရောက်လာ၏။ တို

ိုယ်ပေါက်ကော. . မျက်နှာပါလှ
သည်။ အသက်အစိတ်အရွယ်ဖြစ်
သည်။ မျက်နှာက ခံစားမှုကင်းမဲ့
ာန်ရှိ၏။ သို့သော် ငိုယိုထားပုံ
တော့ရသည်။

"မေသန်းထွေး သူတို့က
သမီးကိစ္စနဲ့ပတ်သက်ပြီး မေးချင်
ို့တဲ့. . "

ဦးဇော်ဇေဝင်းကပင်
ားကိုကြောင်းပေးလိုက်၏။

"ဟုတ်ကဲ့ပါ ဦး. . "

"ကဲ ထိုင်ပါ မေသန်းထွေး"

ကိုကိုနိုင်က မေသန်းထွေး
ားထိုင်စေပြီးမှ မေးခွန်းကို
သည်။

"ခင်မာဝင်းဟာ ခင်ဗျားနဲ့
တ်ဆုံးတွေ့တဲ့အချိန်မှာ ပုံမှန်
လား. . ကြောက်နေပုံရသလား
လှုပ်ရှားနေပုံရသလား. . "

"ပုံမှန်အတိုင်းပါပဲ ဆရာ"
ဘူတာအရောက်
စိတ်လှုပ်ရှားနေပုံတော့ နည်းနည်း
ပါးပါးရှိမှာပေါ့. . "

"ဟုတ်. . ဟုတ်ကဲ့"

"သူဘယ်လိုပြောတယ်
ဆိုတာ ခင်ဗျား အတိအကျမှတ်မိ
သလား. . "

"အတိအကျရယ်လို့တော့
မဟုတ်ပါဘူး ဆရာ၊ ဒါပေမယ့်
သူပြောတဲ့အတိုင်း နီးပါးတော့
မှတ်မိပါတယ်. . သူက သန်းထွေး၊
ငါအစီအစဉ်ပြောင်းလိုက်ပြီ. .
မှာ ငါဆင်းလို့မဖြစ်သေး
ဘူး. . ရွှေဘူတာအထိ ငါလိုက်
သွားရဦးမယ်. . ကိစ္စတစ်ခုရှိလို့ပဲ၊
အဝတ်အစားသေတ္တာကို ယူပြီး
ဘူတာက စားသောက်ဆိုင်မှာ
တစ်ခုခုစားပြီးစောင့်နေ၊ နောက်
အစုန်ရထားနဲ့ ငါပြန်လိုက်လာမယ်
တဲ့. . "

"ခင်မာဝင်းဟာ ခရီးသွား
ရင်ဒီလိုပဲ လုပ်တတ်သလား. . "

"ဟင့်အင်း ခုကိစ္စကတော့ တော်တော်ဆန်းနေပါတယ် ဆရာ"

"ဟို အခန်းပေါက်နားက လူဆိုတာကကော. ."

မေးသန်းထွေးက မျက်လုံး လှန်၍စဉ်းစားသည်။ နောက်မှ. .

"သူ့ကို ကွဲနံမ မမြင်ရဘူး၊ နောက်ဘက်ကသာ မြင်ရတာ"

"ပုံပန်းသဏ္ဌာန်ကကော"

"သူက သားမွေးကပ် အညိုရောင်သားရေဂျာကင်ဝတ် ထားပါတယ်. . ပိန်ပိန်သွယ်သွယ် ပဲ၊ ဦးထုပ်လည်း ဆောင်းထား တယ်. ."

"သူ့ကို ခင်ဗျား မသိဘူး လား. ."

"မသိပါဘူးရှင်၊ မြင်ဘူး တယ်လို့လည်း မထင်ပါဘူး. ."

"ကိုသစ်လွင်ကော မဖြစ် နိုင်ဘူးလား. ."

"ရှင်. ."

မေးသန်းထွေးမှာ တအံ့ တသြနှင့် မျက်လုံးပြူးသွား၏။

"ဟင့်အင်း. . ဖြစ်နိုင်စရာ မရှိပါဘူး. ."

"သေတော့ မသေချာဘူး မဟုတ်လား. ."

"ကိုယ်လုံးကိုယ်ပေါက် ကတော့ အစ်ကိုကြီး ကိုသစ်လွင် လိုပါပဲ၊ ဒါပေမယ့် သူတော့ဟုတ် မယ်မထင်ပါဘူး. . မဟုတ်ဘူး လည်း ကွဲနံမအတပ်မပြောနိုင်ဘူး

ကိုကိုနိုင်က ကိုဥက္ကာ ကွက်ကနဲကြည့်လိုက်၏။ ကိုဥက္ကာ ကချောင်းတစ်ချက်ဟန့် မေသန်းထွေးကို မေးကြည့်သည်

"ဒီမှာမမေသန်းထွေး အဲဒီလူဟာ ကို ရ ဆိုက်ပြီး ခင်ဗျားရောက်မလာခင် တွဲပေါ်တက်လာတာကော မ နိုင်ဘူးလား. ."

မေသန်းထွေးက

...ွား၏။

"ဟုတ်ကဲ့ ဖြစ်နိုင်ပါတယ်၊ ...နှ်မတွဲ့က လူသိပ်ကျပ်ပြီး ...မလေးတွဲနဲ့တော်တော်ဝေးတော့ ...ကြားတိုးထွက်လျှောက်လာရ ...နည်းနည်းကြာသွားပါတယ်. ."

ကိုကိုနိုင်မှာ မျက်မှောင် ...၍ စဉ်းစားနေဆဲဖြစ်၏။

"မမလေးဘယ်လိုဝတ် ...းတယ်ဆိုတာတော့ ဆရာတို့ ...ပြီးပါပြီနော်. ."

မေသန်းထွေးက မထင် ...သော မေးခွန်းကို ပြန်မေး ...၏။

"အင်း. . သတင်းစာထဲ ...တော့ ပြည့်ပြည့်စုံစုံပါပါတယ်၊ ...သမယ့် ပြောစမ်းပါဦးလေ. . ...ားက မျက်မြင်ကိုယ်တွေ့ဆို ...ော့. ."

"သူက အပြာရောင် ...ောင်သားဝမ်းဆက်နဲ့ အဖြူ ရောင်ထဲရှိုင်ဆယ်အနွေးထည်ကို ဝတ်ထားပါတယ်. ."

"အများမြင်ရင် ထင်းကနဲ နေမယ့်ဟာမျိုးပဲ. . ကဲ. . ဒါပါပဲ"

မေသန်းထွေးက အခန်း ထဲမှထွက်သွား၏။

"အင်းလေ ခုအချိန်မှာ တော့. . ဒီလောက်ပဲ ကျွန်တော် တတ်နိုင်ဦးမှာပဲ၊ ဒါပေမယ့် ဦး သိထားသမျှအားလုံးကို ကျွန်တော် သိဖို့တော့လိုတယ်. ."

ဦးဇော်ဖေဝင်း၏ မျက်နှာ က ကိုကိုနိုင်၏ စကားကြောင့် ဖျက်သွားသည်။ ညာဖက်လက်က ကုတ်အင်္ကျီအိတ်ထဲသို့ ဝင်သွားပြီး မှ. . ဆေးတံကို ကောက်ကိုင် လိုက်၏။

"ဦးသိသမျှအားလုံး ပြော ပြီးပါပြီ မောင်နိုင်. ."

"သေချာရဲ့လား ဦး. ."

"သိပ်ကို သေချာတာပေါ့

ကွာ. . "

"ဒါဆိုရင်တော့ အမှုမှန်ပေါ်ဖို့ကြာလိမ့်ဦးမယ်. . "

"ဘာကြောင့်လဲ မောင်နိုင်"

"ဘာကြောင့်လဲဆိုတော့ ကျွန်တော့်အပေါ်မှာ ဦး. . မပွင့်လင်းလို့ပဲ. . "

"မပွင့်လင်းလို့. . "

"တစ်ခုခုကို ဦးထိန်ချန်ထားပါတယ်. . "

ဦးဇော်ဖေဝင်းက တစ်ခဏမျှငြိမ်သွား၏။ ထို့နောက် ကုတ်အင်္ကျီအိတ်အတွင်းမှ စာတစ်စောင်ကို ထုတ်ပေးရှာသည်။ ကိုကိုနိုင်ကပြုံး၍ စာရွက်အခေါက်ကိုဖြေပြီး ဖတ်သည်။ ထို့နောက် ကိုဥက္ကာအား လှမ်းပေး၏။

**ခင်မာဝင်း**

ခင်မာဝင်းနဲ့ ကျွန်တော်ထပ်တွေ့ဖို့ အရေးကိုတွေးပြီး ပျော်မိပါတယ်. . ကျွန်တော့်စာကို ခင်မာဝင်းပြန်ပြီးတဲ့နောက် ကျွန်တော့်အဖို့ စောင့်ရတဲ့အ ကိုသည်းမခံနိုင်လောက်အောင် ဟိုအရင်တုန်းက တွေ့ခဲ့ရပုံတွေ ကျွန်တော်ပြန်ပြီး အမှတ်ရ တယ်. . ခုလို ရန်ကုန်ကခွာ ခရီးထွက်တော့မယ်ဆိုတော့ ကျွန်တော်လွမ်းမိတယ်. . ဘယ် ပဲဖြစ်ဖြစ်လေ. . မကြာခင်အချိ အသည်းထဲက မိန်းကလေး ခင်မာဝင်းထင်ထားတာထ မြန်မြန်ကြီး ကျွန်တော် လာ ရတော့မှာပါ. .

**တစ်ခါကမဟုတ်**

**ထာဝရဖြစ်တဲ့**

**စိုးမိုးကျော်**

ကိုကိုနိုင်က စာ ဦးဇော်ဖေဝင်းသို့ ပြန်ပေးလိုက်

"ခင်မာဝင်းဟာ ဦးမ စိုးမိုးကျော်နဲ့ ပြန်ဆက်နေ ဖြစ်မယ်. . "

“ဟုတ်တယ် မောင်နိုင်၊ ...အတွက်တော့ မိုးကြိုးပစ်ခံရ ...လိုပဲ. . ဒီစာကို သူ့ရဲ့လက်ကိုင် ...တ်ထဲက ဦးရတာပါ. . တော် ...ာ်ဆိုးတဲ့ကိစ္စပါပဲကွာ. . ”

ကိုကိုနိုင်က ခေါင်းညိတ်၏။

“နေပါဦး မောင်နိုင်၊ ဒီစာ ...နေတာကို မင်းဘယ်လိုလုပ်သိ ...လဲ. . ”

ကိုကိုနိုင်က ပြုံးလိုက် ...ည်။

“ဦးရယ် အမှန်တော့ ...န်တော်မသိပါဘူး. . ဒါပေမယ့် ...ာတွေ. . စီးကရက်ပြာတောင့် ...ဆိုတာလောက်တော့ ရဲထောက် ...်းရေးသမားတစ်ယောက်အဖို့ ...်လောက်ပါဘူး. . စိတ်ပညာရှင် ...ာင်းတစ်ယောက်လည်း ဖြစ် ...်ပါတယ်. . ”

“ဦးဟာ ဦးသွားမက် ...စ်လွင်ကို သဘောမကျဘူး၊ မယုံကြည်ဘူး. . ခင်မာဝင်းမရှိတော့ရင်. . ဦးမှာရှိသမျှ သူရဖို့ရှိတယ်. . နောက်ပြီး မေသန်းထွေးရဲ့စကားရ. . ရထားပေါ်က လူဟာ ကိုသစ်လွင်နဲ့ဆင်နေတယ်၊ ဒီလိုရှိတာတောင် သူ့အပေါ်မှာ ဦးအနေနဲ့သိပ်စိတ်ဝင်စားပုံ. . မသင်္ကာပုံမရဘူး၊ ဒါဆိုရင် ဦးစိတ်ထဲမှာတစ်မျိုးမြင်ထားတာ ရှိလို့ပဲ. . ဦးလျှို့ဝှက်ထားတာ တစ်ခုရှိနေတာ ထင်ရှားတာပေါ့”

“မှန်ပါတယ် မောင်နိုင်၊ ဒီစာကို မတွေ့ခင်တုန်းကတော့ မောင်သစ်လွင်အပေါ် ဦး မသင်္ကာခဲ့ဘူး. . ဒီစာတွေ့တော့ ဦး. . အတော်ပဲ တုန်လှုပ်သွားရတယ်”

“ဟုတ်တာပေါ့ ဦးရယ်၊ စိုးမိုးကျော်က သူ့အသည်းထဲက မိန်းကလေးဖြစ်တဲ့ ခင်မာဝင်းနဲ့ မကြာခင် မျှော်လင့်ထားထက် မြန်မြန်ကြီးလာတွေ့တော့မယ်ဆို

တော့. . နောက်ရထားနဲ့လိုက်ပြီး တွေ့ဖို့ဆိုတာဖြစ်နိုင်တာပေါ့. . စိုးမိုးကျော်က အရပ်ရှည်ရှည်၊ အသားညိုညိုနော်. . "

"ဟုတ်တယ် မောင်နိုင်"

ကိုကိုနိုင်က ကိုဥက္ကာအား မျက်ရိပ်ပြပြီး ထရပ်လိုက်၏။

"ကဲ. . ကျွန်တော့်ကို ခွင့်ပြုပါဦး. . ဦး၊ စိတ်ဆင်းရဲမနေပါနဲ့တော့. . ပြီးတာတွေပြီးခဲ့ပေမယ့်. . တရားခံကို ကျွန်တော်တို့ရဲ့တပ်ဖွဲ့က အမြန်ဆုံး ဖော်ထုတ်ပေးမှာပါ. . "

❖ ❖ ❖

ဦးဇော်ဇေဝင်း၏ အိမ်မှ အပြန်ဝယ် ကိုကိုနိုင်နှင့် ကိုဥက္ကာတို့က ရဲအုပ်ကြီးဦးတင့်ဝေထံသို့ ဝင်တွေ့၍ အကျိုးအကြောင်း သတင်းပို့ခဲ့၏။ ထို့နောက် ကိုဥက္ကာအား. . အိမ်ပြန်ခိုင်းပြီး ကိုကိုနိုင် တစ်ယောက်ပျောက်သွားသည်[illegible] နောက်တစ်နေ့နံနက်ကျမှ ပြန်[illegible] ရ၏။

"ဘယ်လိုလဲ ကိုကိုနိုင်[illegible] ဘာတွေ ထူးခြားသလဲ. . "

အခန်းဖော်သူငယ်ချ[illegible] ဖြစ်သူ စာရေးဆရာ ကိုဥက္ကာ[illegible] အားတက်သရောမေး၏။

"ဘာမှမထူးခြားပါ[illegible] ဗျာ. . "

"ဦးတင့်ဝေဆီကတော[illegible]

"သူနဲ့ထပ်မတွေ့ရသေး[illegible]

"စိုးမိုးကျော်ကော. . [illegible]

"တစ်နေ့ကတည်[illegible] တည်းခိုခန်းက ထွက်သွားပြီတဲ့[illegible]

"လူသတ်မှုဖြစ်တဲ့နေ့[illegible] ပေါ့. . "

"ဟုတ်တယ်. . "

"ဒါဆိုရင်တော့ ရှင်[illegible] ကိုသစ်လွင်နဲ့ မဆိုင်တော့ဘူ[illegible]

"စိုးမိုးကျော်က ထ[illegible]

ခန်းကထွက်သွားတာ ဘာကြောင့်လဲဆိုတာ ရှိသေးတယ်လေ ကိုဥက္ကာ. . ခင်ဗျားကောက်ချက်ချပုံက မမြန်လွန်းဘူးလား. . ”

“ဘယ်လိုပဲဖြစ်ဖြစ်ဗျာ၊ သူ့နောက်လိုက်ဖမ်းရမှာပေါ့. . ဒါပေမယ့် ဘာကြောင့် သတ်ရတာလဲ. . ”

“ငွေသားတစ်သောင်းနဲ့ သက်ဝတ်လက်စားငါးသောင်းဖိုးဆိုတာက လူတိုင်းလိုလိုအတွက် ပြစ်မှုကျူးလွန်ချင်စရာအကြောင်းပဲလေ. . ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာ မေးခွန်းတစ်ခုရှိပါတယ်၊ ဘာကြောင့် သတ်ပစ်ရတာလဲ. . ခိုးယူလို့ကော မရနိုင်ဘူးတဲ့လား၊ ခင်မာဝင်းက သိပ်ပြီး ကလန်ကဆန်လုပ်မှာမှ မဟုတ်ဘဲ. . ”

“ဘာကြောင့်လဲဗျ. . ”

“ဘာကြောင့်လဲဆိုတော့ ခင်မာဝင်းက မိန်းမဖြစ်လို့ပဲ. . သူဟာ တစ်ချိန်က စိုးမိုးကျော်နဲ့ ချစ်ခဲ့ကြဖူးတယ်၊ ဒါကြောင့်မို့ သူ့ပစ္စည်းဆုံးရှုံးရင်လည်း ခင်မာဝင်းက. . ငြိမ်ပြီးနေမှာ. . စိုးမိုးကျော်ဟာတော်ရုံတန်ရုံလူမဟုတ်ဘူး ကိုဥက္ကာ၊ စိတ်ပိုင်းဆိုင်ရာကို နိုင်နင်းတဲ့လူ၊ မိန်းမတွေရဲ့ အထာကို ကျေတဲ့လူ. . သူမသတ်ရင် ကိုသစ်လွင်ကော မဖြစ်နိုင်ဘူးလား. . ဖြစ်နိုင်တယ်ထားဦး၊ လက်ဝတ်လက်စားတွေကို ဘာကြောင့် ယူသွားရမှာလဲ. . ဒါက သူ့ကို ရာဇဝတ်မှုကောင်းကောင်းသင့်စေမယ့်သက်သေခံပစ္စည်းမဟုတ်လား”

“ဘာကိုမှ မတွေးမိဘဲ ယူသွားမိတာပဲဖြစ်မယ်. . ”

“ခင်ဗျားအတွေးဟာ မှန်ချင်လည်း မှန်ပါလိမ့်မယ်၊ ဟောတံခါးခေါက်သံကြားတယ်၊ ဦးတင့်ဝေပဲဖြစ်မယ်. . သူတံခါးခေါက်ပုံကို ကျွန်တော် မှတ်မိတယ်. . ”

ကိုကိုနိုင်မှန်းသည့် အတိုင်းသင် ရဲအုပ်ကြီး ဦးတင့်ဝေက အပြုံးသားနှင့်ဝင်လာသည်။

"ဘယ့်နှယ့်လဲ ကိုကိုနိုင်၊ အလုပ်ဖြစ်ရဲ့လား. . ကျွန်တော်တော့. . အတော်အလုပ်ဖြစ်ခဲ့တယ်"

"ကျွန်တော်ကတော့ စိတ်ကူးတွေကို တစ်စစီဆစ်စပ်ယူနေတုန်းပဲ. . ဆရာဦးတင့်ဝေ. ."

ဦးတင့်ဝေက ဟက်ဟက်ပက်ပက်ရယ်လိုက်၏။

"လုပ်. . လုပ်၊ ဒါနဲ့နှစ်ချီပြီးကြာသွားလိမ့်မယ်. ."

ကိုကိုနိုင်က ဘာမှ ပြန်မပြောဘဲ ပြုံးစေ့စေ့နဲ့သာကြည့်နေ၏။

"ကဲ. . ကျွန်တော် ဘာတွေအောင်မြင်ခဲ့တယ်ဆိုတာ မကြားချင်ဘူးလား ကိုကိုနိုင်၊ ဟင်. . ကိုဥက္ကာ. ."

ဦးတင့်ဝေက အောင်ပွဲရစစ်သူကြီးပမာ ကိုကိုနိုင်ကိုသာမက ကိုဥက္ကာကိုပါ မဲတောင်းလိုက်၏။

"ကဲ. . ကျွန်တော်မှန်းပြီး ပြောမယ် ဆရာဦးတင့်ဝေ၊ ဟုတ်ရင် ဟုတ်တယ်လို့သာဝန်ခံပေတော့. . ပြစ်မှုကျူးလွန်ရာမှ သုံးတဲ့ဓားမြှောင်ကို ဖျဉ်းမနားအလွန်ရထားလမ်းဘေးမှာ ဆရာတွေ့ခဲ့တယ်၊ နောက်ပြီး ဖျဉ်းမနားဘူတာမှာ ခင်မာဝင်းနဲ့ စကားပြောခဲ့တဲ့ သတင်းစာရောင်းသမားလေးကို ဆရာစစ်ဆေးမေးကြည့်နိုင်ခဲ့တယ် ဟုတ်သလား. ."

ဦးတင့်ဝေ၏ ပါးစပ်မှာ အဟောင်းသားဖြစ်နေမိ၏။ မျက်လုံးကလည်း ပြူး၍. . အံ့အားသင့်မှုကို မထိန်းချုပ်နိုင်တော့. .

"ခင်ဗျား ဘယ်လိုလုပ်သိသလဲ ကိုကိုနိုင်၊ အတွေးအခေါ်ကိုပြုလုပ်ပေးတဲ့ဦးနှောက်ထဲက ပြာမှိုင်းမှိုင်းဆဲ(လ်)ကလေးတွေ

ကြောင့်လို့တော့ မပြောနဲ့.."

ကိုကိုနိုင်က တဟားဟား နှင့်ရယ်တော့၏။

"ထားပါတော့ ဆရာရယ်၊ နောက်ပြီး ခင်မာဝင်းက အဲဒီ သတင်းစာရောင်းသမားလေးကို ပိုက်ဆံပါပိုပေးလိုက်သေးတယ် မဟုတ်လား.."

"ဟုတ်တယ်.."

"ကောင်လေးက ခင်မာဝင်း ကို ပိုပြီးမှတ်မိသွားမှာပေါ့.."

"ဟုတ်တယ်၊ ခင်မာဝင်း ဘမဂ္ဂဇင်းနှစ်အုပ်ကိုဝယ်တယ်.. ဘစ်အုပ်ရဲ့မျက်နှာဖုံးရှင်က သူ့လို အပြာရောင်ဝတ်စုံဝတ်ထားလို့ သူနဲ့တူတယ်ပြောပြီး ဝယ်တာပဲ၊ ဂ္ဂဇင်းက ငါးရာကျပ်ပေမယ့် င်ရာတန်သုံးရွက်ပေးပြီး ပိုတဲ့ငွေ န်မအမ်းနဲ့တော့တဲ့.. ဒီတော့ ကာင်လေးက ခင်မာဝင်းကို ကော်တော်မှတ်မိသွားတာပေါ့.."

"နောက်ပြီး.. ဆရာဝန်နဲ့ အသက်ခံရတဲ့အချိန်ကိုတွက်ကြည့် တော့ သာစည်မရောက်မီလေးမှာ တင်.. ဖြစ်မှုကျူးလွန်တာဖြစ်ရမယ် လို့အဖြေထွက်လာတယ်.. အသုံး ပြုတဲ့ဓားကိုချက်ချင်းလွှင့်ပစ်လိုက် တာပဲဖြစ်မယ်လို့.. တစ်ခါ ကျွန်တော်ထင်တယ်၊ ဒါနဲ့ရထား လမ်းဘေးတစ်လျှောက်လိုက်ရှာ တော့.. ဓားကိုထင်တဲ့အတိုင်း တွေ့ရတော့တာပဲ.."

"သာစည်ဘူတာမှာလည်း တရားခံနဲ့ပတ်သက်ပြီး သတင်းစုံ စမ်းကြည့်တယ်.. ခက်တာက သာစည်ဘူတာဟာ ဘူတာကြီး တစ်ခုဖြစ်နေတယ်.. လူသူအသွား အလာသိပ်များတယ်.. တစ် ယောက်ကိုတစ်ယောက် မှတ်မိ နိုင်စရာအကြောင်းမရှိဘူး.. တရားခံ ဟာနောက်အကျဆုံးရထားနဲ့ ရန်ကုန်ပြန်နိုင်စရာအကြောင်းရှိ

တယ်. ."

ကိုကိုနိုင်က ခေါင်းညိတ်၍ ဦးတင့်ဝေ၏ စကားကိုထောက်ခံလိုက်၏။

"အဲဒီလိုပဲဖြစ်ဖို့ များပါတယ်. ."

"အင်း. . ကျွန်တော် ပြန်ရောက်လာတော့ သတင်းတစ်ခု ထပ်ရပြန်ရော ကိုကိုနိုင်၊ လက်ဝတ်လက်စားတွေကို ရွှေဘုံသာလမ်းမှာ လာထုခွဲတယ်ဆိုတာပဲ၊ လာရောင်းတာက မြလက်စွပ်တစ်ကွင်းပဲ. . လာရောင်းတဲ့လူဟာ ဘယ်သူလို့ ခင်ဗျားထင်သလဲ ကိုကိုနိုင်. ."

"ခပ်ပုပုလူတစ်ယောက်ဆိုတာကလွဲပြီး သိပ်မသိပါဘူးဗျာ"

ဦးတင့်ဝေက ကိုကိုနိုင်အားမျက်လုံးပြူးကာကြည့်မိပြန်၏။

"ဟုတ်တယ် ကိုကိုနိုင်၊ သူက ဂျပုတစ်ယောက်ပဲ. . နာမည်က လှတင့်တဲ့. ."

"လှတင့်ဆိုတာ ဘယ်သူလဲဗျ. ."

ကိုဥက္ကာက ဝင်မေးလိုက်၏။

"လက်ဝတ်လက်စားမျိုးတွေကိုသာ အမိကထားခိုးတတ်တဲ့ သူခိုးတစ်ယောက်ပဲ ကိုဥက္ကာ၊ လူသတ်မှုဆိုတာမျိုးနဲ့ တစ်ခါမှမပတ်သက်တဲ့လူ. . သူက မေမေရီဆိုတဲ့ မိန်းကလေးတစ်ယောက်နဲ့ အမြ တန်းတွဲလုပ်လေ့ရှိတယ်. . ဒီတစ် ခါမှာတော့ အဲဒီအမျိုးသမီးပါ မရဘူး. . ဒါမှမဟုတ်ရင်လည်း ကျန်တဲ့ပစ္စည်းတွေကို ထုခွဲ အထက်အောက်တက်သွားတာလည်း ဖြစ်ချင်ဖြစ်မယ်. ."

"ဂျပု လှတင့်ကိုဖမ်းမြ ပြီလားဆရာ ဦးတင့်ဝေ. ."

"ပြီးပြီပေါ့ ကိုကိုနိုင် ဒါအတွက် ခင်ဗျား စိတ်မပူနဲ့ ခင်ဗျားလုပ်ရမှာက ခင်မာဝင်

တူပါသွားတဲ့လူကိုရှာဖို့ပဲ. .
က ဆရာကြီးပဲဖြစ်မယ်. .
ပုလှတင့်ကတော့ အဲဒီလူကို
သိဘူးလို့ပဲပြောနေတယ်. . ”

ကိုကိုနိုင်၏ မျက်လုံးအစုံ
မှာ ပိုမိုတောက်ပလာသည်ကို
ဉက္ကာသတိပြုမိလိုက်၏။

“အဲဒီလူကို ကျွန်တော်
ပေးနိုင်လိမ့်မယ်လို့ ကျွန်တော်
င်တယ်. . ”

ကိုကိုနိုင်၏ လေသံက
အားဆေးလှ၏။

“ဘာလဲဗျ. . ခင်ဗျားရဲ့
ွားခေါ်မြော်မြင်ရေးမှုနဲ့လား”

ဦးတင့်ဝေက ရိသလိုမေး
သာ၏။

“ပြောချင်သလိုသာ ပြော
ပေတော့. . ဆရာဦးတင့်ဝေ၊ ကဲ
ဉက္ကာ၊ ကျွန်တော်တို့သွားလိုက်
ကြဦးစို့. . ”

အငှားကားတစ်စီးဖြင့်

ကိုကိုနိုင်တို့က ဦးဖော်ဖေဝင်း၏
အိမ်သို့ရောက်လာကြ၏။ တံခါး
ဖွင့်ပေးသည့် အိမ်ဖော်အမျိုးသား
ကြီး၏ အနားသို့ကပ်ကာ ကိုကိုနိုင်
ကတီးတိုးပြောသည်။ ၎င်းက
အခန်းတစ်ခုရှိရာသို့ ခေါ်သွားပြီး
တံခါးကိုဖွင့်ပေးသည်။

ကိုကိုနိုင်၏ မျက်လုံးအစုံ
ကအခန်းပတ်လည်အား အကဲခတ်
ပြီးခရီးဆောင်သေတ္တာတစ်လုံးဆီက
မျက်လုံးမခွာတော့၊ သေတ္တာဘေး
တွင် ဒူးထောက်ထိုင်ချသည်။
သော့အိမ်ကိုကြည့်ပြီး ဘောင်းဘီ
အိတ်အတွင်းမှ ဝါယာကြိုးလေး
တစ်ချောင်းကိုဆွဲထုတ်သည်။

“ဦးဖော်ဖေဝင်းကို ဒီခဏ
ကြွပါလို့ ပြောပေးပါလား. . ”

ကိုကိုနိုင်က အိမ်ဖော်
အမျိုးသားအား နောက်လှည့်ကြည့်
ကာပြောလိုက်၏။

❖ ❖ ❖

**(စာရှုသူများခင်ဗျား ဤနေရာမှာ အမှုအဖြေမှန်ကို တွေးခေါ်ဆက်စပ်စေလိုပါတယ်၊ စမ်းသပ်ကြည့်ပါ..စာရေးသူရဲ့ တွေးခေါ်ဆက်စပ်ပုံနဲ့ မည်မျှ နီးစပ်ကြောင်း အဖြေထုတ်ပြီးမှ ဆက်လက်ဖတ်ရှုပါရန်..)**

❖ ❖ ❖

အိမ်ဖော်အမျိုးသား ထွက်သွားသည်နှင့် ကိုကိုနိုင်၏ ကျွမ်းကျင်လှသောလက်အစုံကြောင့် သေတ္တာက ပွင့်သွား၏။ အဖုံးကို ဖွင့်သည်။ အတွင်းမှ အဝတ်အစား များကိုထုတ်၍ကြမ်းပြင်ပေါ်သို့ ပစ်ချနေသည်။

နောက်ဘက်မှ ခြေသံများ ကြားရပြီး ဦးဇော်ဖေဝင်းရောက် လာ၏။

**"မောင်နိုင်..မင်းဘာ** တွေလုပ်နေတာလဲ.."

"ကျွန်တော်က ဟောဒီ ဟာကိုရှာနေတာပဲ ဦး.."

ကိုကိုနိုင်က သေတ္တာ
အတွင်းမှ ထရိုင်ဆယ်အနွေးထည်
အဖြူရောင်နှင့် အပြာရောင်
ပြောင်သားဝမ်းဆက်ကို ဆွဲထု
ပြလိုက်၏။

"ကျွန်မအဝတ်အစား
ကို ရှင်တို့တာတွေလုပ်နေကြတာ

ကိုဥက္ကာက လှည့်ကြ
လိုက်ရာ အခန်းထဲသို့ဝင်လာ
မေသန်းထွေးကို တွေ့လိုက်ရ

"ဦးရေ..တံခါးကို
ပိတ်ပြီး အပေါက်ဝမှာသာ ပိတ်
ထားပေတော့..ကဲ..ဦး
မေသန်းထွေးဆို တာတ
မကြာခင် သူ့အဖော်ဂျပုလု
အတူ အဖမ်းခံရတော့မယ်
မေမေရီဆိုတာပါပဲ.."

ကိုကိုနိုင်က လက်
ကိုဆန့်ကား၍ ပုခုံးတွန့်လိုက်

"သိပ်လွယ်တဲ့အလုပ်

ကိုကိုနိုင်မှာ သူ့ကိုယ်သူ အမွန်းတင်လေရော့သလား သိ. .

"ခင်မာဝင်းရဲ့ ဝတ်စား ထားတဲ့ပုံကို မေ. . အဲ. . မေမေရီ က အသေးစိတ်ပြောနိုင်တာကအစ ကျွန်တော်သံသယဝင်မိတာပဲ. . ကျွန်တော်တို့ကို ခင်မာဝင်း ဘယ် လိုဝတ်စားထားတယ်ဆိုတာ သူက ဘာကြောင့်ဂရုပြုမိစေချင်ရတာလဲ၊ ထားတွဲထဲကလူဆိုတာကလည်း မေမေရီရဲ့ပြောစကားအရ တစ်ခု ကြောင့်ပဲ ကျွန်တော်တို့သိကြရ တာ. . "

"ဆရာဝန်ရဲ့ ဆေးစစ် ချက်အရဆိုရင် ခင်မာဝင်းဟာ မရောက်ခင် လွယ်လွယ် ကူကူအသတ်ခံရစရာရှိနေသားပဲ၊ ဆိုရင်. . မေမေရီတစ်ယောက်ပဲ ခင်မာဝင်းနဲ့ပတ်သက်နေစရာရှိ တော့မယ်. . နောက်လူတစ်ယောက် ပါလာမှ သူ့အပေါ်မှာ သက်ာ မကောင်းဖြစ်စရာမလိုတော့ဘူး. . မားနဲ့ထိုးသတ်တယ်ဆိုတာကလည်း ယေဘူယျအားဖြင့် ယောကျ်ားတွေ လုပ်လေ့လုပ်ထရှိတဲ့ဟာပဲလေ. .

ခင်မာဝင်းရဲ့ အဝတ် အစားတွေက မြင်လိုက်ရင်ထင်း ကနဲဖြစ်တဲ့အဝတ်အစားတွေဖြစ် နေတယ်. . သခင်အတွက် ခရီး ဖော်အိမ်စေမျိုးကသာ အဝတ် အစားရွေးပြီး ထုတ်ပေးတတ်လေ့ ရှိကြတယ်ဗျ၊ ကဲ. . က အတွက်မှာ. . အနွေးထည်အဖြူ ရောင်၊ အပြောင်သားအပြာရောင် ဝမ်းဆက်ဝတ်ထားတဲ့ အမျိုးသမီး ကို မြင်တဲ့လူမှန်သမျှ ခင်မာဝင်း ကိုမြင်မိကြပါတယ်လို့သာ ကျမ်း ကျိန်ထွက်ကြမှာပဲ. . "

"ကျွန်တော်က ဖြစ်နိုင်ချေ ရှိပုံကိုစပြီး တည်ဆောက်ကြည့်ခဲ့ တယ်. . မေမေရီဟာ ခင်မာဝင်း

အတိုင်းလိုက်ဝတ်နိုင်တယ်.. သူနဲ့သူ့အဖော်ဟာ ရန်ကုန်ကနေ ကြားမှာ ခင်မာဝင်းကို မေ့ဆေးပေးပြီး မားနဲ့ထိုးသတ်ကြတယ်.. ခင်မာဝင်းရဲ့အလောင်းကိုခုံအောက်ထိုးသွင်းပြီး ထိုင်ခုံမှာ မေမေရီက အစားထိုးဝင်ထိုင်လိုက်တယ်.."

ကို ရောက်တော့.. သူ့ကိုလူတွေမှတ်မိအောင်လုပ်ရတော့မယ်.. ဘယ်လိုလုပ်သလဲ.. လွယ်ပါတယ်.. သတင်းစာရောင်းတဲ့ကောင်လေးကို ရွေးလိုက်တာပေါ့.. ပိုတဲ့ပိုက်ဆံတစ်ရာကိုပြန်မအမ်းနဲ့.. ယူလိုက်တော့ဆိုတော့ ကောင်လေးအဖို့ ဒီအမျိုးသမီးမှတ်မိသွားမှာပဲ.. မျက်နှာကို ကောင်းကောင်းမမှတ်မိတောင် အဝတ်အစားကိုတော့ အမှတ်ထားမိကြမှာသဘာဝပဲ.. မှတ်မိအောင်လည်း မျက်နှာဖုံးရှင်

အမျိုးသမီးရဲ့ အဝတ်အစ
သူနဲ့တူတယ်လို့တောင် ပြော
သေးတယ် မဟုတ်လား.."

ဘူတာ
ထွက်တော့ လူသတ်မှုကျူးလွ
နေရာဟာ အဲဒီနေရာပဲလို့
အောင်မားကိုလွှင့်ပစ်လိုက်
နောက်သူ့အဝတ်အစားတွေ
လဲတယ်.. သာစည်ရော
ကို အမြန်ဆုံးပြ
တယ်.. သူ့အဖော်က အ
အစားသေတ္တာနဲ့ အဲဒီမှာ
နေတယ်၊ မေမေရီရောက်
အဖော်ဂျပုလှတင့်က ရန်
ပြန်လာတာပဲ.. တစ်နေ့လုံး
စားသောက်ဆိုင်မှာနေပြီး
တည်းခိုခန်းမှာအိပ်..
တစ်နေ့ရန်ကုန်ပြန်လာတ
သူ့စကားကတော့ အမှန်ပဲ

"နောက် ဦးတင်
မားရှာပြီး ခရီးကပြန်လာ

ကျွန်တော်တွေးတဲ့အတိုင်း သူမြင်တွေ့ခဲ့ရပုံက မှန်ကြောင်းသက်သေပြနေတယ်. . နောက်နာမည်ကြီးသူခိုးတစ်ယောက်က လက်စွပ်လာရောင်းတဲ့အကြောင်းပါ ပြောပြန်တယ်၊ မေမေရီက ရထားပေါ်မှာတွေ့တဲ့လူဟာ ပိန်ပိန်ရှည်ရှည်လို့ပြောတာဟာ ဆန့်ကျင်ဘက်အမြင်ကိုတွေးပြီး ပြောတာလို့ ကျွန်တော် ယူဆမိတယ်. "

"အဲဒီသူခိုးရဲ့အမည်က ဂျပုလှတင့်လို့ ဦးတင့်ဝေက ပြောတာနဲ့. . သူ့အဖော်အမျိုးသမီးက မေမေ့ရီဆိုတာသိတယ်. . ဒါနဲ့ပဲ အဲဒီမေမေရီကို ဘယ်မှာရှာရမယ်ဆိုတာ ကျွန်တော်တွေးလို့ရပြီပဲ ပေါ့ဗျာ. . "

"စိုးမိုးကျော်ကကော. . "

"အင်း. . သူနဲ့ပတ်သက်လို့ပိုတွေးမိလေ. . သူနဲ့ဘာမှမဆိုင်ကြောင်းသဘောပေါက်လေပဲဗျ. . သူက လူသတ်မှုကျူးလွန်တဲ့လူစားမျိုးမဟုတ်. . ရှုပ်နဲ့အပြောကိုအသုံးပြုပြီးသက်တောင့်သက်သာရှာစားတဲ့လူစားမျိုး. . သူ့အကျင့်နဲ့လူသတ်မှုဆိုတာ ဝေလာဝေးပဲကိုဥက္ကာ. . "

"အင်း မောင်နိုင်ရေ... မင်းကျေးဇူးတော့ ဦးအပေါ်မှာရှိသွားပြီ၊ ကုန်ကျစရိတ်အားလုံးမင်းအတွက် ဦးကျေးဇူးဆပ်ပါမယ်ကွာ. . "

ကိုကိုနိုင်က ပြုံး၍ခေါင်းခါ၏။

"မလိုပါဘူး ဦးရယ်. . ကျွန်တော်တို့ရဲ့ဝန်ထမ်းတွေရဲ့တာဝန်ပါ. . ဒု-ရဲအုပ်ကိုကိုနိုင်ဟာ ပြည်သူတွေဘက်က ရှိတယ်ဆိုတာ ဦးသဘောပေါက်ရင် တော်ပါပြီ။

❖ ❖ ❖

ဝင်းနိုင်ဦး


အဆိပ်ရှိသောသိုး....
အစားခံရသောမုဆိုး ....

သူ့စိတ်ဝယ် ဒီကနေ့ည အခါတိုင်းညတွေထက် ပိုညှို့နက်မှု ရှိသလို ခံစားနေရ၏။ တကယ်တော့ သူလိုဒရမ်တီးသမားတစ်ယောက် သည် ကိုယ်ပိုင်အချိန်ကို ပိုင်းဖြတ်နိုင်စွမ်းခြင်းမရှိ။ ကလပ်ထဲသို့ သီချင်းသီဆိုသည့် အဖွဲ့ကျလာ လေလေ... ဒရမ်တီးနေသော တုတ်ကလည်း သီချင်းအလိုက် တီးရ လေလေနှင့်မို့ တစ်ခါတစ်ရံ ညဉ့်နက်သွားရတတ်သည်။ ညဉ့်သန်းခေါင်ယံအချိန်ထိ တိုင်သွားသည်လည်းရှိပေသေး၏။ ယခုလို သန်းခေါင်သန်းလွဲပြန်ရသည်မှာလည်း အဆန်းမဟုတ်တော့...။

သည်ကနေ့ည၌ ပိတ်ရက်ကလည်း ပိတ်ရက်မို့ ကလပ်မှာ ပျော်ချင်သူတွေ အတော်ကျခဲ့ကြသည်။ ကလပ်အဆိုတော်တွေကို ပန်းကုံးလာဆက်သူ၊ ပန်းစည်းလာပေးသူတွေကလည်း ပေါမှပေါ...၊ တကယ်တော့ နောက်ကွယ်ရာက

## အဆိပ်ရှိသော သီး...
## စားခံရသော မှုဆိုး...

**ယမင်းကလျာ**

ညကမှောင်မှောင်...
မိုးက သဲသဲ...

ဘယ်ညာယိမ်းလှုပ်နေ ရေယက်တံ 'ဝိုက်ပါ' လေး မှန်ချပ်ပေါ်သို့ ထိစင်နေသော မိုးပေါက်တွေကို အဆက် စတမ်း ခါသုတ်နေပါတော့ ။ သူ၏တိုရိုတာကိုရိုလာကား ာလည်း ညမှောင်မှောင် သဲထဲဝယ် ရွှေ့မီးသီးတို့၏ င်းအားဖြင့် ဖြတ်သန်းမောင်း ခဲ့လေသည်။

နေ သီချင်းကိုပံ့ပိုးပေးနေသည့် သူလို တီးဝိုင်းအဖွဲ့သားတွေကိုတော့ အသိအမှတ်လေးပင် ပြုဖို့ဝေလာမှ ဝေး. . .။

စင်စစ်သူတို့လို ဂီတသမား တွေ၏ အဖြစ်က ပိတ်ကားထက်မှာ မင်းသမီး မင်းသားတွေ ရုပ်ရည် ရူပကာပို မိုကြည်လင်ပြတ် သား ထင်လင်းစေအောင် ကင်မရာ၏ နောက်ကွယ်ကနေ မီးထိုးမှန်ထိုး လုပ်နေရသည့် လုပ်သားတွေနှင့် ဘာများခြားနားပါလိမ့်မလဲ. . .။

ကျော်လှိုင်မင်းသည် ထို အဖြစ်ကို ယှဉ်၍ခံစားနေမိရင်း အမှတ်တမဲ့သက်ပြင်းကြိတ်ချမိလိုက် သည်။

ဒီကနေ့ သူ့ရင်တွေလွန်စွာ ခုန်နေသည်ဟုဆိုက မှားမည်မထင်၊ သူတိတ်တခိုး စွဲလန်းစွာရင်ခုန်နေရ သော "ဆောင်းနှင်းဝေ" အား ဤ ညမှာ ပန်းကုံးစွပ်သူတွေက ပိုများနေ သလိုပင် ခံစားမိလိုက်ရပါ၏။ ပန်း

ကုံးပန်းစည်းစွပ်ကြဆက်ကြသူ ထဲမှာ အသက်ကြီးဘူတား တွေနှင့် ပေါက်ဖော်ထောင်တဲ တွေက အကဲဆုံး. . .၊ ထိုအထ ကာလသားဆံရှည်မောင်တို့ လည်း အဒိုးဒန့်ဆုံးဆိုရ မယောင် . . .။

ကျော်လှိုင်မင်း ဆောင် ဝေကို ကျီးတစ်အုပ်ကြားရော သည့် ဗျိုင်းဖြူတစ်ကောင်အဖြ နှင့် မခြင်လိုတော့ပါ။ အက ဆောင်နှင်းဝေသည်သာ မြေမ ဖြစ်၍ မိမိကသာ မြေအလ ဆရာဖြစ်ခဲ့လျှင် အသာလေး ပခြုပ်ထဲမှာထည့်ထားလိုက် တော့. . .။

ယခုတော့မူ "မြင်သ မကြင်သာ" ရသည့်ဘဝ တကား. . .။

ထိုတစ်ခဏမှာပဲ ဦး မြင့်မား၏ စကားသံတွေက လှိုင်မင်း၏နားထဲ မဆီမဆိုင်

...က်လာခဲ့၏။

"မင်းမလဲ ကြောင်လိုလို ...းလိုလို ဘဝမျိုးနဲ့ တစ်သက်လုံး ...တိုင်းနေသွားတော့မှာလား ...ာ်လှိုင်မင်း. .၊ လေးလေးသော် ...တဲ့မိန်းကလေး မင်းအပေါ်မှာ ...တော့ကတည်းက မင်းတစ် ...ာက် ငါ့ကမ်းမှာလာသောင်တင် ...ပြီး လေလွင့်ငှက်ငယ်လုပ်နေတာ ...ာပဲကြာခဲ့ပါပကော။ ဒီလို ပို ...ာင်ယောင် ဒီယောင်ယောင် ...ပ်နေမယ့်အစား အချစ်သစ်တစ် ...ာက်ယောက်ရှာလိုက်ရင် မင်း ...ပိုအဓိပ္ပာယ်ရှိလာမယ်လို့ ငါထင် ...ယ်"

သည်စဉ်က သူ ဦးလေး ...င့်မားကို ပြန်ပြုံးပြမိသေးသည် ...တ်ပါလား။

"ဦးလေးမြင့်မား အကြံပေး ...တောင် နောက်ကျနေပြီ။ ကျွန် ...ာ်အခုရှာတွေ့ထားပြီးပြီ"

"ဟော. . . မင်းရှာတွေ့ထားပြီ ဟုတ်လား၊ မင်းက ငါ့မေး့ ပြောရတာလားကွ. . . ကဲ. . . ပြောစမ်းပါဦး၊ မင်းတို့ကလပ်ထဲက ကောင်မလေးတစ်ယောက်ပဲလား"

"တစ်ခါတစ်ခါ သီချင်း လာလာဆိုတဲ့ မိန်းကလေးတစ်ယောက်ကိုပါ"

"ဒါဆို ငါသိပြီ၊ ယဉ်မူရာဖြူး မဟုတ်လား၊ သူနဲ့ဆိုရင် ငါသဘောတူတယ်ဟေ့"

"ဟာ. . . ဦးလေးရာ၊ ဒီဟာမလေးကို ဦးလေးကြိုက်တယ်ဆိုရင် ဦးလေးပဲယူလိုက်ပါတော့။ ဦးလေးလဲ လူလွတ်ပဲ မဟုတ်လား"

"အာယိုယို. . . မလုပ်ပါနဲ့ကွာ၊ ဒီကောင်မလေးရဲ့ ရိုးလ်က မင်းကြိုက်မင်းစားထဲက မဟုတ်လို့ပေါ့ကွ၊ မင်းတို့လို ကာလသားနဲ့မှ ကီးကိုက်တာကွ၊ နို့မို့ဆို ငါယူလိုက်တာကြာလှပေါ့လား၊ တို့နဲ့အာမထိ . . . မင်းနဲ့တော့ 'သာမိ(စ်)' ပေါ့ကွာ"

"တော်ပါပြီ ဦးလေးရာ၊ ကျွန်တော် သူ့ကို ကြိုက်မိရင်လဲ '၄၅' နံပါတ်ကျတဲ့ချစ်သူအဆင့်ပဲ ရနိုင်မှာပါ၊ ရှေ့မှာကျွန်တော့်ထက် စီနီယာကျတဲ့ သူတွေက အပုံကြီးလေ..၊ အဲ... ဦးလေးလည်းယောင်ပြီးသွား မကြိုက်လိုက်မိနဲ့ဦး၊ တော်ကြာ ဒီလူကြီး အသက်ကြီးခါမှ ကျော်မကောင်း ကြားမကောင်းရောဂါရနေပြီဆိုပြီး သတင်းထွက်နေဦးမယ် ဟဲ... ဟဲ"

"ကြည့်စမ်း... ကြည့်စမ်း... ဒီကောင်လေး... မင်းကငါ့ကို ခင်းညီလေးအောက်မေ့ပြီး ဒီစကားမျိုးတွေ ပြောနေတာလားကွ၊ နောခလေးရဲ့"

"ကန်တော့နော် ဦးလေး၊ ကန်တော့... ကန်တော့...၊ ကျွန်တော်ဦးလေးမြင့်မားကို ချစ်လို့ စကြည့်မိသွားတာပါ၊ အမှန်ပြောရရင် ဒီယဉ်မူရာပြုံးကို ကျွန်တော် လုံးလုံးကြည့်မရဘူး၊ ကျွန်တော်ကြည့်ရတဲ့ မိန်းကလေးက
တစ်ယောက်တည်းရှိတယ်"

"သူ... ဟုတ်လား
သူဆိုတာ ဘယ်သူလဲ"

"ဆောင်း.. နှင်း..

"ဘာ... ဆောင်း
ဟုတ်စ၊ အဲဒီမိန်းကလေးက မ
အလုပ်ဝင်နေတဲ့ 'ညခင်းသာ
ပိုင်ရှင် ဦးသိုက်မောင်ရဲ့ တူမ
ကိုကော မင်းသိရဲ့လားကွ
တော်ကြာ သူ့ဦးလေး မင်းကြ
တာကြားသွားခဲ့ရလို့ မင်းကို
ကြားမြက်ပေါက်... သားရေ
သားရေနားစားဆိုပြီး ငါပါ
ငင်တစ်စင်ပါ သူကောင်း
မယ်... ဒါကြောင့် ငါ့
ဒီကောင်မလေးကိုတော့ ဝေ
ရှေး... ဝေးဝေးရှောင်ပေ

"ဦးလေးမြင့်မားရ
ပူစရာမရှိမပူစမ်းပါနဲ့... ဆေ
ဒရမ်တီးသမားနဲ့ ကလပ်ပိုင်
အဆိုတော် ညားကြတဲ့အပြ

နဲ့သက်သေတွေ တစ်ပုံကြီးပါ၊ အလွှာ မတူဂုဏ်မတူလို့ မညားကြကြေးဆို ရင် လောကမှာ စုံတွဲတွေတောင် ရှိလာရတော့မှာ မဟုတ်ဘူး”

“ဒီမယ်မောင် . . . မင်း အခုပြောတဲ့သူဌေးတူမ ဆောင်းနှင်းဝေက မောင်ရွှေရိုးနဲ့ ကခြေသည်လို နီးလာကြဖို့တော့ ဝေလာမှဝေး၊ ဘီလူးဂုဏ်မှာန်တွေခြံရံပိုင်းနေတဲ့ကြား က မည္မျသက နတ်ပန်းမျိုးကွ၊ မင်းခူးနိုင်ဖို့လွယ်မယ်မထင်နဲ့၊ ပြီးတော့ ဆောင်းနှင်းဝေဆိုတဲ့ ကောင်မလေးကလဲ တကယ့်မာနခဲလေး၊ မင်းကို မချစ်လို့ကျောခိုင်းပြီး ဆရာဝန် နောက် ကောက်ကောက်လိုက်သွားတဲ့ လေးလေးသော်လို မိန်းကလေးမျိုးပဲကွ”

“တော်ပါပြီ ဦးလေးမြင့်မားရယ်၊ အဲဒီသစ္စာမရှိတဲ့မိန်းမ အကြောင်း နာမည်ထည့်ပြီး မပြောစမ်းပါနဲ့။ ကျွန်တော့်ဘဝမှာ အချစ်ရှုံးသွားရတာကို ဦးလေးမြင့်မားပြန် သတိပေးသလို ခံစားမိလို့ပါ”

“မင်းကို ငါ အခုလို သူနဲ့ယှဉ်ပြီး သတိပေးရတာက မင်းချစ်ဒုက္ခဆိုတဲ့ပန်းကုံးကြီး ထပ်အစွပ်ခံရမှာကို ငါ မမြင်ရက်လို့ပါကွာ၊ အေး . . . တကယ်တန်းဆိုကြေးဆိုရင် ဆောင်းနှင်းဝေထက် ယဉ်မူရာပြုံးကမှ မင်းအတွက် နောက်ကြောင်းရှင်းရှင်းနဲ့ သာယာမှုပိုပေးလိမ့်ဦးမယ်”

“ဒီမယ် ဦးလေးမြင့်မား . . . နိုက်ကလပ်လိုနေရာမှာ အခု ယဉ်မူရာပြုံး တစ်ယောက် ဘယ်လောက် ကဲကဲလန်လန် ရှိနေပြီဆိုတာကိုတော့ ဦးလေးမြင့်မား မြင်မိသေးရဲ့လား။ ကဲ . . . ဦးလေးမြင့်မား မသိသေးရင် နားထောင် ကျွန်တော်ပြောပြမယ် . . . တစ်ညမှာပေါ့ဗျာ”

ထိုနေ့ညသည် နိုက်ကလပ်မှာ လူတွေအကဲဆုံးဖြစ်နေသလိုပင်ရှိသည်။ 'ညခင်းသာ' ကလပ်ဆိုသော အမည်နာမကိုပင် ချေဖျက်သယောင်မျိုးရှိနေသည်။ ညနေခင်းသည် လူတွေ အုံးအုံးကြွက်ကြွက်ကြောင့် မသာတော့ပါ. . .၊ ထိုနေ့သည် ခရစ္စမတ်ပွဲတော်နေ့နှင့် လည်း နွှယ်ယှက်နေ၍ ဆိုကြ. . . ဟစ်ကြ၊ သောက်စားကြ. . . ယစ်မူးကြ. . . တရားလွန်. . .။

ထိုစဉ်မှာပင် စုပ်တီးစုပ်ပြတ်ပုံသဏ္ဌာန်ဖြလရမ်းဟန်ပန်ရှိလွန်းလှသော လူငယ်ငါးယောက်။

ထိုသူတို့နှင့်အတူ တစ်ကိုယ်လုံး လှုပ်၍နွဲ့၍တင်သွဲ၍ ရမ်း၍ ခုန်ပေါက်၍ ဟီးထနေအောင် ကဲလန်နေသည့် မိန်းကလေးတစ်ဦး

သူတို့အသွင်က မိုးမြ

လေမမြင်၊ ပတ်ဝန်းကျင်ကို ထီမြ

အရှေးမစိုက်သော အခြေအနေ

ဆောင်ယူနေခဲ့ပါ၏။

ထိုသည်တို့ကို အမှတ်

မှသည် အမှတ်တမဲ့ဖြင့် စင်ပေါ်

လှမ်း၍သတိပြုမိသူကတော့ ကျော်

လှိုင်မင်းပင်. . .။

ကျော်လှိုင်မင်းသည် ဧ

ကြပါးကြသူတွေကြားထဲမှာ လှမ်း

လိုက်ရသော မိန်းကလေးအ

အသေအချာစူးစိုက်ကြည့်မိတော့

ပင် 'ယဉ်မူရာပြုံး' ဖြစ်နေပါ

သတည်း။

ဟင်. . သူဒီကလပ် ရော

ခဲ့တာတောင် ကြာလှပြီပဲ"

ရောက်မယ့် ရောက်

တော့လည်း. . .

ကျော်လှိုင်မင်းသည် ယ

ရာပြုံးနှင့် စတွေ့စအချိန်သို့ အ

ပြန်ကျက်မိသွားရသည်။

ဘူတာရုံရှေ့တွင် ကားဆိုက်
ရပ်၍ ဒီကနေ့ညနေပိုင်း မန္တလေးမှ
ပြန်လာလေမည်ဖြစ်သော ဦးလေး
မြင့်မားအား စောင့်ကြိုနေစဉ်မှာပင်
မိမိကို အငှားတက္ကစီဒရိုက်ဘာထင်
လျှက် ကားလာငှားရမ်းနေသော
မိန်းကလေးတစ်ယောက်ကို ကျော်
လှိုင်မင်း ဆုံစည်းလိုက်ရလေသည်။

"ညီမက ဘယ်ကိုသွားမှာမို့
လဲ၊ လမ်းကြုံမယ်ဆိုရင် အစ်ကို့ကားနဲ့
လိုက်နိုင်တယ်လေ"

ကျော်လှိုင်မင်းက ကူညီချင်
စိတ်နှင့် ခပ်ရိုးရိုးပင် ပြောမိသွား၏။

"ညီမက မြိတ်ကပါရှင်၊
ဟာမစ်တစ်ထဲမှာ ညီမအမျိုးတွေ
ရှိနေတယ်ဆိုတာသိရလို့ သူတို့ကို
ရှာမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရန်ကုန်
တက်လာခဲ့တာပါ။ အဲ... နောက်
တစ်ခုကတော့ ညီမအမျိုးတွေဆီမှာပဲ
ညီမတည်းခိုပြီး ညီမဝါသနာပါတဲ့
အဆိုတော် အလုပ်ပဲရရ၊ နောက်ဆုံး
ဒီကနေ့ ခေတ်စားနေတဲ့ မော်ဒယ်
သင်တန်းတစ်ခုခုပဲ တက်ရရဆိုတဲ့
ရည်ရွယ်ချက်လဲ ပါတယ်လေ...။

မိန်းကလေးသည် ပွင့်ပွင့်
လင်းလင်းပင် သူ့ရည်ရွယ်ချက်ကို
ပြောပြသည်။

"အင်း... ဒါပေမယ့်
ဟာမစ်တစ်ဆိုတာ အကျယ်ကြီးပဲ
နော်...၊ လိပ်စာတို့နံပါတ်တို့ မသိ
ရဘဲနဲ့တော့ ညီမအမျိုးတွေကိုလွယ်
လွယ်နဲ့ရှာလို့ရမယ်မထင်နဲ့"

"ဒါပေမဲ့... ညီမသိရတာ
ကတော့ ညီမအမျိုးတွေဟာ ရုပ်ရှင်
မင်းသားဗညားဦးတို့ရဲ့ အိမ်နားမှာ
လို့တော့ဆိုတာပဲလေ၊ မင်းသား
ဗညားဦးအိမ်ကို အဲဒီအရပ်ကမသိ
ကြတဲ့လူလဲရှိမယ် မထင်ဘူးတဲ့...။

"ဪ... ဒါဆိုရင်တော့
ရှာရလွယ်နိုင်ပါတယ်လေ"

ကျော်လှိုင်မင်းနှင့် မိန်းက
လေးစကားဆိုနေခိုက် မန္တလေး
ရထားဆိုက်လျက်အနီးသို့ ရောက်
လာသော ဦးလေးမြင့်မား...။

ထို့နောက် ထိုမိန်းကလေးကို ကားကြုံတင်၍ မောင်းထွက်ခဲ့သည်။

သည်မှာပင် ယဉ်မူရာပြုံးနှင့် စတင်သိရှိလာခဲ့ရသည်။

ယဉ်မူရာပြုံး၏ အမျိုးတွေ နေထိုင်သော ဟာမစ်တစ်ထဲက အိမ် ဆိုသည်က အတော်ဒေါင်းတောက် အောင်ပင်ရှာလိုက်ရသေး၏။ နောက်ဆုံး တွေ့ခဲ့ရာမှ ယဉ်မူရာပြုံးသည် ကားပေါ်ကဆင်းနေပြီး ကျေးဇူး အထပ်ထပ်ဆိုသွားလေ၏။

ဦးလေးမြင့်မားကလည်း တွေ့စက ယဉ်မူရာပြုံး၏ နိုးပုံရိုးမား ပုံသဏ္ဌာန်ကို ခင်တွယ်သွားသလို ဖုန်းနံပါတ်တွေဘာတွေတောင် ပေးလိုက်သေး၏။ .

ပြီးတော့ အခက်အခဲ ရှိလျှင် အချိန်မရွေးလာတွေ့ဖို့ကိုပါ လိပ်စာ ပေးထားခဲ့သည် မဟုတ်ပါလား. . .။

ခင်မင်မှုတံတားတစ်ခုကို ဦးလေးမြင့်မားခင်းပေးလိုက်ခြင်းပင်။

နောက်ရက်တွေများတွင် ယဉ်မူရာပြုံးဆီကပင် ဦးလေးမြင့်မား ထံသို့ သတိတရဖုန်းများ မကြာခဏ ဆက်သွယ်လာလေတော့သည်။ တစ်ခါတစ်ရံ ဆိုသလို အင်းလျားမြိုင် ဆီက အိမ်သို့တောင် ရောက်လာ တတ်လေပြီတည်း။

ထိုအခါမျိုးတွင် မိုးမလင်း လင်းမှ အိပ်ရာဝင်မိလျက် မနက် ထိုးနေတာတောင် အိပ်ရာမှာ နေဆဲရှိသည့် ကျော်လှိုင်မင်းအား 'ကာလနဂါး အိပ်ပုပ်ကြီး'ဟု သမုတ် ၍ နိုးခြင်းဘာခြင်းတွေပါ အဆ တက်လာခဲ့ပြန်သည်။

မကြာခဏလည်း ဒရမ် နေသော ကျော်လှိုင်မင်း၏အနီး သီချင်းလာအဆိုကျင့်တတ်ချည်သေ ရဲ့ . . .။

ဟော. . . နောက်ပိုင်း တစ်ကြိမ်နှစ်ကြိမ် ညခင်းသာက မှာသီချင်းသီဆိုဖို့ ရောက်လာသေ ယဉ်မူရာပြုံး. . . ထို့နောက် စုံစုံမြ အောင်ပျောက်သွားခဲ့ရာက ရုတ်

ကော်ပြန်ပေါ် အလာတွင် ယခင်နှင့်
ဘာမှုခြားအောင် ပြောင်းလဲနေသော
အသွင်နှင့်ဖြစ်နေသောအခါ သူလေး
ဟုတ်ပါရဲ့လားဟုပင် ဓဝေဇဝါ
ဖြစ်မိရသည်အထိ. . .။

ယဉ်မူရာပြူးသည် ဆန့်ကျင်
ဘက်တွေနှင့်ပင် ပရောပရီ ရှိနေခဲ့
ပကောလား. . .။

ရန်ကုန်ရောက်ပြီး၍ တစ်
ခန့်ကြာအတွင်း ပြောင်းလဲသွား
သော ယဉ်မူရာပြူး၏ဆံပင်မှာ ခပ်
တို. . . ခပ်ကောက်ကောက် နှင့်
နေခဲ့ချေပြီ။ အပေါ် အဝတ်အစား
မှာ လည်ဟိုက်နှင့် ကပိုကရို
အောက်ပိုင်းကတော့ ဘောင်းဘီ
ကျပ်နှင့် ဆပ်ကော့လပ်ကော့
နေချေပြီတည်း။

ပြီးတော့ ကြည့်စမ်း၊
ည်ပင်းမှာလည်း ခရုကမာခွံ
ကြီးတွေကသုံးလေးကုံး၊ နားနှစ်
ဘက်မှာ နားကွင်းကြီးတွေနှင့် ဂေါ်လီ
. . . ဂျော်ကီလိုလို. . .။

သိပ်မကြာလိုက်ပါချေ. . .။

လူငယ်အုပ်နှင့်ရှိနေသော
ယဉ်မူရာပြူး၏အနီးသို့ အသက် ၄၀
ခန့်ဗလတောင့်တောင့် ဂင်တိုတို
ခေါင်းတုံးပြောင်နှင့် အကျီရင်ဘက်
ဖွင့်၍ ရောက်လာသော မိုက်ခဲပုံစံ
လူကြီးတစ်ယောက်. . .။

ပြူးဒိုင်းပင် ယဉ်မူရာပြူး၏
လက်မောင်းတစ်ဖက်ကို ဆောင့်ဆွဲ
ခဲ့လေသည်။ ယဉ်မူရာပြူး ထိုလူကြီး
ဆွဲရာသို့ ယိုင်၍ပါသွားရင်း 'အို' ဟု
အသံထွက်သွား၏။

"မင်း ငါ့စက်ကွင်းထဲက
ပြေးလို့ဘယ်တော့မှ မရနိုင်ဘူးဆို
တာ အခုယုံသွားပြီလား မိန်းမ. ."

"အို. . . လွှတ်. . လွှတ်ပါ
. . . ကျွန်မ ရှင့်မိန်းမ မဟုတ်ဘူး၊
ရှင်လူမှားနေပြီ"

ထိုအခါ ဗလတောင့်တောင့်
ဂင်တိုတိုနှင့် ခေါင်းတုံးပြောင်ပြောင်
ကြီးက တစ်ဖက်မှ ယဉ်မူရာပြူး၏
လက်မောင်းအိုးကိုဆွဲထားသလို

နောက်တစ်ဖက်က ပါးပြင်ကို 'ဖျန်း' ကနဲ မြည်အောင်ရိုက်ထည့်ခဲ့လေ၏။

"အို. . . အမေ့"

သည်တစ်ခဏ ငါးယောက်အုပ်စုထဲက လူငယ်တစ်ယောက် ပုလင်းတစ်လုံးကို ဆွဲကိုင်လိုက်၍ လူကြီးဦးခေါင်းထက်သို့ လွှဲရိုက်ခဲ့သည်။

"ဖောင်း"

"အွပ်"

ထိုလူကြီး ယဉ်မူရာပြုံးကို လွှတ်မိဟန်ဖြင့် နောက်ဆီသို့ ယိုင်လည်ထွက်သွားလေ၏။

"ပြေးကြရအောင်ဟေ့"

လူငယ်အုပ်စုနှင့်အတူ ယဉ်မူရာပြုံးပါ ထွက်ပြေးလေတော့သည်။

"အဲသလိုထွက်ပြေးသွ
ယဉ်မူရာပြုံးရဲ့ပုံစံဟာ တစ်ခုခု
ရှိနေတဲ့အတိုင်းပဲ ဦးလေးမြင့်
သူဟာရှုပ်ပြီးရင်းရှုပ်နေတဲ့
လေးတစ်ယောက်ဆိုတာ သ
အမူတွေ သူ့အပြောင်းအလဲ
ပြခဲ့ပြီလေ. . ."

ကျော်လှိုင်မင်းက
ကြောင်းပြန်အပြီးတွင် သို့
ကောက်ချက်ချမိခဲ့သည်။

ယဉ်မူရာပြုံးဇာတ်
သည်ထိုမျှလောက်နှင့် ခခ
ခဲ့မည်ဟု ထင်ထားမိသော်
ထင်သလို မဖြစ်ခဲ့ပေါ်ချေ. .

သည်ကနေ့ည. . .

ပို၍ညဥ့်နက်လျက်
တည်းမှိုင်းသဲနေခဲ့ရာက စက်

နှံ့ဝင်လျက် ကားရပ်သွားရသည့် ...မျိုးသို့ပါ. . .။

"ဟောဗျာ. . . ဘယ်လို ...ဘာပါလိမ့်"

ကျော်လှိုင်မင်း လမ်းခုလပ် ...ယ်တွင် ဘာလုပ်လို့ဘာကိုင်ရ ...သိအောင်ရှိသွားရ၏။ နောက် ...မှ ကားအဖုံးကိုလှန်ဖွင့်လိုက် ... မာတ်မီးနှင့်ထိုးစစ်ဆေးဖို့ ... ရေနှင့်ဝါယာကြိုးထိထားသော ...နံ့က စူးစူးဝါးဝါးကြီးအသက်ရှူ ...ထဲသို့ တိုးဝင်လာခဲ့လေ၏။

ထိုစဉ်မှာပင်. . .

နားထဲသို့ ကားတစ်စင်းစင်း ... ဆိုက်ရပ်လာသည့်အတိုင်း ...ဆိုက်ရလျက် ဖြုံးခနဲ လှည့်အ ...မှာပင် မထင်မှတ်ထားသော ...မှုတွေကို ကျော်လှိုင်မင်း တွေ့ ...ပါတော့သည်။

ထိုသည်မှာ ကားထဲမှာ လူ ...ယောက် အကြောက်အကန် ...န်တိုက်ခိုက်နေသည်မျိုးသို့ရှိ လေသည်။ သို့နှင့်မခြား တစ် ယောက်ဆီက အော်သံတစ်ခု မတိုး မကျယ်ထွက်ခဲ့ရာက ချက်ချင်းပြိုလဲ ကျသွား၏။ တစ်ပြိုင်နက်မှာပင် တစ် စုံတစ်ယောက်ကို လမ်းပေါ်သို့ပစ်ချ လိုက်သကဲ့သို့ အသံထွက်လာပြီး ဝူး ကနဲ ပြန်မောင်းထွက်သွားလေသော ထိုကားလေး. . .

ကျော်လှိုင်မင်း ရှောင်တခင် ဖြစ်ရပ်တို့ကြောင့် ဘာမျှ မလှုပ်မရှား မိသေးဘဲရှိနေသေးသည်။

ထို့နောက်မှ မောင်းထွက် သွားသောကားဘက်သို့ တစ်ချက် ကြည့်မိပြီး လမ်းပေါ်တွင် သတိလစ် ဟန်ရှိနေသည့် လူရိပ်လူယောင်ဆီ သို့ ပြေးလာမိ၏။

မာတ်မီးအလင်းရောင် အောက်တွင် မိုးကာအကျီနှင့် လဲ လျောင်းနေသည့် သဏ္ဍာန်သား တစ်ယောက်၏မျက်နှာပိုင်းကို မြင် လိုက်ရတော့သည်။

"ဟင်. . ယဉ်မူရာဖြူ"

မျက်နှာပိုင်ရှင်မှာ ယဉ်မူရာပြုံးဖြစ်နေ၍ သူ ဒိန်းကနဲခံစားလိုက်ရလေ၏။ နှုတ်ခမ်းထောင့်စွန်းဆီမှ သွေးစီးကြောင်းလေးကျနေသည်။

"ယဉ်မူရာ. . . ယဉ်မူရာ"

သူက လှုပ်ခေါ်နှိုးကြည့်မိသေး၏။

လုံးဝမလှုပ်တော့. . .

စင်စစ်. . . ယဉ်မူရာပြုံး၏ ကိုယ်တွင်သွေးတို့ပင် မလျှောက်ပတ်တော့ဘဲ တမလွန်သို့ပါ မျက်နှာပြုခဲ့ပြီပဲ. . .။

သေဆုံးသူ ယဉ်မူရာပြုံး၏ လက်တစ်ဖက်တွင် တစ်စုံတစ်ရာကို ဆုပ်ကိုင်ထားမိဟန်ဖြင့် လက်သီးဆုပ်လေးဖြစ်နေသည်ကို မီးရောင်ထဲတွင် မြင်မိလိုက်ရ၏။ သို့နှင့် ထိုလက်သီးဆုပ်ကလေးကို ဖြုတ်ဆန့်ကြည့်လိုက်သောအခါတွင်မူ နီကယ်ကြယ်သီးလေးတစ်လုံး ပြောင်ပြောင်လက်လက်အသွင်ဖြင့် ရောက်နေလျက်။

ထိုကြယ်သီးမျိုးမှာ မိုးကာအင်္ကျီမှကျွတ်ထွက်ခဲ့ပုံမျိုး. . .။

လူသတ်သမား၏ မိုး
အင်္ကျီဆီက ပြုတ်ခဲ့ခြင်းပင်ဖြစ်
မည်။ ထိုလူသတ်သမားက ဘယ်
ပါလိမ့်။

ထိုခဏမှာပင်. . .

ဒီပုံစံနဲ့ ငါဒီမှာ ကြာကြာ
လို့ မဖြစ်တော့ဘူးဟု သူစဉ်း
သည်။ မတော်တဆ ရဲပတ္တ
ကားတစ်စီးဆိုက်ရောက်လာက
သတ်မှုတွင် တရားခံဖြစ်သွား
မည်။ သည်လိုအရပ်ဆိုသည်
ကားမကြာခဏဖြတ်သန်းမောင်း
နေကျပင် မဟုတ်ပါလား။

သို့မို့ကြောင့်. . .

ကျော်လှိုင်မင်းသည်
ကားဆီသို့ ကပြာကသီပြန်လှည့်
မိလိုက်လျက် စောစောက
စက်ကို မီးရောင်ထဲတွင် ပြန်စ
နေသည်။ တံကောင်းထော
သည်ဟုပြောရမလိုပင်။ တ
ပိုက်ကြီးပြတ်နေသည်ကို

းမိခဲ့၏။ ပြန်တပ်ဖြစ်ခဲ့ရာမှ
န်းထွက်လာနိုင်ခဲ့သည်၏။

ထို့နောက်မှ . . .

လမ်းတစ်နေရာတွင် ပိတ်ဖို့
နေသောဆိုင်တစ်ဆိုင်တွေ့လိုက်
ဘယ်လီဖုန်းခေတ္တဆက်ပါရစေဟု
ကုအညီတောင်းဖြစ်ရာမှ တာဝန်
ည်သူတစ်ဦးအနေဖြင့် ရဲစခန်း
ကျော်လှိုင်မင်း သတင်းပို့ရတော့
ည်။

ဦးလေးမြင့်မားသည် ကျော်လှိုင်မင်းပြန်ရောက်မလာမချင်း အိပ်မပျော်နိုင်သလို ခံစားနေဟန်ဖြင့် ထိုင်ခုံတစ်ခုမှာ ထိုင်စောင့်နေရှာပါ၏။ သူ့ကိုယ်ပေါ်တွင်လည်း အချမ်းမပြေသလို ကုတ်အင်္ကျီထူကြီးနှင့် သူ့လက်ထဲတွင်နှာရှူဗူးကို ကိုင်ထားလျက်သား . . .

"နောက်ကျလှချည်လား ကျော်လှိုင်မင်းရဲ့"

"နောက်ကျရုံတင်ဘယ်ကပါ့မလဲ ဦးလေးမြင့်မား၊ လမ်းမှာလည်း ပြဿနာတွေ တစ်မျိုးပြီးတစ်မျိုးကြုံရသေးတယ်လေ"

ကျော်လှိုင်မင်းသည် ဦးလေးမြင့်မားအား ဖြစ်ကြောင်းကုန်စင်တွေကို စိတ်လှုပ်ရှားနေသော

အသံဖြင့် တုန်ယင်စွာပင် ရှင်းပြလိုက်လေ၏။

"ဟင် . . . ဟုတ်လား . . နို့ . . . မင်း အဲဒီကားနံပါတ်ကိုတော့ လှမ်းမှတ်မထားလိုက်ဘူးလားကွ"

"ဘယ်မှတ်နိုင်ပါ့မလဲ . . . မှောင်ကလဲမှောင်၊ မိုးကလဲရွာ၊ ဖြစ်တာတွေကလဲ လျှပ်တပြက်ဆန်အောင်ကိုပဲ စီကာစဉ်ကာနဲ့ ဖြစ်ပျက်သွားကြတာလေ၊ ပြီးတော့ ကားကလည်းပဲ ရုတ်တရက်မောင်းထွက်သွားတာဆိုတော့"

နောက်တစ်နေ့ဖြစ်သည်။

ကျော်လှိုင်မင်း မျှော်လင့်နေသည့်အတိုင်းပင် ကလပ်သို့ အရပ်ဝတ်စုံထောက်တစ်ဦး ရောက်လာလျက် ယဉ်မူရာပြုံးသေဆုံးသည်နှင့် ပတ်သတ်၍ စုံစမ်းမေးမြန်းလာလေတော့သည်။

ထိုခဏမှာပင် ဆောင်းနှင်းဝေအပါးသို့ ရောက်လာရာက . . .

"အဲဒီ အမျိုးသမီးအကြောင်း ကျွန်မကောင်းကော . . . သိခဲ့ပါတယ်၊ တကယ်တော့ ယဉ်မူ . . . ပြုံးဆိုတာက နောက်မှပေးတဲ့နာ . . . သာဖြစ်လိမ့်မယ်၊ သူ့နာမည်ရင်း . . . ခင်ခင်မိုး၊ ကျွန်မနဲ့ ကျောင်းနေ . . . တစ်ယောက်ပါပဲရှင်"

သို့ကလိုပင် ဝင်ရောက် . . . စွက်ဖြေခဲ့လေသည်။

သည်တော့ တိတ်တခိုး . . . လမ်းနေမိသူလေးအား ကျော် . . . မင်း စေ့စေ့ကြည့်မိရင်းမှ . . .

"အဲဒီယဉ်မူရာပြုံး . . . . . . ခင်ခင်မိုးက မြိတ်သူမ . . . လား"

"မဟုတ်ပါဘူး၊ ရန် . . . သန်လျက်စွန်းသူပါ၊ အမှန်ပြော . . . ခင်ခင်မိုးဟာ ကျောင်းနေကတ . . . ကပဲ အတန်းထဲမှာ ခပ်ရှုပ်ရှုပ် . . . လေး တစ်ဦးပါ၊ နားနဲ့မနာ ဖ . . . စကားပြောရရင် အိမ်ထော . . . ယောကျာ်းသားတစ်ဦးနဲ့လည် . . . သတ်ခဲ့ဖူးသေးတယ်လေ"

ို တစ်လောက နန်းစောဆိုတဲ့
န်ကာ့ ထိပ်သီးတစ်ယောက်နဲ့
ောင် ဇာတ်လမ်းရှုပ်နေတာ မြင်
ိုက်ရသေး။

ကျွန်မဦးလေး သိုက်မောင်
ီ ကျောက်တွေလာပြတဲ့နေ့က
န်းစောဆိုတဲ့လူဟာ သူ့ကိုပါ ခေါ်
ာခဲ့သေးတယ်၊

ခင်ခင်မိုး ကျွန်မကိုလဲ မြင်
ိုက်ရော နည်းနည်းရှိန်သွားသလို
ြစ်သေးတယ်၊ ပြီးတော့ ကျွန်မကို
ာန်လုပ်ပြီး ပြုံးနှုတ်ဆက်တယ်"

တော်ပေသေးသည်။ စုံ
ထောက်နှင့် ဆောင်းနှင်းဝေ ယဉ်မူ
ရာပြုံးအသတ်ခံရမှုနှင့် စပ်လျဉ်း၍
ကားပြောဖြစ်သွားကြပေလို့ . . ။

ဦးလေးမြင့်မားအား တစ်
ဆင့်ဖောက်သည်ချပြလိုက်သည့်
အခါ. . .

"အေး. . . မင်းပဲစဉ်းစား
ကြည့်ကွာ၊ တို့ကို ဘူတာရုံမှာ တွေ့
တုန်းက မြိတ်ကလာတာယ်လို့ ပြောခဲ့
တာလေ၊ မြိတ်မှာ ရထားမှမဆွဲဘဲ
ဟာ၊ ငါမန္တလေးကနေဆင်းလာတဲ့
အချိန် သူရောက်နေတာနဲ့ တစ်ပြိုင်
နက်ဖြစ်နေတာဟာ ငါစီးတဲ့တွဲနဲ့ပဲ
ပါလာတာလား၊ ဒါမှမဟုတ် တည်းခို
ခန်းတစ်ခုခုကပဲ တစ်ယောက်
ယောက်ကို 'ဘတ်' ပြီးဆင်းလာတာ
ပဲလား၊ တစ်ခုခုဖြစ်မနေနိုင်ပေဘူး
တဲ့လား"

ကျော်လှိုင်မင်း တွေဝေရ
လေပြီကော. . .

ကျော်လှိုင်မင်း၏ မျက်လုံးထဲတွင် ယဉ်မူရာပြုံး၏အပြစ်ကင်းမဲ့စွာပြုံးတတ်လေသော အပြုံးတွေ။ မျက်လုံးတွေကို ပြန်မြင်ယောင်နေဆဲ၊

ဦးလေးမြင့်မားကလည်း အပြစ်ကင်းသော အပြုံးမျက်လုံးတွေ ဟုပင် စတုန်းကထင်မြင်ခဲ့ပေလိမ့်မည်။

"ကျွန်တော်ကတော့ ကံကိုသာလွှဲမချချင်ဘူး ဦးလေးမြင့်မား၊ သူကိုယ်နှိုက်ကပဲ ဆိုးလာဖို့ အကြောင်းတွေဖန်တီးနေတာ။ သူသာရိုးသားတဲ့ခံစားချက်ရှိခဲ့ရိုး မှန်ရင် ယောက်ျားကောင်းတစ်ယောက်ယောက်ကို ခေါင်းခေါက်ပြီး ယူနိုင်လောက်တဲ့အဆင့်ရှိပါတယ်လေ"

"အင်း. . . မင်းပြောတာ ဖြစ်နိုင်လောက်တယ်၊ သူလေးက အလှကိုဗန်းပြပြီး ယောက်ျားသားတွေကို သားကောင်လုပ်ချင်တဲ့ ပုံမျိုးပဲ။ အဲ. . . အခုကျတော့ သူဟာ မုဆိုးမဖြစ်ဘဲ မုဆိုးတစ်ဦးရဲ့ မားဖျား

အောက်မှာ အသက်ပါသွား... သားကောင်ဖြစ်သွားရပြီ မတုတ်... ကွာ"

ကျော်လှိုင်မင်း... ယောက် ယဉ်မူရာပြုံးအသတ်... နှင့် ပက်သက်၍ ခံစားနေရတာ... ဦးလေးမြင့်မားအဖို့ ပိုမိုလို့ ခံစား... ဟန်. . .

သည်မှာဘက်ရက်မှ... ဝယ် ဦးလေးမြင့်မား၏ အမူအ... သိပ်မကြည်သာလှ၊ ဟိုတုန်းက... နေပိုင်းမျှလောက်သာ သော... ရှိသော ဦးလေးမြင့်မားတစ်ယေ... ရံဖန်နေ့တွေပါ ဆွဲသောတ်... သည်။

တစ်ခါတစ်ရံစိတ်နှင့်... လွတ်နေသလို အယောင်... အမှားမှား၊ ပြီးတော့ သတ်... ဟင်းတုံး တချချ။

တကယ်တော့ ယဉ်မူ... ဆိုသည်မှာ စည်းလွတ်ဝါးလွ... ရှိလေသော လမ်းပေါ်က ...

ဘစ်ဦးမျှပေသာ၊ ဘဝကို
ည်တကျနေသူမဟုတ်။ အိမ်
င်ဘစ်ခုကို သတ်သတ်မှတ်မှတ်
ချင်။

သို့မို့ကြောင့်လည်း. . .

လူမိုက်ဆန်ဆန် ဂင်တိုတို
ဘလပ်ကိုရောက်လာသော
ဘုံးလိုလူ၏ ပတ်ကြမ်းတိုက်မှု
ဉ့်မှုရာပြုံးခံစားလိုက်ရပုံ. . .

တစ်နေ့မိုး. . . အငြိုးကြီး
ရေပြည့်အိုးကြီးကို ရိုက်ခွဲလိုက်
ဲ တဖြောင်းဖြောင်းနှင့် ရေပါ
င်ပင် တအားရွာချပါတော့
။

အပြင်ထွက်ဖို့ ထီးမဆောင်း
ကျော်လှိုင်မင်းသည် အဦးဆုံး
ရလိုက်မိသည်မှာ ဦးလေး
၏ မိုးကာကိုပင်ဖြစ်ပါလေ
၏၊ ဦးလေးမြင့်မား၏ မိုးကာ
ည်ကလည်း စကော့တလန်မှ
က်များဝတ်ဆင်လေ့ရှိသော
အကျီမျိုးနှင့် ခပ်ဆင်ဆင်
တည်။ ဦးလေးမြင့်မားအင်္ဂလန်ကို
ခရီးတစ်ခေါက်ထွက်ခဲ့တုန်းက ဝယ်
ယူလာဖြစ်သည့် တာပိုလင်သား
မိုးကာ အကျီစစ်စစ်ပါပင်တည်း။
အိမ်ရှေ့ချိတ်နေ့ ထွေးနေဟန်ရှိ၏။ မိမိတူ
ကျော်လှိုင်မင်းကိုပင် တစ်ခါဖူးမျှ
ပေးမဝတ်ခဲ့သော မိုးကာအကျီရှည်
ကြီး. . .

ယခုတော့မူ ဦးလေးမြင့်မား
လူ့လောကနှင့် ခေတ္တအဆက်ဖြတ်
နေဟန်ရှိသည်။ အိပ်မက်ကမ္ဘာတစ်ခု
သို့ အလည်ခရီးရောက်နေပုံမျိုး။

ခုလို ဦးလေးမြင့်မား အရက်
မူးမူးနှင့် မှိန်းပျော်စက်နေတုန်း ဒီမိုး
ကာအကျီကြီးကို ခဏလောက်
အပြင်ယူဝတ်သွားဖို့ ကျော်လှိုင်မင်း
စိတ်ကူးရလိုက်သည်။

သို့ဖြင့် မိုးကာအကျီ ချိတ်
ထားလေသော ဗီရိုကို အသံမမြည်
စေအောင် သာသာလေး ဖွင့်လိုက်
၏။

ကောက်စွပ်ဖို့အလုပ်မှာပင်

ခြေသံရှပ်ရှပ်. . .

ကျော်လှိုင်မင်းသည် ဗီရို တံခါးအသံမမြည်အောင် အသာအယာပြန်စေ့လိုက်ပြီး တိုက်နံရံမှာ ကျောကပ်၍ရပ်နေလိုက်သည်။ ခြေသံရှပ်ရှပ်က ဗီရိုရှိရာသို့ ဦးတည်လျက် လာနေသလိုပင် ရှိသည် မဟုတ်ပါလား. . .။

ဟုတ်သည်။ ခြေသံတရှပ်ရှပ်က ပို၍တိုးကပ်လာ၏။ ဦးလေးမြင့်မားတော့ ဖြစ်ဟန်မရှိ။ စောစောကမှိန်းပျော်နေသည်ပဲ။

သို့သော်. . .

သို့သော်. . .

ကျော်လှိုင်မင်းအထင်ကော အမြင်ပါ လွဲလေချေပြီတကား

"ဟင်. . ဦးလေးမြင့်မား"

မှန်ပေသည်။ ခြေသံတရှပ်ရှပ်ဖြင့် ဝင်ရောက်လာလေသူမှာ ဦးလေးမြင့်မားပင် ဖြစ်နေပါလေ၏။ ရိုးရိုးတန်းတန်းဝင်လာပုံမျိုး မဟုတ်ဘဲ လက်တွင် သေနတ်တစ်လက်ပါ

ကိုင်လာလျက်သား၊ ထိုသေ
ပြောင်းကတော့ ကျော်လှိုင်မင်
ရင်ဝသို့ ချိန်နေလျက်သားရှိသည်

"ဩော်. . ကျော်လှိုင်
ငါ့ကျေးဇူးတွေကိုမှ မထောက်
မိန်းမတစ်ယောက်ကြောင့်နဲ့ ကို
ဦးလေးအရင်းခေါက်ခေါက်ကိုတေ
ပြန်ချောက်ချဖို့ ကြိုးပမ်းနေပါ
လား"

"ဗျာ. . ဗျာ. . ကျ. .
ကျွန်တော်"

"မဗျာနဲ့ ကျော်လှိုင်မင်း
နဲ့ ချင်အချင်ယောင်လဲ ဆက်
ဆောင်မနေနဲ့တော့ ကျော်လှိုင်
မင်းအခု နီကယ်ကြယ်သီးတစ်
မြှုတ်ထွက်နေတဲ့ ငါ့မိုးကာအင်္ကျီ
ရဲသွားအပ်ပြီး ယဉ်မူရာဖြူးသော
က လက်ထဲဆုပ်ပါသွားတဲ့ ကြယ်
နဲ့ တိုက်ကြည့်ခိုင်းတော့မလို့ မဟု
လားကွ"

"ဟင်. . ဒါ. . ဒါဖြင့်"

ကျော်လှိုင်မင်း

သောက် ဦးလေးမြင့်မားအား
တော်လေး မယုံချင်နိုင်သလိုပင်
သွားပါတော့၏။
မှန်ပါသည်။ မိုးကာအကျီ
င် ကြယ်သီးတစ်လုံး ပြုတ်နေမှန်း
ခုမှပင် သတိပြုမိချေတော့သည်။
သို့နှင့်အမျှ. . .
ဦးလေးမြင့်မား၏ ကောက်
ာ်စကားလုံးထဲတွင် သဲလွန်စများ
ခုပါသွားသည်ကိုပါ ကျော်လှိုင်
ယခုမှပင် သတိရလိုက်မိချေ၏။
ည်မူရာပြုံးနှင့် ကောက်ချက်ချပုံက
"သူဟာ မုဆိုးမဖြစ်ဘဲ မုဆိုး
ဦးရဲ့ ဓားဖျားအောက်မှာ အသက်
သွားရတဲ့သားကောင် ဖြစ်သွားရ
ဲ မဟုတ်လား" ဆိုသည့်စကား။
ည်မူရာပြုံး ဓားဖြင့်အသတ်ခံထားရ
ည်ကို ဦးလေးမြင့်မား သိနေသည့်
ာယ်ပင် မဟုတ်ပါလား။
သို့ဆိုပါလျှင်. . .
ယဉ်မူရာပြုံးကို ဓားဖြင့်
ခဲ့သူမှာ တခြားသူမဟုတ်ဘဲ

ဦးလေးမြင့်မားပင် ဖြစ်နေသည်မှာ
ထင်ရှားနေပြီပဲလေ။ ပြီးတော့ မုဆိုး
တစ်ဦး၏ မြားချက်ဆိုသည်မှာ
ယဉ်မူရာပြုံး၏ ကိုယ်ဝန်သုံးလဗိုက်
ကိုပင် ဆိုလိုဟန်ရှိသည်။ ယဉ်မူရာ
ပြုံးသည် ဦးလေးမြင့်မားနှင့်ရသည့်
ထိုဗိုက်ကို တာဝန်ယူခိုင်းပါလိမ့်မည်။
မယူယူအောင်လည်း ကျုံးသွင်းခဲ့
လိမ့်မည်။
သို့သော် ယဉ်မူရာပြုံးမေါ်
မသတီတော့သော ဦးလေးမြင့်မား
သည် အတည်တကျယူဖို့ထက် သွေး
သားဖျော်ဖြေမှုသက်သက်သဘော
ထက် ပိုနွယ်ယှိမ်းခဲ့ပေလိမ့်မည်။ သို့မို့
ကြောင့်လည်း သူ့လမ်းတွင် ကျူငုတ်
ခလုတ်အဖြစ်နှောင့်ယှက်လာတော့
မည့် ယဉ်မူရာပြုံးအား ဓားဖြင့်
တမလွန်သို့ နှုတ်ပိတ်၍ ပို့လိုက်သည့်
သဘော. . .
ဩော်. . . ဦးလေးမြင့်မား
၏ရက်စက်ပုံတား ဘယ်လိုမှမယုံ
ကြည်ရက်စရာပါပဲလား. . .

"ဦးလေးမြင့်မား၊ ကျွန်တော့်ကိုအထင်မလွဲပါနဲ့၊ ဦးလေးမြင့်မားတို့ကိစ္စတွေကို ကျွန်တော်ဘာတစ်ခုမှ မသိခဲ့တာအမှန်ပါ"

"မင်းကို ငါမယုံကြည်တော့ဘူး၊ ကျော်လှိုင်မင်း လောကမှာ တူသားတစ်ဦးကြောင့် ဒုက္ခဆိုက်ရောက်ကြရတဲ့ ဦးလေးဘကြီးတွေ တစ်ပုံကြီးပဲဟေ့။

ဦးလေးမြင့်မား အမူးကတော့သိပ်ပြေချင်ဟန်မရှိ။ အသံကဗလုံးဗထွေး။

သို့မို့ကြောင့်လည်း. . .

ကျော်လှိုင်မင်း တံခါးချပ်ကိုလှစ်ကနဲဖြင့် ပိတ်ကန်ထည့်နိုင်ခဲ့ပါ၏။ တံခါးရွက်ကအရှိန်ဖြင့် ဦးလေးမြင့်မား၏ နဖူးကိုဒေါင်ကနဲ ရိုက်ခတ်သွားခဲ့သလို နဖူးကြီးကိုင်ပြီးနောက်သို့ ယိုင်ထွက်ခဲ့လေ၏။

သည်အခွင့်အရေးကို လက်လွှတ်မခံခဲ့သူ ကျော်လှိုင်မင်း ရုတ်တရက် ဦးလေးမြင့်မားပေါ် ခုန်၍လူချင်းပူးဝင်လိုက်သည်။

ဦးလေးမြင့်မားက သေ[illegible] ဖြင့်ပစ်ဖို့အလုပ် ကျော်လှို[illegible] လက်ကောက်ဝတ်ကိုအတင်[illegible] ဆုပ်လှဲ့လိုက်ပြီး လက်သီးတစ်[illegible] ပြင်းပြင်းထန်ထန်ပင် ဦးလေးမြ[illegible] ၏ မျက်နှာသို့ထိုးသွင်းလိုက်သ[illegible]

"ခွပ်"

"အား"

ဦးလေးမြင့်မား သ[illegible] လေပြီကော. . .

"ခွင့်လွှတ်ပါ ဦး[illegible] မြင့်မား"

ယမင်း[illegible]



တကတည်းမှပဲ"

နှစ်ယောက်သား ထမင်းချိုင့်ကိုယ်စီဆွဲ၍ အိမ်မှ ထွက်လာခဲ့ကြသည်။ ခင်ခင် နှင့် သီတာဖြူတို့မှာ တစ်ရပ်ကွက်တည်း၊ တစ်လမ်းတည်း နေကြသော သူငယ်ချင်းများ ဖြစ်ကြသည်။ အလုပ် လုပ်တော့လည်း အစိုးရဌာနတစ်ခုတည်းမှာ အတူတူပင်ဖြစ်သည်။

ယခုလည်း ရုံးတက်ရန် သီတာဖြူက ခင်ခင်တို့အိမ်သို့ ဝင်ခေါ်ခြင်းဖြစ်သည်။ ခင်ခင်က နောက်ကျနေ၍ သီတာဖြူ စိတ်မရှည်နိုင်ဘဲ လောနေခြင်းဖြစ်၏။ ခင်ခင်ကအမြဲတမ်း နောက်ကျတတ်သည်။ မနက်စောစောထတတ်သော်လည်း ရေမိုးချိုးပြီး မှန်ရှေ့အလှပြင်လျှင် အနည်းဆုံး တစ်နာရီလောက်ကြာတတ်

## ...ယုံလွယ် နောင်တ

ညီထွန်း

"ဟဲ့ ခင်ခင် နောက် ...ပြီမြန်မြန်လုပ်ပါဟ"

"ပြီးပါပြီဟ နင်က ...လောလိုက်တာ"

"ငါက လောတာမ ...ဘူး တော်ကြာ အလုပ် ...ကျနေလို့ အရာရှိဆူတာ ...မယ် မြန်မြန်လုပ်"

"ပြီးပါပြီတော် ပြီးပါပြီ

သည်။ သူ့ကြောင့် ရုံးနောက်ကျ၍ အထက်အရာရှိ၏ ဆူပူခြင်းကိုခံရသည်မှာလည်း အခါခါ။ ထို့ကြောင့် လော်ဆော်နေခြင်းပင်ဖြစ်သည်။

"မြန်မြန်လျှောက်ပါဟ ကားနောက်ကျလိမ့်မယ်"

"လျှောက်နေတာပဲဟ ဒီမှာ ဒေါက်မြင့်ဖိနပ်နဲ့ဆိုတော့"

"အဲဒါပြောတာပေါ့ နင်ကိုက ပိုကိုပိုလွန်းတယ် အလုပ်သွားတာ ဖက်ရှင်ရှိုးသွားပြတာမှ မဟုတ်ပဲ ဟွန်း ပြောကိုမပြောချင်ဘူး"

"နင်ကလည်းဟယ် ငါလှတာကို မနာလိုမဖြစ်ပါနဲ့ ငါ့ကိုလှချင်ရင် နင်လည်း ပြင်ပေါ့ဟ"

"ကောင်မစုတ်"

"ဟင်း ဟင်း ဟင်း ဟင်း"

သူငယ်ချင်း နှစ်ယောက် စရင်းနောက်ရင်းနှင့် ကားဂိတ်ကိုရောက်လာကြသည်။ ကားဂိတ်ရောက်ပြန်တော့ကားကတော်တော်နှင့် မလာ။ လာပြန်တော့လည်း ကြပ်သိပ်နေသည်။ မထူးတော့။ ဒီကားကြပ်ကြပ်ကိုပဲ တိုးဝှေ့စီးရတော့မည်။

ကားပေါ်ရောက်တော့ ခင်ခင် စီးလာသောဒေါက်မြင့်ဖိနပ်က ဇာတ်လမ်းစပြီ။ တိုးရင်းဝှေ့ရင်းနှင့် ခင်ခင် သူမနံဘေးမှ ခြေတောက်တစ်စုံကို တက်နင်း မိလိုက်သည်။

"အား"

အနင်းခံရသော သူ...ရွယ်က နာကျင်စွာ ထအော်သည်။

"ဒို ဆောရီးနော် မ
ဘာ်လို့ပါရှင်"
ခင်ခင် ပျာပျာသလဲ
ာင်းပန်ရင်း ထိုသူ့ကိုအား
ဟန်ဖြင့် ကြည့်လိုက်မိသည်။
အသက်အရွယ်က သူနှင့်မတိမ်း
ယိမ်းလောက်ပင် ရှိဦးမည်။
အသားက ဖြူဖြူ မျက်ခုံးက
ကောင်းနှင့် နှာတံက ဖြောင့်စင်း
နေသည်။ ဂုတ်လောက်ရှိသော
ဆံပင်ကို အလယ်မှ ခွဲထားကာ
ဆံပင်တို့က သူ့မျက်နှာပေါ်သို့
ကျနေသည်မှာ ကြည့်၍
ကောင်းလှသည်။
"အား ကျွတ် ကျွတ် ခင်
ား‌ဗျာ ကားပေါ်မှာ ရှေ့မ
ကြည့်နောက်မကြည့်နဲ့ အရမ်း
ုး‌ရသလားဗျ"
လူရွယ်က စိတ်ဆိုး ဒေါ
ဟန်လေးဖြင့် ခင်ခင့်ကို ပြော
သည်။
"ကျွန်မတောင်းပန်ပါ
တယ်ရှင် ကားက ဆောင့်ထွက်
သွားတော့ ကိုယ်ကိုမထိန်းနိုင်ဘဲ
ရှင့်ကို နင်းမိသွားတာပါ စိတ် မရှိ
ပါနဲ့ရှင် ကျွန်မတောင်းပန်ပါ
တယ်"
လူရွယ်မှာ ခင်ခင်က
တောင်းပန်နေသဖြင့် ဘာမှထပ်
မပြောပဲ ခင်ခင်ကိုတစ်လှည့်
ဒေါက်မြင့်ဖိနပ်ကိုတစ်လှည့်
ကြည့်က ပြုံးစိစိဖြင့် ထွက်သွား
သည်။ သူ၏ အပြုံးက ခင်ခင်
၏ ပြင်ဆင်ပုံကို သရော်သည့်
အပြုံးမျိုးမှန်း ခင်ခင် ရိပ်မိလိုက်
ပါသည်။
"ကဲ ဘယ်နှယ့်ရှိစ
မယ်မင်းကြီးမ သူများကို ဘယ်
လောက်အားနာဖို့ကောင်းသလဲ
လှချင်ဦးလေ ဟွန်း"

သီတာကဘေးမှနေ၍ ခင်ခင့်ကို တဖျစ်တောက်တောက်ပြောနေသည်။ ခင်ခင်ကတော့ အနင်းခံလိုက်ရသောသူကို အားနာဟန်ဖြင့် လှမ်းကြည့်နေမိသည်။ ထိုသူကတော့ သူ့ဘက်သို့ ယောင်လို့မျှပင် မကြည့်တော့ချေ။

"ချော်တွင်းကုန်း ပါလား ပါရင်ပြောနော် မပြောရင် ၁၀၆ ထိဆက်မောင်းမှာ နောက်မှ ဆင်းမယ်မပြောနဲ့"

ကားစပယ်ယာ၏ စူးရှရှ အသံကြောင့် ခင်ခင်နှင့် သီတာဖြူ တို့နှစ်ယောက် သံပြိုင်အော်လိုက်မိသည်။

"ချော်တွင်းကုန်း ပါတယ်"

"ချော်တွင်းကုန်း ပါတယ်"

ကားက ချော်တွင်းကုန်း မှတ်တိုင်မှာရပ်တော့ ခင်ခင်တို့နှင့်အတူ စောစောကလူပါလိုက်ဆင်းသည်။ ထိုသူကအောက်ရောက်တော့ ခင်ခင်တို့ အနားမှ ကပ်လျှောက်သွားပြီး ခင်ခင့်ကိုကြည့်ကာ. . .

"ပဲကို များတယ်" မကြားတကြား ပြောသွားသေးတော့သည်။

ခင်ခင် တစ်ယောက် ဘာမှပြန်မပြောနိုင်။ ရှေ့မှဆက်လျှောက်သွားကာ ထိုသူ၏ကျောပြင်ကိုသာ ငေးကြည့်နေတော့သည်။ သီတာဖြူကတော့ "ကောင်းတယ် အဲဒီလိုအပြောခံရမှ" ဟူသော မျက်နှာထားဖြင့် ခင်ခင့်ကို ပြုံးစိစိကလေးနှင့် ကြည့်နေသည်။

ခင်ခင်မျက်နှာလေး ...

ည်ကာ မကျေမနပ်ရေရွတ်ရင်း အလုပ်သို့ လျှောက်လာခဲ့လေတော့၏။ သူ၏ အာရုံထဲတွင် သိုသူ၏ ပုံသဏ္ဍာန်က စွဲထင်ကျန်ရစ်ခဲ့လေပြီ။

"သြော် ရှင်ရယ် ပြောရက်လိုက်တာ" ဟု စိတ်ထဲမှ ရေရွတ်ရင်း. . .

xxxxxxxxx

"ခင်ခင်ရေ"

"ဟေ"

ရုံးသွားခါနီး အိမ်ရှေ့မှ ခေါ်သံကြောင့် ခင်ခင်တစ်ယောက် အပြေးကလေး ထွက်လာခဲ့မိ၏။

"ဟယ် သီတာ နင်ဘယ်လိုဖြစ်တာလဲ ဒီနေ့ အလုပ်မဆင်းဘူးလား"

"အေးဟယ် သူငယ်ချင်းရယ် ညနေက အမေရယ်လေ ပန်းနာဖြစ်နေလို့ အိမ်မှာလည်း ပြုစုမယ့်သူလို့ ငါတစ်ယောက်တည်းပဲရှိတာမဟုတ်လား ဒီနေ့တစ်ရက်တော့ငါ့ကို ခွင့်တင်ပေးပါဟာ"

"အေး အေး ငါရုံးရောက်ရင် ခွင့်တင်ပေး လိုက်မယ် စိတ်ချပါ အခုကော ဒေါ်လေးဘယ်လိုနေသေးလဲ သက်သာသွားပြီလား"

"မသက်သာသေးဘူး ဟ မောနေသေးတယ် ဒီမနက် ဆေးခန်းသွားပြရဦးမယ်"

"ငါ ရုံးက အပြန်ကျရင် ဝင်ခဲ့ပါဦးမယ် နင်လည်းဒေါ်လေးကို သေချာဂရုစိုက်လိုက်နော်"

"အေးပါသူငယ်ချင်းရယ် ကျေးဇူးပါပဲဟယ်"

သီတာဖြူမှာ သူငယ်

ချင်းဖြစ်သူအား ကျေးဇူးတင်စကား ဆိုပြီး ပြန်သွားလေတော့သည်။

ခင်ခင်လည်း သီတာဖြူကိုကြည့်ရင်း သက်ပြင်းတစ်ချက်ချလိုက်မိသည်။ ဖခင်မှာ လွန်ခဲ့သော နှစ်အနည်းငယ်ကပင်ဆုံးပါးသွားခဲ့သည်။ မွေးချင်းမောင်နှမကလည်းမရှိ။ တစ်ဦးတည်းသော သမီးဖြစ်သော်လည်း အများတကာကဲ့သို့ ဘဝမလှပရှာ။ ချို့တဲ့ရှာသည်။

မိခင်ဖြစ်သူမှာ ပန်းနာရင်ကျပ်ရောဂါသည်ဖြစ်သည်။ တစ်လလျှင် တစ်ကြိမ်၊ နှစ်ကြိမ်လောက်တော့ ရောဂါထတတ်သည်။ သီတာဖြူမှာ အစိုးရဝန်ထမ်း ဖြစ်၍ ရရှိသည့်လခလေးနှင့် ခြိုးခြံချွေတာကာ သားအမိနှစ်ယောက် လောက်အောင် ဖန်တီးနေထိုင်ရရှာသည်။ သည်ကြားထဲ မိခင်ဖြစ်သူမှာ ဆေးဖိုးငွေများရရှာသည်။

"ဪ သူငယ်ချင်းရယ် မင်းရဲ့ဘဝကဆိုးလှချည်လားကွယ်"

ခင်ခင် တစ်ယောက် တီးတိုးရေရွတ်ရင်း အိမ်ထဲပြန်ဝင်ကာ ရုံးသွားဖို့ ပြင်ဆင်ရပါတော့သည်။

ခင်ခင် တစ်ယောက် ကားမှတ်တိုင်တွင်တစ်ယောက်တည်း ကားစောင့်နေ၏။ ကားက တော်တော်နှင့်မလာ။ ထိုစဉ်

"အမေ့"

ရုတ်တရက် ဝင်တိုက်ခံရသဖြင့် ခင်ခင်ဟန်ချက်ပျက်ကာ ဘေးမှ လူကို ဆွဲကိုင်ထားလိုက်ရသည်။ ထမင်းချိုင့်နှင့်ရေဗူးထည့်သည့် ခြင်းကတစ်ဖက်

ဉ်းကတစ်ဖက်မို့ ဟန်ချက်မ ိန်းနိုင်ပဲ လဲပြိုမတတ် ဖြစ်သွားရ၏။ တစ်ဖက်လူကလည်း ခင်ခင့်ကို လဲကျမည်စိုး၍ ဖမ်း ိန်းထားလိုက်ရာ ခင်ခင်တစ် ကိုယ်လုံးမှာ ထိုလူ၏ ရင်ခွင်ထဲ သို့ အလိုလို ရောက်သွားရ တော့သည်။

“အို”

ခင်ခင့် တစ်ကိုယ်လုံး က်စိတ်ကြောင့် ထူပူကာ မျက် ာမထားတတ်အောင်ဖြစ်နေ သည်။ ကားမှတ်တိုင်မှ လူများ ကလည်း သူတို့နှစ်ယောက်ကို ကြည့်ကာ ပြုံးစိပြုံးစိလုပ်နေကြ သည်။ ဝင်တိုက်သွားသည့် အ မ်းသမားကုလားကြီးကတော့ ည့်၍ ပင်မကြည့်။ အဝေးသို့ င်ရောက်သွားချေပြီ။

ခင်ခင်က သူမကိုကူညီ လိုက်သူအား မရဲတရဲမေ့ ကြည့်လိုက်မိသောအခါ. . .

“ကျေး ကျေးဇူးပါပဲရှင် အို ရှင် ရှင်”

ခင်ခင် အံ့သြသွားသည်။ သူမကို ဖေးမလိုက်သူက အခြားသူမဟုတ်၊ တစ်နေ့က ကားပေါ်တွင် သူမတက်နင်းမိခဲ့သော လူရွယ်ပင်ဖြစ်သည်။ လူရွယ်က

“ဟုတ်ပါတယ် ကျွန်တော်ပါပဲ ခင်ဗျား မှတ်မိသားပဲနော် မ. . .”

“ကျွန်မနာမည် ခင်ခင်ပါ”

“ဟုတ်ကဲ့ အခုလို ပြန်ဆုံဆည်းရတာ ဝမ်းသာပါတယ် ဒါနဲ့ အမိက ဒီရပ်ကွက်မှာ နေတာလား”

“ဟုတ်ပါတယ် ကျွန်မ

တို့က (. . . .) ရပ်ကွက်၊ (၂) လမ်းမှာနေတာပါ"

"ဪ"

"ဒါနဲ့ ရှင်ကကောဘယ်လိုလုပ် ဒီမှတ်တိုင်ကို ရောက်နေတာလဲ ရှင့်ကို ကျွန်မ တို့ရပ်ကွက်မှာ တစ်ခါမှ မတွေ့ဖူးပါဘူး"

"ဟုတ်ပါတယ် ကျွန်တော်က ဒီက သူငယ်ချင်းဆီကို အလည်လာတာပါ. နေတာကတော့ သာကေတမှာပါ"

"ဒါနဲ့ ရှင့်နာမည်ကကော ဘယ်လိုခေါ်လဲ"

"ကျွန်တော်နာမည်က ကျော်စွာလင်းပါ သူငယ်ချင်းတွေကတော့ကျော်စွာလို့ပဲ ခေါ်ကြပါတယ်"

မမျှော်လင့်ပဲ ပြန်တွေ့ကြရသည်။ မထင်မှတ်ပဲ စကားတွေ အပြန်အလှန်ပြောဖြစ်ကြ ရင်း မိတ်ဆွေတွေဖြစ်ခဲ့ကြ သည်။ ခင်ခင့်ရင်ထဲတွင်လည်း ရှိုးတိုးရှန့်တန့်ဖြစ်နေသည်။ လူ ရွှယ်ကတော့ ပြုံးနေသည်။

"ကျွန်တော် တကယ် ဝမ်းသာတယ်ဗျာ ခင်ဗျားနဲ့ မထင်မှတ်ပဲ အခုလို ပြန်ဆုံ တာကို"

"အို ဘာဆိုင်လို့လဲရှင်"

"ဘာမှတော့ မဆိုင်ပါ ဘူး။ ဒါပေမယ့် အခုကျွန်တော့် ရင်ထဲမှာလေ ပျောက်သွားတဲ့ ပစ္စည်းလေး တစ်ခုကို ရုတ် ရက်ပြန်တွေ့လိုက်ရသလိုပဲ စားရတယ်. . ."

"အို"

လူရွှယ်၏ အပြော ကြောင့် ခင်ခင်မျက်လွှာလေး ချလိုက်မိသည်။ သူမ၏ ရင်

တွင်လည်း ထိုလူရွယ်၏ ခံစား
ချက်အတိုင်းသင် ခံစားနေရသည်
ဟုတ်ပါလော. . .။

"ဟော ကားလာနေပြီ
ကျွန်မသွားတော့မယ်"

မိမိ စီးရမည့် ကားမ
ဟုတ်သော်လည်း ခင်ခင်တစ်
ယောက် ရှက်စိတ်နှင့် ကားပေါ်
ပြေးတက်သွားမိသည်။ လူရွယ်
ကတော့ ကားမှတ်တိုင်မှာပင် သူ
ကို ငေးကြည့်ကာ ကျန်ရစ်ခဲ့
လေတော့သည်။

xxxxxxxxx

ခင်ခင်တစ်ယောက် အ
လုပ်လုပ်နေရသော်လည်း အ
လုပ်ထဲတွင်တွင် စိတ်မပါ။ မနက်
အဖြစ်အပျက်ကိုသာ ပြန်တွေး
ပြီး မြင်ယောင်နေမိသည်။

ရုတ်တရက် ယိုင်လဲ
သွားပုံ သူကပွေ့ဖက်ထားလိုက်
ပုံ အထိအတွေ့. . .

"အို ငါ ဘာတွေ
လျှောက်တွေးနေပါလိမ့်"

ခင်ခင်တစ်ယောက် မိမိ
ကိုယ်ကို မိမိပြန်ပြုံးလိုက်မိသည်။
ယခုအသက်အရွယ်အထိ ချစ်
သူရည်းစားဆို၍ တစ်ယောက်
တစ်လေမှ မထားခဲ့ဖူးသော ခင်
ခင်တစ်ယောက် စိတ်ကစားကာ
ရင်တွေဖိုနေတော့သည်။

xxxxxxxxx

တနင်္ဂနွေနေ့. . .

ခင်ခင်တစ်ယောက် ရုံး
ပိတ်ရက်မို့ မြို့ထဲတွင် လိုအပ်
တာလေး ဘာလေးဝယ်ဖို့ရန်
အတွက် မြို့ထဲသို့ ထွက်လာခဲ့
သည်။ သီတာဖြူကို အဖော်
ခေါ်ရန် တွေးမိလိုက်သေးသည်။
သို့သော် သူငယ်ချင်းဖြစ်သူမှာ
နာမကျန်းဖြစ်နေသော မိခင်

ကြီးကို ပြုစုနေရသူဖြစ်သဖြင့် လိုက်နိုင်လိမ့်မည်မထင် သောကြောင့် သူမတစ်ယောက်တည်း မြို့ထဲသို့ ထွက်လာခဲ့ခြင်းပင်ဖြစ်သည်။

ကားမှတ်တိုင် သို့ ရောက်သောအခါ ခါတိုင်းကဲသို့ လူများများစားစားမရှိဘဲ ရှင်းနေသည်။ ခင်ခင်တစ်ယောက် ကားစောင့်ရင်း ကားဂိတ်ထဲရှိ ခုံတန်းလေးပေါ်တွင် ထိုင်နေလေသည်။

"ဟိတ်"

"ဟင် ကို"

"ကျော်စွာပါ ခင်ခင်"

"ဩော် ဟုတ်ကဲ့ ရုတ်တရက်ဆိုတော့ နာမည်ကို သတိမရလို့ပါရှင်"

ရုတ်တရက် မမျှော်လင့်ဘဲ သူ့ကိုတွေ့လိုက်ရသဖြင့် ခင်ခင် အံ့အားသင့်သွားသည်။ သူ ဘယ်ကိုများလာတာပါလိမ့်။ ဩော် ခင်ခင်တို့ရပ်ကွက်ထဲမှာ သူ့သူငယ်ချင်းတစ်ယောက်ရှိသည်ဟု ပြောခဲ့ဖူးသည်။ သူ့ သူငယ်ချင်းဆီ လာတာပဲ ဖြစ်မည်ဟု ခင်ခင်တွေးလိုက်မိသည်။

ကြည့်စမ်း သူ့ကို ခင်ခင် အခုမှ သေချာကြည့်မိသည်။

စပို့ရှပ် ဆင်စွယ်ရောင်လေး နှင့် ဂျင်းဘောင်းဘီအပြာနုရောင်လေး ကို လိုက်ဖက်စွာဝတ်ဆင်ထားသည်။ အသားအရည်က ဖြူဝင်းနေသည်မို့ ဝတ်ဆင်ထားသော အဝတ်အစားကသူနှင့် လိုက်ဖက်ညီစွာ ကြည့်ကောင်းနေသည်။ မျက်နှာပေါ်ဝဲကျနေသည့် ဆံပင်တစ်ချို့ကို တစ်ချက်တစ်ချက် သပ်တင်လိုက်ပုံကကြည့်၍ ကောင်းလှ

သည်။

နက်မှောင်သောမျက်ခုံး မွေးများဖြင့် သူ့မျက်လုံးက လိုက် ဖက်ညီသည်။ စူးရဲသော သူ့ အကြည့်တွေနှင့် ဆုံမိတိုင်း ခင်ခင့် ရင်ခုန်သံ စည်းချက်တို့ မြန်ဆန် သွားရသည်။

"ဟိတ် 'အမိ ဘာတွေငေးနေတာလဲ"

"ဩော် ဟို ဟို"

ကြောင်ငေး ကြည့်မိသော သူ့ကို ကျော်စွာက ရုတ်တရက် မေးလိုက်တော့မှ ခင်ခင်သတိပြန်ဝင်ကာ ရှက်သွေးဖြာသွားမိသည်။ မျက်လွှာကို အောက်ငုံ့ထားကာ ပြောစရာ စကားတို့ကို ရှာဖွေနေမိသည်။

"ဒါနဲ့ ခင်ခင် ဘယ်သွားမလို့လဲဟင်"

"ကျွန် ကျွန်မဈေးဝယ်သွားမလို့ပါ"

"တစ်ယောက်တည်းလားခင်ခင် အဖော်ကော မပါဘူးလား"

"ဟုတ် ဟုတ်တယ် ကိုကျော်စွာ ကျွန်မတစ်ယောက်တည်းပါ သူငယ်ချင်းက မအားလို့ မလိုက်နိုင်ဘူးတဲ့လေ"

"ဒါဆို ကျွန်တော် ခင်နဲ့ အဖော်လိုက်ပါရစေ"

"ရှင်"

မမျှော်လင့်ပဲ ဆိုလာသောသူ့စကားကြောင့် ခင်ခင်တစ်ယောက် ရှက်သွေးဖြာသွားမိသည်။ သူမနှင့် အဖော်လိုက်ပေးပါရစေဆိုပါလား။ ခင်ခင်မည်သည့်စကားမျှ ပြန်မဆိုမိချိန်မှာပင်. . .

"ဟော ဟိုမှာကားလာနေပြီ လာ လာ"

ရုတ်တရက် သူက ပြောပြောဆိုဆိုနှင့် ခင်ခင့် လက်ကိုဆွဲကာ ကားပေါ် ပြေးတက်လေသည်။ ခင်ခင်တစ်ယောက် မည်သို့မျှ တုန့်ပြန်ပြောဆို ချိန်မရှိတော့ဘဲ ကားပေါ်သို့ တက်ကာလိုက်ပါခဲ့ရလေတော့သည်။

xxxxxxxxx

"ကဲ အစ်ကိုကြီးတို့ စုံတွဲ ဘယ်သွားမှာလဲ မှတ်တိုင်ဝေးရင် ဟိုအနောက်ထိ တိုးလိုက်ပါနော်. . ."

စပယ်ယာ၏ စကားသံကြောင့် ကားပေါ်မှ လူများက ခင်ခင်တို့နှစ်ယောက်ကို ကွက်ကြည့် ကွက်ကြည့်လုပ်ကြသည်။

"လာ ခင် အနောက်မှာချောင်တယ်၊ ကိုယ်တို့ အနောက်ကိုသွားကြရအောင်"

ကျော်စွာက ပြောပြောဆိုဆို ခင်ခင့် လက်ကိုဆွဲကာ ကားနောက်ပိုင်းသို့ ရှေ့မှ ဦးဆောင်ကာ တိုးသွားလေသည်။ ခင်ခင်လည်းမည်သို့မျှ မတတ်နိုင်ချေ။ ကျော်စွာခေါ်ရာသို့ လိုက်ပါခဲ့ရလေတော့၏။

"ကဲ ကဲ အပေါက်ဝမှာ ပိတ်မနေနဲ့ဗျာ ကျွန်တော်တို့မှာ ဒီအပေါက်ကလေးနဲ့ပဲ လုပ်စားနေရတာပါ ဟိုးအနောက်မှာ အချောင်ကြီး ဟိုးမှာတွေ့လား ဟိုအစ်ကိုကြီးတို့ စုံတွဲနားထိအောင်တိုးသွားလိုက်ပါ"

စပယ်ယာ၏ အသံက ကျယ်လောင်စွာဖြင့် ထွက်ပေါ်လာသည်။ သူကမှတ်တိုင်မှ တက်လာသူများကို ခင်ခင်တို့အနားသို့ တိုးခိုင်းနေခြင်းပင် ဖြစ်သည်။

ဤသို့ဖြင့် ခင်ခင် တို့

မှဲ့ထဲရောက်ခဲ့ကြပါသည်။ ဗိုလ်ချုပ်ဈေးတွင် လိုအပ်သော အမျိုးသမီး အသုံးအဆောင်များ ဝယ်သည့်အခါ ကျော်စွာကို အားနာစွာနှင့် စောင့်ခိုင်းရပါသည်။ မတတ်နိုင်။ သူက လိုက်ချင်နေသူပဲ။ ခင်ခင်တစ်ယောက် လိုအပ်တာများ ဝယ်ခြမ်းပြီး၍ ပြန်လာခဲ့တော့သည်။

လမ်းတွင် ကျော်စွာက

"ခင်က ဘယ်ရုံးမှာ လုပ်တာလဲဟင်"

"ကျွန်မက (. . . .)ရုံးမှာ လုပ်တာပါ ကိုကျော်စွာ"

"ဪ ဒါဆို ခင် က အစိုးရဝန်ထမ်းပေါ့နော်"

"ဟုတ်ကဲ့"

"ဒါဆို ခင်တို့ရုံးတက် ရုံးဆင်းဖယ်ရီ နဲ့ ပြန်ကြမှာပေါ့နော်"

"ဟုတ်ကဲ့ ဖယ်ရီ ရှိပါတယ် ကိုကျော်စွာ ဒါပေမယ့် ခင်တို့ကတော့ ဖယ်ရီစောင့်မစီးတော့ပါဘူး သူငယ်ချင်းနှစ်ယောက်လိုင်းကားနဲ့ပဲ ပြန်ကြပါတယ်"

စကားတပြောပြော လျှောက်လာရင်း ကားမှတ်တိုင်ရောက်လာခဲ့သည်။ ကားလာတော့ ကျော်စွာကအရင်တက်ကာ ခင့်အတွက်နေရာဦးပေးထားသည်။ နှစ်ဦးသား ကားပေါ်တွင် စကားတပြောပြောနှင့် တကယ့် မိတ်ဆွေ အရင်းချာတွေပမာ ဖြစ်ခဲ့ကြသည်။

"မှတ်တိုင်ရောက်၍ ခင်ခင်က ဆင်းမည်ပြင်သောအခါ ကျော်စွာက

"မနက်ဖြန်ရုံးဆင်းရင်တို့ ခင့်ကို လာကြိုပါရစေနော်"

ဟု တိုးညင်းသောလေသံဖြင့် တောင်းပန်တိုးလျှိုးသလို ခွင့်တောင်းခဲ့လေသည်။

ညရောက်တော့ ခင်ခင် တော်တော်နှင့် အိပ်မရ။ နေ့လည်က ကျော်စွာနှင့်သူ နှစ်ကိုယ်တည်း ဈေးဝယ်ထွက်ခဲ့သည်ကို ပြန်မြင်ယောင်နေမိ၏။ ရင်ထဲမှာ ကြည်နူးသလိုလို၊ ရင်ခုန်သလိုလို ဖြစ်ကာ ကျော်စွာ့မျက်နှာကိုသာ မြင်ယောင်နေမိတော့သည်။

xxxxxxxxx

“ဟဲ့ ခင်ခင် နင် အခုတလော ခြေလှမ်းတွေ ပျက်နေတယ်နော် ငါမသိဘူးများ မှတ်နေသလား ဟွန်း”

“မပျက်ပါဘူး သီတာရယ် ငါတို့က ရိုးရိုးသားသား ခင်တာပါ”

“အစကတော့ ရိုးရိုးပဲပေါ့ နောက်မှသာ ဟွန်း ငါ မပြောလိုက်ချင်ဘူး”

သီတာဖြူတစ်ယောက် သူငယ်ချင်းဖြစ်သူခင်ခင်အား သတိပေးစကားပြောကြားရင်း အပြစ်တင်နေမိသည်။ သူမ အလုပ်မတတ်နိုင်သောရက်တွေမှာ အဖြောင်းလဲကြီး ပြောင်းလဲနေပေသည်။

ကားပေါ်မှာတွေ့ ကားပေါ်မှာ ခင်၍ နောက်ကြောင်းရာဇဝင် တိတိပပ မသိရသော လူတစ်ဦးနှင့် မိတ်ဆွေဖြစ်ခဲ့သည်ဆိုခြင်းကို သူမအနေနှင့် မည်သို့မျှ လက်မခံနိုင်ပါ။ ခင်ခင်တစ်ယောက် အယုံလွယ်လွန်းသည်ဟု သာ ထင်မိသည်။

ယခုနောက်ပိုင်းခင်ခင့်ကို ထိုလူနှင့် ရင်းရင်းနှီးနှီး ဆက်

ဲနေပုံကိုမကြာခဏ မြင်တွေ့နေခဲ့ရသည်။ ယခင်က သူမနှင့်အလုပ်သွား၊ အလုပ်ပြန် အတူာကွ သွားလာနေကျဖြစ်သောင်ခင်တစ်ယောက် ယခုအချိုးပြောင်းလဲခဲ့ချေပြီ။

မနက်ပိုင်း အလုပ်သွားနှိုန်ဆိုလျှင် ထိုလူက ခင်ခင့်ကိုားဂိတ်တွင်လာစောင့်ကာ ကြိုနေတတ်၏။ အလုပ်ဆင်းလျှင်သည်း အလုပ်ဆင်းချိန်မတိုင်မီာပင် လာစောင့်နေတတ်သည်။ါကိုသီတာဖြူ လုံးဝလက်မခံျင်။ တွေ့ခဲ့ရသည့် အချိန်ခဏာလေးအတွင်းမှာ ဤမျှလောက် အတိုင်းအတာအထိင်းနှီး ကျွမ်းဝင်စရာမလိုဟု ထင်ိသည်။ ခင်ခင်မှာလည်း ထိုလူကို သာမန်ခင်မင်သည်ဟု ဆိုနေသော်လည်း လိုတာထက်ပိုနေသည်ဟု သီတာဖြူ ထင်နေမိသည်။

ထိုလူက ခင်ခင်ကို မြင်လိုက်လျှင် အနားသို့ရောက်လာကာ ခင်ခင့်ကို အကြောင်းမရှိအကြောင်းရှာ စကားတွေ ပြောနေတတ်သည်။ ခင်ခင်ကလည်း ထိုသူ ပြောသမျှ စကားလုံးပင်လယ်ထဲတွင် နစ်မျောမျော်ဝင်နေတတ်သည်။ ထိုအချိန်များတွင် ခင်ခင်တစ်ယောက် သူမကို ရှိသည်ဟုပင် ထင်ပုံမရတော့ပေ။

သီတာဖြူတစ်ယောက် ထိုလူကို လုံးဝကြည့်မရပေ။ မည်သည့် အရပ်ကမှန်း၊ မည်သူ့သားမှန်း၊ သေချာမသိ။ လူဆိုးလား၊ လူကောင်းလား မခွဲခြား

မြဲ လူဖို့ လူလွတ်လား၊ အိမ် ထောင်ရှိသလား ဆိုတာလည်း မသိကွဲ။

"ခင်ခင် မင်းအခုဆက် ဆံနေတဲ့လူက ဘယ်ကလဲ၊ ဘယ်မှာနေတာလဲ၊ဘာလုပ်တာ သလဲဆိုတာကော မင်းသေချာ သိရဲ့လား သူငယ်ချင်းရယ် ပြီး တော့ မင်းတို့နှစ်ယောက်ရဲ့ အ ခြေအနေက ရိုးရိုးသားသား ဆို ပေမယ့် ပတ်ဝန်းကျင်အမြင်မှာ တော့ မရိုးမသားဖြစ်နေပြီ သူ ငယ်ချင်း. . . ပြီးတော့ သူ့မှာ အိမ်ထောင်ရှိလား မရှိသလား"

သီတာဖြူ စကားပင် မဆုံးလိုက်ပေ။ ခင်ခင်က သီ တာဖြူကို မျက်စောင်းတစ်ချက် ပစ်ထိုးကာ. . .

"ကိုကျော်စွာက လူရိုး လူကောင်းပါသီတာ သူ့မိဘ တွေက နယ်မှာ နေတာတဲ့ သူ က ရန်ကုန်မှာ စီးပွားရေး လုပ် ဖို့လာတာ အိမ်ထောင်လည်း မရှိ ပါဘူး ဒါတွေအားလုံး တို့ စုံစမ်း ပြီးသားပါ သီတာ မင်း ဘာမှ ဝင်ပူနေစရာမလိုပါဘူး"

"အို သူငယ်ချင်းရယ် တို့က မင်းအတွက် စိုးရိမ်စိတ်နဲ့ ပြောတာပါကွယ် တို့ကို စိတ်ဆိုး သွားလားဟင်"

"စိတ်မဆိုးပါဘူး သီ တာ ဒါပေမယ့် ကိုယ့်မိတ်ဆွေ တစ်ယောက်ကို အဲဒီလိုပြောတာ တော့ တို့မကြိုက်ဘူး သီတာ"

"အို"

သီတာဖြူတစ်ယောက် အံ့ဩခြင်းများ ပြည့်နှက်နေ သော မျက်လုံးအစုံဖြင့် ခင်ခင့်

ကိုစိုက်ကြည့်နေမိသည်။ မိမိ သူငယ်ချင်း ခင်ခင်မှ ဟုတ်ပါ လေစွဟုပင် တွေးနေမိတော့ သည်။ ယခင်က ဤသို့ ပြောဖို့ ်င် ဝေးစွ၊ ပြောမနာဆိုမနာ သူငယ်ချင်းအရင်းခေါက်ခေါက် ကြီးတွေဖြစ်တာကြောင့် စိတ်ဆိုး ိတ်ကောက် သည်တို့ မည် သည့်အခါမျှပင် မရှိခဲ့။ ယခု ာော့ ဘာမဟုတ်သည့် လူတစ် ယောက်အတွက်နှင့်မိမိစေတနာ ကားကို ခင်ခင်တစ်ယောက် အထင်မှတ်မှား အပြစ်မြင်ခဲ့လေ ည်။

သီတာဖြူတစ်ယောက် ခင်ခင့်ကို ပြောမရသည့် အဆုံး ာက်လျှော့လိုက်ရလေသည်။ ိုနေ့မှစ၍ နောက်ရက်များတွင် သီတာဖြူတစ်ယောက် ခင်ခင့် ကို ခပ်ကင်းကင်းပင်နေလိုက် တော့သည်။ ဖြစ်နိုင်ချေရှိသည် များကို အနီးကပ် လက်ညှိုး ညွှန်ပြသည်ကို လက်မခံသည့် အဆုံး အငဝေးကပင် ထိန်း ကျောင်း တည့်မတ်ပေးတော့ မည်ဟု ဆုံးဖြတ်လိုက်ရပေ တော့သည်။

xxxxxxxxx

ညနေအလုပ်ဆင်းချိန် မတိုင်မီကတည်းက ကျော်စွာ တစ်ယောက်ခင်ခင်တို့ ရုံးရှေ့သို့ ရောက်နေခဲ့သည်။ သူ ခင်ခင့် ကို လာစောင့်နေခြင်းပင်ဖြစ် သည်။ သူ လက်မှ နာရီ ကို ကြည့်လိုက်သည်။ ညနေ ၅ နာ ရီ ခွဲတိတိ။ ခင်ခင်တို့ ရုံးဆင်း ပေတော့မည်။

သူ စောင့်နေတုန်းပင်

ရုံးဆင်းလာချေပြီ။ ရုံးဆင်းလာသူ အလုပ်သမားကြားမှ ခင်ခင့်ကို ရှာဖွေနေမိသည်။ ဟော တွေ့ပါပြီ။ ခင်ခင်တစ်ယောက် ခြင်းတောင်းလေးကို ဆွဲကာ တစ်လှမ်းချင်းလှမ်းလာနေလေသည်။

ကျော်စွာ ခင်ခင် ရှိရာသို့ လျှောက်သွားကာ. . .

"ခင်"

"ဟယ် ကိုကျော်စွာ ဘယ်သူ့ကိုလာစောင့်နေတာတုန်း"

"ခင့်ကို စောင့်နေတာလေ"

"ရှင်"

"ဟုတ်တယ် ခင် ကို ခင့်ကိုတွေ့ချင်လို့စောင့်နေတာ"

"ကိစ္စရှိလို့လား ကိုကျော်စွာ"

"ကိစ္စတော့ မရှိပါဘူး ခင် ဒါပေမယ့် ကိုယ့်စိတ်ထဲမှာ ခင့်ကို တွေ့ချင်တဲ့စိတ်က ထိန်း နိုင်သိမ်းမရ ဖြစ်နေလို့ လာ တာပါ"

"အို ကိုကျော်စွာကလဲ"

"ခင် ကိုတို့ တစ်ခုခု ကြရအောင်"

"စားလေ ကိုကျော်စွာ ကျွန်မကျွေးပါ့မယ်"

"မဟုတ်တာပဲ ခင်ရယ် ကျွန်တော်ကျွေးရမှာပါ"

"အို ကိုကျော်စွာ ကျွန်မဆီကို အလည်လာ သူပဲ ကျွန်မက ကျွေးရမှာပေါ့"

"ကျွန်တော်က ဧည့် သည် မဖြစ်ချင်ဘူး ခင်"

"အို"

ဤသို့ဖြင့် လက်ဘက်ရည်တစ်ဆိုင်တွင် သူတို့ ထိုင်ဖြစ်ကြလေသည်။

"ခင်"

"ရှင်"

"ကျွန်တော် ခင့်ကို မေးစရာတစ်ခုရှိတယ်"

"ဘာများလဲ ကိုကျော်စွာ"

"ခင့်မှာ ချစ်သူရှိလားဟင်"

"အို"

ကျော်စွာ၏ အမေးကြောင့် ခင်ခင်တစ်ယောက် မျက်နှာလေး ရှက်သွေးဖြာသွားကာ အောက်သို့ငုံ့ထားမိလိုက်လေသည်။

"ကျွန်တော် ခင့်ကို ချစ်ချစ်တယ် ခင်နဲ့ ကျွန်တော် တွေ့ဆုံခဲ့ရတဲ့ အချိန်ကာလလေးဟာ တိုတောင်းလှသေးပေမယ့် ခင့်ကိုချစ်မိတဲ့ ကျွန်တော်ရဲ့ အချစ်ကတော့ ခိုင်မာမြဲမြံနေပြီ ခင်"

ခင်ခင် တစ်ယောက် ခြေဖျားလက်ဖျားတွေ အေးစက်ကာရင်ခုန်သံတွေပင် မမှန်တော့ မျက်လွှာကို သာ ချထားမိသည်။

"ခင် ကျွန်တော့်ကို စိတ်ဆိုးသွားလာဟင်"

ကျော်စွာက သူမကို တိုးညင်းစွာမေးလာသည်။ ခင်ခင် တစ်ယောက်ဘာမှ ပြန်ပြောနိုင်စွမ်းမရှိတော့ပေ။ ဤတွင်ကျော်စွာက သူမ၏ လက်ဖမိုးကို ဆုပ်ကိုင်ကာ. . .

"ကျွန်တော့်အချစ်ကို လက်ခံပါနော် တကယ်လို့ ခင့်မှာ ချစ်ဦးသူရှိနှင့်နေပြီ ဆိုရင်

တော့ ဒီစကားတွေကို ကျွန်တော် ပြန်ရုပ်သိမ်းပေးပါ့မယ် ခင်ရယ်"

ကျော်စွာ အသံက တောင်းပန်းတိုးလျှိုးသံပါနေသည်။

"ကျွန်မ ကျွန်မ စဉ်းစားပါရစေဦး ကိုကျော်စွာ ကျွန်မတို့တွေ့ခဲ့တဲ့ အချိန်ကာလက သိပ်ကို တိုတောင်းလွန်းနေတယ်လေ ပြီးတော့ ကိုကျော်စွာ အကြောင်းကိုလဲ ကျွန်မ သေသေချာချာ ရေရေရာရာ ဘာမှ သိရတာမဟုတ်ဘူးလေ အဲဒါကြောင့် ကျွန်မ"

"စုံစမ်းပါခင် ကိုယ့်အကြောင်းကိုကြိုက်သလို စုံစမ်းနိုင်ပါတယ် ဒါပေမယ် ခင်စုံစမ်းပြီးသွားရင်းသာ ကျွန်တော့်အချစ်ကို လက်ခံနိုင်အောင် ကြိုးစားပေးပါနော်"

ဒီလိုနှင့် နှစ်ဦးသား နောက်ထပ်စကားမဆိုဖြစ်ကြတော့ပေ။ မှာထားသော လက်ဘက်ရည်ကိုများမှာ လည်း အေးစက်ကုန်ပြီဖြစ်သည်။ ကျော်စွာကတော့ ခင်ခင်မျက်နှာလေးကို သေချာစိုက်ကြည့်နေပေသည်။

ခင်ခင်တစ်ယောက် လက်ဘက်ရည်ခွက်ကိုမသောက်ဖြစ်ပဲ ဇွန်းကလေးနှင့် မွှေကာမွှေကာနှင့် လုပ်နေမိသည်။ သို့ပေမယ့် ခင်ခင့် ရင်ထဲမှ ရင်ခုန်သံစည်းချက်တို့ကတော့. . .

xxxxxxxxx

"ကိုကျော်စွာက တို့ရပ်ကွက်မှာနေတာကွ ပြောင်းလာတာသိပ်မကြာသေးဘူး။ သူ့

ဟာသူအိမ်ငှားနေတယ်လေ သူ့မိဘတွေက နယ်ကဆိုလားပဲ သူက ကိုယ်ပိုင်စီးပွားရေးလုပ်ဖို့ ရန်ကုန်ကိုတက်လာတာလို့ ပြောတယ်။ သူ့မိဘတွေက ချမ်းသာတယ်လို့တော့ ငါတို့ကြားတာပဲ သူနဲ့တို့ညီအစ်ကိုတွေနဲ့က ဘော်ဒါတွေလေ"

ခင်ခင်တို့ ရုံးမှ စာရေးမဖြစ်သူ ဝါဝါခိုင်က ကျော်စွာနှင့် တစ်ရပ်ကွက်တည်းနေသူဖြစ်နေသည်။ ရုံးသွားရုံးပြန်ချိန်တိုင်းခင်ခင့်နံဘေးတွင် ကိုယ်ရံတော်သဖွယ် ကပ်ပါလာလေ့ရှိသော ကျော်စွာကို ဝါဝါက မြင်သဖြင့် ဖောက်သည်ချနေခြင်းဖြစ်သည်။

ယခုနောက်ပိုင်း ရုံးသွားရုံးပြန်အချိန်တိုင်း ကျော်စွာက ခင်ခင့်ကို လိုက်ပို့ လိုက်ကြိုလုပ်ပေးသည်။ ယတိပြတ် အဖြေမပေးရသေးသော်လည်း ခင်ခင်တစ်ယောက် ကျော်စွာ့ကို အနည်းငယ်တော့ အလေးပေးနေမိလေပြီ။

စုံစမ်းသိရသမျှ အချက်အလက်တွေက ခင်ခင့်အတွက် ကျေနပ်စရာတွေချည်း ဖြစ်နေသည်။

xxxxxxxxx

ရက်မှ လသို့ ပြောင်းလာသည်နှင့် ကျော်စွာတို့သည်လည်း ချစ်သူမမည်သော အဆင့်မှ ချစ်သူအဆင့်သို့ ရောက်ခဲ့ကြလေသည်။

ချစ်ကြပြီဆိုတော့လည်း ပျော်လို့မော်လို့၊ နှစ်ဦးသားမိုးမမြင်လေမမြင်။ ကမ္ဘာ

လောကကြီးတွင် သူ့တစ်ဦးပေါ် သာလျှင် အယုံကြည်ဆုံး၊ သူ တစ်ဦးပေါ်သာလျှင် အချစ်ရဆုံး ဟု ထင်နေခဲ့ကြသည်။

ခင်ခင်က ကျော်စွာကို "ကို" ဟူသော နာမ်စားသုံးခေါ် သလို ကျော်စွာကလည်း အဖျား စွတ်၍ "ခင်" ဟူသောတစ်လုံး တည်းသာကိုသာ ခေါ်ဝေါ် သည်။

သူတို့နှစ်ဦး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ပန်းခြံ၊ ရုပ် ရှင်ရုံ ဘုရား တစ်နေရာရာတော့ သွားဖြစ်ကြခဲ့ကြသည်။ တစ်ခါ တစ်ရံ ဗိုလ်ချုပ်ဈေး ဒါမှမဟုတ် ယုဇနပလာဇာသွား၍ ဈေးဝယ် ထွက်ကြသည်။

ခင်ခင်တစ်ခုတော့သ တိထားမိသည်။ မြို့ထဲလိုလူထူ ထပ်သောနေရာကို အတူသွား တိုင်း ကျော်စွာပုံစံက ဂဏှာမ ငြိမ်။ တစ်ခုခုကို စိုးရိမ်ထိတ်လန့် နေသလိုလို၊ တစ်စုံတစ်ခုကို ကြောက်နေသလိုလို၊ ဖြစ်နေ သည်။

တစ်ခါတစ်ရံ တစ်စုံ တစ်ယောက်ကိုတွေ့ရသလိုမျိုး ဖြင့် "ခင် ခဏလေးနော် ဒီမှာပဲ စောင့်နေ ကိုပြန်လာခဲ့မယ်" ဟု ဆိုကာ ရုတ်တရက်ထွက်သွား တတ်သည်။

"ကို ဘာဖြစ်နေတာလဲ ဘယ်သူ့ကိုတွေ့လို့လဲ" ဟု ခင်ခင်ကမေးလျှင်

"ဘယ်သူမှ မဟုတ်ပါ ဘူး ခင်ခင်ရယ် ကို့ ဖေဖေရဲ့ မိတ်ဆွေတစ်ယောက်နဲ့ တူလို့ ကို ခဏရှောင်သွားတာပါ" ဟု

သည်းကောင်း၊

"ကိုက ရန်ကုန်ကို စီး ပွားရေးလုပ်မယ်ဆိုပြီး ထွက်လာ တာလေ စီးပွားရေးမလုပ်သေး ဲချစ်သူ ရည်းစား ထားပြီး လျှောက်လည်တယ်ဆို ဘယ် ကောင်းပါ့မလဲ" စသည်ဖြင့် တစ် ့ ယုံကြည်လောက်သော အ ကြောင်းပြချက်အမျိုးမျိုးပေးကာ ခင့်ကို ရှင်းပြတတ်သည်။

ခင်ကတော့ ကိုယ့်ချစ် သူအပေါ် ယုံကြည်စိတ်ချသည် ့ ကျော်စွာပြောသမျှ ယုံကြည် ခဲ့သည်သာ။ သံသယ ဟူ၍ စိုး ငဉ်းမျှပင် မထားခဲ့ချေ။ ချစ်သူ နှင့် အတူ ယဉ်တွဲလျှောက်လည် နေရခြင်းကိုပင် သူမသာယာ နေ သည်မဟုတ်ပါလား။

ဤသို့ဖြင့် သူတို့နှစ်ဦး ၏ ချစ်သက်တမ်းကာလ သုံးလ ကျော် လေးလအတွင်းသို့ပင် ချဉ်းနင်းဝင်ရောက်လာခဲ့လေပြီ။

xxxxxxxxx

ယနေ့လည်း တနင်္ဂနွေ ရုံးပိတ်ရက်မို့ခင်ခင်တစ်ယောက် မြို့ထဲဈေးဝယ်ထွက်မည်ဟု အ ကြောင်းပြကာ အိမ်ကို လစ် ထွက်ခဲ့သည်။ ကျော်စွာက ကား ဂိတ်မှာ စောင့်နေပေသည်။ ခင် ခင် ကားဂိတ်ကို ရောက်လာ တော့. . .

"ခင် ကြာလိုက်တာ ခင် ရယ်"

"သြော် ကိုရယ် ခင့်မှာ အိမ်ကမိဘတွေရဲ့ အရိပ်အခြေ ကိုကြည့်ပြီး လိမ်နေရသေးတယ် ဒါတောင် မြို့ထဲဈေးဝယ်ထွက် ဆိုလို့ ညီမလေးကိုပါ ခေါ်သွား

နိုင်းနေတာ ခင် မနည်း ပြောပြီး ထားခဲ့ရတယ်"

"ကောင်းပါ ဖြိုဗျာ ကောင်းပါပြီ ကျွန်တော်မျိုးကြီး ကလည်း ဟောဒီက ကောင်မလေးရောက်မလာမှာ စိုးရိမ်ပြီး ပြောမိတာပါခင်ဗျာ ကဲ လာ"

"ဘယ်သွားမှာလဲ ကို ဒီနေ့တော့ ခင် အချိန်သိပ်မရဘူးနော် စောစောပြန်မှဖြစ်မယ် တနင်္ဂနွေနေ့တိုင်း ခင် နောက်ကျပြန်နေတာကို ဖေဖေတို့ ရိပ်မိနေပြီ"

"ကောင်းပါပြီဗျာ ခင့်ကို ကိုစောစောပြန်ပို့ပေးပါ့မယ် အခုလည်း ကိုယ့်သူငယ်ချင်း တစ် ယောက်ဆီသွားမလို့ပါ"

"ကို့ သူငယ်ချင်းက ဘယ်မှာနေတာလဲ ဟင်"

"သံလျင်မှာလေ ခင်ရဲ့

"ဟင် အဝေးကြီးပဲ"

"မဝေးပါဘူး ခင်ရယ်

နီးနီးလေးပါ"

"အင်း ဒါဆိုလည်းသွား

လေ ဒါပဲနော် ခင်က သိပ်အချိ

မရဘူး ကို စောစောပြန်ရမယ်

ဒါပဲ"

"စိတ်ချပါခင်ရယ် ထ

လဲ အကြာကြီးမနေပါဘူး

ရောက်ပြီးခဏနေတာနဲ့ ပြန်မှာ

ပါ"

သည်လိုနှင့် ခင်ခင်

တစ်ယောက် ချစ်သူခေါ်ရာ

နောက်သို့ လိုက်လာမိခဲ့လေ

သည်။ ထိုသို့ လိုက်လာခြင်း

သည် သူမဘဝအတွက် အကြီး

အကျယ်ပြောင်းလဲခြင်းတစ်ခု

ဖြစ်မည်ကို ခင်ခင်တစ်ယော

ကြိုတင်မသိရှာပေ။

ကျော်စွာ ခေါ်လာသောသူငယ်ချင်းဆိုသည့်နေအိမ်မှာ မြို့အစွန်ဘက်ကျကာ အိမ်ခြေကျဲပါးသည်။ ခြံဝင်းကျယ်ကြီးထဲတွင် တိုက်ပုလေးတစ်လုံးဆောက်ကာ နေထိုင်ခြင်းဖြစ်သည်။

"ကဲ ရောက်ပြီခင် ဒီအိမ်ပဲ"

"ကို သိပ်အကြာကြီးမလုပ်နဲ့နော်"

"မကြာပါဘူး ခင်ရယ် ခဏတဖြုတ် စကားပြောပြီး ပြန်မှာပါ"

ကျော်စွာက ပြောပြောဆိုဆို ခင်ခင့် လက်ကိုဆွဲကာ ခြံတံခါးကိုဖွင့်၍ တိုက်ပုလေး၏ဆင်ဝင်အောက်သို့ လျှောက်သွားသည်။ ထို့နောက် လူခေါ်ဘဲလ်ကိုနှိပ်လိုက်ရာ အထဲမှ ခပ်ဝဝလူရွယ်တစ်ယောက်ထွက်လာကာ

"ဟာ ကျော်စွာ မင်းရောက်လာပြီလား ငါတစ်မနက်လုံးမျှော်နေတာကွ လာ လာ"

ထိုလူက ကျော်စွာကို မြင်သည်နှင့် ဝမ်းသာအားရ နှုတ်ဆက်ကာ အိမ်တံခါးကိုဖွင့်ပေးသည်။ ပြီးနောက် ခင်ခင့်ကို တစ်ချက်ကြည့်ကာ ပြုံးစေ့စေ့ဖြင့် ခေါင်းတညိတ်ညိတ်လုပ်ကာ ဧည့်ခန်းတွင်းသို့ ဝင်သွားလေသည်။

"ထိုင် သူငယ်ချင်း ဘာမှ အားနာစရာမရှိဘူး"

"အေးပါကွာ ငါကလည်း အားနာမည့်သူမဟုတ်

ပါဘူးကွ"

"ဒါနဲ့ မင်းရဲ့ ဟိုကိစ္စ"

"အေး နောက်မှ ပြော သူငယ်ချင်း ငါ တို့ ကားစီးလာရတာ ပင်ပန်းလို့ ဗိုက်တောင်ဆာတယ်ကွာ စားစရာ ဘာရှိလဲ"

"ဟာ မင်းပြောမှ ငါ သတိရတော့တယ် ဘာမှ ကြိုတင်ဝယ်မထားမိဘူး ဆောရီးကွာ ခဏစောင့် ငါ အပြင်မှာ သွားထွက်ဝယ်လိုက်မယ် မကြာစေရဘူး သူငယ်ချင်း"

"အို နေပါစေရှင် ကျွန်မတို့အတွက် ဒုက္ခမရှာပါနဲ့ ခင်တို့က အခုပဲ ပြန်တော့မှာပါ"

"ဩော် မဟုတ်တာပဲ မခင်ခင်ရယ် ကျွန်တော်က အိမ်ရှင်ပါ ကျွန်တော် ဧည့်ဝတ်ပြုတာလေးကိုတော့ သုံးဆောင်သွားပါဦးဗျာ နို့မဟုတ်ရင် ကျွန်တော်စိတ်မကောင်းဖြစ်ရမှာ"

ခင်ခင် တားသော်လည်းထိုလူက အားနာဟန်ဖြ တောင်းပန်နေလေသည်။ ထို အခါ ကျော်စွာက

"ဟုတ်ပါတယ် ခင်ခ ရယ် ဒီကောင်ကြီးက သိပ် ဘောကောင်းတာ ဟော့ကော မကြာနဲ့နော် ခင်က သိပ်အချိ ရတာ မဟုတ်ဘူး"

"အေးပါကွာ ဆိုင်က ထိပ်နားလေးတင်မှာပါ သူင ချင်း ပြန်လာခဲ့မယ် စိတ်ချ"

ပြောပြောဆိုဆို ထို ထွက်သွားလေတော့သည်။

"ခင်"

ကျော်စွာက တိုးည

ကွာခေါ်ကာ ခင်ခင့်လက်ကလေး ကို ဆုပ်ကိုင်လိုက်သည်။ ထို့နောက် ခင်ခင့် နဖူးမှဆံနွယ်စလေးများကို တယုတယ ဖယ်ရှားကာခင်ခင့် ပန်းလေးကို ထွေးဖက်လိုက်လေသည်။

"ခင် ကိုတို့ အတူနေရတော့အောင်နော် ကို ခင့်ကို ပိုင်ဆိုင်ချင်ပြီကွာ"

"မလောပါနဲ့ ကိုရယ် ခင်တို့ရဲ့ ချစ်သူ သက်တမ်းက ဘာမှကြာသေးတာမဟုတ်ဘူး ပြီးတော့"

"ပြီးတော့ ဘာဖြစ်လဲ ခင် တစ်ယောက်နဲ့ တစ်ယောက် တကယ်ချစ်ကြရင် ပြီးတာပဲ မဟုတ်လားခင်ရယ်"

"ဟုတ်တော့ ဟုတ်ပါတယ် ကိုရယ် ဒါပေမယ့် ခင်တို့ မိန်းမသားတွေအတွက်တော့ အိမ်ထောင်ပြုဖို့ကိစ္စဟာ ကိုပြောသလောက်မလွယ်လှဘူး ကို ယောကျ်ားတစ်ယောက်ရဲ့ လက်ထဲမှာ တစ်သက်တာ ပုံအပ်ရတာ ကိုယ်ပုံအပ်လိုက်တဲ့ ယောကျ်ားဟာ ဆိုးရင် ကိုပဲခံ ကောင်း နေရင် ကိုယ်ပဲစံရမှာ ကို အဲဒီတော့ အိမ်ထောင်ပြုဖို့ ကိုတော့ အချိန်ယူပြီးစဉ်းစားချင်သေး တယ် ကိုရယ် ခင့်ကိုနားလည် ပေးပါနော်"

"နားမလည်နိုင်ဘူး ခင် ကိုကတော့ ခင့်ကို ပိုင်ဆိုင်ချင်တာတစ်ခုပဲ သိတယ် ကို ခင့် ကို ချစ်တယ်ကွာ ခင့်ကို လက်လွှတ်ဆုံးရှုံးမခံနိုင်ဘူး"

ကျော်စွာက ပြောပြောဆိုဆို ခင့် ကို အတင်းပွေ့ဖက်

တာ ချို့မလိုက်လေသည်။ ရုတ်တရက်မို့ ခင်ခင် မည်သို့မျှ မတတ်နိုင်ခဲ့ပေ။

"အို ကို အဲသလိုမလုပ်နဲ့ ခင် မကြိုက်ဘူးကွာ ခင် ကို့ကို ယုံကြည့်ပြီး လိုက်လာခဲ့တာနော်"

"ကို့ကို ခွင့်လွှတ်ပါ ခင်ကို မင်းကို သိပ်ချစ်လွန်းလို့ အဆုံးရှုံးမခံနိုင်လို့ပါကွာ"

ကျော်စွာက ခင်ခင့်ကို ပွေ့ချီကာ အိပ်ခန်းထဲသို့ ခေါ်ဆောင်သွားလေတော့သည်။ တဒင်္ဂအတွင်း ဖြစ်တည်လာသော အဖြစ်ပျက်လေးတစ်ခုဝယ် မိန်းမသားတစ်ယောက်၏ ဘဝသည်ကား ကြီးစွာသော ပြောင်းလဲခြင်းမျိုးဖြင့် ပြောင်းလဲသွားခဲ့ရလေပြီတကား။ မျက်ရည်ကို အဖော်ပြုရုံမှတစ်ပါး ခင်ခင့်မည်သို့မျှ မတတ်နိုင်တော့ပါချေ။ မှောင်မိုက်နေသော အမှောင်ထုအတွင်းဝယ် ကျော်စွာ၏ ခေါ်ဆောင်ရာနောက်သို့ စမ်းတဝါးဝါး လိုက်ရင်းဖြင့်

xxxxxxxxx

"ကို. . ."

"ဘာလဲ ခင်"

"ကို အခုတလော ဘာ
ဖြစ်နေတာလဲဟင် ကို့ကို ကြည်
ရတာ တစ်မျိုးကြီးဘဲ ခင့် အ
ပေါ် ဆက်ဆံတာလဲ အရင်က
စိတ်မပါတော့သလိုပဲနော်"

"ခင်ကလည်းကွာ
ဟုတ်တာတွေ လျှောက်တွေ
နေပြန်ပြီ ကိုက ဘာပြောင်း
ရမှာလဲ ခင်ရဲ့ ကို အခုတလေ
စီးပွားရေးလုပ်ရတာ အဆင်

ပြောတာလေးတွေရှိလို့ပါခင်ရယ်"

"မသိပါဘူး ခင်က ကို ခင့်ကိုများ ရိုးသွားပြီလားလို့ စိုး ရိမ်နေတာ"

"မဟုတ်တာပဲ ခင်ရယ် ကိုက ခင့်ကို ဘာကြောင့် ရိုးသွား ရမှာလဲ ဒီလောက် ချစ်စရာ ကောင်းတဲ့ ချစ်သူကို ကိုက တစ် သက်လုံး ချစ်သွားမှာ"

"ဟွန်း တော်တော် အ ပြောကောင်း ဒါကြောင့်လည်း"

"ဆက်ပြောလေ ခင် ဒါ ကြောင့်လည်းပြီးတော့ ဘာဖြစ် သလည်း"

"သွားကွာ"

"ဟင်း ဟင်း ဟင်း"

ကျော်စွာက ခင်ခင့် ခုံးလေးနှစ်ဖက်ကို ဆွဲဖက်ရင်း င်ခွင်ထဲသွင်းလိုက်ကာ ရယ် မောလိုက်လေသည်။ ထို့နောက် ခင်ခင်၏ ပါးမို့မို့လေးနှစ်ဖက် အား အနမ်းမိုးများ ရွာချလိုက် တော့သည်။

ခင်ခင် တစ်ယောက် ကျော်စွာ၏ပြုစုယုယမှုအောက် တွင် ငြိမ်သက်ခံစားနေရင်း. . .

xxxxxxxxx

အခုတလော ကျော်စွာ တစ်ယောက် ခင်ခင့်ထံသို့ အ လာကျဲသွားသည်။

ယခင်က အလုပ်သွား ချိန်၊ အလုပ်ဆင်းချိန်ဆိုလျှင် ကျော်စွာတစ်ယောက်ပုံမှန်လိုက် ပို့ လိုက်ကြိုလုပ်နေကျ၊ ယခု တော့ ပေါ်မလာသည်မှာ သုံး လေးရက်ခန့်ပင် ရှိနေပေပြီ။

ချစ်ရသော ချစ်သူတစ် ယောက် လာကြိုခြင်းကို စောင့်

မျှော်နေရသော ခင်ခင်တစ်ယောက် မျှော်တလင့်လင့် နှင့် ပေါ်လာနိုး ပေါ်လာနိုး စောင့်နေခဲ့ရသည်။ သို့သော် ကျော်စွာကတော့ ရောက်မလာခဲ့ပေ။

ရောက်လာ ခဲ့လျှင်လည်း ကျော်စွာ့မျက်နှာမှာ ယခင်ကလို ပျော်ရွှင်မှုမျိုးတွေ၊ ကြင်နာမှုမျိုးတွေကို သူမ ရှာမတွေ့ခဲ့တာ ကြာပြီဖြစ်သည်။ ယခင်က သူမအပေါ် ကြင်နာနွေးထွေးစွာ ဆက်ဆံတတ်ခဲ့သော ကျော်စွာတစ်ယောက် သူမနှင့် သွေးသားရင်းနှီးပြီးနောက်ပိုင်းတွင် ကြင်နာယုယမှုများ ဆိတ်သုဉ်းနေသလို သူမခံစားနေရ၏။

ကျော်စွာ သူမဆီကို ရောက်မလာတာကြာပြီဖြစ်တာမို့ မျှော်နေမိသည်။ ပြီးတော့ ကျော်စွာလာလျှင် ပြောစရာအကြောင်းလေးတွေ သူမဆီမှာ ရှိနေခဲ့သည်။

ထို အကြောင်းလေးတွေကား . . .

"ကို"

"ပြောလေ ခင်"

"ခင်တို့ လက်ထပ်ကြရအောင်နော်"

"ဘာ ဘယ်လိုခင်"

"ဟုတ်တယ်ကို အခု ခင်တို့ အခြေအနေက ရှေ့ဆက် ဒီအတိုင်းပဲ ဆက်နေသွားလို့ မသင့်တော်တဲ့ အခြေအနေဖြစ် နေပြီလေ ပြီးတော့"

"ပြီးတော့ ဘာဖြစ်လဲ ခင်"

"ခင် ခင် ဟို ဟိုဟာ

မဖြစ်တာနှစ်လရှိပြီကို"

"ဘာ ဘယ်လို ရှင်း ရှင်း ပြောစမ်းပါ ခင်"

"ဟို ဟိုလေ ကို အဲ အဲဒါ ဟို ခင် ခင့် မှာ ကိုယ်ဝန်ရှိ ရှိ"

" ဟာ တော်စမ်း ခင် မင်း မဟုတ်တာတွေ လျှောက်ပြောမနေနဲ့"

ကျော်စွာတစ်ယောက် ထိတ်လန့်တုန်လှုပ်စွာဖြင့် ခင်ခင့်ပခုံးကို ကိုင်လှုပ်ရင်း ပြောလိုက်သည်။

တုန်လှုပ် ချောက်ခြားသွားသော ကျော်စွာ့မျက်နှာကို ကြည့်လျှင် ခင်ခင်တစ်ယောက် အံ့ဩထိတ်လန့်သွားလေသည်။ တကယ်ဆို ဒီလိုအချိန်မှာ ချစ်သူ၏ ဖေးမအားပေးမှုကို သူမရသင့်သည်မဟုတ်ပါလား။

"ဘယ်လိုဖြစ်သွားတာလဲကို ဒီကိစ္စက ခင်တို့နှစ်ယောက်စခဲ့ကြတာမဟုတ်လား"

"ဟာကွာ မဖြစ်နိုင်ဘူး လုံးဝမဖြစ်နိုင်ဘူး"

"ဘာ ကို ဘယ်လိုပြောလိုက်တာလဲ ဒီလိုမျိုးဖြစ်အောင် ကိုပဲဖန်တီးယူခဲ့တာမဟုတ်လား"

ကျော်စွာတစ်ယောက် မည်သို့မျှ ပြန်မပြောတော့။ နှုတ်ဆိတ်နေသည်။ ဒါကိုပဲ ခင်ခင် တစ်ယောက် အားမလိုအားမရ ဖြစ်ကာ. . .

"ခင့်ကို သနားပါ ကို ခင့်ကို လက်ထပ်ပါနော်"

"မဖြစ်နိုင်ဘူး ခင်"

"ဟင်"

ကျော်စွာနှုတ်မှ တစ်

လုံးချင်း ထွက်လာသော ငြင်းဝယ်စကားက ခင်ခင့် အသည်းနှလုံးတို့ကို တစ်စစီ နင်းခြေပစ်လိုက်သည့်နှယ်။ ပြောပြီးသည်နှင့် ကျော်စွာက ခင်ခင့် နံဘေးထိုင်နေရာမှ ထရပ်ကာ တစ်ဘက်သို့ ကျောခိုင်းလိုက်ပြီး

"လက်ထပ်ဖို့ ဆိုတာတော့ လုံးဝမဖြစ်နိုင်ဘူးခင် ဘာဖြစ်လို့လဲဆိုတော့"

ကျော်စွာ စကားကို ဆက်မပြောသေးပဲ ရပ်ထားလိုက်သည်။ ခင်ခင်တစ်ယောက် ကျော်စွာ့နှုတ်မှ ဆက်လက်ပွင့်အံထွက်လာမည့် စကားများကို စိုးထိတ်စွာဖြင့် စောင့်မျှော်နေမိသည်။

"ကိုဟာ ကိုဟာ လူပျို လူလွတ်တစ်ယောက် မဟုတ်ဘူးခင်"

"ဘာ ဘယ်လို"

"ဟုတ်တယ်ခင် ကိုမှာ အိမ်ထောင်ရှိတယ် ကို လူလွတ်တစ်ယောက်မဟုတ်ဘူး ဟိုမှာ မိသားစု ကျန်ခဲ့တယ်"

"ဟင် ရှင် ရှင် ဒါဆို ကျွန်မရဲ့ အချစ်ကို ရှင် ရှင် ညာယူခဲ့တာပေါ့"

ခင်ခင့် နှုတ်မှ စကားလုံးတွေက အံ့ဩထိတ်လန့်မှုတွေနှင့် အထစ်ထစ်အငေါ့ငေါ့ ထွက်ပေါ်လာသည်။ ဦးခေါင်းထဲမှာ မူးဝေနောက်ကျိသလို ခံစားလိုက်ရသည်။ ရင်ထဲမှာလည်း နှလုံးခုန်သံတွေက ပုံမှန်မဟုတ်တော့။

"ကိုကိုခွင့်လွှတ်ပါ ခင် ကို မင်းကို တကယ်ချစ်ခဲ့တာပါ

ဒါပေမဲ့ ကိုမင်းကို လက်မထပ်နိုင်ဘူး"

ကျော်စွာ နှုတ်မှ ထွက်ကျလာသော စကားလုံးတစ်လုံးချင်းက သူမရင်ကို သံချွန်နှင့် အချက်ပေါင်းများစွာ ထိုးနှက်နေသည့်နှယ်ခံစားလိုက်ရသည်။

ကျော်စွာက သူမပခုံးလေးကိုဆုပ်ကိုင်လျှက်

"ကိုယ့်ကိုခွင့်လွှတ်ပါခင်"

ဟုတစ်ခွန်းပြောကာ ချာကနဲ ထွက်သွားလေသည်။

ခင်ခင့်မှာတော့ မျက်ရည်များနှင့်သာ ကျန်ရစ်ခဲ့ရချေတော့သည်။

xxxxxxxxx

"ဟဲ့ ခင်ခင်"

"ရှင် မေမေ"

"သမီးနေမကောင်းဘူး လား သမီးကိုကြည့်ရတာ ပင်ပန်းနွမ်းနယ်နေသလိုပဲကွယ် မှန်းစမ်း"

ဒေါ်ခင်နွဲ့ ပြောပြောဆိုဆို သမီးဖြစ်သူ၏ နဖူးပြင်အား စမ်းကြည့်လိုက်သည်။ ကိုယ်တော့မပူပါ။

"အားနည်းနေတယ် ထင်တယ်။ ညနေပြန်လာရင် ဆေးခန်းသွားမယ်"

"ဟုတ်ကဲ့ အမေ အမေ သမီး အလုပ်သွားတော့မယ်နော်"

"အေး အေး"

ခင်ခင် တစ်ယောက် အမေ့ကိုနှုတ်ဆက်ရင်း ထမင်းချိုင့်ဆွဲကာ ကားဂိတ်သို့ ထွက်လာခဲ့လိုက်သည်။ အခုတလော နေလို့ ထိုင်လို့မကောင်းပေ။

ခေါင်းတွေမူးဝေကာ အားနည်းသလို ကတုန်ကယင်ကြီး ဖြစ်နေသည်။ အစားအသောက်တွေလည်း ပျက်နေ၏။

ကားဂိတ် ကိုရောက်တော့ ကျော်စွာကို ဟိုဒီရှာကြည့်မိသေးသည်။ အရိပ်အယောင်မျှပင် မတွေ့ရပါ။ အားငယ်စိတ်နှင့် အတူ မျက်ရည်ကြည်လေးများ ပင် မျက်ဝန်းမှာ ဝေ့လာမိသည်။

"ဟော ကားလာပြီ"

ကားလာသဖြင့် ခင်ခင် ကားပေါ်သို့ တက်ရန် ဟန်ပြင်လိုက်စဉ် ခေါင်းထဲ၌ မိုက်ကနဲဖြစ်သွားကာ မြင်ကွင်းတွေအားလုံး ချာချာလည်သွားသည်။ သူမ ကားပေါ်မတက်ဖြစ်သေးပဲ ခေါင်းကိုလက်ဖြင့် ကိုင်ကာ ရပ်နေမိသည်။ သူမမျက်ဝန်းထဲ မြင်နေရသည့် အရာအားလုံး ဇောက်ထိုးမိုးမျှော်တွေဖြစ်နေ၏။

"အား မူးလိုက်တာ" ဟု ရေရွတ်လိုက်ညည်းတွားရင်း ခင်ခင်တစ်ယောက် ကတ္တရာလမ်းပေါ်သို့ အရုပ်ကြိုးပြတ် လဲကျသွားလေတော့၏။

"ဟဲ့ ဟို ကလေးမ"

"အို လုပ်ကြပါဦးဟဲ့"

"ဟ ဘာဖြစ်တာလဲ"

"မူးလဲသွားတာနေ မယ် ဆေးခန်းအမြန်ပို့ ဆေးခန်းအမြန်ပို့"

အထိတ်တလန့် ရေရွတ်သံတွေ ဆူညံသွားသည်။ ခင်ခင်လဲကျသွားရာနေရာတွင် လူတွေ တစ်ယောက်တစ်ပေါက် ပြောဆိုလျက် ဝိုင်းအုံလာသည်။

ထို အဖြစ်အပျက်ကို အလုပ်သွားဖို့ရန် ကားဂိတ်သို့ ထွက်လာသော သီတာဖြူတစ်ယောက် မြင်တွေ့သွားကာ လူအုပ်ကြားထဲမှ ငုံ့ကြည့်လိုက်လေရာ

"ဟင် ခင်ခင် အမလေး သူငယ်ချင်းရယ် ဘယ်လို ဖြစ်ရတာလဲ"

သီတာဖြူတစ်ယောက်ညသို့မှု မမျှော်လင့်သော အဖြစ်အပျက်မို့ အထိတ်တလန့်ရေရွတ်ကာ ခင်ခင့်ကို ပြေးပွေ့လိုက်မိသည်။

"ခင်ခင် ခင်ခင် အမလေး ဘယ်လိုဖြစ်ရတာလဲ သူငယ်ချင်းရယ်"

"ကားပေါ်တက်ကာနီးနီးလဲသွားတာပဲဗျ"

"ဆေးခန်းအမြန်ပို့ လေဘာလုပ်နေကြတာလဲ"

တစ်ယောက် တစ်ပေါက်ဝိုင်းဝန်းပြောဆိုသံများကြောင့် သီတာဖြူတစ်ယောက်ခင်ခင့်ကိုပွေ့ချီထားရင်းမှ

"ကားတစ်စီးလောက် အမြန်ငှားပေးကြပါရှင် ဒါ ကျွန်မသူငယ်ချင်းပါ ဆေးခန်းပို့ရအောင် ကားငှားပေးကြပါ" ဟု တောင်းပန်ပြောဆိုရတော့သည်။ ထိုအခါ လူအုပ်ထဲမှ လူကြီးနှစ်ယောက်သုံးယောက်က ကားတစ်စီးကိုတားပေးကြလေသည်။

သီတာဖြူလည်းကားပေါ်သို့ ခင်ခင့် ကိုတင်ကာနီးစပ်ရာ ဆေးခန်းသို့သာ အမြန်ဆုံး ပြေးခဲ့ရလေတော့သည်။

xxxxxxxxx

“ဒီက အမက လူနာနဲ့ ဘာတော်ပါသလဲခင်ဗျာ”

“ကျွန်မက သူ့ရဲ့ သူငယ်ချင်းပါ ဒေါက်တာ”

“လူနာရဲ့ အုပ်ထိန်းသူများကော ပါ ပါသလားခင်ဗျာ”

“ဟုတ်ကဲ့ဆရာ လိုက်လာကြပါလိမ့်မယ် ကျွန်မခုနကပဲ ဖုန်းဆက်အကြောင်းကြားထားလိုက်ပါပြီ”

ဆရာဝန်ဖြစ်သူက ရည်မွန်စွာပြောကာသီတာဖြူကို တစ်ချက်ကြည့်သည်။ ထို့နောက်. . .

“ခင်ဗျား သူငယ်ချင်းက အိမ်ထောင်ရှိလား”

“ရှင် မရှိပါဘူး ဒေါက်တာ ဘာဖြစ်လို့လဲ ဒေါက်တာ”

“သူ့မှာကိုယ်ဝန်သုံးလ ရှိနေပြီ”

“ရှင်”

သီတာဖြူမှာ ကြား
လိုက်ရသော စကားသံကြောင့် “ရှင်” ဟုတစ်ခွန်းတည်းသာ ဆို
နိုင်ပြီး မင်သက်သွားခဲ့မိသည်။

“ဟို ဟို သေချာရဲ့
လား။ ဒေါက်တာ ဟို ဟို ကျွန်မ
သူငယ်ချင်းက”

“သေချာပါတယ် ကျွ
တို့အားလုံး စစ်ဆေးကြည့်ပြီးပြီ
အခုလို မူးလဲသွားတာကလည်း
ကိုယ်ဝန်ရှိစအချိန်မှာ ဖြစ်လေ့
ဖြစ်ထရှိတဲ့ လက္ခဏာပါပဲ
နောက်ကို အနေအထိုင် အသွား
အလာ အစားအသောက်တ
အစ ဆင်ခြင်မှုရတော့မှာ”

ကြားလိုက်ရသော စ
ကားလုံးတိုင်းက သီတာဖြူအ

ဘွက် မယုံကြည်နိုင်စရာ တွေ့ချည်းဖြစ်နေသည်။

မကြာမီ ခင်ခင်၏မိဘနှစ်ပါးစိုးရိမ်သောကအပြည့်နှင့် ရောက်လာကြသည်။

"သီတာ သမီးလေး သမီးလေး ဘာဖြစ်လို့လဲဟင် အမေလေးရင်တုန်လိုက်တာ သီတာရယ်. . ."

"သမီး အခုဘယ်လိုနေသလဲ သီတာ ဦးတို့လဲ ကြားကြားချင်း လိုက်လာခဲ့ကြတာ သီတာနဲ့ကြုံလို့ တော်သေးတာပေါ့ကွယ် ဒါနဲ့ သမီးလေးက ဘာဖြစ်တာတဲ့လဲကွယ့် ဧကန္တ အားနည်းပြီး မူးလဲသွားတာပဲ ဖြစ်မှာပါ"

သီတာဖြူခင်ခင်မိဘနှစ်ပါးကို ဘယ်ကဘယ်လို စပြောရမှန်းပင်မသိပေ။

"ဟို ဟိုလေ ခင် ခင်ခင်ခင့်မှာ ဟို"

"ဟင် သမီးလေးမှာ သမီးလေးမှာ ဘာဖြစ်လို့လဲ သီတာ"

သီတာဖြူ၏ အထစ်ထစ်အငေ့ါငေ့ါစကားများကြောင့် ခင်ခင့် မိဘများမှာ ပို၍ စိုးရိမ်လာကြလေ၏။

"ဟို ဟိုလေ ခင် ခင်ခင့်မှာ ကိုယ်ဝန် ရှိ ရှိ"

"ဘာ"

ခင်ခင့် ဖခင်ဦးတင့်ဆန်းတစ်ယောက် မယုံကြည်နိုင်ခြင်းများစွာဖြင့် အော်ဟစ်မိလိုက်လေ၏။

"ဘာ ဘာပြောတယ် သီတာ သ သမီးမှာ ကိုယ်ဝန်

ရှိနေတယ် ဟုတ်လား ကိုယ်ဝန်ရှိရအောင် သမီးမှာ ချစ်သူ ရည်းစားရှိတယ်လဲ အန်ကယ်လ်တို့ မကြားမိပါလား သီတာရယ်"

"ဟုတ်ပါတယ် အန်ကယ် သမီးလဲ အဲဒါကိုပဲအံ့ဩနေတာပါ"

သီတာဖြူကော၊ ဦးတင့်ဆန်းတို့ လင်မယားပါ ဝေခွဲမရခက်သောမျက်နှာများဖြင့် တစ်ယောက်ကို တစ်ယောက် ကြည့်နေမိကြလေတော့သည်။

xxxxxxxxx

"မိခင်ခင် ပြောစမ်း နင့်အကောင်ဘယ်သူလဲ ဘယ်ကလဲဆိုတာ"

"သမီးခင်ခင် ပြောလိုက်လေ သမီးဖေဖေကို ဒေါသထွက်အောင် မလုပ်ပါနဲ့ သမီးရယ်"

ဒေါ်ခင်နွဲ့တစ် ယောက် သမီးဖြစ်သူကို နှစ်သိမ့်ချော့မော့ကာ မေးနေခြင်းဖြစ်သည်။ ဦးတင့်ဆန်းတစ်ယောက် ဒေါသကြောင့် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ကာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထား၏။

ဒေါ်ခင်နွဲ့ ခင်ပွန်းဖြစ်သူ၏ ဒေါသကိုသိသည်။ ဦးတင့်ဆန်းသည် ပင်ကိုယ်သဘောကောင်းသလောက် ဒေါသစိတ်ဝင်လာလျှင်လည်း ထိန်းမနိုင်သိမ်းမရဖြစ်လောက်အောင် ကြောက်ဖို့ကောင်းလှသူ ဖြစ်သည်။

ယခုလည်း တိုးတိုး တိတ်တိတ်မေးနေသော်ငြား သမီးဖြစ်သူခင်ခင့် ထံမှ တစ်လုံး

တစ်ပါဒမျှ အဖြေပြန်မထွက်လာသောအခါ၀ယ် ဦးတင့်ဆန်းဒေါ်သတို့ ယမ်းပုံမီးကျပေါက် ကွဲရချေပြီ။

"ခွေးမ မိဘကို အရှက်ရအောင် လုပ်တဲ့ သမီးမိုက် နင်ဟာ လူမဟုတ်ဘူး နင့်လို လင်ကောင်မပေါ်ပဲ ဟာကွာကဲကွာ"

"ဝုန်း ဒိုင်း ခွမ်း"

ဦးတင့်ဆန်း တစ်ယောက်ပြောလက်စ စကားကိုဆက်မပြောတော့ပဲ ဒေါ်သအရှိန်ကြောင့် မိမိရှေ့မှ ကျွန်းဗီဒိုကြီးကို လက်သီးဖြင့် တဝုန်းဝုန်းမြည်အောင် ထိုးနေလေတော့သည်။

ဗီဒိုမှ မှန်ကွဲစများ သည်ကြမ်းပြင်ပေါ်သို့ တဖွဲဖွဲ နှင့်ကွဲ ကျလာခဲ့လေတော့၏။ ဦးတင့်ဆန်း၏ လက်အစုံမှာလည်း သွေးချင်းချင်းနီလျက်

"မေးမနေနဲ့ ခင်နွဲ့ ဒီလောက်မေးနေလို့ မပြောတော့မှတော့ သူ့အကောင်က သူ့ကိုတာဝန်မယူပဲ အပျော်ကြံပြီးပစ်သွားလို့နေမှာပေါ့ ခွေးမသတ်ကိုပစ်မယ် ဖယ်စမ်း"

ဦးတင့်ဆန်း တစ်ယောက် ပြောပြောဆိုဆို သမီးအနားတွင် ထိုင်နေသော ဒေါ်ခင်နွဲ့ကို တွန်းဖယ်ပစ်ကာခင်ခင့် ဆံပင်ကို လှမ်းဆွဲလျက်

"မိဘကိုအရှက်ခွဲ ဂုဏ်သိက္ခာမဲ့အောင်လုပ်တဲ့ ခွေးမကဲ"

"ဖျန်း ဖျန်း ဖျန်း"

ဦးတင့်ဆန်း တစ်ယောက် ဒေါ်သအရှိန်ကြောင့်

ခင်ခင့်ပါးနှစ်ဖက်ကို လွှဲကာလွှဲတာ နှင့် စိတ်ရှိလက်ရှိရိုက်နေလေတော့သည်။ ခင်ခင်တစ်ယောက် မည်သို့မျှ ရုန်းကန်ခြင်းမပြုပဲ ဖခင်ရိုက်နှက်သမျှကို အံ့ကြိတ်ကာ မျက်ရည်အရွှဲသားဖြင့် လည်စင်းခံနေလေတော့၏။

"ပြောစမ်း နင့် အကောင် ဘယ်သူလဲ နင် ကော နင့်အကောင်ကော အရှင်မထားဘူး သတ်ပစ်မယ် နှစ်ယောက်လုံး သတ်ပစ်မယ်"

ဦးတင့်ဆန်းပြောရင်းနှင့် အိမ်ခေါင်းရင်းတွင် ချိတ် ဆွဲထားသောငှက်ကြီးတောင် မဲကို ပြေး၍ ဆွဲဖြုတ်လေတော့၏။

"အမလေး ကိုတင့်ဆန်း လွှန်မယ် လွှန်မယ် လာကြပါဦး ရှင် လာကြပါဦး ဒီမှာ လူသတ် ပွဲ တွေ တော့ ဖြစ်ကုန်တော့မှာ ပဲ"

"ဖယ်စမ်း မခင်နွဲ့ ကောင်မကော သူ့အကောင်ကို ကော သတ်ပြီးမှာ ငါ ကြိုးဆွဲ တက်မယ်"

ဒေါ်ခင်နွဲ့မှာ ခင်ပွန်း ဖြစ်သူကို ဆွဲလွဲရင်း က ဝန်းကျင်သို့ အော်ဟစ်အကူ ညီတောင်းနေလေတော့သည်။

မကြာမီမှာပင် ရပ်ကွက် လူကြီး အချို့ရောက်လာ ဦးတင့်ဆန်းကို ဝိုင်းဝန် ဖျော ဖျကြရလေ၏။

ခင်ခင် တစ်ယော ရှိုက်ကြီးတငင် ငိုနေရုံမှလွဲ မည်သို့မျှမတတ်နိုင်တော့ အချစ်တစ်ခုကိုသာ ကိုးကွ ယုံစားမိခဲ့သော သူမဘဝသေ

နောက်ဆုံးတော့ ဤအဖြစ်ဆိုး ကြီးနှင့်သာ ကြုံတွေ့ခဲ့ရပေ သည်။ ရခဲ့သော နောင်တတ ရားများ သည်လည်း အချိန် နှောင်းခဲ့လေပြီ။

စီးကျလာသော မျက် ရည်တို့သည် မိန်းမတစ်ယောက် ၏ အရှက်နှင့် ဘဝအတွက် မည်သို့မျှ ထေမိနိုင်မည်မဟုတ် ချေ။ ဆူးပေါ် ဖက်ကျလျှင် ဖက် သာပေါက်၏။ ဖက်ပေါ် ဆူးကျ လျှင်လည်း ဖက်သာလျှင် ပေါက် ရချေသည်။ အရာရာ နစ်နာလှ သည့် မိန်းမသားတို့သည်ကား အယုံလွယ်ခြင်းဟူသည့် အလွန် တရာမှ ကြောက်စရာကောင်း လှပေသည်။

"ကဲ ကိုတင့်ဆန်း ခင် ဗျား ဒီလောက်လဲ ဒေါသကြီး မနေပါနဲ့ဗျာ။ ဒါဟာ ခေါင်း အေးအေး ထားပြီး စဉ်းစားရ မယ့်ကိစ္စဗျ ပြီးတော့ ခင်ဗျားက သမီးရှင်ဖြစ်နေတယ် ဒီတော့ ခင်ဗျားသမီးကို အကြောင်းအ ရင်းသိရအောင် ချော့မော့ပြီး မေးမှ ပေါ့ ဒီတော့မှ ကျုပ်တို့ လူကြီးတွေ အနေနဲ့ လုပ်သင့် လုပ်လိုက်တာကို ဆက်လုပ်ကြ ရမှာ ပေါ့ဗျာ"

ရပ်ကွက်လူကြီးများ၏ ဖြောင့်ဖျပြောဆိုမှုကြောင့် ဦး တင့်ဆန်းတစ်ယောက် ငိုင်ကျ သွားသည်။ ပြီးတော့ ခင်ခင့် ကို ကြည့်ကာ မျက်ရည်များစီးကျ လျှက်. . .

"သမီး သမီးလေး ဖေ ဖေ့ကိုပြောစမ်းပါ သမီးရယ် သမီးလေးရဲ့ ချစ်သူက ဘယ်သူ

ထဲ ဘယ်တလဲ ဘယ်မှာနေလဲ မြော ဖေဖေ့ကိုပြော ဖေဖေတို့ လိုက်ရှာပြီး ညှိနှိုင်းပေးမယ် ငါ့ သမီးလေးအရှက်တကွဲ အကျိုးနည်းတော့ ဖေဖေအဖြစ်မခံနိုင်ဘူး ဖေဖေ ဒူးထောက်ခယပြီး တောင်းပန်ရင် တောင်းပန်ရပါစေ သမီးရဲ့ အရှက်အတွက် ဖေဖေတောင်းပန်မယ်"

ဖခင်၏ ကြေကွဲဆို့နင့်သော စကားများကြောင့် ခင်ခင်တစ်ယောက် ယူကျုံးမရဖြစ်မိလေတော့သည်။ သူမအတွက်နှင့် မိသားစုအသိုင်းအဝိုင်းတစ်ခုလုံး ပတ်ဝန်းကျင်တွင် အရှက်ရခဲ့လေပြီ။ မိမိကိုယ်မိမိ မည်သို့မျှ ခွင့်မလွှတ်နိုင်။

"သ သ သမီးကိုသာ သတ် သတ်လိုက်ပါတော့ ဖေဖေရယ် သမီးမိုက်ကို မသနားပါနဲ့တော့ သမီးမှားခဲ့ပါတယ်၊ သူ သူ သမီးကို လက်မထပ်နိုင်ဘူးတဲ့ ပြီး ပြီးတော့ သူ့မှာ သူ့မှာ"

ခင်ခင် တစ်ယောက် ပြောရင်း အသံတွေတိမ်ဝင်သွားကာ ရှိုက်ကြီးတငင် ငိုကြွေးနေတော့သည်။ ဦးတင့်ဆန်း တစ်ယောက် သမီးဖြစ်သူ၏ ပခုံးကို ဆုပ်ကိုင်ကာ

"ပြောစမ်း သမီး သမီးချစ်သူက ဘာတဲ့လဲ ဘာပြောသလဲ"

"သူ့ သူ့ မှာ အိမ် အိမ်ထောင်ရှိတယ်တဲ့ ဖေဖေ သူ သူက တာဝန်မယူနိုင်ဘူးတဲ့"

"ဘာ တောက်"

"ဖြစ်ရလေသမီးရယ်

ဟီး ဟီး ဟီး"

ဒေါ်ခင်နွဲ့ သမီးဖြစ်သူ၏ စကားကြောင့် ယူကျုံးမရ ဝမ်းနည်းပက်လက် ဖြစ်ကာ ငိုချလိုက်လေတော့သည်။

သူတို့မိသားစုအဖြစ် ကိုကြည့်ကာ အားလုံးစိတ်မကောင်းဖြစ်ကြရသည်။ သူတစ်ပါးသမီးပျိုကိုအပျော်ကြံဖျက်ဆီးရက်သော ကျော်စွာဆိုသူကိုလည်း ဒေါသထွက်မိကြသည်။ အားလုံးတက် တခေါက်ခေါက် လက်သီးတပြင်ပြင်နှင့်။

ဤသို့ဖြင့် နောက်ဆုံးတွင် ရပ်ကွက်လူကြီးများ၏ အကြံပေးမှုဖြင့် ရဲစခန်းသို့ တိုင်ကြားခဲ့ရလေတော့သည်။ ခင်ခင့်မိဘနှစ်ပါးက ကျော်စွာအားဖြားယောင်းသွေးဆောင်၍ ကာမရယူမှု၊ အလိုမတူပဲ အဓမ္မကျင့်မှုတို့ဖြင့် အမှုဖွင့်ခဲ့လေ၏။

ထိုပုဒ်မတို့ဖြင့် ရဲစခန်းမှ အလိုရှိသော ကျော်စွာတစ်ယောက်မှာကား ပျောင်ချက်သားကောင်းနေပေတော့သည်။

ကျော်စွာ နေခဲ့သော သာကေတမှ အိမ်ကို သွားကြည့်သောအခါတွင် ထိုအိမ်မှာ ငှားနေခြင်းဖြစ်ကြောင်း၊ ပြန်မလာသည်မှာ ရက်အတော်ပင်ကြာနေပြီဖြစ်ကြောင်းသာ သိခဲ့ရလေသည်။

သို့သော် ရာဇဝတ်မှုကျူးလွန်သူများအတွက် ပြေးစရာ မြေကားမရှိ။ ရဲစခန်းချင်းသတင်းပေးဆက်သွယ်မှုများအရကျော်စွာအားသန်လျင်ရှိ သူငယ်ချင်းတစ်ယောက်နေအိမ်တွင်

ခင်းဆီးမိခဲ့လေ၏။

သို့ရာတွင် ထိုအမှုတွင် ရဲရေးမပိုင်ရကား တရားရုံးသို့ လွှဲပြောင်းခဲ့ရလေ၏။ သို့ရာတွင် ကျော်စွာကားရဲစခန်းအချုပ်ထဲတွင် စံမြန်းနေရလေတော့သည်။

မိမိ၌ ကာမပိုင်မိန်းမရှိရက်နှင့် သူတစ်ပါးသမီးပျိုကို အယုံသွင်းကာ ဖျက်ဆီးခဲ့လေသော ကျော်စွာလို လူမျိုးအတွက်ကား အချုပ်ခန်းသို့သော နေရာသည်သာလျှင် ထိုက်တန်သည့်နေရာ မဟုတ်ပါလော။ ပြစ်မှုထင်ရှားတွေ့ရှိကလဲ ထိုက်သင့်သောအပြစ်ဒဏ်တို့ဖြင့် ထောင်တွင်းသို့ ဝင်ရပေဦးမည်သာ။

အယုံလွယ်၍ ဘဝပါ ပုံအပ်ခဲ့လေသော ခင်ခင်တစ်ယောက်သည်လည်း ဆိုးရွားသော လောကဓံ၏ ဒဏ်ကို ခါးစည်းခံနေရမည်သာဖြစ်သည်။

မည်သူနည်း၊ မည်သည့်အရပ်ကနည်း၊ လူလွတ်လော အိမ်ထောင်သည်လော၊ လူဆိုးလေသာ၊ လူကောင်းလော ခွဲခွဲခြားခြား၊ ကွဲကွဲပြားပြား မသိရပါပဲနှင့် အယုံလွယ်၍ ပုံအပ်မိခဲ့ကြပါလျှင် ရရှိလာမည့် အကျိုးရလာဒ်သည်ကားနောင်တ. . .

×××××××××

ညီထွန်း

အိမ်နီးချင်းမိသားစု



## အိမ်နီးချင်း မိသားစု

*ဟိန်းထက်ဇော်*

တစ်နေ့သ၌ လေးဆယ့်ငါး ပ်သားခန့်ရှိသော ဓားမတစ် ောင်းကို ကိုင်ပြီး သူ့အိမ်ရှေ့သို့ င်းလာ၏။ ရေတိုင်ကီနားတွင် သော ဓားသွေးကျောက်တွင် တရှဲ ဖြင့် သွေးနေတော့၏။

သူ၏ ခနိုမိုး ဝါးထရံကာ အိမ် းမှာပုဇွန်တောင်ချောင်းဘက်သို့ က်နှာမူထား၏။ သူ့အိမ်ဆောက်ထားသော နေရာမှာ ရေတက် ရေကျရှိ၏။ ထို့ကြောင့် သူ့အိမ်မှာ ခြေတံရှည် အိမ်ဖြစ်၏။ ချောင်း အတွင်း သွားလာနေသော လှေ၊ သမ္ဗန်၊ သင်္ဘောများကို အိမ်ပေါ်မှ အတိုင်းသားမြင်ရ၏။

ချောင်းကမ်းဘေးတွင် လမု ပင်များက အစီအရီပေါက်လျက်ရှိ ၏။ သူ့အိမ်သည် လမုပင်နှစ်ပင် ကြားတွင် ရှိ၏။ ခေါင်းရင်းအပင် သည် ထွားဆိုင်သာသာကြီး၏။ ခြေရင်းအပင်ကတော့ အနည်း ငယ် သေး၏။ သူ၏အိမ်က အပင် နှစ်ပင်ကြားတွင် ညပ်နေခြင်းဖြစ် ၏။

ထို့ကြောင့် သူ၏အိမ်ကို တိုးချဲ့ပြီး ပြင်ဆင်ရန် အခက်တွေ့ နေ၏။ ထိုအပင်နှစ်ပင်ကို ခုတ်ပစ် ရန် ဓားသွေးနေခြင်းဖြစ်၏။ ထိုစဉ် အိမ်ဦးခန်းတွင် ထိုင်နေသော

သူ့ဖခင်က . .

"မောင်ကျော်. . မားသွေးနေတာ. . ဘာလုပ်ဖို့လဲ"

ဟု လှမ်းမေးသည်။ ကိုကျော်လည်း သူ၏ ဖခင်ဘက်သို့ သမင်လည်ပြန်လှည့်ပြီး

"ခေါင်းရင်းနဲ့ ခြေရင်းမှာ ရှိတဲ့ လမုပင်တွေကို . . ခုတ်ပစ်ဖို့ မားသွေးနေတာအဖေ"

ဆိုပြီး ပြန်ဖြေ၏။ ထိုစဉ် အိမ်မီးဖိုချောင်မှ ဇနီးဖြစ်သူ ခရီးထွက်လာ၏။

"ရှင်က. . ကျွန်မတို့ အိမ်ရဲ့ လူကူးတံတားကိုတော့. . ပြင်မယ်လို့ စိတ်မကူးဘူး. . အခြားအရေးမကြီးတဲ့ အလုပ်ကျတော့ အရင်ရှုပ်တယ်"

ဟု ဝင်ပြီးပြောလိုက်၏။ ထိုအရောအခါ

"ဟုတ်တယ်သား. . မင်း. . ခုတ်မယ့်အပင်တွေကို. . မခု
အဖေပြောချင်. . ခုတ်လိုက်ရင်
တို့မိသားစုအတွက် အန္တရာ
တစ်ခုခု. . ကျရောက်လာနိုင်တ

ဟု တားမြစ်လိုက်လေသ
ကိုကျော်တစ်ယောက် သူ့ဖခ
စကားကြောင့် မားသွေးနေခြ
ရပ်လိုက်၏။ ပြီးနောက် အိမ်
သို့ တက်လာ၏။ သူ၏ ဖခင်
နားမလည်သော မျက်ဝန်း
ကြည့်နေ၏။ ဇနီးဖြစ်သူ မရိ
အနားသို့ လာထိုင်၏။

"ဟုတ်တယ်. . ကိုကျော်
အဖေပြောတဲ့ စကားကို စော
မတက်နဲ့တော့. . အဖေက.
ကြီးဆိုတော့ ရှေးကို ကြို
ပြောတာ"

ဟု ပြောနေ၏။ ကို
တစ်ယောက် တစ်ပင်ခုတ်
အစီအစဉ်ကို ဖျက်သိမ်းလိုက်

၏စိတ်ထဲတွင်တော့ မကျေမနပ် ။ ဖခင်နှင့်ဇနီးသည်စကားက သူ့ တွက် စိတ်အနှောင့်အယှက် ပေါ်နေတော့၏။ ထိုစဉ် သူ့ဖခင်

"မင်းကို့ . . ထပ်ပြီး သတိပေး ယ် . . အကိုင်းအခက် အလက်က စ ခြေရင်း ခေါင်းရင်းမှာရှိတဲ့ . . ပင်တွေကိုတော့ . . ယောင်လို့ းတောင် . . သွားမခုတ်လေနဲ့ . . . . ပြောတာ နားမထောင်ရင် တော့ . . ကိုယ့်ဒုက္ခ ကိုယ်ရှာတာပဲ"

ဟု ကိုကျော်မြင့် ဖခင်က ပြော လေ၏။ ကိုကျော်တစ်ယောက် ည်သို့မျှ ဆက်မပြောတော့ပေ။ သူ့ နေနှင့် ဖခင်ကြီး၏ စကားကို တော့ မပယ်ဝံ့ပေ။

သို့ဖြင့် လမုပင်နှစ်ပင်မှာ ဆက် တ်ရှင်သန်နေတော့သည်။

+ + + + +

ညကိုးနာရီခန့်ဖြစ်၏။

ကို ကျော် ဖခင် ကြီးလည်း ဘုရားဝတ်တက်၏။ အမျှအတန်း ပေးဝေ၏။ ပုတီးစိပ်သည်။ နံနက် မိုးမလင်းခင် အိပ်ယာမှ ထမြန် သည်။ မျက်နှာသစ်သည်။ ပြုလုပ် နေကျအတိုင်း ဘုရားကို ရှစ်ခိုးပြီး သရဏဂုံတည်တော့၏။ ကိုကျော် ဖခင်၏ နေ့စဉ် ဝတ္တရားများဖြစ်၏။

ဤသို့ဖြင့် ညနေစောင်းလာ ၏။ မိသားစု အားလုံးအိမ်ရှေ့တွင် ထိုင်ပြီး အာလာပသလ္လာပ ပြောဆို ရင်း စကားဝိုင်းဖွဲ့နေကြ၏။ ထိုအခါ ကိုကျော်၏ ဖခင်ဦးချစ်က

"သမီး . . ညတုံးက . . အဖေ . . ဘုရားဝတ်ပြုတုံး . . ကလေးငို သံက ညံလှတယ်ကွယ့်"

"အဖေ ညတုံးက . . အဖေ မြေးမက ပုခက်ထဲမှာ အိပ်နေပြီ လေ . . အကြီးကောင် အဖေမြေး လည်း . . စောစောအိပ်တယ် . .

ဘယ်က လာ . . ခလေးငိုသံ ကြားရတာလဲ . . ."

ဟု ပြန်ပြောလိုက်၏။ ဦးချစ်တို့သားအဖ ပြောနေသည်ကို ကြားမှနေပြီး ကိုကျော်တစ်ယောက် နားထောင်နေ၏။

" အေးလေ . . အဖေရဲ့ နားထဲမှာတော့ . . ခလေးငိုသံဟာ တော်တော့်ကို ဆူညံသွားတာပဲ . . ဘုရား အာရုံပြုတာတောင် အနှောင့်အယှက်ဖြစ်ရတယ် . ."

ဟု ဦးချစ်က ပြောပြနေ၏။

"ညက. . အိမ်က, အဖေ့မြေးတွေ . . မငိုတာတော့ အမှန်ပဲ. . ခြေရင်းအိမ်ဆိုရင်လဲ. . ကလေးအငယ်ကို လူပျိုပေါက်အရွယ် ဖြစ်နေပြီ. . ခေါင်းရင်းအိမ်ဆို ကလေးဆိုလို့. . တစ်ယောက်မှ မရှိဘူး မဟုတ်လား. . အဖေ့ကြားရတဲ့ကလေးငိုသံဟာ . . . ထူးထေ
အတော်ထူးတယ်"

"အိမ်က. . မြေးတွေ မဟု
ရင်ပြီးတာပဲ. . အဖေစိတ်ထဲ
မြေးတွေ အိပ်နေရင်း တစ်ကော
ကောင်ကိုက်ခံရလို့. . လန့်
အောငိုတာလို ... ထင်မိတယ်
မဟုတ်ရင်လဲ ပြီးတာပဲလေ
ကလေးတွေ အိပ်ယာဝင်ခါနီး
သတိတရနဲ့ လှဲကျင်းပြီးမှ သိ
သမီးရယ်. . "

"ဟုတ်ကဲ့ပါ အဖေ. . သ
. . သေသေချာချာ. . သန့်ရှင်း
လုပ်ပြီးမှ . . အဖေမြေးတွေ
သိပ်တာပေါ့"

ဟု ချွေးမဖြစ်သူ မရီက
ရှင်းပြနေလေ၏။ ကိုကျော်
တော့ သားအဖနှစ်ဦးပြောဆို
သည်ကို စိတ်ဝင်စားခြင်းမရှိ
လမုပင်များ မခုတ်လဲခြင်း

ဘဝင်မကျဖြစ်နေတော့၏။

ထိုညက ဦးချစ်တစ်ယောက် ထုံးစံအတိုင်း ဘုရားဝတ်တက်သည်။ ညကတဲ့သို့ ကလေးငိုသံ မကြားရပေ။ ဝန်းကျင်တစ်ခုလုံး တိတ်တိတ်ဆိတ်ဆိတ် ရှိတော့၏။ ဦးချစ်၏ စိတ်ဝယ် မုဒိတာ ဖြစ်မိသည်။

သို့ဖြင့် ဦးချစ်လည်း ဘုရားခန်းတွင် ချွေးမဖြစ်သူ ခင်းပေးထားသော အိပ်ယာသို့ ဝင်အိပ်လိုက်သည်။

"ဖျို့. . ဆရာချစ်. ."

ဟု ကောက်ခါငင်ခါ ခေါ်လိုက်သံကို ကြားလိုက်ရ၏။ ထို့ကြောင့် ဦးချစ်လည်း ငေါက်ခနဲ ထလိုက်သည်။ ခေ့မှာင်နှင့်မဲမဲ ဖြစ်လျက်ရှိ၏။ ဘေးပတ်ဝန်းကျင်ကို လိုက်လံရှာဖွေနေတော့၏။ သူစိတ်ထဲ စနိုးစနောင့် ဖြစ်သွားသည်။ အမှန်တကယ်ပင် သူ့အားခေါ်လိုက်သည့်အသံကို ကြားလိုက်ရ၏။

ယခုတော့ မည်သူကိုမျှ မတွေ့ပေ။ သားသမီးမြေးတွေလည်း တခေါခေါဖြင့် အိပ်မောကျလျက် ရှိ၏။ သူကိုယ်သူပင် မယုံသင်္ကာ ဖြစ်မိသည်။ သူ၏ နားနှင့် ဆတ်ဆတ်ကြားရသည့် အသံက စွဲကျန်ရစ်နေတော့၏။

ထို့ကြောင့် ဦးချစ်လည်း မေတ္တာပို့ အမျှတန်းဝေပြီး ပြန်အိပ်ချလိုက်လေသည်။

× × × × ×

"အူဝဲ. . အူဝဲ. . အူဝဲ"

ဟူသော ကလေးငိုသံက ဆူညံသွားသည်။ အိပ်ပျော်နေသော ကိုကျော်လည်း လန့်ပြီးနိုးသွား၏။ အိပ်မှုန်စုံမွှား ဖြစ်နေသေးသဖြင့် သူ့မျက်လုံးများကို ပွတ်လိုက်၏။ ငို

နေသော အသံလာရာဘက်သို့ လှည့်ကြည့်လိုက်၏။

သူတွေ့လိုက်ရသော မျက်ဝန်း အစုံကြောင့် မယုံနိုင်အောင် ဖြစ် သွား၏။ ထို့ကြောင့် သူ၏ မျက် လုံးများကို ထပ်ဖြိုးပွတ်လိုက် ပြန်၏။ ငိုနေသော အသံရှိရာသို့ တစ်ခေါက်ကြည့်မိပြန်သည်။ သူ၏ ခြေရင်း၌ မိသားစုလေး ယောက်ကို တွေ့လိုက်ရ၏။

မိန်းကလေးက အငယ်ဆုံးဖြစ် ဟန်တူ၏။ သူမ၏ မိခင်က နှိုတိုက် နေကြောင်း တွေ့ရသည်။ အကြီး ဆုံးယောကျ်ားလေးက သူသား လောက်ရှိသည်ကို မြင်နေရ၏။ ထိုသို့ ကလေးငိုလွန်းနေသော ကြောင့် . .

"ကလေးကလဲကွာ ဒီလောက် တောင် သဲကြီးမဲကြီး အာလို့ငိုနေ တာလဲ. . မင်းမှာလဲ. . ဒီကလေး တစ်ယောက်တောင်. . အငိုတိတ် အောင် မချော့တတ်ဘူး"

"ဒါဆို. . ရှင်လာချော့ . . ဒီ. . ရှင့်သမီးက အကဲ နည်း နည်းပိုတယ်. . ရှင်တိတ မဟုတ်လား. . ငိုမိသွားပြီဆိုရင်. . တော်ရုံ အငိုတိတ်တာ မဟု ဘူး။ ဒွဲကတော့ တော်တော်ကြီး ကလေးမ"

ဟု အမျိုးသမီးက ပြန်ပြေ လိုက်၏။ ယောကျ်ားဖြစ်သူ သူ၏ မိန်းမအားပြန်ပြီး မပြေ တော့ပေ။ မနိုမိုးနေသော အလု ကို ဆက်ပြီး လုပ်နေတော့ ထိုအချိန် အမျိုးသမီးက က ကို နှိုတိုက်နေလျက် တဖြန်းဖြ ဖြင့်ရိုက်သည်။

အမျိုးသမီး၏ ရင်ခွင်ထဲ ကလေးမှာ အသံပြုကြီးနှင့် အ ကုန်ပြီး အော်ငိုလေတော့

အမျိုးသမီးက ရင်ခွင်ထဲမှ ကလေးကို ဘေးသို့ ဆောင့်ဆောင့်အောင့် အောင့် ပစ်ချလေ၏။ ထိုသို့ မြင်ကွင်းကို မနိုမိုးနေသော ကလေး၏။ ဖခင်က မနေနိုင်တော့ပေ။ ခနိကို ဆက်ပြီး မမိုးတော့ပဲ၊ အောက်သို့ ပြန်ဆင်းလာ၏။ ငိုနေသော ကလေးကို ပွေ့ချီလိုက်၏။

"မငိုနဲ့တော့နော်. . တိတ်ပါ သမီးရာ . . "

ဟုကလေးကို ချော့နေ၏။

"အမေကြီးကလည်း ကလေးကို ဒီလောက်တောင်ရိုက်ရသလား တင်ပါးမှာ လက်ငါးချောင်းရာတောင်. . ထင်သွားတယ်"

ဆိုပြီးပြောလေသည်။ ထိုအခါ ထိုသူ၏ ဇနီးက

"ဒီလို သန္ဓေဆိုးတဲ့ ကလေးမျိုး . . တင်ပါးကို အရှိုးထင်တာ နည်းသေးတယ် . . တစ်ကိုယ်လုံးကို ရစရာမရှိအောင် ရိုက်ပစ်မှာ"

ဟု ကက်ကက်လန်အောင် ပြန်ပြောပြလေ၏။ ယောကျ်ားကြီးကတော့ ကလေးကို သူ၏ ပုခုံးပေါ် သို့ ချီထားလိုက်၏။

"တိတ်တော့နော်. . သမီးလေးက. . လိမ္မာပါတယ်ကွယ်"

ဟု ပြောဆို ဖျောင်းဖျလျက်ရှိ၏။ ထိုအခါမှ ကလေးလည်း အငိုတိတ်သွားသည်။ ကလေးမှာ အိပ်ချင်သဖြင့် ငိုနေခြင်းဖြစ်၏။ သူ့မဖခင်လည်း ပုခက်တွင်းသို့ ကလေးကိုထည့်သိပ်လေ၏။

ထိုအချိန်ကျမှ ကိုကျော်လည်း သူတို့မိသားစု အနားသို့ သွားလိုက်၏။ ကိုကျော်ကို မြင်လျှင် အိပ်ရှင်အမျိုးသားက

"အိမ်ပေါ်တက်ပါ လာထိုင်ပါဦး"

ဟု အတင်းအဓမ္မပြောနေ

သည်။ ကိုကျော်လည်း အားနာနာဖြင့် သူတို့၏ အိမ်ပေါ်သို့ တက်လိုက်၏။ ထိုအခါ အမျိုးသားက ကိုကျော်အား

"အကို.. ကျွန်တော်တို့ အိမ်ကိုလာတာ ကိစ္စအကြောင်းထူး ရှိလို့လား.. ရှိရင်ပြောနော်.. ဘာမှ အားမနာနဲ့.. အိမ်နီးနားချင်းတွေပဲ.. တစ်ယောက်အကြောင်း တစ်ယောက်ပံ့ပိုး ကူညီပေးရမှာပေါ့"

"အကြောင်းထူးမရှိပါဘူး.. ခင်ဗျာတို့ အိမ်ကိုလာတာ.. တစ်ခါမှ မရောက်လို့.. တမင်သက်သက် လာခဲ့တာပဲ"

ဟု ကိုကျော်က ပြောလိုက်၏။ အမျိုးသမီးလည်း ကလေးပုခက်ကို လွှဲနေသည်။ ဤသို့ပုခက်လွှဲနေရင်းမှ ..

"အကိုရဲ့ဇနီး.. အမကိုလည်း အိမ်ကို လာလည်ဖို့ ဖိတ်ပါတယ်"

"ဟုတ်ကဲ့.. ကျွန်တော့်ရဲ့ အမျိုးသမီးကို ပြောလိုက်ပါမယ် ကျွန်တော်တို့ အိမ်ကလည်း .. ဒီက.. မိသားစုတွေကို ပြန်ဖိတ်ပါတယ်"

ဆိုပြီး ကိုကျော်က... တစ်ယောက် တစ်ပြန်ဖိတ်လို ၏။ ထိုစဉ် အမျိုးသမီးက

"အကို.. ကျွန်မတို့ အိမ် လာတာနဲ့ အတော်ပဲ"

"ဘာဖြစ်လို့လဲ"

"ဪ.. အကြောင်းထူး တော့ မဟုတ်ပါဘူး.. အကိုအိ ခေါင်းရင်းမှာနေတဲ့ ကျွန်မတို့ ဦးလေးအကြောင်းကို ပြောမလို့

"ဘာလဲ.. ကျွန်တော့်ရဲ့ အိ ခေါင်းရင်းက.. ဟိုလင်မယား နှစ်ယောက်လား.. သူတို့က.. ကလေး.. အငယ်အနှောင်း တော့.. လွတ်လွတ်လပ်လပ် နေ

ကြမှာပေါ့. . နောက်. . တစ်ခါတစ်
ရဲ့. . လူသံတောင်မကြားရဘူး. .
ကျွန်တော်တို့ မိသားစု အချင်းချင်း
တောင်ပြောဆိုမိကြသေးတယ်"

ဟု ကိုကျော်က ပြောဆိုနေ
လေ၏။ ကိုကျော်၏. . . စကား
ကြောင့် အမျိုးသားက

"ဘယ်လို. . ကိစ္စများ ပြောဆို
တာလဲ"

"လူမှ ရှိကြရဲ့လားလို့"

ဟု ကိုကျော်က ပြန်ဖြေလေ
သည်။ ထိုစဉ် အမျိုးသမီးက စဉ်း
းနေ၏။ သူမအနေနှင့် အတွေး
ါက်သွားဟန်တူ။ ကိုကျော်အား
ည့်ပြီး

"အခုန အကိုပြောတာ. .
င်မယားနှစ်ယောက်လို့ ကြားမိ
တယ်"

"ဟုတ်တယ်လေ ကျွန်တော်
ဲ့ အိမ်ခေါင်းရင်းမှာ နေကြတာ
. . လေးဆယ်ကျော် လင်မယား
နှစ်ယောက်ပဲ"

ဆိုပြီး ပြောလေ၏။ ထိုစကား
ကြောင့် အမျိုးသမီးရော
အမျိုးသား ပါ ပျာပျာသလဲ
ကို ကျော် အား လှမ်း
ကြည့်လိုက်၏။ ပြီးနောက် . . .

"မဟုတ်ဘူးလေ . . . တစ်
ယောက်တည်းပါ . . . အကိုအိမ်
ရဲ့ ခေါင်းရင်းလမ်းပင်မှာနေတာ
လေ"

"ဗျာ"

ဟု ကိုကျော်၏နှုတ်မှ. . .
အာမေဋိတ် သံထွက်ပေါ်သွား၏။
ထို့ကြောင့် သူ၏ဘေးတွင်အိပ်
နေသော ဇနီးမရိက . . .

"ကိုကျော် . . . ကိုကျော် "

ဟု လှုပ်နှိုးလေသည်။
ကိုကျော် လန့်ပြီးနိုးလာ၏။ သူ၏
တစ်ကိုယ်လုံး. . . ဇောချွေးတွေ

တဒီးဒီး ကျနေတော့၏။ သူမက်ခဲ့သောအိပ်မက်အကြောင်းကို ပြန်လည် တသသဖြင့် တွေးနေမိ၏။ ထိုစဉ် ဇနီးဖြစ်သူမရီက . . .

" ကိုကျော် . . . ရှင့် . . . ဘာ ထပြီး . . . ယောင်အော်တာလဲ "

"ဘာရယ်လို့တော့ မဟုတ်ပါဘူးကွာ . . . ငါ . . . အိပ်မက်မက်နေတာ "

"ဘာ . . . အိပ်မက်မက်တယ်ဟုတ်လား . . . ဘာအကြောင်းတွေများ မက်တာလဲ"

ဟု ဇနီးဖြစ်သူက မေးလိုက်လေသည်။ ထို့ကြောင့် ကိုကျော်လည်း သူ၏အိပ်မက်အကြောင်းကို ပြောပြလိုက်၏။ သူ၏ စကားဆုံးယှဉ် ဇနီးမရီက . . .

" ဒါဆို . . . ကျွန်မတို့ . . . အိမ်ရဲ့ . . . ခြေရင်း ခေါင်းရင်းမှာရှိတဲ့ . . . လမုပင်တွေမှာ သူတို့တစ်တွေနေကြတယ်ပေါ့"

"အေးလေ . . . ငါရဲ့အိပ်မက်အရဆိုရင်တော့ . . . ငါတို့အိမ်ရဲ့ခြေရင်းလမုပင်မှာက . . . မိသားစုတွေနေကြတယ် . . . ခေါင်းရင်းမှာကတော့ . . . ယောကျ်ားတစ်ယောက်တည်း နေတယ်"

ဟု ပြောဆိုလေ၏။ ကိုကျော်၏စကားကြောင့် မရီလည်း အထိတ်တလန့် ဖြစ်သွားရှာ၏။ သူတို့၏ ဖခင်ကိုနိုးပြောရကောင်းမလားဟူ၍ အတွေးပေါက်မိ၏။

"ခေါင်းရင်းက . . . လူကတော့ . . . ငါမတွေ့ခဲ့ရဘူး . . . ခြေရင်းမိသားစုတွေနဲ့တော့ . . . စကားအေးအေးဆေးဆေး ပြောခဲ့ရတယ်"

"ရှင့်ရဲ့အိပ်မက်အတိုင်းသာ

. . သူတို့အမှန်တကယ်ရှိရင်တော့ ကကယ်ကိုကြောက်စရာကြီးနော် ကျွန်မစိတ်ထဲလည်း မသက်သာတော့ ပြီသား . . . ဟိုတလောက . . . အဖေပြောတဲ့စကားကို . . . ရှင် . . မှတ်မိသေးလား "

"ဘာများလဲကွ"

ဟု ကိုကျော်က သူ့ဇနီးအား ပြန်မေးလေသည်။ ကိုကျော်၏ အမေးကြောင့် မရီက

" ကလေးငိုသံကိစ္စနဲ့ ပတ်သက် ပြီးတော့လေ . . . အဲဒီညက . . ကျွန်မတို့အိမ်က . . . ကလေး တွေ အားလုံးအိပ်နေကြတယ် ဟုတ်လား . . . အဖေတောင် ကလေးငိုသံကြောင့် . . . တရား အလုပ်ကို ဖြောင့်ဖြောင့်တန်းတန်း မလုပ်နိုင်ဘူးလေ . . . စိတ်အ နှောင့်အယှက်အတော် ဖြစ်သွားရှာ တယ်"

" ဟုတ်တယ် . . ဟုတ်တယ် မင်းတို့သားအဖပြောဆိုနေတာ . . ငါကြားလိုက်မိတယ် . . ငါက မင်းတို့စကားကို စိတ်မဝင်စားလို့ ဂရုတစိုက်နားမထောင်မိတာ . . . အဲဒီတုံးက . . ငါ . . . စိတ်ထဲက အဲဒီလမုပင်တွေကို . . . မနုတ်ရ လို့စိတ်ညစ်နေတာပေါ့ . . "

ဆိုပြီး ကိုကျော်က ပြောဆို လိုက်၏။ ထိုစဉ် မရီကသူ၏စကား ကို ချိန်ချိန်ဆဆဖြင့်

"အဲဒီတုံးက . . . အဖေ . . ကြားလိုက်ရတဲ့ကလေးငိုသံဟာ ကျွန်မတို့အိမ်ခြေရင်းမှာရှိတဲ့ . . လမုပင်က . . . ကလေးငိုသံများ လား မသိဘူးနော် "

"ဟာ . . . မင်းကလဲ . . အတွေးမချော်စမ်းပါနဲ့ . . . "

ဟု ပြောလေသည်။ ကိုကျော် တစ်ယောက်ပြောသာပြောလိုက်ရ

သည်။ သူ့အနေနှင့် နဂိုကတည်း ကအတွေးပေါက်ပြီးသားဖြစ်၏။ သူတို့အိမ်ပတ်ဝန်းကျင်ဝယ် ကလေးငယ်ငယ်နှောင်းနှောင်းတွေ မရှိပေ။ သူတို့တစ်အိမ်တည်းသာ ရှိ၏။ သူတို့အိမ်မှ ကလေးငိုသံ မဟုတ်သဖြင့် တခြားစဉ်းစားစရာ မလိုပေ။

ဤသို့ဖြင့် ကိုကျော်တို့လင် မယားလည်း မပျော်တစ်ဝက်ဖြင့် အိပ်ယာထဲတွင် လူးလှိမ့်နေမိကြ၏။

"အဖေ"

"ဘာလဲ . . . သမီး"

"ညက . . . အဖေရဲ့သား . . အိပ်မက် မက်တယ်"

"ဟုတ်လား . . ဘာ အကြောင်းများမက်လို့လဲ"

ဟု ဦးချစ်က သူ၏ချွေးမကို မေးလိုက်မေးလိုက်လေသည်။ သူ့ သားမောင်ကျော်သည် အယုံ အကြည်ရှိသူမဟုတ်ပေ . . ထိုသို့ အိပ် မက်ကိုလည်း မက်သည်ဟု တစ်သက်နှင့်တစ်ကိုယ် မပြောဘူး ပေ။ ယခုတော့ မောင်ကျော် တစ်ယောက် မည်သို့ဖြစ်ပြီး မယုံ ကြည်သည့် လူက အိပ်မက် မက် သည့်အကြောင်းကို ပြောဆိုနေ လေပြီလဲဟု တွေးနေတော့၏။

ချွေးမဖြစ်သူ မရီက သူမ ခင်ပွန်းမက်သည့် . . အိပ်မက် အကြောင်းကို ပြန်ပြောပြနေလေ ၏။ ချွေးမပြောဆိုနေသမျှကိုတော့ ဦးချစ်တစ်ယောက်ခေါင်းတညိတ် ညိတ် ဖြစ်နေတော့၏။ ချွေးမက အစအဆုံးပြောဆိုပြီးလျှင်

"အင်း . . အဖေ . . စိတ်ထဲ ဒီ သစ်ပင်တွေကို မသက်မသာဖြစ်နေ မိတာ အမှန်ဖြစ်နေပြီပေါ့ . . ဒါ ကြောင့်လဲ . . မောင်ကျော် . . သစ် ပင်ခုတ်လှဲပစ်မယ် လုပ်တုံးက

တ်ဖို့အဖေ. . တားခဲ့တာပေါ့ . ဖေစိတ်ထဲ. . အလိုလိုနေရင်း . သိနေသလိုပဲ . . အခု. . ာင်ကျော်မက်တဲ့ အိမ်မက် အရ ရင်. . တို့အိမ်ရဲ့ခြေရင်း, ခေါင်း င်းမှာ ရှိနေတာ အမှန်ပဲပေါ့"

ဟု ဦးချစ်က ရှင်းပြနေ၏။ ့မဖြစ်သူ မရိကတော့ ကြောက် ကြောက်လန့်လန့်ရှိ၏။ သူမ၏ ားသမီးတွေအတွက် ပူပင်သော ဖြစ်နေဟန်ရှိ၏။ ထို့ကြောင့်

"အဖေ. . သူတို့တစ်တွေ ရှိ နေရင်. . အဖေ. . မြေးတွေအတွက် တ်ပူရမယ်နော်"

"ဩော်. . သမီးရယ်. . သူတို့ ဲ. . သူတို့ဘဝနဲ့ သူတို့အကြောင်း နေကြတာပဲ. . အဖေတို့နဲ့ မပတ် တ်နိုင်ပါဘူး. . ဒါပေမဲ့. . လူ ိုတာ. . တစ်ဦးမေတ္တာ တစ်ဦး ိုတဲ့အတိုင်း . . အပြန်အလှန်တော့ မေတ္တာထားရမယ်ပေါ့"

ဟု ဆိုလေသည်။

ဦးချစ်လည်း ချောင်းဘက်သို့ လှမ်းကြည့်လိုက်၏။ ပြီးမှ

"တို့ရဲ့. . ပရိတ်ကြီး ဆယ့်တစ်သုတ်မှာ. . မေတ္တာသုတ်ဆိုတာပါတယ်. . အဲဒီ့ မေတ္တာသုတ်ပေါ်လာရတဲ့ အကြောင်းကလဲ. . တစ်နေ့သ၌ ရဟန်းငါးရာဟာ သာဝတ္ထိပြည်နဲ့ ယူဇနာတစ်ရာဝေးတဲ့ရွာကို ကြွသွားကြတယ်၊ ရွာရဲ့ အစွန်တောအုပ်ထဲက သစ်တစ်ပင်အောက်မှာ တစ်ပါးစီ ထိုင်ပြီး တရားကျင့်ကြတယ်"

"အဲဒီလို ကျင့်သော်လည်း ကမ္မဋ္ဌာန်းအလုပ်ကို ဖိဖိစီးစီး မလုပ်နိုင်ပါဘူး၊ ဘာကြောင့်လဲ ဆိုတော့. . သစ်ပင်တွေမှာ နေကြတဲ့ ရုက္ခစိုးနတ်တွေဟာ. . ရဟန်းတွေရဲ့ သီလတန်ခိုးကြောင့်. . သစ်ပင်

သေါ်မှာမနေရဲကြပဲ. . ဒုက္ခဆင်းရဲစွာဖြင့် မြေပြင်မှာ လှည့်လည်ပြီး နေကြရတယ်"

"နောက်ဘာတွေ ဆက်ဖြစ်သေးလဲ အဖေ"

ဟု ချွေးမဖြစ်သူက မေး၏။

"အဲဒီနောက်တော့. . တောအုပ်အတွင်းမှာ ရဟန်းတွေ. . မနေနိုင်အောင်. . အမျိုးမျိုးနှောက်ယှက်ကြတယ်. . ခြောက်လှန့်ကြတယ် ဒီလိုနဲ့. . ရဟန်းတွေဟာ. . တရားအလုပ်ကို ကောင်းကောင်းမလုပ်နိုင်ကြတော့ဘူး. . နောက်ဆုံးတော့. . မြတ်စွာဘုရားရှိတဲ့. . သာဝတ္ထိကို ပြန်ကြပြီး မြတ်စွာဘုရားထံကို ဝင်ပြီး. . အကျိုးအကြောင်းလျှောက်ထားကြတယ်. . "

"ဒါကြောင့်. . . ထိုရဟန်းတော်များနှင့် သင့်တော်မယ့် နေရာကို ကြည့်ရှုပေးတော်မူတယ်. . ဒါပေမယ့်. . မည်သည့်နေရာ[illegible] တရားထူးရနိုင်ဖို့ မမြင်ဘူး. . [illegible] ရဟန်းတို့ ပြန်ကြွလာတဲ့ [illegible] သည်သာ တရားထူးတရားမြ[illegible] ရနိုင်ကြောင်း မြင်တော်မူတယ်[illegible]

ဟု ပြောပြလေ၏။ ဦးချ[illegible] လည်း ရေနွေးကြမ်းတစ်ခွက်ကို[illegible] သောက်နေ၏။ ပြီးနောက် ဦးချ[illegible]

"မြတ်စွာဘုရားသခင်က. . [illegible] ရဟန်းငါးရာကို. . မေတ္တာသု[illegible] သင်ကြားပေးပြီး. . လာရင်းတော[illegible] အုပ်ကို ပြန်ကြွခိုင်းတယ်. . ရဟ[illegible] တွေလဲ. . မြတ်စွာဘုရားညွှန်[illegible] တဲ့ အတိုင်းတောအုပ်အဝင်မှစ[illegible] 'ယသာ နုဘာဝတော ယ္ခာ' အ[illegible] တဲ့ မေတ္တာသုတ်ကို ရွတ်ဆိုခဲ့[illegible] တယ်". . ရဟန်းတွေဟာ ဝါတွင်[illegible] ကာလပတ်လုံး အေးချမ်းစွ[illegible] တရားဘာဝနာ အားထုတ်နိုင်[illegible] တယ် နောက်ဆုံး. . အာသ[illegible]

ဒုန်ပြီး. . ရဟန္တာတွေ ဖြစ်ကုန်ကြတယ်. . အဲဒါ မေတ္တာသုတ်ရဲ့ ကျေးဇူးတရားကြောင့်ပေါ့"

" မေတ္တာသုတ်ဟာ . . အဲဒီ သာက်အစွမ်းထက်တာပေါ့နော် . အဖေ"

"ဟုတ်တယ်သမီး. . အခုလဲ . အဖေက. . နေ့ည. . မပြတ် မေတ္တာသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ် တော့. . သူတို့ မိသားစုကလဲ . ပြန်ပြီး မေတ္တာတုံ့ပြန်နေတာ ပါကွယ်"

ဟု ဦးချစ်က ချွေးမကို သေချာ ရှင်းပြလေသည်။ ထိုအခါကျမှ းလည်း စိတ်လက်ချမ်းသာသွား ။ ဝိတက်ဗျာပါ ကင်းသွားသည်။

× × × × ×

ဤသို့ဖြင့် နောက်တစ်ပတ် န်သွား၏။

ဦးချစ်တစ်ယောက် အိပ်ယာထဲလှဲနေသည်။ ကျန်းမာရေး မကောင်းသဖြင့် ဆရာဝန်ကိုပင့်ပြီး ဆေးခေါ်ထိုးယူရသည့် အဆင့် ဖြစ်နေ၏။ ဦးချစ်လည်း ဘုရားမရှိ ခိုးနိုင်တော့ပေ။

ဦးချစ်လည်း အိပ်ယာထဲတွင် မှိန်းပြီး သက်တောင့်သက်သာ ဖြင့် နေသည်။ မျက်လုံးအစုံကို မှိတ်ပြီး ထားလေ၏။

ထိုအချိန် သူတို့၏ အိမ်ခေါင် မိုးပေါ်သို့ အမှတ်မထင် ပိတ်ထား သော မျက်လုံးများကို ဖွင့်ကြည့်မိ လိုက်၏။ အိမ်ခေါင်မိုး တည့်တည့် တွင် အလွန်ကြီးမားသော ခြေဖဝါး တစ်ဘက်ကို တွေ့လိုက်ရ၏။

သို့ဖြင့် ခြေဖဝါးကြီးက ဦးချစ် ၏မျက်နှာတည့်တည့်လောက်တွင် ရှိနေ၏။ ထိုခြေဖဝါးကြီးမှာ သူ၏ အိမ်ခေါင်မိုးအစွန်းနှစ်ဖက်ကိုပင် ကျော်နေတော့၏။ တဖြည်းဖြည်း

နှိမ့်ပြီးဆင်းလာ၏။ ကောင်းကင်ထက်မှ တအိအိချင်းဆင်းလာသော ခြေဖဝါးကြီးကြောင့် ဦးချစ်ပင် ကြောင်တောင်နေတော့ ဖြစ်မိ၏။

ဦးချစ်လည်း သူ၏မျက်စိများကိုခြေဖဝါးကြီးဆီမှ အနည်းငယ်မခွါရဲပေ။ ပြန်းခနဲ ထိုးကျလာပါက သူတို့အိမ်ကလေးမှ ပြားပြားဝပ်ပြီကျပြီး မိသားစုအားလုံး ဖိမိကုန်ကုန်ကြမည်။

ဤသို့ဖြစ်ပျက် နေသော်လည်း ဦးချစ်တစ်ယောက်အော်ပြီး ပြောရန်မေ့နေတော့၏။ သူတစ်ဦးတည်း အသဲယားစရာမြင်ကွင်းကို တစိမ့်စိမ့်ကြည့်ရှုနေမိ၏။

ထိုစဉ် ခြေဖဝါးကြီးဆီမှလည်း ထန်းပင်ဖျားထိပ်လောက် နီးနီးရောက်ရှိလာနေပြီ။ ခြေဖဝါးကြီး နီးသထက် နီးလာလေလေ ပို၍ပို၍ကြီးမားလာကြောင်း တွေ့ရ
လေဖြစ်၏။

အသက်အရွယ်ကြီးရင့်နေ
ဖြစ်သော ဦးချစ်ပင်ကြောက်စိ
ကြောင့် တုန်တုန်ယင်ယင်ဖြစ်
မိ၏။ သူ၏ သားသမီးများ
အော်ပြောရန် အသံကို ညှ
သတိပေးနေ၏။ သို့သော် သူ
စကားများ က အပြင်သို့ မထွ
လာခဲ့ပေ။ ဦးချစ်၏ ရင်ထဲ
သာ ဗလောင် ဆူနေ၏။ သူ
ကိုယ်အား အိပ်နေရာမှ ရုန်း
လှုပ်ရှားပြီး ထကြည့်၏။ အန
ငယ်မျှမရွေ့ ပေ။

ထို့ကြောင့် သူ၏တစ်ကို
လုံးလည်းချွေးများနှင့် စိုရွှဲနေ
၏။ ဦးချစ်လည်း အိမ်ခေါင်မိုး
သို့ မရဲတရဲဖြင့် ကြည့်မိပြန်၏။
ဖဝါးကြီးမှာ တစ်စ တစ်စ
အိမ်ခေါင်မိုးနှင့်ထိကပ်လာ

ခြေဖဝါးကြီး၏ ပိုင်ရှင်ကိုယ်နှာကြီးကတော့ အလွန်အလွန်ငြ်ကြီးမားလွန်းနေ၏။ ထိုအခါခြေဖဝါးပိုင်ရှင်ကြီးက "တ ဟားဟား " ဖြင့် ရယ်သွမ်းနေ၏။ သူ၏ရယ်သံကြားလိုက်ရမှ ပို၍ပြီးထိန့်လန့်စရာဖြစ်ရှာ၏။

"ဘယ်လိုလဲ ဦးချစ် ... မေတ္တာသုတ်ရွတ်သံမကြားလို့ .. ကျုပ်လာပြီးကိုယ်ထင်ပြရတာပဲ"

"နေပါဦး ... ခင်ဗျား ကဘယ်သူလဲ ... ဘယ်မှာနေလို့ကျုပ်ဆီကိုလာခဲ့ရတာလဲ"

ဟု ဦးချစ်ကပြန်ပြီး မေးလိုက်၏။ ဦးချစ်၏အမေးစကားကြောင့်ခြေဖဝါးပိုင်ရှင်ကြီးမှာ မခိုးမခန့်ဖြင့်တဟားဟားရယ်နေပြန်၏။ သူ၏ရယ်သံကြီးမှာ အသံနက်ကြီးဖြင့်ကြောက်မက်ဖွယ်ရာ... ရွံရှာဖွယ်ရာကောင်းလှ၏။

"ခင်ဗျားက.. ကျုပ်ကိုမသိပေမယ့်.. ကျုပ်က.. ခင်ဗျားတို့ရဲ့တစ်အိမ်လုံးကို သိနေတယ်ဆိုတာယုံနော်"

"ဟုတ်ပါပြီ ... ကျုပ်တို့မိသားစုအားလုံးကို သိတာ၊ မသိတာအရေးမကြီးပါဘူး ... ခင်ဗျား က ဘယ်မှာနေလို့လဲ... ပြောစမ်းပါ"

"ကျုပ်နေတဲ့နေရာကို .. သိပ်ပြီး .. သိချင်သလား"

"ဟာ... ဘယ်လိုပြောပါလိမ့်... သိချင်လို့မေးနေပါတယ်ကျားကိုက်ပါတယ်ဆို .. အပေါက်နဲ့လားလို့ ပြောနေပြန်ပြီ"

ဟု ဦးချစ်က ခပ်ထန်ထန်ပြောဆိုလေသည်။ ခြေဖဝါးကြီးလည်း ဦးချစ်တို့၏ အိမ်ခေါင်မိုး သို့နီးကပ်လာ၏။ ခြေဖဝါးပိုင်ရှင်ကြီးက ဦးချစ်အား သနားသော

မျက်ဝန်းဖြင့် စိုက်ကြည့်လျက် . .

"ကျုပ်နေတဲ့ နေရာကတော့ ခင်ဗျားတို့အိမ်ရဲ့ခေါင်းရင်း လမုပင်မှာနေတယ် . . ခြေရင်းကတော့ ကျုပ်တူမ မိသားစုတွေနေတယ်"

"ဩော် . . . ခင်ဗျားတို့က . . ကျုပ်တို့နဲ့အိမ်နီးနားချင်းတွေပဲ . . ဘာဖြစ်လို့ . . . အခုလို . . ကျုပ်တို့ရဲ့မိသားစုကို . . . လာပြီး အနှောင့်အယှက်ပေးရတာလဲ"

"ဟာ . . ကျုပ်မှာ . . . ကျန်းမာရေးမကောင်းလို့ . . ဘုရားကို တောင်ဝတ်မပြုနိုင်ပဲ . . . ဘယ်လိုလုပ်ပြီး . . . မေတ္တာသုတ်ကို ရွတ်ဆိုပူဇော်နိုင်မှာလဲ"

ဟု ဦးချစ်ကပြန်ပြောလိုက်၏။ ဦးချစ်၏ပြောလိုက်သော စကားကြောင့် ခြေဖဝါးပိုင်ရှင်မှာ ဒေါကန်သွားဟန်တူ၏။ မျက်ထောင့်ကြီးနီလာ၏။ မုန်ယိုဘီအလား ခေါင်းတင်မောင်းတင် ဖြစ်လာ၏။ သူ၏ ခြေဖဝါးကြီးကိုလည်း . . ပိုပြီး ခပ်ဆတ်ဆတ်နင်းချနေတော့၏။

ထို့ကြောင့် ဦးချစ်က ခြေဖဝါး ကြီးအား ရပ်တံ့ထားပေးပါရန် တောင်းပန်လိုက်လေသည်။ ဦးချစ် ကို ဒေါသအမျက်ထွက်သော မျက်ဝန်းဖြင့် စိုက်ကြည့်နေ၏။ သူ ၏နင်းချနေသော ခြေဖဝါးကြီးကို အိမ်ခေါင်မိုး ခေါင်းအစပ်တွင် ဖြန့် ခနဲရပ်ထားလိုက်၏။ သူ၏ခြေ ဖဝါးကြီးမှာ တုန်ခါနေပုံကို မြင်ရ ခြင်းအားဖြင့် ဒေါသူပုန်ထကြောင်း သိသာလှသည်။

"ကျုပ် . . . ကျုပ် . . . အခု ပဲ . . . ဘုရားဝပ်ပြုပြီး . . . မေတ္တာသုတ်ရွတ်ဆိုပါမယ်လို့ ကတိပေးပါတယ်"

ဟု ဦးချစ်ကပြောဆိုလေ၏။ ထိုအခါမှ ခြေဖဝါးကြီးကို ပြန်ရုတ်

ငိမ်းသွား၏။ သူ၏ခန္ဓာကိုယ်
ည်း တဖြည်းဖြည်းသေးငယ်
ာကြောင်းတွေ့လိုက်ရ၏။

ဦးချစ် ကမန်းကတန်း
ိပ်ယာထက်မှ လူးလဲထလိုက်
၏။ ဘုရားစင်ရှေ့တွင် ဘုရားရှိခိုး
ိုက်၏။ အမျှအတန်းပေးဝေခြင်း၊
မေတ္တာသုတ်ကိုရွတ်ဖတ်ခြင်းများ
ကိုပြုလုပ်လေ၏။

သူ၏ မေတ္တာသုတ်ကြောင့်
ခြဖဝါးပိုင်ရှင်လည်း ပျောက်ကွယ်
ွားတော့၏။ ဦးချစ်လည်း ထိုအ
ါမှ သက်ပြင်းချနိုင်တော့ပေသည်။

× × ×

"အဖေ"

ဦးချစ်တို့အိမ်သို့ အလည်
ရောက်နေသော သမီးအငယ်က
ေါ်လိုက်ခြင်းဖြစ်၏။ သူ၏ သမီး
ာက်သို့ကြည့်နေမိ၏။

"ဒီမှာ . . . ပြင်းလို့ရှိရင် . .
သမီးတို့အိမ်ကို . . . တစ်လှည့်
လိုက်နေပါလား"

ဟု ပြောလေသည်။ ဦးချစ်
လည်း သမီးအငယ်အား စူးစူး
ဝါးဝါး ကြည့်နေမိ၏။ ပြီးနောက်
သူ၏ သားဖြစ်သူ ကိုကျော်တို့
မိသားစုကိုလည်း လိုက်လံကြည့်ရှု
နေ၏။ သူတို့အဘိုး၏ ပြောထွက်
လာသည့်စကားကို မြေးများက
တားမြစ်လိုက်၏။ ထို့ကြောင့်
ဦးချစ်တစ်ယောက် မြေးနှစ်
ယောက်အား ဂရုဏာပြည့်သော
မျက်ဝန်းဖြင့် ကြည့်လျှက် . . .

"ဒီ . . မြေးတွေနဲ့ခွဲပြီး . .
သွားလို့မဖြစ်သေးပါဘူး"

ဟု ပြောဆိုလိုက်လေ၏။
ဦးချစ်၏ ရင်ထဲက ပေါက်ကွဲထွက်
လာသော နောက်ဆက်တွဲစကား
ကတော့ "အဖေ့ရဲ့အိမ်နီးချင်း

မိသားစု " တွေကလဲ အဖေကို သံယောဇဉ်ဖြစ်နေကြပြီဟု ပြောကြားလိုသော်လည်း ဦးချစ်၏ ရင်တွင်းစကားများကိုတော့ ပြန်လည်သိမ်းဆည်းထားလိုက်ရလေတော့သည်။

**ဟံန်းထက်ဇော်**



မိုးကြိုးထိသောကျောင်းမြို့ရှည်.........

## ိုးကြီးထိတွေ့ခဲ့ဖူးသည်

### ဝင်းဇော်(သုံးဆယ်)

ကျွန်တော့်တွင် မိဘနှစ် ပါးနှင့်အတူတကွနေထိုင်ရသည့် ကံဇာတာနည်းခဲ့လေသလား မ ပြောတတ်ပါ။ ကျွန်တော်သုံးနှစ် သားအရွယ်တွင် အမေက ညီမ လေးကို ဗိုက်ခွဲမွေးသဖြင့် အဘိုး အဘွားတို့အိမ်တွင် သွား၍ နေ ရသည်။ အဘိုးအဘွားတို့က ကျွန်တော်ကို အလွန်ချစ်သဖြင့် အလိုလိုက်ထားသည်။ ကျွန် တော့်အဘိုးဦးဘသိန်းက ဗေဒင် ဆရာကြီးတိုင်းရင်းဆေးဆရာကြီး တစ်ဦးဖြစ်သည်။ အဘိုးဆရာ ဦးသိန်းသည် ကျွန်တော့်အား ဗေဒင်ပညာ၊ တိုင်းရင်းမြန်မာ ဆေးပညာများကို သက်ကြား ပေးခဲ့သည်။ အဘိုးဆရာသိန်းက သူ့အား ပညာများသင်ကြားပေး ခဲ့သည့် ဆရာတော်ဦးပညာဒီပ မှ ချီးမြှင့်သော အရှည်တစ်လက် မခွဲ၊ အနံတစ်လက်မ၊ ထုအထူ သုံးမတ်ခန့်ရှိသည့် မိုးကြိုးသွား တစ်ခုကို ဆေးကုရာတွင် အသုံး ပြုသည်ကို တွေ့မြင်ခဲ့ဖူးသည်။ မျက်စိမှုံမွဲသူများကို မိုးကြိုးသွား အား ရေစိမ်ပြီးမျက်စဉ်းခတ်ပေး သည်။ ပေါင်မို့သက်တန်ကို မိုး ကြိုးသွားအား အပေါ်မှအောက်

သို့ ဆွဲချပေးရာ လုံးဝပျောက်ကင်းသွားသည်ကို မြင်ဖူးသည်။

အဘိုး ဆရာသိန်းမကွယ်မီတစ်လခန့်က

"လူလေး၊ ဒီမိုးကြိုးသွားဟာ အစွမ်းထက်တယ်။ ဝေဒနာရှင်တွေကို ကူညီဖို့ လူလေးကို အဘိုးပေးခဲ့မယ်။ အများအတွက် ဖြစ်ပါစေ၊ ကိုယ်ကျိုးအတွက်အသုံးမပြုပါနဲ့" ဟုမှာကြားပြီးအဆိုပါ မိုးကြိုးသွားကို ကျွန်တော့်အာ ပေးခဲ့လေ၏။ အဘိုးဆရာသိန်းကွယ်လွန်သွားသောအခါ ကျွန်တော်က အဖေ၊ အမေတို့ အိမ်သို့ ပြန်နေရသည်။ အဖေက အဘိုးဆရာသိန်းကျွန်တော့အားပေးခဲ့သော မိုးကြိုးသွားကို ပန်းတိမ်ဆရာအား အပ်ကာ ငွေဖြင့် မိုးကြိုးသွားလက်စွပ်လုပ်ဝတ်သည်။

မိုးတွင်းအခါတွင် မိုးရွာ
သွန်းပြီး မိုးချုန်းသံများကြား
သည်။ လျှပ်စီးများလက်ပြီး မိုး
ကြိုးပစ်ချသည်။ နောက်တစ်နေ့
တွင် ဘယ်သူဘယ်ဝါလယ်ထွန်
နေရင်း မိုးကြိုးပစ်ခံရ၍ ပွဲချင်း
ပြီးသေဆုံးသွားသည်။ ဘယ်နေ
ရာက အုန်းပင်(သို့) ကုက္ကိုပင်
ကို မိုးကြိုးပစ်ချသည်။ ဆိုသည့်
သတင်းများကို ကြားရသည်။ မိုး
ကြိုးပစ်ခံရသည့် သေဆုံးသွား
သူ၏အလောင်း၊ မိုးကြိုးပစ်ခံ
သည့် သစ်ပင်များကို မြင်ဖူး
၏။ မိုးကြိုး(လျှပ်စီးကြောင်း)
သည် ပြဒါးခါတ်များသည့်ေ
ရာသို့ စုဝေးရောက်ရှိပြီး ပေါ်
သွားသည်ဟု သိပ္ပံစာအုပ်များ
တွင် ဖတ်မှတ်ဖူးသည်။ မိုးကြိုး
သွားကို မည်သို့မည်ပုံရရှိသည်
ကို ကျွန်တော်မသိ။ မိုးကြိုးသွာ

ခြင့်ဆေးဝါးကုသ၍ ပျောက်ကင်းသည်ကိုသာ သိသည်။ နောက်တော့ မိုးကြိုးသွားက ဘယ်လိုဘယ်ညာ အစွမ်းထက်မြက်သည်ဟုကြားရသည်။ တကယ်အစွမ်းထက်လျှင် မိုးကြိုးသွားသည် အဘယ်မျှ တန်ဘိုးရှိသည်ဟု ပြောဆိုပြီး တအံ့တသြဖြစ်နေကြ၏။

ကျွန်တော်မှုခင်း သတင်းထောက်ဖြစ်လာသောအခါ မှုခင်းဖြစ်ရပ်မျိုးစုံကို ရဲစခန်းများတွင် သတင်းရယူပြီး မှုခင်းဂျာနယ်များစွာတွင် သတင်းများရေးသားခဲ့သည်။

အဲ့ဒီအခါကျတော့မှ မိုးကြိုးသွားနှင့် ပတ်သက်ပြီး

* * * * *

၁၉၉၉ ခုနှစ်၊ ဧပြီလ

အသက်(၆၅)နှစ် အရွယ်ခန့်ရှိအဘိုးကြီးတစ်ဦးက အိမ်ရှေ့တွင် ဟိုသည်လျှောက်ရင်း ခြံအပြင်ဘက်သို့ မကြာခဏလှမ်းကြည့်နေသည်။ အဘိုးကြီးသည် ပါးစပ်တွင် ဆေးတံကြီးခဲထား၏။ တစ်ကိုယ်လုံးတွင်လည်း ဆေးရေးမင်ကြောင်ရုပ်များထိုးထားသည်။ ဦးခေါင်းတွင် သျှောင်ထုံးကြီးနှင့်။ သည်ကြက်လျှာကုန်းတစ်ရွာလုံးက သူ့ကို ခေါ် သည့်နာမည်က ဘသျှောင်ဖြိုးရှည်တဲ့။ သူ့နာမည်ရင်းက ကရင်ကြီး(ခေါ်)ဦးသန်းဝင်း။

ဘသျှောင်ဖြိုးရှည်က ကျေးရွာများသို့ လှည့်လည်ကာ ဆေးကုသည်။ တိုင်းရင်းမြန်မာ ဆေးဆရာကြီးတစ်ဦးဟု အများက သိထားသည်။ သည်တော့ သူ့အိမ်သို့ လူသူအရောက်အပေါက်များသည်။

ခဏကြာတော့ ဘသျှောင်မြီးရှည်၏ ခြံအတွင်းသို့ လွယ်အိတ်ကိုယ်စီလွယ်ထားသော လူငါးဦး ဝင်လာသည်။ ဘသျှောင်မြီးရှည်က ထိုလူများကို ပြုံးရွှင်စွာ ဆီးကြိုသည်။

"ဘယ်လိုလဲ ငါ့လူတို့ သေချာရဲ့လား"

ဘသျှောင်မြီးရှည်က မေးသည်။

"သေချာပါတယ် အဘရဲ့၊ ကျွန်တော်ကိုယ်တိုင် အချိန်းအဆက်လုပ်ထားတာပါ"

"သေချာရင်ပြီးတာပဲလေ၊ အဘကမင်းတို့ကို ထွက်မျှော်နေတာ"

"နံနက် ဆယ်နာရီလောက်ဆိုရင် ရောက်လာတော့မှာပါ။ ကျွန်တော်တို့လူ တစ်ယောက်လည်း သူနဲ့အတူ ပါလာမှာပါ"

"အဲဒါ ဆိုရင်လည်း ကောင်းပါတယ်လေ။ အဘအိမ် ပေါ်မှာ ရေနွေးကြမ်းသောက် ရင်း အနားယူကြပါဦး"

ဘသျှောင်မြီးရှည်က ထိုသူများကို အိမ်ပေါ်သို့ခေါ် သွားသည်။ ထိုသူများက ရေနွေး ကြမ်းသောက်ရင်း စကားများ ပြောနေကြသည်။ နံနက် (၁၀) နာရီ ကျော်တော့ ဘသျှောင်မြီး ရှည်၏ အိမ်ရှေ့သို့ နောက်ဆုံး ပေါ်ကားလေးတစ်စီးရောက်လာ ပြီး ရပ်တန့်သွားသည်။

"ဟော သူတို့လာပြီ"

ကားပေါ်က နေကာ မျက်မှန်တပ်ထားသည့် လူငယ် ကကားပေါ်မှ ဆင်းလာသည်။ သူ့နောက်မှ လူနှစ်ဦးသားနေ

အိတ်များကိုလွယ်လျက် ဆင်းသာကြသည်။ အိမ်ထဲမှ လူများက လူငယ်ကို သွား၍ ဆီးကြိုသည်။

"လာ ညီလေး၊ အဘ အိမ်ပေါ်မှာ စောင့်နေတယ်"

လူငယ်က အိမ်ပေါ်သို့ ဖြေးညှင်းစွာ တက်လာသည်။ ဘ သျှောင်ဖြိုးရှည်၏ ကျောဘက်မှ ဘုရားစင်တွင် ဘယ်အချိန်က ဘယ်လိုထွန်းညှိထားသည်မသိ။ ဖယောင်းတိုင်များစွာကို ထွန်းညှိထားသည်။

"ထိုင်ပါ လူလေး၊ အဘက လူလေးကို မျှော်နေတာ"

လူငယ်က ဘသျှောင်ဖြိုးရှည်ကို ပြုံးပြသည်။ လူငယ်နှင့်အတူ ပါလာသည့် လူငယ်နှစ်ဦးက လူငယ့်အနားတွင် ဝင်ထိုင်သည်။

"ကျွန်တော်က အချိန်သိပ်မပေးနိုင်ဘူး။ ကိစ္စပြီးတာနဲ့ ရန်ကုန်ပြန်ရမှာ"

လူငယ်က ဘသျှောင်ဖြိုးရှည်ကို ပြောသည်။

"အားလုံးအဆင်သင့်ပါပဲ။ လူလေးယုံကြည်အောင် စမ်းသပ်ပြချင်သေးသကွယ်"

ဘသျှောင်ဖြိုးရှည်က ထိုင်နေရာမှ ထသည်။ ဘုရားကျောင်းဆောင်ထဲမှ ငွေခွက်ကလေးကို ထုတ်သည်။ လူငယ်၏ ရှေ့မှ စားပွဲလေးပေါ်သို့ချသည်။ ဘ သျှောင်ဖြိုးရှည်က ငွေခွက်ကလေးထဲတွင် အရှည်နှစ်လက်မ၊ အနံတစ်လက်မခွဲ၊ ထု လက်မ ဝက်ခန့်ရှိသည့် ရွှေရောင်သဏ္ဍာန်ပစ္စည်းလေးကို တွေ့လိုက်ရသည်။

"ဒီပစ္စည်းလေးကို အဘ

အဘိုးက အမြတ်တနိုးသိမ်းဆည်းထားတဲ့ ပစ္စည်းကလေးပါ အဘကလည်း ဒီပစ္စည်းလေးကို သိပ်တန်ဘိုးထားတာ၊ ဒီပစ္စည်း လေးရဲ့ အစွမ်းနဲ့ ရောဂါရှင်တွေ ရဲ့ဝေဒနာကို ကုစားပေးခဲ့တာ မနည်းတော့ပါဘူး။ နှမြောတယ်၊ ဒါပေမယ့် အဘက အသက်ကြီးလာပြီလေ။ ဒီပစ္စည်းလေးကို တန်ဘိုးထားတဲ့လူလက်ထဲမှာပဲ ထားခဲ့ချင်တယ်။ ဒါမှလည်း ထိုက်တန်မယ်"

လူငယ်က ခေါင်းတဆတ်ဆတ်ညိတ်နေသည်။

"အဘပြောတာ သဘောပေါက်ရဲ့လား"

"ဟုတ်ကဲ့ သဘောပေါက်ပါတယ်"

ဘသျှောင်မြီးရှည်၏ တပည့်တစ်ဦးက လျှပ်စစ်မီးလုံးတစ်လုံးထွန်းသည်။ ဘသျှောင်မြီးရှည်က ပစ္စည်းကလေးကို လျှပ်စစ်မီးသီးပေါ်သို့ တင်လိုက်သည်။ လျှပ်စစ်မီးသီး ရုတ်ခြည်းမှိတ်သွားသည်။

"လူလေး တွေ့ပြီနော်"

လူငယ်၏ မျက်နှာ ဝင်းလက်သွားသည်။ ဘသျှောင်မြီးရှည်၏ တပည့်တစ်ဦးက ကတ်ဆတ်ဖွင့်၍ ပြသည်။ သီချင်းသံက ပျံ့လွင့်လာသည်။ ဘသျှောင်မြီးရှည်က ပစ္စည်းလေးကို ကတ်ဆတ်ပေါ်သို့ တင်လိုက်သည်။ ကတ်ဆတ် သီချင်းသီချင်းသံသည် ရုတ်ခြည်းရပ်သွားသည်။ လျှပ်စစ်မီးလိုင်းများပြတ်တောက်သွားသည်။ လူငယ်၏ မျက်နှာတွင် အံ့သြခြင်းအရိပ်အယောင်များကို မြင်တွေ့ရသည်။

"အဘပစ္စည်း အစွမ်းထက်တယ်ဆိုတာ လူလေးလက်တွေ့မြင်ရပြီ မဟုတ်လား။ပစ္စည်းရဲ့ အစွမ်းထက်မြက်မှုကိုရော ယုံကြည်ရဲ့လား"

လူငယ်က မျက်နှာပြုံးရွှင်စွာဖြင့် ခေါင်းညိတ်ပြသည်။

"လူလေးကို အဘ ဘယ်လို စမ်းသပ်ပြရဦးမလဲ"

လူငယ်က ခေါင်းခါသည်။

"ရပါပြီ ကျွန်တော်ယုံပါပြီ"

"ဒီ ပစ္စည်းလေးကို ဆောင်ထားရင် ကာယသိဒ္ဓိပြီး ရုံမှုမက ဂုဏ်သတင်းကျော်စောမယ်။ အဘဆိုရင် လူလေးတို့လို လုပ်ငန်းကြီးတွေ လုပ်ကိုင်တာ မဟုတ်ဘူး။ လူနာတွေကို အဘတတ်ကျွမ်းတဲ့ ပညာနဲ့ ဆေးကုသပေးနေတာ။ နားနေရတယ်မရှိပါဘူး။ ပင့်ခေါ်တဲ့အရပ်ကို လိုက်သွားပြီး ရောဂါရှင်တွေရဲ့ အသက်ကို ကယ်တင်ပေးနေရတယ်။ အဘအသက်အရွယ်အရ အနားယူပြီး တရားဘာဝနာပဲပွားများချင်တော့တယ်။ အားကိုးတကြီးလာခေါ်တော့လည်း လိုက်ပြီးကုသပေးရတာပဲ။ ဟိုးတစ်လောက ပဲခူးရိုးမတောထဲက ငှက်ဖျားရောဂါသည်ကို သွားပြီး ကုသပေးခဲ့ရတယ်။ အိမ်ကိုပြန်ရောက်တာ ဘာမှမကြာသေးပါဘူး"

"ဟုတ်ကဲ့ အဘ ကိုအောင်ကျော်ပေးလိုက်ပါ"

"လူလေး ကန်တော့တဲ့ငွေဟာလည်း အဘသာသနာပြုဖို့ပါပဲ။ အဘသားလေး ဂုဏ်သတင်း ကျော်စေပြီး ကြီးပွားတိုး

ဘတ်ပါစေ၊ ပစ္စည်းလေးကို ကြည့်ပါဦး"

ဘသျှောင်မြီးရှည်က ပစ္စည်းလေးကို လူငယ်ထံသို့ လှမ်းပေးသည်။ လူငယ်က အသေအချာ ကြည့်ရှုနေသည်။

"ဒီပစ္စည်းလေးကို ငွေခွက်ထဲမှထည့်ပြီး ဘုရားစင်မှာ သိမ်းဆည်းထား၊ ကိုယ်နဲ့ထိုက်တန်လို့ ကိုယ်ရတယ်သဘောထားပြီး ဘဝတိုးတက်အောင် ကြိုးစားပါလူလေး"

"ဟုတ်ကဲ့ အဘ"

လူငယ်က ပစ္စည်းကလေးကို ငွေခွက်ထဲသို့ ထည့်သည်။ ဘသျှောင်မြီးရှည်ကို ရိုသေစွာ ကန်တော့သည်။ ထို့နောက်သူ၏ အဖော်နှစ်ဦးကို မျက်ရိပ်ပြပြီး ဘသျှောင်မြီးရှည်အိမ်ပေါ်မှ ဆင်းသွားသည်။ ရပ်ထားသော ကားပေါ်သို့တက် ကာမောင်းထွက်သွားလေသည်။

"ကျန်းမာ ချမ်းသာပါစေ"

ဘသျှောင်မြီးရှည်က ဆုတောင်းနေသည်။

* * * * *

"ကိုမြင့်သိန်းပြောတဲ့ ပစ္စည်းက သေချာရဲ့လား။ သေချာတယ်ဆိုရင် ကျွန်မက မင်္ဂလာဒုံက ကျွန်မဦးလေးဆီက ငွေယူလာပြီး တစ်ခါတည်းယူမှာနော်။ သူတို့က အဲဒီ ပစ္စည်းကို သိပ်လိုချင်နေတာ၊ ကောင်းတဲ့ ဈေးကို ပေးမှာသေချာတယ်"

သာယာဝတီမြို့ ဈေးလမ်းမှ လက်ဖက်ရည်တစ်ဆိုင်တွင် ဖြစ်သည်။ သပ်ရပ်စွာ ဝတ်ဆင်ထားသော အမျိုးသမီးက သူ၏ မိတ်ဆွေအမျိုးသားနှစ်ဦး

ကို ပြောဆိုနေခြင်းဖြစ်သည်။

"သေချာပါတယ် မနီချို ရယ်၊ နင်ပြောကတည်းက ငါတို့ ကအသေအချာလိုက်ရှာထားတာ။ ဟိုးနှစ်ပေါင်းများစွာကတည်းက ထိမ်းသိမ်းလာခဲ့တဲ့ ပစ္စည်းလို့ ပြောတယ်။ သူက ရောင်းချင်တာမဟုတ်ဘူး။ သူ့ပစ္စည်းကို အရမ်းတန်ဘိုးထားတယ်။ ငါတို့ က ရောင်းပါလို့ အတင်းမေတ္တာ ရပ်ခံရတာ။ နင်က ဘယ်နေ့ လောက်အရောင်းအဝယ်ဖြစ်ချင် သလဲ"

"မနက်ဖြန် ငွေသွားယူ မယ်လေ။ သဘက်ခါ အရောင်း အဝယ်လုပ်မယ်။ ပစ္စည်းအစစ် အမှန်ဖြစ်ကြောင်း ကိုမြင့်သိန်း တို့ဘက်က အာမခံရမယ်။ အ ကယ်၍ တစ်စုံတစ်ရာ လွဲချော် ခဲ့ရင် ကိုမြင့်သိန်းတို့တာဝန်နော်"

"အေးပါဟယ်၊ ငါတို့က တာဝန်ယူပါတယ်။တစ်မြို့တည်း သားချင်းတွေ မဟုတ်တာလုပ် ပါ့မလား"

"ဒါဆိုသဘက်ခါ ကျ ရင် ကျွန်မဘယ်ကိုလာရမလဲ"

"ကြက်လျှာကုန်းရွာက ကရင်အဘိုးကြီးအိမ်ကို ရွာထိပ် မှာ သတင်းမေးပြီးလာခဲ့။ ဟာ နင်ပင်ပန်းနေပါဦးမယ်။ နင့်ကို ငါတို့ ရွာထိပ်ကစောင့်နေမယ်"

"ဈေးကမှလျှော့တော့ ဘူးလား။ ကျွန်မအတွက်ပွဲခ ဖန် တီးပေးဖို့ကောင်းတယ်။ ဘယ် လိုလဲ ရမှာလား"

"အစိတ်ကို နှစ်ဆယ်နဲ့ ရအောင် မနည်းဈေးဆစ်ထားရ တာ၊ နင့်ကို ခင်လို့ အလုပ်အ ကိုင်အပျက်ခံပြီး ကြိုးစားရှာဖွေ ထားတာ မနီချိုရယ်။ နင့် ဦး

လေးဆီကသာ မုန့်ဘိုးတောင်း ယူပေတော့"

"ကျွန်မဦးလေးက ကပ်စေးနည်းကြီး အဟင်း ဟင်း ကျွန်မပြန်တော့မယ်"

မနီချိုက ဆိုင်ထဲမှ ထွက်သွားသည်။ ကိုမြင့်သိန်းနှင့် သူ့အဖော်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ခေါင်းညိတ်သည်။

* * * * *

ထိုသော ကာလတွင် သုံးဆယ်ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဇော်မင်းနိုင်က အသက်(၃၅) နှစ်အရွယ်လူ တစ်ဦးကို လက်ထိပ်ခတ်ပြီး ရဲစခန်းရုံးခန်းထဲသို့ ခေါ်လာသည်။

"ဟာ ကိုဇော်မင်း တို့ ဒီကောင့်ကို ဖမ်းမိလာပြီလား"

စခန်းမှူးရဲအုပ်တင့်ရွှေကမေးသည်။

"ဒီကောင်က မိန်းမနဲ့ အိပ်နေတာ"

"ကိုခင်မောင်ဆွေ ခင်ဗျား ဆီက ငွေလိမ်သွားတာ သူမဟုတ်လား"

ဒုရဲအုပ် ဇော်မင်းနိုင်က မေးသည်။

"ဟုတ်တယ် ဆရာ သူပဲ"

"မနေ့က အဖြစ်အပျက်ကလေးပြန်ပြောပြပါဦး"

"ဟုတ်ကဲ့ဆရာ"

* * * * *

မနေ့က ကိုခင်မောင်ဆွေကို မြစိန်နှင့် အဖော်နှစ်ဦးက ငဖြူကျေးရွာမှ အိမ်တစ်အိမ်သို့ ခေါ်သွားသည်။ ကိုခင်မောင်ဆွေလိုချင်သော ပစ္စည်းကို မည်သို့ မည်ပုံ အစွမ်းထက်ကြောင်း

ပြောပြသည်။ ယင်းပစ္စည်းကို လျှပ်စစ်မီးသီး၊ ကက်ဆက်များဖြင့် စမ်းသပ်ပြသည်။ လျှပ်စစ်မီးသီးပေါ် ၎င်းပစ္စည်းကို တင်လိုက်သည့်အခါ လျှပ်စစ်မီးသီး မှိတ်သွားသည်။ ကက်ဆက်သီးချင်းဖွင့်ထားပြီး ၎င်းပစ္စည်းကို ကက်ဆက်သီးချင်းဖွင့်ထားပြီး ၎င်းပစ္စည်းကို ကက်ဆက်ပေါ်သို့ တင်လိုက်လျှင် သီချင်းသံရပ်သွားသည်။ ကိုခင်မောင်ဆွေ သဘောကျသွားသည်။ ၎င်းပစ္စည်းကို ဈေးဆစ်ကြည့်သည်။ မြစိန်က ၎င်းပစ္စည်းကို ငွေကျပ်တစ်သိန်းလေးသောင်းတောင်းသည်။ ကိုခင်မောင်ဆွေက ဈေးဆစ်မရသဖြင့် မဝယ်တော့ပဲ ပြန်ရန်ပြင်သည်။ ထိုအခါ မြစိန်က ကိုခင်မောင်ဆွေကိုသုံးဆယ်မြို့ ပေဒင်ကုန်းရပ်ကွက်၊ ကန်သာယာကန်ဘောင်ဘေးသို့ လှည့်ပတ်ခေါ်လာသည်။ ကိုခင်မောင်ဆွေက မြစိန်တို့မှ ပစ္စည်းကို မဝယ်တော့ဟု ယတိပြတ်ပြောသည်။ ထိုအခါ မြစိန်က ကိုခင်မောင်ဆွေ ၏ လက်ထဲမှ သားရေပိုက်ဆံအိတ်ကိုလုပြေးသည်။ ကိုခင်မောင်ဆွေက ပြေးလိုက်တော့ မမှီတော့။ ထို့ကြောင့် သုံးဆယ်ရဲစခန်း သို့ သွားရောက်အကူအညီတောင်းခဲ့သည်။

"အဖြစ်အပျက်က အဲဒါပါပဲ ဆရာ"

"ဟင်း တောက် လိမ်မရတော့ လုပြေးတယ် ဆိုတဲ့ကောင် ရဲစခန်းအချုပ်ခန်းထဲ ထည့်လိုက်ကွာ"

အချုပ်ခန်း တာဝန်ကျ ရဲတပ်ကြပ်ကြီးက မြစိန်ကို ရဲစခန်းရုံးခန်းအပေါ် ထပ် အချုပ်

ခန်းရှိရာသို့ ခေါ်သွားသည်။

* * * * *

မနီချိုနှင့်ယောက်ျား အဖော်နှစ်ဦး တို့က ကြက်လျှာကုန်းရွာထိပ်တွင် ဆိုက်ကားပေါ်မှ ဆင်းလိုက်ကြသည်။ ကိုမြင့်သိန်းနှင့် လူသုံးယောက်က ရွာထိပ်သစ်ပင်အောက်မှ စောင့်နေသည်။

"နောက်ကျလိုက်တာဟယ်။ ငါတို့က မနက်ကတည်းက မျှော်နေတာ"

"ကားက ဆင်းတာနဲ့ ဆိုက်ကားစီးပြီးလာတာပဲ။ ခရီးက အဝေးသားပဲ"

"လာ အဘအိမ်ရောက်မှ အမောအပန်းဖြေတော့"

ကိုမြင့်သိန်းက မနီချိုတို့ကို ရွာတောင်ပိုင်းရှိ သရက်ခြံကြီးထဲသို့ ခေါ်လာသည်။ ခြံက အတော်ကျယ်ဝန်းသည်။ ခြံအလယ်တွင် သစ်သားအိမ်တစ်လုံးရှိသည်။

"ဒါ အဘနေတဲ့ အိမ်လေ။ ဒီခြံက တစ်နှစ်ကို သရက်သီးအများကြီးထွက်တယ်။ အဘက ခြံထွက်သီးနှံတွေကို ရောင်းချစားသောက်နေတာ။ အဘ အဝက အေးချမ်းတယ်"

"အေး ဟုတ်တယ်နော်။ ခြံကြီးက သာယာလိုက်တာ။ အပန်းဖြေအနားယူဖို့ကောင်းတယ်"

ကိုမြင့်သိန်းက သစ်သားအိမ်ကလေးပေါ်သို့ မနီချိုကိုခေါ်လာသည်။

"ဟော ဧည့်သည်တွေ ရောက်လာကြပြီ၊ နေရာထိုင်ခင်းပေးကြကွဲ"

အသက် ခြောက်ဆယ်ကျော်အရွယ်အဘိုးအိုက အသ

ဲဝဲဖြင့် ပြောသည်။ အဘိုးအို၏ ဘေးနားတွင် အဘိုးအို၏ ရှေ့တွင် သင်ဖြူးများကိုခင်းပေး သည်။ အဘိုးအိုက မနီချိုတို့ကို မျက်မှောင်ကျုံ့ပြီးကြည့်၏။ မနီ ချိုက မျက်ရိပ်ပြပြီး အနားသို့ ခေါ်သည်။ ကိုမြင့်သိန်းက မနီ ချို၏ အနားတွင် လာ၍ ထိုင် သည်။

"မနီချို ဘာပြောချင်လို့ လဲ"

မနီချိုက အဘိုးအိုကို မေးဆတ်ပြသည်။ ကိုမြင့်သိန်း ပြောသည့် အဘဆိုတာလားဟု မေးသည့်သဘော။

"မနီချို ဒါ ငါပြောတဲ့ ပစ္စည်းရောင်းမဲ့ အဘ၊ အဘက အသက်ရှစ်ဆယ်ကျော်နေပေမဲ့ မျက်စိကောင်းတယ်။နားကောင်း တယ်။ အဘက တရားကျင့် ကြံအားထုတ်နေတဲ့ အချိန် ကများတယ်။ အခုနင်နဲ့ ပစ္စည်း ရောင်းဖို့ ချိန်းထားလို့သာ"

"ဟုတ်ကဲ့"

"အဘ ဒါပစ္စည်းဝယ်မဲ့ ညီမ၊ နာမည်က မနီချိုတဲ့"

"ဪ သမီးက စနေ သမီးကိုး"

"သမီးက နေ့သင့်နံ သင့်မှည့်ထားတာမဟုတ်ဘူး။ သမီးက အင်္ဂါ သမီးပါအဘ"

"နာမည်ကို နေ့သင့်နံ သင့်ပဲ မှည့်တာကောင်းတယ်။ စိတ်ထဲထင်သလို နာမည်ပေး ထားတာ အဘမကြိုက်ဘူး"

"ဟုတ်ကဲ့အဘ"

"မောင်မြင့်သိန်းကို ခင် မင်လွန်းလို့သာ ပစ္စည်းရောင်းရ မှာကွဲ့။ အဘပစ္စည်းကို နှမြော တယ်။ အဘက ဒီပစ္စည်းကို ဆ

ရာဘုန်းကြီးဆီကအမွေရလိုက်တာ။ ဒီပစ္စည်းလေးရဲ့ အစွမ်းကို အဘကိုယ်တိုင် အမျိုးမျိုးစမ်းသပ်ပြီးပြီ။ အဘငယ်ငယ်တုန်းက ရွာကို သူပုန်တွေဝင်စီးတယ်၊ လူငယ်ဆိုတော့ ဒီပစ္စည်းလေးရဲ့ အစွမ်းသတ္တိကို သိချင်တယ်။ သူပုန်တွေ့ကမျက်စိနောက်အောင်လုပ်ပြပြီး ထွက်ပြေးတယ်။ သူပုန်ခေါင်းဆောင်က အဘကို သေနတ်နဲ့ ပစ်တာမထိဘူး။ အဘယုံကြည်သွားတာတာပေါ့။ အခုငါ့သမီးကိုသိအောင်အဘကလက်တွေ့စမ်းသပ်ပြဦးမယ်"

အဘိုးအိုက အဝတ်အိတ်ကလေးထဲမှ ရွှေရောင်သဏ္ဌာန်ရှိသည့် အပြားကလေးကို ထုတ်ပြသည်။ ကက်ဆက်ပေါ်သို့ ပစ္စည်းလေးကိုတင်လိုက်၏ ဖွင့်ထားသော သီချင်းသံပျောက်သွားသည်။ လျှပ်စစ်မီးသီးသည် လင်းနေရာမှ မှိတ်သွားသည်။ မနီချိုနှင့် သူ့အဖော်နှစ်ဦးတို့ အံ့ဩသွားကြသည်။

မနီချိုက အဖော်ပါလာသူနှစ်ဦးကိုတီးတိုးမေးသည်။ အဖော်နှစ်ဦးက ခေါင်းညိတ်ပြသည်။

"ရှင်တို့ အမြင်ပဲနော် ကျွန်မ စမ်းသပ်ပြခိုင်းတယ်"

"ဟုတ်ပါတယ်ဗျာ၊ မနီချိုကလဲ"

မနီချိုက ငွေထုပ်ကို အဘိုးအိုထံသို့ လှမ်းပေးသည်။

"ငွေကိုရေတွက်ကြည့်ပါဦး အဘ"

"ဟာ သမီးကလဲ တစ်ဦးနဲ့ တစ်ဦးယုံကြည်မှုနဲ့ အလုပ်လုပ်ကြတာ။ ဘာ ငွေရေတွက်စရာလိုမှာလဲ။ သမီးက အဘကိုမဟုတ်တာလုပ်မဲ့သူမှမဟုတ်တာ

အဘိုးအိုက ပစ္စည်းလေးကို မနီချိုထံသို့ ကမ်းပေးသည်။ မနီချို၏ အဖော်နှစ်ဦး က ပစ္စည်းလေးကို ပွတ်သပ်ကြည့်နေသည်။

"သမီးတို့ကု ခွင့်ပြုပါဦး အဘ၊ သမီးတို့က ရန်ကုန်ပြန်ကြမှာ"

မနီချိုနှင့် အဖော်နှစ်ဦးက အဘိုးအိုကို ကန်တော့ကြသည်။

"ဪ အေးကွယ်။ လိုအင်ဆန္ဒတွေပြည့်ဝကြပါစေ"

မနီချိုနှင့် အဖော်နှစ်ဦးတို့သည် အိမ်ကလေးပေါ်မှ ဆင်းလာခဲ့ကြသည်။

* * * * *

နောက်နှစ်ရက်ခန့်ကြာသောအခါ နောက်ဆုံးပေါ်ကားလေးတစ်စီးသည် သာယာဝတီမြို့ရဲစခန်းရှေ့တွင် တံ့ကနဲ ရပ်သွားသည်။ ကားပေါ်မှ လူသုံးဦးသည် ရဲစခန်းအဆောက်အဦးထဲသို့ ဝင်လာကြသည်။ ရဲစခန်းရုံးခန်းထဲတွင် ညှိသည်အချို့လည်းရောက်ရှိနေသည်။

"စခန်းမှူးနဲ့ တွေ့ချင်လို့ပါခင်ဗျာ"

ရဲစခန်းရုံးခန်းထဲသို့ ဝင်လာသူကပြောသည်။

"ဘာများကူညီရမလဲဟင်"

ရဲတပ်ကြပ်ကြီး (စာရေး) ထင်အောင်ကမေးသည်။

"အကူအညီ တောင်းစရာရှိလို့ပါ"

"ကျွန်တော်ရဲစာရေးကြီးထင်အောင်ပါ။ စခန်းမှူး

လာပါလိမ့်မယ်။ ခဏထိုင်စောင့်ပါဦး၊ အကူအညီတောင်းချင်တဲ့ကိစ္စလေးကို ပြောပြပါဦး”

ဧည့်သည်သုံးဦးက ရဲတပ်ကြပ်ကြီး(စာရေး) ထင်အောင်၏ စားပွဲရှေ့မှ ခုံတန်းလျားတွင် ဝင်ထိုင်ကြသည်။

နောက်ဆုံးပေါ် ကားပေါ်မှဆင်းလာသူ သုံးဦးအနက် အသားဖြူဖြူ ခပ်ဝဝ လူက ဖြစ်စဉ်ကို ပြောပြသည်။ ထိုစဉ် စခန်းမှူးရဲအုပ်စိုးမြင့် က ရဲစခန်းရုံးခန်းထဲသို့ ဝင်လာသာသည်။ ရဲတပ်ကြပ်ကြီး(စာရေး) ထင်အောင်က စခန်းမှူးရဲအုပ်စိုးမြင့်နှင့် ဧည့်သည်သုံးဦးနှင့် မိတ်ဆက်ပေးကာ အမှုဖွင့်လိုသည့်ကိစ္စကိုပြောပြသည်။

“ဟင်း ခက်တယ်ဗျာ။ ခင်ဗျားတို့ လုလိမ်ခံရတာပဲ။ ခင်ဗျားတို့မိုးကြိုးသွားအရောင်းအဝယ်လုပ်တုန်းက ကျွန်တော်တို့တောင် သိရတာမဟုတ်ဘူး။ တစ်ဖက်သားက မက်လုံးပေးပြီး ဘယ်လို အစွမ်းထက်တယ်ဆိုတာနဲ့ကျိတ်ပြီးအရောင်းအဝယ်လုပ်ခဲ့ကြတာမဟုတ်လား။ ခင်ဗျားတို့ မိုးကြိုးသွားရောင်းဝယ်တာကို နိုင်ငံတော်က တရားဝင်ခွင့်ပြုထားတာလည်းမဟုတ်ဘူး။ ခင်ဗျားတို့ကို မိုးကြိုးသွားအတုရောင်းလိုက်တဲ့ ဘသျှောင်မြိုးရှည်ဆိုတဲ့ ဆေးဆရာဟာ သာယာဝတီမြို့၊. . . လမ်းမက မနီချိုဆိုတဲ့ အမျိုးသမီးကို အသက်ရှစ်ဆယ်ကျော် အဘိုးအိုဟန်ဆောင်ပြီး မိုးကြိုးသွားအတုရောင်းချပြန်တယ်။ ဒီလူက အ

သက်လေးဆယ်လောက်ပဲရှိသေးတယ်။ နာမည်ရင်းက သန်းဝင်းတဲ့။ ရုပ်ပြောင်းရုပ်လွှဲအလွန်တော်တယ်။ တစ်ဖက်သားက ဘဲဝင်ကျလောက်အောင်လည်း စကားပြောကောင်းတယ်။ ခင်ဗျားတို့မလာခင် အချိန်ကလေးကပဲ မနီချိုက မိုးကြိုးသွားအလိမ်ခံရလို့ အမှုလာဖွင့်ထားတယ်။ မြင့်သိန်းနဲ့ အပေါင်းပါလေးဦးကို ဖမ်းဆီးမိထားတယ်။ ဘသျှောင်မြို့ရှည်အိမ်မှာ ခင်ဗျားတို့တွေ့ခဲ့တာသူတို့တွေ မဟုတ်လား"

အမှုလာဖွင့်သူအား အချုပ်ခန်းဘက်သို့ ခေါ်သွားပြီး ပြသည်။

"ဟုတ်တယ် ဆရာ။ ဘသျှောင်မြို့ရှည်အိမ်မှာ တွေ့ခဲ့ရတာ သူတို့တွေပဲ။ ကျွန်တော့်သူဌေးကို မိုးကြိုးသွားအရောင်းအဝယ်ဖြစ်အောင် စပ်ပေးတဲ့ သူလည်း ပါတယ်ဆရာ"

"မျက်နှာပြားပြား၊ မျက်စိပေါက်ကျဉ်းကျဉ်းလေးနဲ့ လူ မဟုတ်လား"

"ဟုတ်ပါတယ်ဆရာ"

"အဲဒါမြင့်သိန်းဆိုတဲ့ လူပဲ။ ခင်ဗျားတို့ တိုင်တန်းတော့လည်း အမှုဖွင့်ပေးရတာမှာပေါ့။ ဘသျှောင်မြို့ရှည်(ခေါ်) ကရင်အဘိုးကြီး အမည်ခံသန်းဝင်းကိုတော့ တရားခံပြေး သတ်မှတ်ပြီး သတင်းစုံစမ်းဖမ်းဆီးရတော့မှာပေါ့။ ကျွန်တော်တို့ မြို့နယ်အတွင်းမှာ မိုးကြိုးသွားဝယ်မိလို့ အလိမ်ခံရတဲ့ သူတွေ မနည်းတော့ဘူး။ သုံးဆယ်ရဲစခန်းမှာ

မိုးကြိုးသွားလိမ်ရောင်းတာ ဈေးမတည့်လို့ မဝယ်တော့ ပိုက်ဆံအိတ်လုပြေးတဲ့ တရားခံကိုဖမ်းမိထားတယ်။

သူတို့က မိုးကြိုးသွားအတုကို လျှပ်စစ်နဲ့ စမ်းသပ်ပြတာကို ခင်ဗျားတို့က အစွမ်းထက်တယ်ဆိုပြီး ဝယ်တာ ခင်ဗျားတို့အမှားပဲ။ လျှပ်စစ်ကိုဖြတ်တောက်လို့ရအောင်စီစဉ်ထားပြီးမှစမ်းသပ်ပြတာ။ ဒီလူလိမ်တွေက သိပ်ဉာဏ်များတယ်။ လူလူချင်းအလိမ်ခံရတာ ရှက်စရာကောင်းပါတယ်ဗျာ"

စခန်းမှူးရဲအုပ်စိုးမြင့်ကရှင်းပြသည်။ မိုးကြိုးသွားအလိမ်ခံရ၍ အမှုဖွင့်ကြသည့်လူများသည် စခန်းမှူးကို နှုတ်ဆက်ကာ ရဲစခန်းထဲမှ ထွက်ခွာသွားကြသည်။ စခန်းမှူးရဲအုပ်စိုးမြင့်သည် ခေါင်းတဆတ်ဆတ်ညိတ်ရင်း ရဲစခန်းရုံးခန်းထဲတွင် တရားရုံးသို့ တရားစွဲတင်မည့် အမှုများကို စစ်ဆေးနေလေတော့၏။

**ဝင်းဇော်(သုံးဆယ်)**

* * * * *



## ဘုံကြီးပြတ်မေတ္တာ

ဟိန်းထက်ဇော်

အချိန်က ဆောင်းအကုန်နွေအကူး နံနက်ခင်းကာလဖြစ်ပါသည်။ စပ်ကူးမတ်ကူးမို့ ဆောင်းလည်းမမည်၊ နွေလည်းမဟုတ်ဖြစ်နေပါတော့၏။

ပတ်ဝန်းကျင်တွင် တော့ ဆောင်းလက်ကျန်နှင်းအငွေ့အသက်များက ရှိနေပါသေး၏။ နေခြည်ဦး၏မြူးကြွသောမအလင်းရောင်က တစ်စထက်တစ်စ စိုးမိုးလာလျှက်ရှိနေ၏။

ထိုအချိန်မှာတော့ ဗုဒ္ဓန်တောင်ပန်းခြံအနီးလုံးချင်းသစ်သားအိမ်လေးထဲတွင်တော့ မောင်မောင်စိုးတို့ ဆရာတပည့်နှစ်ဦး ငြိမ်ချက်သားတောင်းနေ၏။မောင်မောင်စိုးက စာအုပ်တစ်အုပ်နှင့် အဖော်ပြုနေသည်။ သူ့တပည့်စံလှကတော့ တောတ်တိုမယ်ရလုပ်ပြီး သွားသဖြင့် ညည့်ခန်းတွင်အနား ယူလျှက်ရှိ၏။ထိုစဉ် တပည့်စံလှ က သူ့ဆရာအား

"ဆရာ. . . အိမ်တွင်းအောင်း ပြီးနေတော့မှာလား"ဟု စကားစပြီးလမ်းကြောင်းပေးလိုက်၏။ မောင်မောင်စိုးကတော့ သူ့တပည့်အားမကြည့်ပဲ

"ဘာလဲ မင်းကအပြင်ထွက်ချင်လို့မဟုတ်လား"

"မဟုတ်ရပါဘူးဆရာရယ် ဆရာငြိမ်ချက်သားတောင်းနေလို့မေးကြည့်တာပါ။ကျွန်တော် မေးတာလွန်သွားလို့

လား။"ဟုထပ်တွန့်တက် ပြီး ပြောလိုက်ပြန်၏။ မောင်မောင်စိုး လည်း ဖက်လက်စ စာအုပ်ကို စားပွဲပေါ်သို့ တင်လိုက်တော့၏။ ပြီးမှ တပည့်စံလှအားကြည့်ပြီး

"မင်းကလေ အလိုက် ကန်းဆိုးကို မသိတတ်ဘူး။ ကိုယ့်ဆရာဘာလုပ်လို့ ဘာ ကိုင်နေတယ်ဆိုတာမကြည့်ပဲ ကိုယ်ပြောချင်တဲ့စကားကို ဇွတ် အတင်းပြောနေတော့တာပဲ"

"ဟုတ်တာပေါ့ တပည့် မလိမ္မာတော့ ဆရာစာဖတ် ပျက်တာပေါ့။ ဒါနဲ့နေပါဦးဆရာ ဟိုတလောက ပဲခူးအဝင်မှာ သစ်ပင်ကိုကားဝင်တိုက်လို့ သေ သွားတဲ့သတင်းဘာကြားမိသေး လဲဆိုပြီး မောင်မောင်စိုးကိုဆွ ပေးနေတော့၏။သူ့တပည့်၏အ နေအထားကို နောကြေအောင် သိသော သူ့ဆရာက

"ဘာလဲ အဲဒီမှာ သေ သွားတဲ့အမျိုးသမီးကို မင်းစိတ် ဝင်စားနေလို့လား"

"ဟာ . . . . ဆရာ ကလည်း မဦးမချွတ်ပြောရော့မယ်၊ သေတဲ့သူကို ကျွန်တော်က ဘာလို့ စိတ်ဝင်စားရမှာလဲ"

"မသိဘူးလေကွာ အမျိုး သမီးက အပျိုဆိုတော့ မင်းက များ အဲဒီအမျိုးသမီး သေရတဲ့ အကြောင်းနဲ့ ပက်သက်ပြီး ရင် ထုမနာဖြစ်နေလားလို့ပေါ့။"

ဟုမောင်မောင်စိုးက သူ့တပည့်အား ကလိလိုက်၏၊ သူတို့ဆရာတပည့် အပြန်အလှန် စကားကောင်းနေစဉ် ဖုန်းမှ

"ကလင် . . . ကလင်" ဟု မြည်သံကြားရလေသည်။ ထို့ ကြောင့် စံလှလည်း ထိုင်နေရာမှ ထသွားလိုက်၏။ ဖုန်းကိုကောက် ကိုင်လိုက်ပြီး

"ဟဲလို . အမိန့်ရှိပါ။"ဟု ပြောလိုက်၏၊ တစ်ဘက်မှ ပြော စကားကြောင့်

"ဆရာ ဌာနအုပ်ကိုရဲမြင့်

ဆီက စကားပြောချင်လို့တဲ့ ”

မောင်မောင်စိုး ဖုန်းကို ထပြီးကိုင်လိုက်၏။ သူ့အားတစ်ဘက်မှပြောလိုက်သံ ကြောင့်

“လာလေကွာ. . . ငါအိမ်ကပဲစောင့်နေမယ်”

ဟုပြောပြီး ဖုန်းကိုပြန်ချထားလေသည်။ ပြီးလျှင် စံလှအား

“ကဲ . . . မင်းအပြင်သွားချင်တယ်မဟုတ်လား ခဏနေသွားရတော့မယ် အရံသင့်လုပ်ထား”

ဟုပြောလည်းပြော သူလည်းအဝတ်အစားလဲပြီး အသင့်ထိုင် စောင့်နေလေ၏။ မကြာမီ သူတို့အိမ်ရှေ့သို့ ကားတစ်စီးထိုးဆိုက်လာ၏။ ကားပေါ်မှ ဌာနအုပ်ရဲမြင့်က ကားဟွန်းတီးပြီးအချက်ပေး နေတော့၏။

သူတို့ဆရာတပည့်လည်း အိမ်တံခါးပိတ်၍ ကားဆီသို့ ဆင်းလာလိုက်ကြလေတော့၏။ သူတို့ကားပေါ်ထိုင် မိလျှင် ကားကိုမောင်းထွက်လိုက်သည်။ မောင်မောင်စိုးက ဌာနအုပ်ရဲမြင့်အား

“ဘယ်နေရာမှာဖြစ်တာလဲ”

“ကမာရွတ်” ဟု ပြန်ဖြေလျှက်ကားကို မောင်းနေတော့၏။ ပုဇွန်တောင်ဘက်မှ မအူကုန်းဘက်သို့ ကားကိုဦးတည်ပြီးမောင်းလျှက်ရှိ၏။ မအူကုန်းမှ ကန်တော်ကြီး ဘေးလမ်းအတိုင်း တိရစ္ဆာန်ရုံဘက်သို့ချိုးကွေ့ပြီးမောင်းလာပြန်၏။ ထိုမှ တဆင့် ရွှေဂုံတိုင်အဝိုင်းဘက်သို့ မောင်းလျှက် ရှိနေပြန်တော့၏။ ရွှေဂုံတိုင် အဝိုင်းကျော်လာလျှင် ကုက္ကိုင်း ဘက်သို့သွားသည့် လမ်းမကြီးအတိုင်း ဆက်လက်မောင်းလျှက်ရှိပေသည်။ထိုစဉ် မောင်မောင်စိုးက ဌာနအုပ်ရဲမြင့် အား

“အခုမင်းအဖွဲ့ ဝင်ပ်

တွေကိုလွှတ်လိုက်ပြီလား၊ ငါလဲ မြမောင်တို့အဖွဲ့ကို အခင်းဖြစ်တဲ့ နေရာကို ချက်ချင်းလွှတ်လိုက်ပြီ"

"ဩော် . . . ဩော်"

"အေးကွာ. . အမှုတစ်မှုတမပြီးပြတ်သေးဘူး။ နောက်တစ်မှုတပေါ်လာပြန်ပြီ ဖြစ်လိုက်ရင်လဲအမှုကြီးတွေ ဖြစ်နေတယ် ပုလိပ်မင်းကြီးကလဲ အမှုတွေဆက်တိုက်ဖြစ်နေလို့ ငါ့ကိုခေါ်ပြီးကျိန်းတယ်"

ဟုပုလိပ်မင်းကြီးရုံးတွင်ပြန်လည် တာဝန်ယူနေရသော ရဲမြင့်က စိတ်ပျက်လက်ပျက်ဖြစ်တာပြောနေတော့၏။ မောင်မောင်စိုးကတော့ မချိပြုံးကလေးတစ်ချက်ပြုံးနေ၏။ ပြီးမှ

"အဲဒါကြောင့် ငါ့အနေနဲ့ ဒီမျက်နှာဖြူတွေဆီမှာ မလုပ်တာ။ ဒီကောင်တွေက သူတို့ကိုယ်သူတို့ အထင်ကြီးပြီး တို့လူမျိုးတွေကျတော့ အသုံးမကျဘူး၊ ယဉ်ကျေးမှုနည်းပါးတယ်ဆိုတဲ့ အသိနဲ့ နှိမ်ချင်တဲ့စိတ်ကဒီကောင်တွေဆီမှာအမြဲကိန်းအောင်းနေတာ"

"ငါလည်း စိတ်ပါလို့လုပ်နေတာတော့မဟုတ်ပါဘူးကွာ ဝမ်းစာအတွက် လုပ်နေရတာ"

ဟုဌာနအုပ် ရဲမြင့်ကလေးလေးပင်ပင်ပြောလိုက်လေတော့၏။ သူတို့ကားလေးသည် ပြည်လမ်းအတိုင်းမောင်းလာပြီး ကမာရွတ်ဘူတာရုံလမ်းအတိုင်း ချိုးကွေ့ဝင်လာနေပြီ။

"မနေပါဦး. . . အမှုဖြစ်တာဘယ်နေရာလောက်မှာရှိသလဲ. . ."

"ရထားလမ်းအနောက်ဘက်က. . . ရေကန်အနီးမှာ"

ဟု ရဲမြင့်က ပြန်ဖြေရင်းကားကိုဂရုတစိုက်မောင်းနေရလေ၏။ လမ်းကကျဉ်းကျဉ်း ဆိုက်ကားရှောင်ရှုပ်ရှုပ်၊ ကားကလည်းတစ်စီးတလေမဟုတ်ပေ။ ထို့ကြောင့် သူတို့ဂျစ်ကားအားသတိထား

လျှက်မောင်းနေရပေသည်။ လူများကလမ်းလေး ဘေးတွင်ရွှံ့ဗွက်ရေမြောင်းတို့ ကရှိနေသဖြင့် ကားလမ်းပေါ် တက်ပြီးလျှောက်နေကြပြန်၏။ ထိုလူများကိုလည်း ရှောင်တိမ်းမောင်းနေရသည်။

သို့ဖြင့် ရထားလမ်းကျော်လျှင် ရေတန်ကြီးဆီသို့ရောက်လာ၏။ ကားကိုရှင်းသည့်နေရာတွင်ရပ်ထား၏။ပြီးမှ မောင်မောင်စိုးတို့လည်း ကန်ကြီးဆီသို့လျှောက်လာလိုက်ကြ၏။ သူတို့အားမြင် လျှင်လူကြီးတစ်ဦးဖြစ်ဟန်တူ သူက-

"ဖယ်ပေးကြ. . . ဌာနအုပ်မင်းတို့ရောက်လာပြီ"

ဟု ဆော်ဩလမ်းဖယ်ခိုင်းနေတော့၏။မောင်မောင်စိုးတို့အဖွဲ့ရောက်သွားလျှင် ပုလိပ်အဖွဲ့မှ မြမောင်က အလေးပြုလိုက်၏။ သူဆရာဌာနအုပ်ရဲမြင့်အားသတင်းပို့သည်။ မောင်မောင်စိုးလည်း ဝတ်ဝန်းကျင်အနေအထားနှင့် အလောင်းအားကပ်ပြီး လေ့လာနေတော့၏။ရဲမြင့်လည်း ပုလိပ်အဖွဲ့အား လုပ်နည်းလုပ်ဟန်အတိုင်းလုပ်ရန် ညွှန်ကြားနေ၏။ ဓာတ်ပုံရိုက်ခြင်း၊ သက်သေခံပစ္စည်းများသိမ်းဆည်းခြင်းစသည်တို့ဖြင့် အလုပ်ရှုပ်လျက်ရှိနေတော့၏။

မောင်မောင်စိုးကတော့ အလောင်းကိုစတွေ့သူ ကုလားကပြားမူတူးကို မေးမြန်းနေ၏။ မူတူးနေထိုင်သောအိမ်လိပ်စာကို ရေးမှတ်ထားသည်။

ထိုသို့ဖြင့်ပုလိပ် အဖွဲ့လည်း စစ်ဆေးချက်ပြီးစီးသွားလျှင် အလောင်းကိုဆေးရုံပို့ရန် စီစဉ်ကြပြီး ပို့လိုက်ကြလေသည်။ မောင်မောင်စိုးတို့လည်း ဌာနအုပ်ရဲမြင့်ဂျစ်ကားဖြင့်ပြန် လာကြလေသည်။

ကမောရွှေကျက်ရပ်တွင်တ် အ

ချောင်းတို့စဉ်းစားလာ၏။ကမာရွတ်သည် ရေကန်ပေါ်များသောကြောင့်ခေါ်ဆိုထားလေသည်။

ကမာဆိုသည်မှာ ကန်ဖြစ်၏။မွန်ဘာသာကဆိုသည်။ ရွက်မှာပါဠိပျက်ရိုက်မှ မွန်တို့ယူထားသည်။ရိုက်သည် ပေါ်များခြင်းဟုဆိုသည်။ထို့ကြောင့် ကန်များပြားသောနေရာဒေသဟု ဆိုရပေမည်။မြန်မာတို့အသံဖြင့်ရိုက်မှသည် ရွတ်ဖြစ်လာသည်။

"မောင်မောင်စိုး . . . အမှုသွားအမှုလာ. . . ဘယ်လိုမြင်လဲ"

ဟုတားမောင်းနေရင်း ရဲမြင့်ကလှမ်းမေးလိုက်၏။သူ၏ အတွေးစများပျက်ပြယ်သွားတော့၏။ ပြီးမှရဲမြင့်ဘက်သို့လှည့်ပြီး

"အင်း. . . ဒီအမှုက . . . အခြားနေရာမှာ. . . ဖြစ်ပွားပြီးဒီနေရာက. . . လွှတ်လပ်တယ်. . . လူရှင်းတယ် . . . ဒါကြောင့် ကန်စပ်မှာ လာပြစ်ချထားဟန်တူတယ်"

"အေး. . . ငါလဲဒီလိုပဲယူဆတယ်၊ လောလောဆယ်တော့ သေသူမည်သူမည်ဝါဆိုတာ မသိသေးတော့ အခက်တွေ့နေတယ်။ အသက်ကတော့ တို့အသက်တွေနဲ့ မတိမ်းမယိမ်းပဲ လူရည်သန့်အမျိုးသမီး တစ်ဦးဖြစ်နိုင်တယ်။ ရုံးတစ်ရုံးကဝန်ထမ်းလားမသိဘူး"ဟု

ဌာနအုပ်ရဲမြင့်က ပြောလိုက်လေ၏။ထိုအခါ ငြိမ်ပြီးနောက်ဘက်က နားထောင်နေသော စံလှက-

"ကိုရဲမြင့်ထင်မြင်ချက်ဖြစ်နိုင်တယ်။ကျွန်တော်လည်း အမျိုးသမီးဟာ သာမန်မိန်းမတစ်ယောက်တော့ မဖြစ်နိုင်ဘူးလို့ . . . ရုံးဝန်ထမ်းထဲက ဖြစ်ဖို့များတယ်လို့ ယူဆမိတယ်"ဟု

ဝင်ပြောလိုက်လေ၏၊ စံလှပြောပြီးနောက် သူတို့တစ်

တွေ အတွေးကိုယ်စီဖြင့် တိတ်ဆိတ်သွားကြလေ၏။ ရဲမြင့်လည်း ကားကိုတစ်လမ်းဝင်တစ်လမ်းထွက်ဖြင့် မောင်းလာလျှက်ရှိ၏။မြို့တွင်းသို့ပင် ပြန်ရောက်လာလေပြီ။ထိုအခါ မောင်မောင်စိုးတို့အားလက်ဖက်ရည်သောက်ရန်ပြောသည်။ မောင်မောင်စိုးက ခေါင်းခါလိုက်သဖြင့် သူ၏ကားအားပုဇွန်တောင်ရပ်ဆီသို့ ဦးတည်ပြီး မောင်းလာလိုက်၏။ ပုဇွန်တောင်ပန်းခြံလမ်းသို့ ကွေ့ဝင်လိုက်သည်။ပန်းခြံလွန်လျှင် မောင်မောင်စိုးအိမ်ရှေ့တွင် သူကားကို ရပ်ပေးလိုက်တော့သည်။ မောင်မောင်စိုးတို့ ကားပေါ်ကမဆင်းမီ ရဲမြင့်က -

"ငါ အကြောင်းထူးရင် ဖုန်းဆက်လိုက်မယ်"

"အေး . . အေး . ."

ဟုပြောဆိုပြီး ကားပေါ်မှ ဆင်းလိုက်ကြတော့သည်။ ရဲမြင့်လည်း ကားမောင်းပြီးပြန်ထွက်သွား၏။ မောင်မောင်စိုးတို့လည်း တံခါးဖွင့်ပြီးမှ အိမ်ပေါ်သို့ တက်လာလိုက်ကြ၏။တအောင့်လောက်ကြာသော် မောင်မောင်စိုးစိတ်ထဲ ညီးစီစီဖြစ်လာသဖြင့် ရေထချိုးလေတော့သည်။

ရေမိုးချိုးပြီးနောက် စံလှပြင်ထားသော ထမင်းဝိုင်းတွင်ဝင်ထိုင်စားလိုက်လေ၏။

ထမင်းစားပြီး ဧည့်ခန်းတွင်ဝင်ထိုင်ပြီး ရေနွေးကြမ်းငှဲ့သောက်လျှက်ရှိနေပါသည်။ ထိုစဉ် ဖုန်းမြည်သံကြားလိုက်ရ၏။

သူလည်း ကမန်းကတမ်းထပြီး သွားကိုင်သည်။

"ဟဲလို . . . အမိန့်ရှိပါ"

"ငါပါ . . . သေတဲ့အမျိုးသမီးကို စုံစမ်းလို့ရပြီ အခုမင်းဆီကိုငါလာခဲ့မယ် . ."

ဟုပြောပြီး ဖုန်းပြန်ချသွားတော့၏။ ထိုအခါ စံလှက

"ကိုရဲမြင့်ဆီက ဖုန်းလား

ဆရာ . . .”

“ဟုတ်တယ် . . . အခု သူလာခဲ့မယ်တဲ့ သေတဲ့လူကို စုံစမ်းထောက်လှမ်းလို့ရပြီတဲ့”

ဟုမောင်မောင်စိုးက ပြောနေလေ၏။ စံလှလည်း ဆက်မမေးတော့ချေ။အိမ်ရှေ့တွင် ရဲမြင့်အလာကို စောင့်နေတော့၏။မကြာမီ ရဲမြင့်ရောက်လာ၏။ အိမ်ပေါ်သို့တက်လာလျှက်ရှိ၏။

“ကိုရဲမြင့် . . . ဆရာ စောင့်နေတယ်၊ အထဲမှာရှိတယ်”

ဟုပြောပြီး နှစ်ဦးသား ဧည့်ခန်းထဲသို့ဝင်လာလေ၏။ မောင်မောင်စိုးရှေ့တွင် ဝင်ထိုင်လိုက်ကြသည်။

“ကဲ . . . ပြောစမ်းပါဦး”

ဟုမောင်မောင်စိုးက သိလိုဇောဖြင့် ရဲမြင့်အားလှမ်းမေးလိုက်လေသည်။ ဌာနအုပ် ရဲမြင့်က ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်ပြီးလျှင် သေဆုံးတဲ့ အမျိုးသမီးက မြင့်မြင့်တဲ့ ရန်ကုန် အနောက်ပိုင်းဘုန်းကြီးလမ်းဘက်မှာ နေ တယ်။အသက်ကသုံးဆယ့်ငါးနှစ် ပန်းဆိုးတန်းက ဖုံးတစ်ဖုံးမှာ အထက်တန်းစာရေးကြီး တစ်ယောက်ပေါ့”

“နေပါဦး . . . သူတို့က . . . အရင် ဆက်သွယ်လို့လား”

“ဟုတ်တယ် မောင်မောင်စိုး . . . အဲဒီအမျိုးသမီးရဲ့ . . . ညီမဝမ်းကွဲက . . . အကြောင်း ကြားလို့သိရတာ”ဟု ဌာန အုပ်ရဲမြင့်ကမောင်မောင်စိုးအား ရှင်းပြနေတော့၏။ ထိုအခါ မောင်မောင်စိုးကပင်

“ဒါဆို . . . တို့ . . . အဲဒီအိမ်ကို သွားကြရအောင်”

ဟုပြောလိုက်၏။ သူတို့သုံးဦးသားလည်း ရဲမြင့်ဂျစ်ကားဖြင့် မြင့်မြင့်အိမ်သို့ ထွက်လာကြ၏။ဘုန်းကြီး လမ်းမကြီး ရောက်ပြီးသော် နှစ်ထပ်အိမ်ကြီးတစ်အိမ်ရှေ့တွင် ကားကို

ထိုးရပ် လိုက်လေသည်။

ရဲမြင့်က ဦးဆောင်ပြီး အိမ်ထဲသို့ဝင်လိုက်ကြ၏။ထို့နောက် သူတို့ကိုယ်သူတို့ မိတ်ဆက်ပေးကြလေ၏။ မြင့်မြင့်၏ ညီမဝမ်းကွဲက

"ကျွန်မ. . . သင်းသင်းပါ. . . မမမြင့်နဲ့ ဖအေညီအစ်ကိုတော်ပါတယ်။ မန္တလေးမှာက . . . အဒေါ်တစ်ယောက်ရှိတယ်။ . . . ကျွန်မတို့ ညီအစ်မသုံးယောက်က. . . ရန်ကုန်မှာလာပြီး အလုပ် လုပ်နေကြပါတယ်။"

"ဒါဆို နောက်တစ်ယောက်ကရော"

ဟုမောင်မောင်စိုးက မေးလိုက်၏။ မောင်မောင်စိုး၏ အမေးကြောင့် သင်းသင်း ချက်ချင်းပြန်မဖြေပဲ သူမမျက်နှာ ညှိုးကျသွား၏။ မျက်ဝန်းအိမ်မှ ပုလဲသွယ်မျက်ရည်ဥများဝေ့သီ လာနေတော့၏။သူမကိုယ် သူမ မနည်းထိန်းထားရဟန် တူပေသည်။ ပြီးမှ

"မမလေးချစ်ချစ်တ . . ပဲခူးအဝင်. . သစ်ပင်နဲ့ တားတိုက်လို့သေသွားရတယ်။"

ဟုကြေကွဲဝမ်းနည်းစွာ ပြောလေတော့၏။ငှာနအုပ် ရဲမြင့်က-

"ချစ်ချစ်နဲ့ မြင့်မြင့်. . . ညီမအရင်းပေါ့"

"ဟုတ်ပါတယ်. . . မမလေးရဲ့အမှုက မပြီးပြတ်သေးဘူး . . . အခုတော့မကြီး မြင့်မြင့်လဲ သူများလုပ်ကြလို့သေပြန်ပြီ။ ညကတည်းက မန္တလေးက ဒေါ်လေးဆီကိုတော့ ကျွန်မအကြောင်းကြားလိုက်ပါပြီ။ "

ဆိုပြီးဆို့ဆို့နင့်နင့်ဖြင့် ပြောလေသည်၊ မောင်မောင်စိုးလည်းရဲမြင့်အား မသိမသာ လှမ်းကြည့်လိုက်မိ၏၊ထိုစဉ် သင်းသင်းက ခေါင်းလေးငုံ့ထားနေရာမှပြန်မော့လာ၏၊သူမ ရှေ့တွင်ထိုင်နေသော မောင်

မောင်စိုးတို့အား မျက်နှာငယ်လေးဖြင့် ကြည့်နေတော့သည်။

"သိပ်လဲ စိတ်မကောင်းဖြစ်မနေပါနဲ့ . . . ကျွန်တော်တို့ . . အမှုမှန်ပေါ်အောင် . . . အမြန်ဆုံးဖော်ထုတ်ပေးပါမယ်။ . . . ဒီကြားထဲ . . . အကြောင်းထူးခြားမှုရှိရင်တော့ . . . ကျွန်တော်တို့နဲ့ ဆက်သွယ်ပါ"

"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ်။"

"ဒါနဲ့ . . . စိတ်တော့မရှိပါနဲ့ဗျာ . . . အခုသေတဲ့ . . . မမြင့်မြင့်ရဲ့ အခြေအနေလေး . . သိသလောက် ပြောပြပါလား"

ဟုမောင်မောင်စိုးက သင်းသင်းအား မေးမြန်းလိုက်လေသည်။သင်းသင်းက သူမ၏ မမကြီးမြင့်မြင့် အကြောင်းကိုပြောပြလေ၏။

- - - - - - - - × × × - - - - - - - -

တစ်နေ့မှာတော့ . . .

မြင့်မြင့်နှင့် သင်းသင်းတို့ မန္တလေးသို့ ရထားဖြင့်ထွက်လာခဲ့ကြ၏။ မန္တလေးတွင်ရှိသော မိတ်ဆွေတစ်ဦးနှင့် မြင့်မြင့် အသိအကျွမ်းဖြစ်ခဲ့ရ၏။သူ့နာမည်ကား သက်မောင်

သက်မာင်က လူလည်လူနပ်၊ အကြံအဖန်သမားဖြစ်၏၊ စကားပြောချိုသည်၊ မိန်းကလေးတစ်ယောက်ကျလောက်သည့် မျက်နှာပိုင်ရှင်မျိုးဖြစ်၏။မိန်းကလေးတိုင်းသူနှင့် တွေ့မိ၊သိမိလျှင် သက်မောင်၏အချွဲအပျစ်၊ အနူးအနပ်တွေကြားမှောပါရစမြဲ ပင်။

ထို့ကြောင့် သူ့ကိုမြာသက်မောင်ဟု ကင်ပွန်းတပ် ခေါ်ဆိုကြ၏။ထို့ပြင် သက်မောင်က အရည်အချင်းတစ်မျိုးနှင့် ပြည့်စုံပြန်၏။ကျောက်လောကတွင် ဆရာတစ်ဆူဖြစ်၏။သူ့ကိုတော်ရုံတန်ရုံ ကျော်လုပ်လို့မရပေ၊ ကျွမ်းကျင်သည်၊ နှံ့စပ်သည်၊ သူလုပ်သည့် အလုပ်တိုင်းမအောင်

မြင်သည်ဟူ၍မရှိပေ။ အောင်မြင်ပြီးမြောက်သွားသည့်အတွက်ကြောင့် သူ့ကိုကျောက်လောကသားများက ကျောက်သတ်မောင်ဟု ခေါ်ဝေါ်သမုပြုကြ၏၊ ချီးမွမ်းထောပနာပြုကြ၏။

ယခုလည်းကြည့်လေ ရိုးသော၊ ဣန္ဒြေသိက္ခာရှိသော၊ အရှက်အကြောက်ကြီးသော ရုံးတစ်ရုံးတွင်စာရေးကြီး ဂုဏ်ပုဒ်နှင့်မြင့်မြင့်တစ်ယောက် သတ်မောင်၏အာရုံထဲသို့တိုး ဝင်နေတော့၏၊ *ခရီးသွား အခိုက်အ*တန့်ကလေးပင်ဖြစ်သော်လည်း သူတို့နှစ်ဦး၏ရင်းနှီးမှုက လိုတာထက်ပိုနေတော့၏၊ ဘေးနားတွင်ရှိသော သင်းသင်းပင် သူမ၏မကြီးမြင့်မြင့်ကို အံ့ဩနေမိတော့၏၊

ဤသို့ဖြင့် မန္တလေးတွင် တစ်ပတ်ခန့်ကြာကြာနေထိုင်ခဲ့ကြ၏၊ ရုံးကတစ်ဘက်ရှိနေသဖြင့် ရန်ကုန်သို့ပြန်လာလိုက်ကြ၏။ ရန်ကုန်ဘူတာကြီးလမ်းအိမ်သို့ရောက်ပြီးမကြာမီ သတ်မောင်ဆိုက်ဆိုက် မြိုက်မြိုက်ရောက်ရှိလာ၏၊ ထိုသို့ဖြင့် အိမ်သို့အဝင်အထွက်များလာနေတော့ပေသည်။

"မြင့် . . . အခု . . . စနေနေ့ဝက်ရုံးဆင်းရင် . . . စကော့မက်ကတ်(ဗိုလ်ချုပ်ဈေး) ဘက်လျှောက်ရအောင်"

"သွားလေကိုသက်၊ မြင့်လည်း . . . မရောက်တာ ကြာပြီ"

ဟု အပြောအဆိုမျိုးအထိဖြစ်လာကြ၏၊ မြင့်မြင့် တစ်ယောက်မိမိ၏ဘဝကို ယုံယုံကြည်ကြည်ဖြင့် သတ်မောင်လက်သို့ဝကွက်အပ်လိုက် မိတော့၏။

အချိန်ကပြောင်းသွားလေပြီ၊ အိမ်သို့အဝင်အထွက်များလာသဖြင့် ချစ်ချစ်နှင့်ပါတစ်စထက်တစ်စခင်မင်လာ၏၊ ရင်း

နှီးလာကြ၏။ ချစ်ချစ်ကမြင့်မြင့် လိုမဟုတ်ပေ။ သွက်သည်၊ ကလက်သည်၊ ခေတ်ဆန်သည့် ယောကျာ်းတစ်ယောက်ကို ရေရှည် မတွဲတတ်ပေ။

သို့သော်သက်မောင်နဲ့ ကျတော့ ချစ်ချစ်ကသားကောင် ဖြစ်နေရရှာ၏။သက်မောင်၏အ ပျော့အချွဲများကြားဝယ် နစ်မျော မိသွားလေတော့သည်။သက် မောင်ကကျားမှကိုးတောင်ပြည့် ကျားတစ်ကောင်ပင်။

သင်းသင်းသည် ပြောပြ နေရင်းမျက်ရည်များပိုးပိုးပေါက် ပေါက်ကျလာနေတော့၏။ထို့ ကြောင့် မောင်မောင်စိုးတို့လည်း အားလည်းအားနာသွားသည်။ ဂရုဏာလည်းသက်မိသွား၏။ ဆက်မမေးတော့ပဲ နှုတ်ဆက်ပြီး ပြန်လာခဲ့လေသည်။

နောက်တစ်နေ့. . . .။

မောင်မောင်စိုးတ ယောက်တည်း ကားမောင်းပြီးစ ကော့မတ်ကတ်(ဗိုလ်ချုပ်ဈေး) ဘက်သို့ထွက်လာသည်။သူတို့ ကားကို အရှေ့ဘက်တန်းသွား ရပ်ထားသည်။

ပြီးနောက် ကျောက် တန်းဘက်သို့ဝင်လာ၏။သူ၏ မိတ်ဆွေ ကျောက်ပွဲစားစိန်ထူးနှင့် တွေ့သည်။ကျောက်သက်မောင် အကြောင်းကိုမေးမြန်းကြည့်သည်။ စိန်ထူးက

"သက်မောင်. . . တို တလောက. . ပဲခူးသွားမယ်ဆိုပြီ . . . သူ့မိတ်ဆွေတစ်ယောက်ဆီ က. . . ကားငှားသံကြားလိုက်ရ တယ်. . . အခုရက်ပိုင်း . . . ဒီ . . . ကျွန်တော်တို့လုပ်ငန်းခွင် မှာမလာပြန်ဘူး . . . ဘယ်မှာ လှုပ်ရှားနေလဲ မသိဘူး. . .

ဒီကိုမလာတာ . . . ဆယ်ရက်လောက်ရှိပြီပဲ"

"အင်း . . . နှစ်ရက် လောက်တောင်ရှိပြီ. . . ဒါပေမဲ့ . . . သူ့တပည့်မြဇော်တော့

လာတာတွေ့တယ်. . . ကို
မောင်မောင်စိုးတွေ့ချင်လား
. . . ကျွန်တော်ခေါ်ပေးမယ်
လေ"
ဟုစိန်ထူးကပြောလေ၏။ထို့
နောက် မြဇော်တစ်ယောက် သူ
တို့နှင့်မလှမ်းမကမ်းမှ ဖြတ်
လျှောက်သွားသည်။ စိန်ထူးက
မောင်မောင်စိုးအား မြဇော်ဟု
ဆိုပြီးညွှန်ပြလေသည်။မောင်
မောင်စိုးလည်း လှမ်းပြီးအကဲ
ခတ်ကြည့်လိုက်၏။

ထိုသို့ဖြင့်စိန်ထူးအား
နှုတ်ဆက်၍ထွက်လာလိုက်သည်။
မြဇော်သွားသည့်နောက်သို့ အ
မှတ်တမဲ့လိုက်လာသည်။ဈေး
အရှေ့ဘက်တန်းရောက်လျှင်
မြဇော်လူတစ်ယောက်နှင့်ရပ်ပြီး
စကားပြောနေတော့၏။မောင်
မောင်စိုးလည်း မြဇော်၏အနေ
အထားကို တစ်နေရာမှ ရပ်ပြီး
အကဲခတ်နေ၏။သူတို့ ပြောဆို
ပြီးမြဇော်ထွက်လာသည်။

သူလည်း မြဇော်အနားသွားပြီး
"မြဇော်. . . နေပါဦး"
ဟုလှမ်းပြောလိုက်၏။ သူခေါ်သံ
ကြောင့် မြဇော်ရပ်နေ၏။သူ့အား
မှုန်တေတေဖြင့် ကြည့်နေတော့
သည်။ မောင်မောင်စိုးအနား
ရောက်လျှင်
"ကျုပ်ကိုခေါ်တာ . . .
ဘာကိစ္စရှိလို့လဲ"
"ပြောမှာပေါ့ကွာ. . .
မင်းကလဲ. . . သိပ်ဒေါသမကြီး
ပါနဲ့"
ဟု မောင်မောင်စိုးက လေပြေ
ဖြင့်ပြောလေသည်။ မြဇော်က
တော့ လုံးဝကျေနပ်ပုံမပေါ်ချေ။
"ဒီမှာမြဇော်. . . မင်း
ဆရာသက်မောင်ကို . . . ငါ
တွေ့ချင်တယ်"
"ဘာကိစ္စလဲ"
"ကျောက်တစ်ပွင့်ရှိ
တယ်၊ ပြချင်လို့"
"ဒါဆို. . . ညနေ. . .
ငါးနာရီတိတိ. . . မဂိုလမ်း (ရွှေ

ဘုံသာ) ထိပ်က လက်ဖက်ရည်ဆိုင်ကစောင့်နေ. . . ကျုပ်လာခဲ့မယ်"

ဟု ပြောဆိုပြီး လှည့်ထွက်သွားလေ၏။ မောင်မောင်စိုးလည်း သူကားထားရာသို့လာသည်။သူ့ကားလေးအားမောင်းပြီး အိမ်သို့ပြန်လာနေတော့၏။

တစ်လမ်းလုံး သူ့အတွေးများက ကွင်းဆက်တစ်ခုနှင့်တစ်ခုကို ဆက်စပ်တွေးတောလျက်ရှိပေသည်။

- - - - × × × - - - -

မောင်မောင်စိုးတို့ ဆရာတပည့် မြဇော်ချိန်းသော လက်ဖက်ရည်ဆိုင်တွင် ထောင့်စားပွဲတစ်လုံး၌ ထိုင်စောင့်နေ၏။ မကြာမီ မြဇော်ဆိုင်ထဲဝင်လာသည်၊ မောင်မောင်စိုးကိုမြင်လျှင် သူတို့စားပွဲသို့လျှောက်လာသည်၊ ခွေးခြေခုံတွင်ဝင်ထိုင်လိုက်၏။ မောင်မောင်စိုးက -

"မင်းသောက်ချင်တာမှာလေ"

"မသောက်တော့ပါဘူးဗျာ. . . သွားကြရအောင်"

ဟု ပြောပြီး ဆိုင်ပြင်သို့ထွက်လာသည်၊ စံလှလည်း လက်ဖက်ရည်ဖိုးရှင်းပြီး နောက်မှလိုက်လာ၏။

"ငါ့မှာ. . . ကားပါလာတယ်"

ဟုပြောပြီး သူကားဆီသို့လာကြ၏၊ စံလှကမောင်းသည်၊ သူတို့နှစ်ဦးက နောက်မှာထိုင်လိုက်လာကြ၏၊သမိုင်းလမ်းဆုံဘက်ကို မောင်းရန်ပြော၏။

ကားလေးကို ပြည်လမ်းမကြီးအတိုင်း မြောက်ဘက်သို့မောင်းလာ၏၊ထိုစဉ် မြဇော်က

"ခင်ဗျားကို အရင်တုန်းကမတွေ့ဘူးပါဘူး. . ."

"ဟုတ်တယ်မြဇော် . . ငါက မိုးကုတ်၊ မန္တလေးလောက်ပဲ ဆင်းတာများတယ်. . . အ

တစ်ခေါက်တော့ ကျောက်တစ်ပွင့်က အရည်အသွေးကောင်းတော့. . . ရန်ကုန်ဆင်းလာတာပါ ဟိုက. . . ငါ့မိတ်ဆွေ ကျောက်မိုးသီး လမ်းညွှန်လိုက်လို့ မင်းဆရာဆီကိုလာရတာ"

"မန္တလေးက. . . . ကျောက်မိုးသီးလား၊ ကျွန်တော် နှစ်ခါလောက်တွေ့ဘူးတယ်. . . မန္တလေးမှာတော့. . . တကယ့်ဆရာကြီးပဲ"

ဟု မြဇော်က ပြောနေတော့၏။ မောင်မောင်စိုးသူ၏ အရိပ်အကဲကိုကြည့်မိရာ မိမိတို့အပေါ်လုံးဝသံသယမရှိကြောင်း တွေ့ရပေသည်။ ထို့ကြောင့် သူ့စကားအတိုင်းနှင်းပြီး

"ဟုတ်တယ်မြဇော်. . . ရန်ကုန်ကျတော့. . . မင်းဆရာ သက်မောင်က ဆရာတစ်ဆူပေါ့ ဟုတ်လား. . . ဝယ်လက်ကြီးကြီးရှိတယ်. . . အလုပ်လုပ်တာ ပိရိတယ်. . . တိကျတယ်၊ စည်းကမ်းကြီးတယ်. . . အဲဒီဝုဏ်ပုဒ်တွေနဲ့. . . မင်းဆရာတနာမည်တစ်လုံးရနေတာပေါ့. . . ဟုတ်လား"

"အင်း. . . ဒီလောက်လဲမဟုတ်ပါဘူးဗျာ. . . တစ်ခါတစ်လေတော့လည်း . . . ဆရာက အတွေးချော်တယ်ဗျ"

"ဘယ်လိုကြောင့်လဲ မြဇော်. . ."

"မိန်းမနဲ့ပက်သတ်ရင်. . . အလုပ်အကိုင်မေ့. . . ကျန်တာဘာမှမစဉ်းစားတော့ဘူး. . . ဇွတ်လုပ်တော့တာပဲ"

"ဟား. . . ဟား. . . ဒါကတော့. . . ယောကျ်ားသားပဲကွ"

ဟုမောင်မောင်စိုး တရယ်ရယ်မောမောပြောလိုက်လေသည်။

ထိုအချိန် သူတို့တားလေး သမိုင်းလမ်းဆုံမှလမ်းချိုးတစ်ခုသို့ကွေ့ဝင်နေလေပြီ။ မြေနီ

လမ်းမှ ကားလေးမှာလူးလိမ့်နေတော့၏။ ခြံတစ်ခြံရှေ့ရောက်လျှင်ရပ်ခိုင်းလိုက်၏။ဟွန်းတီးလိုက်၏။လူတစ်ယောက် တံခါးဝသို့ရောက်လာ၏။

မြဇော်က ကားထဲမှ ခေါင်းပြူပြလိုက်၏။တံခါးကို ဖွင့်ပေးလေသည်။ သူတို့ ကားလေးသည် ခြံထဲသို့မောင်းဝင်လာသည်။ ဧည့်ခန်းတွင် ရုပ်ရှင်မင်းသားမှီလောက်သည့် လူတစ်ဦးထိုင်နေသည်။ မြဇော် က

"ဆရာ... မန္တလေးက... ကိုမိုးသီးလွှတ်လိုက်တဲ့လူ တွေပါ"

"ဟုတ်ကဲ့ ထိုင်ကြပါ"

ဟု သက်မောင်က ဖျာဖျာသလဲပြောဆိုလေ၏။ ဖော်ဖော်ရွေရွေရှိလှ၏။ မောင်မောင်စိုးတို့လည်း သူတို့ကိုယ်သူတို့ မိတ်ဆက်ပေးလိုက်လေသည်။ အလ္လာပ သလ္လာပပြောဆိုနေကြ၏။

ထို့နောက် မောင်မောင်စိုးက သူ့အိတ်ထဲမှ ကျောက်တစ်ပွင့်ထုတ်ပြလိုက်၏။ သက်မောင်က သေချာစေ့စပ်စွာ ကြည့်ရှုနေပေသည်။ မောင်မောင်စိုးကတော့ စားပွဲပေါ်မှ ဓာတ်ပုံကို အာရုံရောက်နေတော့သည်။ ထိုစဉ်

"ကျောက်ကတော့ .. ကျောက်ကောင်းတစ်ပွင့်ပဲ... ဈေးတော့ ဈေးကောင်းရမှာပါ ... အချိန်တော့... ကျွန်တော့်ကို နည်းနည်းပေးမှရမယ်၊ အခုတလော အပြင်မထွက်တာ ကြာတော့ ... ဝယ်လက်နဲ့ အဆက်ပြတ်နေတယ်"

"ဟုတ်တာပေါ့ ... ကိုသက်မောင်လို အလုပ်ကြီးအကိုင်ကြီးသမားတွေက အပြင်တစ်ရက်မထွက်ဖြစ်ရင် ကမ္ဘာကြီးနဲ့ တစ်လလောက်ပြတ်သွားသလိုဖြစ်နေမှာပေါ့။ ဘာလဲ ... စိတ်ညစ်စရာတွေ ကြုံနေ

လို့လား . . . အဲဒါဆိုလဲ ကျွန်တော်တို့မိုးကုတ်ကို လိုက်လည်ပါလား"

ဟု မောင်မောင်စိုးက ပြောလိုက်၏။ သက်မောင်လည်း မောင်မောင်စိုးကို လှမ်းကြည့်လေသည်။ ပြီးနောက် စိတ်ပျက်အားငယ်သည့် ပုံစံဖြင့်

"အေးဗျာ. . . အခုတလော စိတ်တွေနည်းနည်းတော့ တင်းကြပ်နေတာ ခရီးလေးဘာလေးထွက်ရရင်ကောင်းမလားပဲ"

"ကောင်းတာပေါ့ဗျာ . . . ကျွန်တော်တို့နဲ့သာလိုက်ခဲ့ပါ။ ဘာမှအားနာစရာမရှိပါဘူး။ ဒါနဲ့စကားမစပ် စားပွဲပေါ်က ဓာတ်ပုံက ကိုသက်မောင် အမျိုးသမီးလား. . ."

ဟု မောင်မောင်စိုးက မေးလိုက်၏။ ဓာတ်ပုံကိုကြည့်ပြီး

"အင်း. . . ဘယ်လိုပြောရမလဲ. . . မိန်းမဆိုလဲ ဟုတ်တယ်. . . ဒါပေမယ့် လက်မထပ်ရသေးပါဘူး။ သူက ကျွန်တော့်ကို ခပ်ခွာခွာ လုပ်နေတယ်. . . နောက်တစ်ယောက် တွေ့ထားလို့လား မသိပါဘူး။ အဲဒါကြောင့် စိတ်ပျက်နေတာ . . ."

ဟု သူ့ကိုယ်သူ ထိန်းပြီး ပြောနေ၏။ သူ၏အသံတွေ ပုံမှန်မရှိတော့ပေ။ ဣန္ဒြေပျက်စပြုနေတော့၏။ သူ့တပည့် မြဇော်လည်း မီးဖိုချောင်ဘက်သို့ ဝင်သွားလျှက်ရှိ၏။ မောင်မောင်စိုးလည်း စံလှကိုလှမ်းကြည့်လိုက်၏။

သူ့ဆရာ၏ အထာကို နပ်သောစံလှက သူ၏ဘယ်လက်နှင့် သက်မောင်၏ညာလက်ကိုတွဲပြီး လက်ထိပ်ခတ်လိုက်လေတော့သည်။

မောင်မောင်စိုးလည်း သူ့စလွယ်သိုင်းအိတ်ထဲမှ သေနတ်ကိုထုတ်ပြီး ကိုင်ထားလိုက်၏။ သက်မောင်က အံ့အားသင့်

သွားသည်။ပြီးနောက် အသံတုန်တုန်ဖြင့် -

"ဒါ. . . ဘာလုပ်တာလဲ. . . ခင်ဗျားတို့က ကျောက်ပွဲစားတွေဆို "

ဟု မေးနေတော့၏။ မောင်မောင်စိုးက သူ၏အလွတ်စုံထောက်ကဒ်ကို ထုတ်ပြလိုက်လေ၏။ သက်မောင်ငိုင်ကျသွားသည်။ မျက်နှာလည်းပျက်သွား၏။ မျက်ထောင့်နီဖြင့် မောင်မောင်စိုးအား လှမ်းကြည့်နေ၏။

ပြီးလျှင် -

"ကျုပ်ကို ဘာလို့ဖမ်းတာလဲ. . ."

ဟု မေးလေသည်။ မောင်မောင်စိုးက စားပွဲပေါ်ရှိ ဓာတ်ပုံကို ကိုင်ပြီး -

"ဒီထဲက မိန်းကလေးကိစ္စနဲ့ ပက်သက်ပြီး ဖမ်းတာ" ဟု တစ်လုံးချင်းပြောနေတော့၏။ ထိုစဉ် ဌာနအုပ်ရဲမြင့်တို့ပုလိပ်အဖွဲ့ ခြံထဲသို့ဝင်လာကြ၏။ အားလုံးဝိုင်းမိထား၏။ အိမ်နောက်တွင်ရှိသောမြဇော်ကိုလည်း ဖမ်းပြီးဧည့်ခန်းထဲသို့ခေါ်လာလိုက်လေသည်။

"ဘယ်လိုလဲသက်မောင် . . မင်းဘာပြောချင်သေးလဲ . . . ဘာကြောင့် ချစ်ချစ်ကို ပဲခူးမှာ သတ်ရသလဲ. . ."

"အဲ. . . မြင့်မြင့်ကိုလဲ မင်းအကြောင်းတွေ သိတော့ အစဖျောက်လိုက်တယ်ပေါ့ . . ဟုတ်လား. . ."

သက်မောင် ခေါင်းငိုက်စိုက်ဖြစ်နေ၏။ ပြီးလျှင်

"ကျုပ်မသတ်ဘူး. . . မသတ်ဘူး. . ."

ဟုအကြောက်အကန် ငြင်းနေလေ၏။ မောင်မောင်စိုးက -

"မင်း ပဲခူးသွားတုန်းက မင်းမိတ်ဆွေရဲ့ကားကို ငှားသွားတယ်မဟုတ်လား. . . အေး . . . အဲဒီကားပိုင်ရှင်က မင်းပါလို့ ထွက်ဆိုထားတယ်။ မင်း ကား

မောင်းရင်း ချစ်ချစ်နဲ့စကားများတယ်. . . ဆွဲလားရုန်းလားဖြစ်တယ်. . . အဲဒီအချိန်မှာ မင်းရဲ့ဖောင်တိန်ဟာ ချစ်ချစ်လက်ထဲမှာပါသွားတယ်။ ဖောင်တိန်အဖုံးမှာ(တီ. အမ်)လို့ အင်္ဂလိပ်လိုထိုးတာတွေ့ရတယ်။ ကားလဲရုန်းနေတဲ့ မင်းတို့ကြောင့် မထိန်းနိုင်ပဲ သစ်ပင်နဲ့ဝင်ဆောင့်မိသွားတယ်။ ဒါကိုကြုံမြင်လိုက်တဲ့ မင်းကခုန်ချလို့လွတ် သွားတယ်"

ဟု မောင်မောင်စိုးက တစ်လုံးချင်း ပြောနေတော့၏။ သက်မောင်ကတော့ စောစောကလောက် အသံမမာနိုင်တော့ပေ။ သူ့အတွက်ချောင်ပိတ်နေတော့၏။မောင်မောင်စိုးကိုလှည့်လို့ မရနိုင်မှန်း ရိပ်မိနေတော့၏။

"အေး. . . မင်းက ခြေထောက်မှာ ဒဏ်ရာရသွားတော့ အဲဒီအနီးကတဲမှာ နှစ်ရက်လောက် ကြာသွားခဲ့တယ်မဟုတ်လား. . . မင်း အဲဒါ ပြင်းချင်သေးလား"

ဟု မောင်မောင်စိုးက လှမ်းမေးလိုက်၏။ သက်မောင်တစ်ယောက် ခေါင်းပြန်မော့လာ၏။ပြီးနောက် -

"ကျွန်တော် မှားခဲ့ပါတယ်"

ဟု ဝန်ခံကတိပြုလိုက်လေတော့၏။ ဌာနအုပ်ရဲမြင့်လည်း သက်သေလူကြီးများရှေ့တွင် လက်မှတ်ထိုးခိုင်းလိုက်လေသည်။

"ဒါနဲ့. . . မြင့်မြင့်ကိုဘာလို့ သတ်တာလဲ. . ."

"ဟုတ်ကဲ့. . . ပြောပါ့မယ်။ ကျွန်တော်ချစ်တာက မြင့်မြင့်ပါ၊ ကြားက ချစ်ချစ်ကပါလာတော့ ကျွန်တော်လည်း ဝါသနာအတိုင်း သူတို့ညီမတို့အဆင်ပြေသလိုတွဲနေလိုက်မိတယ်။ တစ်နေ့ သူတို့ညီအစ်မကျွန်တော့်ကြောင့် အိမ်မှာစကားများကြတယ်။ မြင့်မြင့်တသူညီမကို ဆုံးမတယ်။ သူညီမက

ပြန်ပြီးရန်တွေ့တယ်လေ. . . ဒါကို မကျေနပ်တော့ ချစ်ချစ်က ကျွန်တော့်ကို တစ်ဘက်လှည့်နဲ့ ချိန်းပြီး ပဲခူးကိုထွက်လာလိုက်ကြတယ်. . ."

ဟုသက်မောင်က ပြောလက်စကိုရပ်ထား၏။ပြီးမှ သူစကားကိုဆက်ပြန်၏။

"လမ်းရောက်တော့ သူ့ကိုဖြတ်မလား၊ သူ့အစ်မကြီးကို ဖြတ်မလားလို့မေးရင်းကနေပြီး တစ်ယောက်နဲ့ တစ်ယောက် စကားများကြရင်းနေ အခုလို ဖြစ်သွားရတာပါ"

"ဟုတ်ပြီ . . . မြင့်မြင့်ကျတော့ကော. . ."

"ဩော် . . . သူကျတော့ သူ့ညီမသေရတဲ့ အကြောင်းရယ်. . . ကျွန်တော်က သူ့အပေါ် ယုတ်မာတဲ့ အကြောင်းရယ်ပေါင်းပြီး ကျွန်တော့်ကို ရန်တွေ့တယ်။ ကျွန်တော်လဲ သူ့ကို အလိမ္မာသတ်ပြီး ဒီအိမ်ကို ခေါ်လာခဲ့တာပါ။ နောက်ပိုင်းတော့ ကိုမောင်မောင်စိုးတို့ တွေ့ရတဲ့အတိုင်းပဲပေါ့. . ."

ဟုပြောပြီး စိတ်ပျက်အားငယ်စွာဖြင့် ခေါင်းငိုက်စိုက်ကျသွား၏။ ဌာနအုပ်ရဲမြင့်လည်း သက်မောင်အား ဂါတ်တဲသို့ ဖမ်းဆီးသွားလေတော့၏။

သူတို့ ဆရာတပည့်နှစ်ဦးလည်း ရန်ကုန်ဘက်သို့ သူတို့ကားလေးကိုမောင်းပြီး ပြန်လာနေတော့၏။ မောင်မောင်စိုး၏ နှလုံးဝယ် ညီမနှစ်ဦး၏ မေတ္တာကြီးလေးများ ဖြတ်တောက်ဝါးမြိုခံလိုက်ရပုံကို ဂရုဏာသက်စွာဖြင့် စဉ်းစားလာလျှက်ရှိနေတော့သည်။

**မင်းနိုင်းထက်စော်**

## မကြားဝံ့မနာသာ



ပန်းချီ-ဖိုးအောင်

မောင်းရင်း ချစ်ချစ်နဲ့စကားများ တယ်. . . ဆွဲလားရုန်းလားဖြစ် တယ်. . . အဲဒီအချိန်မှာ မင်းရဲ့ ဖောင်တိန်ဟာ ချစ်ချစ်လက်ထဲ မှာပါသွားတယ်။ ဖောင်တိန် အဖုံးမှာ(တီ. အမ်)လို့ အင်္ဂလိပ် လိုထိုးတာတွေ့ရတယ်။ ကားလဲ ရုန်းနေတဲ့ မင်းတို့ကြောင့် မထိန်း နိုင်ပဲ သစ်ပင်နဲ့ဝင်ဆောင့်မိသွား တယ်။ ဒါကိုကြိုမြင်လိုက်တဲ့ မင်းကခုန်ချလို့လွတ် သွားတယ်"

ဟု မောင်မောင်စိုးက တစ်လုံးချင်း ပြောနေတော့၏။ သက်မောင်ကတော့ စောစော ကလောက် အသံမမာနိုင်တော့ ပေ။ သူ့အတွက်ချောင်ပိတ်နေ တော့၏။မောင်မောင်စိုးကိုလှည့် လို့ မရနိုင်မှန်း ရိပ်မိနေတော့၏။

"အေး. . . မင်းက ခြေ ထောက်မှာ ဒဏ်ရာရသွား တော့ အဲဒီအနီးကတဲမှာ နှစ် ရက်လောက် ကြာသွားခဲ့တယ် မဟုတ်လား. . . မင်း အဲဒါ ငြင်းချင်သေးလား"

ဟု မောင်မောင်စိုးက လှမ်းမေးလိုက်၏။ သက်မောင် တစ်ယောက် ခေါင်းပြန်မော့လာ ၏။ပြီးနောက် -

"ကျွန်တော် မှားခဲ့ပါတယ်"

ဟု ဝန်ခံကတိပြုလိုက် လေတော့၏။ ဌာနအုပ်ရဲမြင့် လည်း သက်သေလူကြီးများရှေ့ တွင် လက်မှတ်ထိုးခိုင်းလိုက်လေ သည်။

"ဒါနဲ့. . . မြင့်မြင့်ကို ဘာလို့ သတ်တာလဲ. . ."

"ဟုတ်ကဲ့. . . ပြောပါ့ မယ်။ ကျွန်တော်ချစ်တာက မြင့်မြင့်ပါ၊ ကြားက ချစ်ချစ်က ပါလာတော့ ကျွန်တော်လည်း ဝါသနာအတိုင်း သူတို့ညီမကို အဆင်ပြေသလိုတွဲနေလိုက်မိ တယ်။ တစ်နေ့ သူတို့ညီအစ်မ ကျွန်တော့်ကြောင့် အိမ်မှာ စကားများကြတယ်။ မြင့်မြင့်က သူ့ညီမကို ဆုံးမတယ်။ သူ့ညီမက

ပြန်ပြီးရန်တွေ့တယ်လေ. . . ဒါကို မကျေနပ်တော့ ချစ်ချစ်က ကျွန်တော့်ကို တစ်ဘက်လှည့်နဲ့ ချိန်းပြီး ပဲခူးကိုထွက်လာလိုက်ကြတယ်. . ."

ဟုသက်မောင်က ပြောလက်စကိုရပ်ထား၏။ပြီးမှ သူ့စကားကိုဆက်ပြန်၏။

"လမ်းရောက်တော့ သူ့ကိုဖြတ်မလား၊ သူ့အစ်မကြီးကို ဖြတ်မလားလို့မေးရင်းကနေပြီး တစ်ယောက်နဲ့ တစ်ယောက် စကားများကြရင်းနေ အခုလို ဖြစ်သွားရတာပါ"

"ဟုတ်ပြီ . . . မြင့်မြင့်ကျတော့ကော. . ."

"ဪ. . . သူကျတော့ သူ့ညီမသေရတဲ့ အကြောင်းရယ်. . . ကျွန်တော်က သူ့အပေါ် ယုတ်မာတဲ့ အကြောင်းရယ်ပေါင်းပြီး ကျွန်တော့်ကို ရန်တွေ့တယ်။ ကျွန်တော်လဲ သူ့ကို အလိမ္မာသတ်ပြီး ဒီအိမ်ကို ခေါ်လာခဲ့တာပါ။ နောက်ပိုင်းကတော့ ကိုမောင်မောင်စိုးတို့ တွေ့ရတဲ့အတိုင်းပဲပေါ့. . ."

ဟုပြောပြီး စိတ်ပျက်အားငယ်စွာဖြင့် ခေါင်းငိုက်စိုက်ကျသွား၏။ ဌာနအုပ်ရဲမြင့်လည်း သက်မောင်အား ဂါတ်တဲသို့ ဖမ်းဆီးသွားလေတော့၏။

သူတို့ ဆရာတပည့်နှစ်ဦးလည်း ရန်ကုန်ဘက်သို့ သူတို့ကားလေးကိုမောင်းပြီး ပြန်လာနေတော့၏။ မောင်မောင်စိုး၏ နှလုံးဝယ် ညီမနှစ်ဦး၏ မေတ္တာကြီးလေးများ ဖြတ်တောက်ဝါးမြိုခံလိုက်ရပုံကို ဂရုဏာသက်စွာဖြင့် စဉ်းစားလာလျှက်ရှိနေတော့သည်။

ပါန်းထောက်ဇော်

# ဝင်္ကပါ

မကြားဝံ့မနာသာ



## မကြားဝံ့မနာသာ

ဝင်းဇော် (သုံးဆယ်)

ကျွန်တော်တွင် .. ငယ်သူ
ငယ်ချင်းသုံးယောက် ရှိသည်။
နောက်တိုး၊ အုန်းမြင့်၊ သန့်ဇင်။
ကျွန်တော်တို့သည် ကျောင်းနေ
ဖက်များလည်းဖြစ်သည်။ အသက်
လေးငါးနှစ်အရွယ်ကတည်းက
စားအတူ၊ ကစားအတူ၊ သွားအတူ၊
လာအတူ။

ကျွန်တော် အပါအဝင်
သူငယ်ချင်း လေးယောက်တို့
အသက်အရွယ်ရောက်လာသည့်
အခါ ကျွန်တော် ကစာရေးဆရာ
ဖြစ်ခဲ့သည်။ (ကိုယ်ရည်သွေးခြင်း
မဟုတ်ပါ။ စာဖတ်သူများအသိပင်
ဖြစ်ပါသည်။ နောက်တိုးက
လောင်းကစားသမား (ဖဲသမား)
ဖြစ်သွားသည် .. အုန်းမြင့်က
တွင်ခုံဆရာပေမဲ့ အရက်ကို အလွန်
အကျွံသောက်သည်။ သန့်ဇင်က
နတ်ကတော်ဖြစ်ပြီးမှ သာသနာ့
ဘောင်သို့ဝင်သွားသည်။ (ယခု
သုံးဆယ်မြို့ အရှေ့ဘက် မြစိမ်း
တောင်ညိုတွင် သီတင်းသုံးနေ
သည်။)

သူငယ်ချင်း သုံးယောက်
ထဲတွင် သန့်ဇင်ကစိတ်အားငယ်
ပြီး မိန်းမလျာဖြစ်သွားကိုအံ့ဩ
နေမိသည်။ သူနတ်ကတော်
လုပ်နေစဉ်က သူ့ကိုသန့်ဇင်ဟု
ခေါ်လျှင်မကြိုက်။ သန့်သန့်၊ မာမီ
သန့်ဟုမခေါ်ချင်ပဲခေါ်ရသည်။

စိတ်ညစ်မိသည်မှာ မပြောပါနှင့်တော့။ သန့်ဇင်က ကျွန်တော့်ကို တွေ့သည့်အခါ 'ယောကျ်ား'ဟု ခေါ်သည်။ ကျွန်တော့်မှာ ကြက်သီးဖျန်းဖျန်းထသွားရသည်။ စိတ်ဆိုးသွားသည့် အမူအရာပြလိုက်မှ သန့်ဇင်မျက်နှာတည်သွားတတ်သည်။ သန့်ဇင်တော့ သည်ပုံစံအတိုင်းဆက်သွားလျှင် ခက်တော့တာပဲဟု တွေးမိပြီး စိတ်မကောင်းဖြစ်ရသည်။ ဘယ်ကဘယ်လို တရားရသွားသည်မသိ၊ ယခုတော့ ရဟန်းဝတ်သွားသည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာဖြစ်ရသည်။ သုံးဆယ်မှ အစ်မအိမ်သို့လာတိုင်း ကျွန်တော့်ထံ သို့ ကြွလာတတ်သည်။ ကျွန်တော့်လက်ရှိနေသည့် မဂ္ဂဇင်းများကိုလက်ဆောင်တောင်းသည်။

မှုခင်းသတင်းထောက်လုပ်သောအခါ ဆရာတော်နှင့်တွေ့ခွင့်မရတော့။ ကျွန်တော်က ရဲစခန်းများသို့မှုခင်းသတင်းသွားယူတိုင်း . .

"ထူးခြားတဲ့မှုခင်းဖြစ်စဉ်ကိုလိုချင်တယ်"

ဟု တောင်းတတ်သည်။ သတင်းရေးသမားချင်းအတူတူ မိမိကသူတကာထက်ထူးခြားသောသတင်းကို ရေးချင်၍ဖြစ်၏။ တစ်နေ့တွင် မြို့တစ်မြို့မှ ရဲစခန်းတွင် ထူးခြားသောမှုခင်းဖြစ်စဉ်တစ်ခုကိုရရှိခဲ့သည်။ ယင်းထူးခြားသောမှုခင်းဖြစ်စဉ်မှာ . .

× × × ×

ဒီမိန်းမလျာကို အချုပ်ခန်းထဲထားရမှာရင်လေးမိတယ်။ ဒီ ကောင်ကစိတ်ချရတာမဟုတ်ဘူး"

နယ်ထိန်းတပ်ကြပ်ကြီး အေးလွင်၏ စကားကြောင့်ထိုနေ့၏ တာဝန်မှူး ဒုရဲအုပ်ရဲဇော်က

ပြုံးလိုက်မိသည်။ မိန်းမလျာက နယ်ထိန်းတပ်ကြပ်ကြီးအေးလွင်ကို ဘဝင်မကျသည့်မျက်နှာပေးမျိုးနှင့် ကြည့်နေသည်။

"ဒီကောင်နှစ်ကောင်ကို . . ဒီအချုပ်ခန်းထဲမှာပဲထားရမှာဘဲ။ ဆရာကြီးကသူတို့ကို ဘယ်သွားထားချင်သေးလို့လဲ။ ဟိုမိန်းမလျာကပြဿနာကောင်၊ အချုပ်ခန်းထဲမှာတော့ ပြဿနာမရှာနဲ့ကွနော်။ ပြဿနာရှာလို့ကတော့ ငါတို့က လည်းသည်းခံမှာ မဟုတ်ဘူး"

နယ်ထိန်းတပ်ကြပ်ကြီး အေးလွင်က မိန်းမလျာနှင့် လူငယ်ကိုအချုပ်ခန်းသို့ ထည့်လိုက်သည်။ အချုပ်ခန်းထဲမှ အချုပ်သားများသည် မိန်းမလျာကိုမြင်လျှင် မျက်နှာပြုံးစိစိဖြစ်သွားကြသည်။

"အချစ်ကအချုပ်ခန်းထဲ အထိဘာလို့လိုက်လာရတာလဲ"

နောက်ပြောင်တတ်သော အချုပ်သားတစ်ဦး၏ တီးတိုးပြောသံကို ဒုရဲအုပ်ရဲဇော်ကကြားမိ၏။

"ဟေ့ကောင်၊ ဟေ့ကောင် ကိုယ့်သိက္ခာနဲ့ ကိုယ်နေစမ်း၊ ဒါ ပြင်ပလောကမဟုတ်ဘူး။ အချုပ်ခန်း"

အချုပ်ခန်းထဲတွင်ဘာသံမှမကြားရတော့။ မိန်းမလျာက အချုပ်ခန်း၏ တစ်နေရာတွင် ထိုင်လိုက်၏။ သူနှင့်အတူအချုပ်ကျသည့် လူငယ်ကိုလည်း သူ့အနားတွင် ထိုင်ရန်လက်ယပ်၍ခေါ်သည်။ လူငယ်၏မျက်နှာသည် ညိုးနွမ်းနေ၏။

"ဘာဖြစ်လို့ ဒီအထဲဝင် လာရတာလဲ"

အချုပ်သား တစ်ဦးက မိန်းမလျှာကို မေးသည်။

"ကိုယ့်အကြောင်းနဲ့ ကိုယ်ပါရှင်၊ မစပ်စုချင်စမ်းပါနဲ့"

"မဟုတ်ပါဘူးဗျာ၊ အချုပ်ကျခြင်းတွေမို့ မေးကြည့်တာပါ"

"ကျွတ် . . မသိချင်ပါနဲ့ဆို . . ."

မိန်းမလျှာ၏ အသံက ကျယ်လောင်သွားသည်။

"ဟေ့ကောင်တွေ ဘာဆူညံနေတာလဲ၊ အချုပ်ခန်းတန်းစီ"

"ဗျာ"

"ဘာဖြစ်နေတာလဲ"

"ဟို သူခိုးကောင်လှထွန်း က မိန်းမလျှာကိုမေးနေလို့ ဟိုက စိတ်မရှည်ပြီး ထအော်တာ . ."

"မင်းကောင်တွေကိုမင်းထိန်းနော်၊ ဘာသံမှ မကြားချင်ဘူး"

အချုပ်ခန်း တာဝန်ကျ ရဲတပ်သားကလှမ်းပြောသည်၊ ချစ်ပန်းသူဆိုသည့် မိန်းမလျှာသည် လူငယ်၏ပခုံးတွင် နဖူးတင်ကာ နေသည်ကို ဒုရဲအုပ်ရဲဇော်မြင်တွေ့လိုက်ရသည်။ "အခုတော့လည်း မိန်းမလျှာက သနားစရာပါလား" ဟု ဒုရဲအုပ်ရဲဇော်က တွေးမိသည်။ သူ့ဘဝ၏ ဝဋ်ကြွေးကား ကြောက်စရာပင်။ ချစ်ပန်းသူ၏ လုပ်ဆောင်မှုများအနေဖြင့် ရွံမုန်းခြင်းနှင့် မျက်ကွယ်ပြုလိုကရနိုင်သေး၏။ ဥပဒေဘက်တော်သားဖြစ်သည့် ဒုရဲအုပ်ရဲဇော်တို့လို ရဲတပ်ဖွဲ့ဝင်များအဖို့မှာတော့ သူ၏လုပ်ဆောင်မှုများကို မျက်ကွယ်ပြု၍မရ။ စုံစမ်းဖော်ထုတ်၍ဥပဒေအရ ဆက်လက်အရေးယူရုံသာ ရှိပါ၏။

လူတစ်ဦးတစ်ယောက် သည် အခြားလူတစ်ဦး တစ်ယောက်အား ကိုယ်၊ နှုတ်၊ နှလုံး သုံးပါး

တို့တွင် တစ်ပါးပါးဖြင့် ဖြစ်မှား ကျူးလွန်မိအံ့ .. မှားပါသည်၊ သည်းခံပါဟု ဝန်ချကန်တော့လျှင် ဖြစ်မှားခံရသူကလည်း သည်းခံပါလျှင် ငယ်သောအပြစ်ဖြစ်က ပပျောက်နိုင်၍ ကြီးသောအပြစ်ဖြစ်က သက်သာခွင့်ရနိုင်သည်။

ချစ်ပန်းသူကျူးလွန်ခဲ့ သည့်အပြစ်ကားတစ်မျိုးသားလုံး အားဒုက္ခပေးနိုင်သည့် အမှုကိစ္စ မှန်း ဒုရဲအုပ်ရဲဇော် တွေးမိသဖြင့် ရင်လေးသွားမိသည်။

ချစ်ပန်းသူ ကျူးလွန်ခဲ့သောအမှုမှာ ပုဒ်မ ၃၇၇။

- - - + - -

"မင်းပြောတာသေချာရဲ့ လားတိုးမောင်ရယ်"

ဒုရဲအုပ်ရဲဇော်ကနယ်ထိန်းတပ်ကြပ်တိုးမောင်ဦးကို မေးသည်။

"သေချာပါတယ် ဆရာရယ်၊ အဲဒီရပ်ကွက်ထဲက ကောင်လေးတွေက ကျွန်တော့်ကို အသေအချာသတင်းပေးလိုက်တာ"

"မသေချာဘဲ သွားဖမ်းရင် ငါတို့တပ်ဖွဲ့အနေနဲ့ရော ငါတို့ရော သိက္ခာကျမှာစိုးလို့ မင်းကိုမေးနေရတာ"

"အဲဒီ အိမ်ရှိတဲ့ နေရာကို ကျွန်တော်သွားပြီးလေ့လာပြီးပြီ။ လူငယ်အတော်များများကိုလည်း မေးကြည့်လာခဲ့တယ်။ အဲဒီကောင်က သူလှုပ်ရှားနေတာကို ဥပဒေအရအပြစ်မရှိဘူး ထင်နေတာ။"

"ဒါဆိုရင်တော့ ဒီရပ်ကွက်က လူကြီးတွေနဲ့တိုင်ပင်ပြီး အဲဒီအိမ်ကို ဝိုင်းဖမ်းကြမယ်။ ဒါ ပေမဲ့ အချိန်အခါကိုတော့ စောင့်ရလိမ့်မယ်ထင်တယ်။ ဒီကောင်လှုပ်ရှားနေတဲ့အချိန်ကျမှ ဝင်ဖမ်းလို့ ဖြစ်မယ်"

"ဒါဆိုရင်တော့ ဒီညသွား ပြီးလေ့လာကြည့်ရရင် ကောင်းမယ်ဆရာ"

" သူ့အိမ်က . . ရပ်ကွက် ဘယ်နားလောက်မှာလဲ"

"ရပ်ကွက်အစွန်မှာ ခြံကျယ်ဝင်းကျယ်ကြီးနဲ့ ဆောက်ထားတဲ့အိမ်၊ သူတို့အိမ်တစ်ဖက်မှာရိုးချောင်းပဲရှိတော့တယ်။"

"ဟုတ်ကဲ့ဆရာ . . "

"ဟ . . နေဦးကွ။ အဲဒီရပ်ကွက်လူကြီးတွေကို မင်းကည (၇) နာရီလောက်ကျရင် စခန်းကို ခေါ်လာခဲ့အုံး၊ ဒီမှာအကျိုးအကြောင်းပြောပြ တိုင်ပင်ဆွေးနွေးပြီးမှသွားကြတာ ပိုကောင်းမယ်"

"စိတ်ချဆရာ . . "

ည(၈)နာရီခန့်တွင် ဒုရဲအုပ်ရဲဇော်က ဒေါနတန်းရပ်ကွက်မှ လူကြီးများကို အကျိုးအကြောင်းပြောပြသည်။

"ဟုတ်ရဲ့လား ဆရာရယ်၊ ကျွန်တော်တို့ကတော့ ဘာသတင်းမှမကြားမိဘူး"

"ကျွန်တော်တို့စခန်းက နယ်ထိန်းတွေက သတင်းအတိအကျရထားလို့ ဦးလေးတို့လူကြီးတွေနဲ့ တိုင်ပင်ဆွေးနွေးရတာပါ"

"ဒီကိစ္စမျိုးဆောင်ရွက်နေရင်တော့ ကျွန်တော်တို့ရပ်ကွက်ထဲမှာ မထားနိုင်ဘူး၊ မောင်းထုတ်ပစ်ရမယ်"

"ဒီကိစ္စဟာ အရပ်ထဲ၊ ရွာထဲက မောင်းထုတ်ပစ်ရုံနဲ့မပြီးဘူး ဦးကျင်ရွှေ ဒီကောင်ဒီကိစ္စကိုကျူးလွန်နေစဉ်မှာ လက်ပူးလက်ကြပ်ဖမ်းဆီးပြီး အရေးယူဆောင်ရွက်ရမယ်။"

"ဒါဆိုလည်း ဆရာတို့

အခုချက်ချင်းလိုက်ခဲ့လေ။ သွား ဖမ်းကြမယ်"

"အဟင်းဟင်း . . ဦးကျင်ရွှေကလဲ။ အခုချက်ချင်း သွားဖမ်းလို့ မဖြစ်သေးဘူးလေ။ ဒီ ကောင်ရဲ့ လှုပ်ရှားမှုတွေကို လေ့ လာပြီး ပြစ်မှုကျူးလွန်ကြောင်း ထင်ရှား လို့မှဖမ်းဆီးလို့ရမယ်"

"ရပ်ကွက်ထဲက ကောင် လေးတွေကလည်း တော်တော် ခက်သေးတာပဲ"

"ဦးကျင်ရွှေတို့ရပ်ကွက် အစွန်က ဒီကောင်နေတဲ့အိမ်ကို တိတ်တဆိတ်သွားပြီးလေ့လာ ကြည့်ရအောင် . ."

+ + + + +

ရပ်ကွက်လူကြီးများနှင့် ဒုရဲအုပ်ရဲဇော်တို့အဖွဲ့သည် ဒေါနတန်းရပ်ကွက်အစွန်မှ အိမ်တစ်အိမ်ရှိရာသို့ လာခဲ့ကြ၏။ ရပ်ကွက်ထဲမှ လူငယ်အချို့ကိုလည်း အင်အားအဖြစ်ခေါ်လာခဲ့သည်။

"ဒီည အဲဒီအိမ်မှာ . . . မင်းမင်းထွန်း ရှိနေတယ်ဦးလေး"

လူငယ်တစ်ဦးက ဒုရဲအုပ် ရဲဇော်ကို ပြောပြသည်။

"ဒီကောင်လှုပ်ရှားနေတာ ကြာပြီလားကွ"

"ဟိုး လေးငါးခြောက်လ လောက်ကတည်းက ဒီကောင်က ရပ်ကွက်ထဲက အသက်ဆယ့်ငါး ခြောက်နှစ်အရွယ် ကောင်လေး တွေကို မိတ်ဆွေဖွဲ့ပြီး သူ့အိမ်မှာ ထမင်းချက်ကျွေးတာတို့ အဝတ် အစားလက်ဆောင်ပေးတာမျိုး တွေလုပ်ပြီး စည်းရုံးနေတာဗျ။ လွန်ခဲ့တဲ့ တစ်လလောက်ကမှ ဒီကောင် ဟာရပ်ကွက်ထဲက ကောင်လေး တွေကိုခေါ်ပြီး ဖျက်ဆီးနေတယ်ဆို တာ သိရတယ်။

ရပ်ကွက်လမ်းထဲက .. ကိုစိန်သန်းရဲ့ သားလေးဟာ အဲဒီကောင်အိမ်သွားပြီး ဘာကြာသလဲဗျာ။ ရှက်စရာရောဂါတွေဖြစ်လို့ ကြိတ်ပြီးဆေးကုပေးရသေးတယ်။ သူ့အဖေက သူ့သားမကောင်းတဲ့ မိန်းမတွေ လိုက်စားပြီးရောဂါရတယ်ထင်လို့ ရိုက်လိုက်၊ နှက်လိုက် တာသနားစရာပါပဲ။ အခုလည်း ကောင်လေးခမျာ မကျန်းမာရှာဘူး"

"ဟင် .. ဒီကောင်တော် တော်သောင်းကျန်းပါလား"

ဦးကျော်ရွှေက အတော်ကလေးဒေါသဖြစ်နေသည်။

"ဒီကောင်နာမည်ဘယ်သူလဲ"

"နာမည်ရင်းကမြတ်သူ၊ သူ့ကိုယ်သူ ချစ်ပန်းသူတဲ့"

"ဟိုက် .. နာမည်ကတော့ အပျံစားပါလား .. အေးလေ မိန်းမလျှာပဲ။ နာမည်ကို လု တကာ စိတ်ဝင်စားအောင် .. တော့မှည့်မှာပေ့ါ။ မင်းမင်းထွန်းဆို တာ ဘယ်သူ့ရဲ့သားလဲညီလေး"

"အရက်ဆိုင် မန်နေဂျာ ကိုကျော်မောင်ရဲ့ သားပါ"

"ဪ .."

ဒုရဲအုပ်ရဲဇော်နှင့် ရဲတပ်ဖွဲ့ ဝင်များ၊ ရပ်ကွက်လူကြီးများနှင့် ရပ်ကွက်အတွင်းမှလူငယ်များသည် ချစ်ပန်းသူဆိုသည့် မိန်းမလျှာ၏ ဝန်းပတ်လည်ကို အလျင်ဝိုင်းထ လိုက်ကြသည်။ ချစ်ပန်းသူ၏ ပ ဝန်းကျင်အိမ်ရှိလူများကလည်း ချ ပန်းသူ၏ ပြုမူနေထိုင်ပုံကို လုံ သဘောမကျ။ ထို့ကြောင့်ရဲတပ် ဝင်များကို များစွာအကူအည ပေးကြသည်။ ဒုရဲအုပ်ရဲဇော် ချစ်ပန်းသူ၏ အိမ်အတွင်း

ပ်ရှားမှု အခြေအနေကို လေ့လာ
ည်။ ချစ်ပန်းသူ၏ အိမ်ထဲမှ
အသံမှမကြားရ .. ပကတိ
တိတ်ဆိတ်နေသည်။

နယ်ထိန်း တပ်ကြပ် .. တိုးမောင်ဦးက ချစ်ပန်းသူ၏အိမ် အနီးသို့ တိုးကပ်သွားသည်။ ထို့နောက်အိမ်ပတ်လည်ကို လှည့် ပတ်ကာအိမ်ထဲမှအခြေအနေကို လေ့လာသည်။ ဒုရဲအုပ်ရဲဇော်နှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်လူကြီး များနှင့် ရပ်ကွက်ထဲမှလူငယ်များ သည် နယ်ထိန်းတပ်ကြပ် တိုးမောင်ဦး၏ လှုပ်ရှားမှုမှန်သမျှ ကို အမှောင်ထုအတွင်းမြင်ရသည့် အလင်းရောင်ဖြင့် ကြည့်ရှုနေကြ သည်။ ချစ်ပန်းသူ၏ အိမ်အောက် သို့ နယ်ထိန်းတပ်ကြပ်တိုးမောင်ဦး ဝင်သွားသည်ကို မြင်ရသောအခါ ကြည့်နေသူအားလုံး မျက်လုံးပြူး သွားကြသည်။ ဒုရဲအုပ်ရဲဇော်က အိမ်အနီးသို့ ချဉ်းကပ်သွားမည်ဟု အားလုံးကို အချက်ပြသည်။ ချစ်ပန်းသူ၏ အိမ်အောက်မှာ မြေကြီးနှင့် သစ်သားအဆင့် နှစ်ပေခန့်သာ လွတ်သည်ဖြစ်၍ နယ်ထိန်းတပ်ကြပ်တိုးမောင်ဦးမှာ အိမ်အောက်မြေကြီးပေါ်တွင် တွား သွားနေရလေသည်။ အိမ်နှင့် မလှမ်းမကမ်းရှိ သစ်ပင်အမှောင် ရိပ် အောက်တွင်ရပ်ကြည့်နေသူ များမှာ သည်းထိပ်ရင်ဖို ရုပ်ရှင် ဇာတ်ကားကို ကြည့်ရှုနေရသလို ပင် .. ရင်ခုန်နေမိကြသည်။ နယ်ထိန်းတပ်ကြပ် တိုးမောင်ဦးက အိမ်ပေါ်မှ အသံကို နားစွင့် နေသည်။ (၁၅)မိနစ်ခန့်ကြာတော့ နယ်ထိန်းတပ်ကြပ် တိုးမောင်ဦး သည် အိမ်အောက်မှ ဖြေးညင်းစွာ ထွက်လာသည်။ အမှောင်ရိပ်ထဲမှ

ဒုရဲအုပ်ရဲဇော် အနီးသို့ လျှောက်လာသည်။

"ဘာထူးခြားသလဲ တိုးမောင်"

"ဒီမိန်းမလျာကို လက်ပူးလက်ကြပ်ဖမ်းလို့ရပြီဆရာ။ ကျွန်တော်အိမ်အောက်ကနားထောင်ကြည့်တော့ မိန်းမလျာနဲ့ကောင်လေးတစ်ယောက်တို့ ရောဂါအပေးအယူလုပ်ပြီးသွားတဲ့ စကားပြောသံတွေကြားရတယ်"

နယ်ထိန်းတပ်ကြပ် .. တိုးမောင်ဦးက ဒုရဲအုပ်ရဲဇော်ကို မှောင်ရိပ်ထဲတွင်တိုးတိုးပြောပြသည်။

"ဒါဆိုလည်းအိမ်တံခါးကိုဖွင့်ခိုင်းပြီးစစ်ဆေးအရေးယူကြတာပေါ့ကွာ။ တစ်မျိုးသားလုံးရဲ့အန္တရာယ်ကောင်ပါလား"

ဒုရဲအုပ်ရဲဇော်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်လူကြီးများ၊ လူငယ်များက ချစ်ပန်းသူ၏အိမ်ရှေ့သို့လာခဲ့ကြသည်။

"ဟေ့ .. ချစ်ပန်းသ
တံခါးဖွင့်စမ်း"

ဒုရဲအုပ်ရဲဇော်က အိမ်ရှေ့
တံခါးကို ခေါက်ရင်းအော်ခေါ်
သည်။ အိမ်ထဲမှ တီးတိုးစကား
ပြောသံသဲ့သဲ့ကိုကြားရသည်။

"ဘယ်သူလဲဟင်"

ဆိုသည့် မိန်းမသံလိုလို
မေးသံကိုကြားရသည်။

"ငါတို့ပါကွ၊ တံခါးဖွင့် ပါဦး"

ရပ်ကွက်လူကြီး ဦးကျင်ရွှေ
ကအသံပေးသည်။

"ဟယ် .. ဦးတို့ .."

ဦးကျင်ရွှေ ပခုံးတွန့်သွား
အိမ်ထဲမှလျှောက်လာသ
ခြေသံအဆုံးတွင် တံခါးပွင့်
သည်။

"ဘာကိစ္စများရှိလို့လဲ ဦး
ဟင် .."

ဒုရဲအုပ်ရဲဇော်က ချစ်ပ
သူ၏ မျက်နှာကိုအကဲခတ်သ

စ်ပန်းသူသည် မျက်နှာကို
တတ်နိုင်ဆုံးပြုံးထားလေ၏။
သော် ချစ်ပန်းသူ၏ မျက်လုံးများ
ည် အမူအရာ ပျက်နေမှန်း
ရဲအုပ်ရဲဖော်က သတိပြုမိလေ
ည်။

"မင်းကို စစ်ဆေးစရာရှိလို့
ခေါ်တာ"

"ကျွန်မမှာ ဘာများမေး
ရာရှိလို့လဲ ရဲကြီးရယ်"

ချစ်ပန်းသူ၏စကား ကြောင့်
ရဲအုပ်ရဲဖော်ကပြုံးသည်။
စ်ပန်းသူသည် ပီဘိအမျိုးသမီး
စ်ဦးပမာ ဆံပင်ရှည်ကို ဘီးစပတ်
းထားသည်။ သူ၏ပါးနှစ်ဖက်
င်လည်း ပါးကွက်ကြားနှင့်။ ချစ်
န်းသူကိုမိန်းမလျှာ တစ်ဦးဟု
တင်သိမထားပါက တကယ့်
န်းမလှလေးတစ်ဦးဟု ထင်မှတ်
သည်။

ချစ်ပန်းသူ၏ ခန္ဓာကိုယ်
အချိုးအစားမှာလည်း ...
မိန်းကလေး များကဲ့သို့ မို့သည်နေ
ရာမို့၍ မောက်သည့်နေရာမောက်
နေသည်။ ဒီလိုဖြစ်အောင် ဘယ်
လိုများဖန်တီးထားပါလိမ့်ဟု
ဒုရဲအုပ် ရဲဖော်ကမဆီမဆိုင်
တွေးလိုက်မိသည်။

"အခု မင်းရဲ့ အိမ်မှာ မင်းနဲ့
အပြင်ဘယ်သူရှိသေးလဲ။"

" ဟို .. ဟို .. ကျွန်မဆီ
အလည်လာတဲ့ မင်းမင်းထွန်း
ဆိုတဲ့ကောင်လေးရှိနေပါတယ်။"

"အဲဒီကောင်လေးကို တွေ့
ချင်တယ်ခေါ်လိုက်စမ်းပါ"

"မင်းမင်းရေ၊ ခဏလာပါ
ဦးဟေ့"

အိပ်ခန်းတစ်ခု အတွင်းမှ
အသက် နှစ်ဆယ်ဝန်းကျင် ..
ကောင်လေးတစ်ဦးထွက်လာသည်။

မင်းမင်းထွန်းသည် ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်လူကြီးများကိုမြင်တော့ မျက်နှာအမူအရာ ပျက်သွားသည်။ မင်းမင်းထွန်းသည် လူချော၊ လူဖြောင့်ကလေးတစ်ယောက်ပင်။

"မင်းမင်းကို ဒီကရဲကြီးတွေ ကတွေ့ချင်လို့တဲ့"

"ကျွန်တော်မင်းမင်းထွန်း ပါဦးလေး"

"မင်းကချစ်ပန်းသူရဲ့ အိမ်ကိုညဘက်ကြီးဘာလာလုပ်တာလဲ"

"အလည်လာတာပါ ဦးလေး"

"ဟုတ်ပါရဲ့လားကွာ၊ ငါသိထားတာကတော့ မင်းကို ချစ်ပန်းသူက အဟင်းဟင်း .. ရောဂါတွေပေးနေသလားလို့ပါ"

"ဗျာ"

ဒုရဲအုပ်ရဲဇော်၏ စကားကြောင့် ချစ်ပန်းသူနှင့် မင်းမင်းထွန်းတို့၏ မျက်နှာများသည် ရှက်သွေးဖျန်းသွားကြသည်။ ချစ်ပန်းသူ... မျက်နှာကို အတည်ငြိမ်ဆုံး .. ဖြစ်အောင် ဟန်ဆောင်ထားသည်...

"မင်းတို့နှစ်ယောက်... ဆေးရုံကိုခေါ်သွားပြီး မှုခင်းဆေး... ဝန်ထံမှာ စစ်ဆေးရမယ်"

"ရှင်"

"ဗျာ .. ကျွန်တော်တို့... ဘာအတွက်ကြောင့် စစ်ဆေး... မှာလဲဗျာ"

"မင်းတို့ကို စစ်ဆေးကြည်... အဖြေပေါ်လာမှာမို့ပါ"

မင်းမင်းထွန်း၏ မျက်... သည် ရှက်ချည်းညှိုးကျသွားသ...

× × ×

"ဟော့ . . . ဒကာဇော်မော...

အိမ်ရှေ့မှ ခေါ်သံကြော... ကျွန်တော်သည် စာရေးနေ... လှမ်းကြည့်လိုက်မိသ... ကျွန်တော့်သူငယ်ချင်း သ...

(ရဟန်းဘွဲ့အမည် ဦးသံဝရ) ဖြစ်နေသည်။

"ဟင် .. ဦးပဋ္ဌင်း၊ ကြွပါဘုရား"

ကျွန်တော်က ဦးပဋ္ဌင်း သီတင်းသုံးရန်နေရာထိုင်ခင်း ချပေးလိုက်သည်။ ဦးပဋ္ဌင်းက ကုလားထိုင်ပေါ်တွင် သီတင်းသုံးသည်။ ကျွန်တော်က ရှိခိုးကန်တော့လိုက်မိသည်။

"အရှင်ဘုရား၊ ဘယ်တုန်းကကြွလာပါသလဲ"

"မနက်အစောကြီးကတည်းက ကြွလာတာ။ နတ်ကတော် မြင့်စိုးရဲ့ အသုဘကိုလာတာလေ"

"ဟင် .. မနေ့ညက အဲဒီဘက်က အသံချဲ့စက်ဖွင့်သံတော့ကြားမိတယ်။ ဘယ်သူ့အသုဘမှန်းမသိဘူး။ နတ်ကတော်ကဘာရောဂါနဲ့သေတာလဲ။ ဟိုးတစ်လောက ဈေးထဲမှာ တွေ့မိတယ်။ ပိန်ချုံးနေတာပဲ"

"အင်း .. ပြောရမှာတော့ အခက်သား။ ကုရာနတ္ထိဆေးမရှိတဲ့ ရောဂါလို့ ပြောနေကြတာပဲ။ ရွှယ်တူမိန်းမလျာတွေအားလုံးလိုလို သေကုန်ကြပြီလေ။ ဦးပဋ္ဌင်းတအသိတရားကြောင့် ကံကောင်းသွားတာ။ ဟိုးဘဝက သူတစ်ပါးသားမယားကိုစော်ကားမိခဲ့တဲ့ ဝဋ်တွေနေမှာပေါ့။ တရားစာအုပ်ထဲမှာတော့ အဲဒီလိုတွေ့ရတာပဲ။ ယောကျ်ားစင်စစ်ကနေဖြစ်ပါလျက် စိတ်ဓါတ်တွေပျော့ညံ့ပြီးမိန်းမဘဝဖြစ်ချင်ရတာ ဘယ်လောက်ယုတ်ညံ့သလဲ။ ဝဋ်ကြွေးများရှိခဲ့ရင် ဒီဘဝနဲ့ကျေပါစေလို့ ဆုတောင်းပါတယ်။ ဦးပဋ္ဌင်းတော့ အချိန်ပြည့် တရားအားထုတ်တယ်။ မြင့်စိုး သေတာလာပြီး အကြောင်းကြား

တော့မလာဖြစ်လို့ ကြွလာရတာ တရားအလုပ်ပျက်တယ်။ အချိန်က လေးရတုန်း ဦးပဥ္စင်းအစ်မဆီလာရင်း မင်းကိုဝင်တွေ့တာ။ ကျန်းမာကြရင်ပြီးတာပဲ . . ဦးပဥ္စင်းသွားတော့မယ်"

"မှန်ပါဘုရား"

ဦးပဥ္စင်းဦးသံဝရသည် ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြန်ကြွသွားလေသည်။ ကျွန်တော်က ရေးလက်စစာမူကို ဆက်ရေးနေမိသည်။

* * * * *

ဒုရဲအုပ်ရဲဇော်နှင့် အဖွဲ့က ချစ်ပန်းသူနှင့် မင်းမင်းထွန်းတို့ကို ပြည်သူ့ဆေးရုံသို့ခေါ်လာခဲ့သည်။ ရပ်ကွက်လူကြီးများကိုလည်း သက်သေအဖြစ်လိုက်ပါခဲ့စေသည်။ ရပ်ကွက်သူ၊ ရပ်ကွက်သားများက ချစ်ပန်းသူနှင့် မင်းမင်းထွန်းတို့ကို ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်လူကြီးများကခေါ်သွားသဖြင့် အထူးအဆန်းသဖွယ်လိုက်ကြည့်နေကြသည်။ ထင်မြင်ချက်အမျိုးမျိုးပေးကာ ပြောဆိုနေကြသည်။

ည (၁၁) နာရီကျော်ပေပြီ။ ဒုရဲအုပ်ရဲဇော်ကချစ်ပန်းသူနှင့် မင်းမင်းထွန်းတို့အကြောင်းကို အသေးစိပ်ရှင်းပြလိုက်သည်။

"အဲဒါ ဆရာကသူတို့နှစ်ယောက်ကို စစ်ဆေးပေးဖို့ပါပဲ"

"သူတို့ မသမာမှုပြုလုပ်ထားတာသေချာတယ်နော်"

"သေချာပါတယ်ဆရာ။ သူတို့နှစ်ဦး မသမာမှုပြုလုပ်ထားတာ သေချာအောင်လေ့လာပြီးမှ ဆရာဆီခေါ်လာတာ"

မှုခင်းဆရာဝန်က ချစ်ပန်းသူ ကို စမ်းသပ်ခန်းထဲသို့ခေါ်သွား သည်။ ဒုရဲအုပ်ရဲဇော်နှင့် ရဲတပ်ဖွဲ့ ဝင်များ၊

ရပ်ကွက် လူကြီးများသည် မှုခင်းဆရာဝန်ထံမှ ဆေးစစ်ချက်ကို စောင့်မျှော်ရင်း ရင်မောနေမိကြသည်။

"ဆရာရဲဇော်တို့ကတော့ စွန့်စွန့်စားစားဖော်ထုတ်လိုက်ပြန်ပါသည်။ ဒီအမှုမျိုးက လက်ပူးလက်ကြပ်မိဖို့ဆိုတာ မလွယ်လှဘူး။ အများအော့နှလုံးနာရတဲ့ကိစ္စဆိုတော့ ပုန်းလျှိုးကွယ်လျှိုးလုပ်ရှားကြတာများတယ်"

"ရပ်ကွက်ထဲက ကလေးတွေကို သဘာဝကိုလွန်ဆန်တဲ့ကိစ္စမျိုးနဲ့ဖျက်ဆီးနေတာမကောင်းဘူးပေါ့ဗျာ။ မိန်းမလျာမို့ လူငယ်လေးတွေက စရင်းနောက်ရင်းခင်မင်နေကြတယ်လို့ထင်ခဲ့မိတာ။ လက်စသတ်တော့ ဒီမိန်းမလျာက လူငယ်လေးတွေကို လူညွန့်တုံးအောင်လုပ်နေတာကိုး။ ဆရာတို့ ဒီသတင်းကို အတိအကျရတာတော့ အံ့ဩမိတယ်"

ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်ရွှေကပြောသည်။

"လူတွေကသဘာဝကို လွန်ဆန်တဲ့ချစ်ခင်မှုမျိုးကို အပြစ်မရှိဘူးလို့ ထင်ကြပေမဲ့ လူမှုရေးကျင့်ဝတ်အရရော၊ ဥပဒေအရပါ အပြစ်ကြီးလေးကြောင်းကို သိစေချင်တယ်ဗျာ။ ဒီကိစ္စဟာ မှုခင်းဆရာဝန်ရဲ့ဆေးစစ်ချက်အရဆိုရင် ဘယ်လိုမှငြင်းဆန်လို့မရပါဘူး။ ဒီကိစ္စက ဆေးပညာအရစစ်ဆေးရမယ်။ ကျူးလွန်ထားကြောင်း စစ်ဆေးတွေ့ရှိရင်တော့ နှစ်ဦးစလုံးကို ဥပဒေအရ .. မလွှဲမသွေအရေးယူဆောင်ရွက်ရတော့မှာပေါ့။

လူတွေကို မုန်းတီးလို့တော့ မဟုတ်ပါဘူး။ ကမ္ဘာနဲ့ အဝန်း

ဆန့်ကျင်နေတဲ့ ရောဂါဆိုးမျိုး ကျွန်တော်တို့တစ်မျိုးသားလုံးမှာ ကူးစက်ပျံ့ပွားလာမှာကို လုံးဝမလိုလားဘူး။ ဒါကြောင့်ဒီကိစ္စမျိုးတွေ ကျူးလွန်တာ သတင်းအတိအကျရရင် ဥပဒေအရ ကာကွယ်ဟန့်တားရမယ်။ ဒါမှငါတို့ တစ်တွေ သဘာဝကို လွန်ဆန်တဲ့ ချစ်ခင်မှုမျိုးတွေကို ကျူးလွန်မိရင် ဥပဒေအရ ဒီလိုပြစ်ဒဏ်မျိုးတွေ ချမှတ်ပေးထားပါလားလို့ နားလည်စေချင်တယ်။

အရပ်ထဲရွာထဲမှာ မိန်းမလျာကို မိန်းမလိုသဘောထားပြီး ပေါင်းသင်းနေကြတဲ့ ယောကျ်ားတွေနိုင်ငံနဲ့အဝှမ်းမှာ ရှိကြပါတယ်။ သူတို့ချင်းပြေလည်လို့ ပေါင်းသင်းနေကြတာ ငါနဲ့ဘာဆိုင်လို့လဲဆိုပြီး ပေါ့ပေါ့တန်တန်သဘောထားတဲ့ သူတွေများပါတယ်။ ဒီကိစ္စကို လက်ပူးလက်ကြပ်ဖမ်းမိဖို့ ဆိုတာ အချိန်ယူရမယ်။ စွန့်စားရမယ်။ သွားရောက်ဖမ်းဆီးရင် အရပ်သတင်းစကားနဲ့ ဖမ်းဆီးအရေးယူလို့မရဘူး . . နှစ်ဦးစလုံးကို ဆေးစစ်ချက်ယူလို့ တိကျတဲ့အဖြေ မရရင်လည်း ဥပဒေက ကိုယ့်ဘက် ပြန်လည်မှာ စိုးရိမ်ရတယ်လေ။ ဒီတော့ဒီကိစ္စကိုအပင်ပန်းခံပြီး စုံစမ်းဖော်ထုတ်ကြဖို့ စိတ်မကူးကြဘူး။ ကျွန်တော်ကတော့ အမျိုးသားရေးအမြင်နဲ့ ကြိုးစားဖော်ထုတ်လိုက်တယ်။

ကမ္ဘာ့ ဆေးပညာရှင်ကြီးတွေက ဒီရောဂါဖြစ်ရင် ကုသစရာဆေးမရှိပါဘူး။ လိင်တူချင်း မဆက်ဆံကြပါနဲ့၊ ကူးစက်တတ်ပါတယ်လို့ကမ္ဘာနဲ့အဝန်းကိုကြေငြာထားတယ်။ မူးယစ်ဆေးဝါး သုံးစွဲသူ ရောင်းဝယ်သူတွေကို ဥပဒေအ

ပြင်းထန်စွာအရေးယူတယ်။ လူနာအချင်းချင်းတောင်မှ ဆေးထိုးအပ်၊ ဆေးထိုးပြွန်ကတစ်ဆင့် ကူးစက်တတ်မှန်းသိလို့ လူနာတွေကိုတစ်ခါသုံးဆေးထိုးအပ်၊ ဆေးထိုးပြွန်တွေနဲ့ ကုသပေးနေတာ ဦးလေးတို့အမြင်ပဲ။

ရောဂါရှိတဲ့မိခင်ကတစ် ဆင့်မွေးဖွားလာတဲ့ သားသမီးကို ကူးစက်ပျံ့ပွားတတ်လို့ ကိုယ်ဝန်ဆောင်မိခင်တိုင်းမှာ အိတ်ချ်အိုင်ဗွီပိုးရှိမရှိ စနစ်တကျစမ်းသပ်ပေးနေတယ်။ မကောင်းတဲ့ကြေးစားမိန်းမတွေကို မလိုက်စားကြဖို့ ဟန့်တားတယ်။ ကျွန်တော်တို့နိုင်ငံမှာ ပြည့်တန်ဆာနှိမ်နင်းရေးတွေကို စီမံချက်ချပြီး ဖမ်းဆီးဟန့်တားနေတယ်။

ဒါတွေကို သိပါလျက်နဲ့ မိန်းမလျာတွေ၊ လက်တည့်စမ်းချင်တဲ့ သူငယ်လေးတွေဟာ အသိခေါက်ခက်အဝင်နက်ပြီး ပိုးဖလံမျိုးကိုတိုးဆိုသလို သိလျက်နဲ့မိုက်တွင်းနက်နေကြတယ် ဗျာ။ ကျွန်တော်အခုလို ဖမ်းဆီးလိုက်တာဟာ ကျွန်တော်တို့ရဲတပ်ဖွဲ့အနေနဲ့ရော၊ တစ်မျိုးသားလုံးရဲ့အရေးကိစ္စအတွက်ပါ။ ဟောပန်းချစ်သူကိုဆေးစစ်ချက်ရယူပြီးပြီ။ မင်းမင်းထွန်းကိုပဲ စစ်ဆေးရတော့မယ်"

အားလုံးက ဒုရဲအုပ် ရဲဇော်ရှင်းပြသည်များကို စိတ်ဝင်စားစွာနားထောင်နေကြသည်။ ချစ်ပန်းသူ၏မျက်နှာမှာမရွှင်ပျ။ မင်းမင်းထွန်း၏မိဘများက ဆေးရုံသို့ လိုက်လာကြသည်။

"ဆရာ . . ဒါ မင်းမင်းထွန်းရဲ့အဖေ ဦးကျော်မောင်"

"ဪ . . ဟုတ်ကဲ့ . ."

"ကျွန်တော့် သားလေးကို ဆရာတို့ ခေါ်သွားကြတယ်ပြောလို့လိုက်လာတာပါ။ ဒီကောင်က

အဲဒီမိန်းမလျှာကို ခင်မင်လို့သွားရောက်လည်ပတ်နေတာဆရာ။ အရပ်ထဲမှာ ပြောနေသလိုတော့ ဟုတ်မယ်မထင်ပါဘူး"

"ကိုယ်သားသမီးတွေကို သိပ်လည်းမယုံကိုးနဲ့ ဦးလေး ဦးကျော်မောင် မှုခင်းဆရာဝန်က ဦးကျော်မောင်ရဲ့သားကိုစစ်ဆေးနေပါတယ်။ မင်းမင်းထွန်းက ချစ်ပန်းသူဆီကို ခင်မင်လို့သွားတာလား။ ကြင်နာလို့သွားတာလား ဆိုတာ ဆေးစစ်ချက် အစီရင်ခံစာမှာ အဖြေပေါ်လာပါလိမ့်မယ်။"

ဒုရဲအုပ်ရဲဇော်၏ စကားကြောင့် ဦးကျော်မောင်ငိုင်တွေ၍ သွားသည်။ နာရီဝက်ခန့်ကြာတော့ မှုခင်းဆရာဝန်သည် ဆေးစစ်ချက် မှတ်တမ်းကိုကိုင်ကာ စမ်းသပ်ခန်းမှထွက်လာသည်။ မှုခင်းဆရာဝန်၏နောက်မှာတော့ ချစ်ပန်းသူနှင့် မင်းမင်းထွန်း။ မှုခင်းဆရာဝန်က ဆေးစစ်ချက်မှတ်တမ်းကို ဒုရဲအုပ် ရဲဇော်ထံသို့လှမ်းပေးသည်၊ ဒုရဲအုပ် ရဲဇော်ကဆေးစစ်မှတ်တမ်းကို ဖတ်ကြည့်ပြီး .. ချစ်ပန်းသူနှင့် မင်းမင်းထွန်းတို့၏ မျက်နှာများကို ကြည့်သည်။ 'တဲ့ မင်းတို့ ဘယ်နှယ့်ရှိစ' ဆိုသည့် အကြည့်မျိုးပင်။

"မင်းတို့နှုတ်က ဘယ်လိုပဲ လိမ်လိမ် ဆေးပညာကိုတော့ မင်းတို့ဘယ်တော့မှ လိမ်ညာလို့မရဘူးမှတ်၊ မင်းတို့နှစ်ယောက် သဘာဝမကျတဲ့ လိင်တူချင်းဆက်ဆံခဲ့ကြတာကို ဆေးမှတ်တမ်းမှာ အထင်အရှားတွေ့နေရပြီ။ မင်းတို့ ဘာငြင်းချင်သေးသလဲ"

ချစ်ပန်းသူနှင့် မင်းမင်းထွန်းတို့သည် တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်ကြသည်၊

မင်းမင်းထွန်း၏အဖေ ဦးကျော်မောင်သည် ရှက်လွန်း၍ခေါင်းကို အောက်သို့ငုံ့ထားလေ၏။

"ကျွန်မတို့မှားမိကြပါတယ်"

"လာသေးတယ် ဒီကျွန်မ၊ ယောကျ်ားစင်စစ်ကေန်ဖြစ်ပါလျက်နဲ့ ပျော့ညံ့တဲ့စိတ်မွေးပြီး သဘာဝမကျတဲ့ ဆက်ဆံမှုမျိုးတွေ ဖန်တီးနေတဲ့ မင်းကအပြစ်အရှိဆုံးလူပဲ။ ဒီတော့ မင်းတို့နှစ်ယောက် ရဲစခန်းကိုလိုက်ခဲ့ကြပေတော့။

ဒုရဲအုပ်ရဲဇော်နှင့် အဖွဲ့က ချစ်ပန်းသူနှင့် မင်းမင်းထွန်းတို့ကို ရဲစခန်းသို့ ခေါ်လာခဲ့သည်။ ရဲစခန်း သို့ပုဒ်မ ၃၇၇ ဖြင့် တရားခံနှစ်ဦးကို ဖမ်းဆီးလာသည်ဆိုသည့် သတင်းကြောင့် အခြားရဲတပ်ဖွဲ့ဝင်များအံ့ဩသွားကြသည်။ ဒုရဲအုပ်ရဲဇော်က ချစ်ပန်းသူနှင့် မင်းမင်းထွန်းတို့ကို ရပ်ကွက်လူကြီးများ၏ ရှေ့တွင် စစ်ဆေးသည်။ သူတို့နှစ်ဦး ကလည်းမှားမိပါကြောင်း ဝန်ခံကြသ ဖြင့် သူတို့နှစ်ဦးကို ပုဒ်မ ၃၇၇ အရ အရေးယူလိုက်သည်။

"ကျွန်တော်ကတော့ ဆရာညက ဖမ်းဆီးခဲ့တဲ့ပုဒ်မ ၃၇၇ အမှုမျိုးကို အံ့ဩမိတယ်။ ကျွန်တော်တာဝန်ထမ်းခဲ့တဲ့ ရဲသက်တမ်းတစ်လျှောက်မှာ ဒီလိုအမှုမျိုးကို တစ်ခါမှ မဖမ်းဆီးခဲ့ရဘူး။ ဒါမျိုးကမသေချာရင် မလွယ်ဘူးမဟုတ်လား။ ပြီတော့ကာယကံရှင်တွေရဲ့ မျက်နှာကရှိသေးတယ်"

"ဒီလိုအမှုမျိုးက ဘယ်သူ့မျက်နှာကိုမှ ငဲ့ညှာစရာမလိုဘူးထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ တစ်မျိုးသားလုံးရဲ့အရေးကိစ္စဖြစ်နေတော့ ဘာမှနားမလည်သေးတဲ့ လူငယ်တွေဒုက္ခရောက်မှာကိုတော့

ကျွန်တော်မလိုလားဘူးဗျာ။ ဒီကိစ္စကိုအခုလို လက်ပူးလက်ကြပ်ဖမ်းဆီးပြီး အပြင်းအထန်အရေးယူကြမယ်ဆိုရင် ဒီလိုကိစ္စတွေဟာ တစ်နည်းတစ်ဖုံ ပပျောက်သွားလိမ့်မယ်လို့ ယူဆမိတယ်။ ကျူးလွန်ဝံ့စရာလည်းမရှိတော့ဘူး"

"မင်းမင်းထွန်းဆိုတဲ့ ကောင်လေးအတွက်တော့စိတ်မကောင်းဘူးဗျာ။ ဒါပေမဲ့သူကပတ်သက်နေတော့မတတ်နိုင်ဘူးပေါ့။"

တရားခံနှစ်ဦးဖြစ်သည့် ချစ်ပန်းသူနှင့် မင်းမင်းထွန်းတို့ကို ဥပဒေပုဒ်မ ၃၇၇ အရ ဒုရဲအုပ်ရဲဇော်ကတရားလိုပြုလုပ်၍ မြို့နယ်တရားရုံးသို့ တရားစွဲဆိုတင်ပို့ခဲ့သည်။

ပုဒ်မ ၃၇၇ ဆိုသည်မှာ မည်သူမဆို (လိင်တူဆက်ဆံမှု)မျိုးကိုဖြစ်စေ၊ ဓမ္မတာအတိုင်းမဟုတ်ဘဲပြုမူနေထိုင်လျှင် ပြစ်ဒဏ်ချမှတ်ခံရမည့်အမှုမျိုးဖြစ်သည်။

ထိုဖြစ်မှုအတွက် ချစ်ပန်းသူသည် အလုပ်နှင့် ထောင်ဒဏ် (၇) နှစ်၊ မင်းမင်းထွန်းသည်အလုပ်နှင့် ထောင်ဒဏ် (၃) နှစ် အပြစ်ပေးခြင်းခံရလေသည်။

ဒုရဲအုပ်ရဲဇော်နှင့် အဖွဲ့ဖမ်းဆီးပေးခဲ့သည့် ပုဒ်မ ၃၇၇ (ဓမ္မတာအတိုင်း မဟုတ်ဘဲ လိင်တူ ခြင်းဆက်ဆံမှု)သည် တစ်မြို့လုံးအတွက် စိတ်ဝင်စားစရာဖြစ်နေလေတော့၏။

(အမည်၊ နေရပ်များ ပြောင်းလဲရေးသားထားပါသည်)

ဝင်းဇော် (သုံးဆယ်)



အချုပ်ခန်းထဲတွင် တရားခံလေးယောက်ရှိနေသည်။ ထိုလေးယောက်အနက် စိုးသန်းဆိုသောတရားခံမှာ နွားခိုးမှုမသက်သာ၍ ရက်ပိုယူချုပ်နှောင်ထားရသူဖြစ်၏။ စိန်အောင်မှာ ခိုးမှုတရားခံ ဖြစ်၏။ ကျော်ပိုက်ဆိုသူမှာ ရိုက်မှုတရားခံဖြစ်လျက်၊ မောင်ပိုက်အမည်ရှိသော လူငယ်မှာ ဓားပြမှုတရားခံ ဖြစ်လေသည်။

အချုပ်တရားခံ လေးယောက်အနက် မောင်ပိုက်မှာ အမှုကြီးသလောက် အသက်ငယ်ရွယ်သူတစ်ယောက်လည်း ဖြစ်နေသည်။ မောင်ပိုက်အား အချုပ်ခန်းအတွင်း၌ ချုပ်နှောင်ထားခဲ့သည်မှာ တစ်လတိတိရှိပြီ ဖြစ်၏။ သို့သော် မောင်ပိုက်နှင့်ပတ်သက်သော အမှုတွဲကိုမှု ရုံးတင်နိုင်ခြင်း မရှိသေးပေ။

## အကျဉ်းထောင်သား

**အောင်ခင်မိုး**

တရေးကြီးကိုသောင်းဖေ
ဲ့ အချုပ်ခန်းအတွင်းသို့ စိတ်
က်မသာ လှမ်းကြည့်လိုက်
သည်။ ပြီးလျှင် တက်တစ်
ခေါက်ပြီးနောက် ရှည်လျား
ပင့်သက်ကြီးကိုလည်း ဆွဲ
င်ငင် ချလိုက်သည်။

အဘယ့်ကြောင့်ဆိုရပါမူ ဓားပြမှုကို ကျူးလွန်ကြသော အခြားတရားခံလေးယောက်တို့အား ဖမ်းဆီး၍ မမိသေးသောကြောင့် ဖြစ်ပါသည်။

ကိုသောင်းဖေသည် အခန်းနှင့် ခပ်လှမ်းလှမ်းတွင် ရှိသော သူတို့အမှုထမ်း၊ အရာထမ်းများနေထိုင်ရာ တန်းလျားဆီသို့ လှမ်းကြည့်လိုက်၏။ ပြတင်းပေါက်သံတိုင်များအကြားမှ လှမ်း၍မြင်နေရသော ပုလိပ် (ရဲ) တန်းလျားကြီး တစ်ခုလုံးသည် သုသန်သင်္ချိုင်းကဲ့သို့ တိတ်ဆိတ်ခြောက်ကပ်လျက် ရှိနေသည်။ အိမ်တန်းလျားအချို့၏ တံခါးပေါက်များသည် ဟာလာဟင်းလင်းပွင့်လျက် ရှိ၏။ အချို့အခန်းတံခါးပေါက်များမှာမူ လုံးလုံးပိတ်ထားကြ၏။ အချို့ကား သော့ခလောက်များဖြင့် ခတ်လျက်၊ အချို့ကား မျောက်လက်စွဲ ဟွန်တုတ်ချောင်းများဖြင့် ထိုးထားလျက်၊ အချို့ကား ကြိုးချည်ထားလျက် အမျိုးမျိုးအဖုံဖုံ ဖြစ်နေ၏။ မည်သို့ပင်ဖြစ်စေ လူသူလေးပါးဟူ၍ တစ်ဦး တစ်ယောက်တလေမျှ မရှိကြောင်း ထင်ရှားနေပေသည်။ ဤအိမ် ဤတန်းလျားများကို စွန့်ပစ်ပြီးနောက် ဘေးကင်းရာ၊ လွတ်ရာသို့ ထွက်ခွာသွားကြပြီး ဖြစ်လေသည်၊ ပုလိပ် (ယခင်အခေါ်) ဌာနကြီး တစ်ခုလုံး၌ ကျန်ရစ်ခဲ့သူများမှာ သုံးယောက်သာ ဖြစ်၏။

တစ်ယောက်က ဌာနအုပ် (ယခုစခန်းမှူး) ဦးသိန်းထူး၊ တစ်ယောက်က ရာဇဝတ်အုပ် (ယခု ဒုရဲအုပ်၊ နယ်ထိန်း) ကိုဘကြိုင် တစ်ယောက်မှာ သူပင်ဖြစ်ပါသည်။

ဌာနပိုင် ဦးသိန်းထူးကလည်း သူ၏သားသမီးများနှင့် အိမ်သူအိမ်သားများအား ဘေးကင်းရာ လွတ်ရာ တောရွာတစ်ရွာရှိ ယောက္ခမများထံသို့ လွန်ခဲ့သော သုံးရက်လောက်ကပင် ပို့လိုက်ပြီးဖြစ်၏။ ရာဇဝတ်အုပ်ကိုဘကြိုင်ကလည်း သူ၏အိမ်သူအိမ်သားများအား ဘေးကင်းလိမ့်မည်ဟု စိတ်ချယုံကြည်ရသော တောမြို့လေးတစ်မြို့ရှိ မိဘဆွေမျိုးများထံသို့ ပို့လိုက်ပြီးဖြစ်ပါသည်။

ဂတ်ကင်းမှူးကိုသောင်းဖေမှာမူ ဌာနပိုင်ဦးသိန်းထူးကဲ့သို့လည်းကောင်း၊ ရာဇဝတ်အုပ်ကိုဘကြိုင်ကဲ့သို့လည်းကောင်း မယားကိစ္စ၊ သားကိစ္စဟူ၍ ပူပန်ကြောင့်ကြဖြစ်စရာ မရှိ။ သူက အသက် လေးဆယ်ကျော်လာသည့်တိုင် အိမ်ထောင်ရက်သားမရှိသော လူပျိုလူလွတ်တစ်ယောက် ဖြစ်၏။ သူသည် အသက် ဆယ့်သုံးနှစ်အရွယ်လောက်ကပင် ဇာတိမြို့ ဇာတိမြေကို စွန့်ခွာကာ ခြေသလုံးအိမ်တိုင်သမားတစ်ယောက်ဘဝမှာ နေထိုင်လာသူဖြစ်၏။ ထိုအခါမှစ၍ ကိုသောင်းဖေမှာ ဆွေမရှိမျိုးမရှိ တစ်ကောင်ကြွက်ဖြစ်ခဲ့လေသည်။

အချုပ်ခန်းအတွင်းရှိ လေးယောက်သော တရားခံတို့မှာ လုံချည်ကို ကိုယ်စီခြုံလျက် ကွေးကွေးကလေး အိပ်နေကြ၏။ ဟောက်ပင်ဟောက်နေကြသေးသည်။ ထိုတရားခံများသည် ယမန်နေ့ညက ညစာထမင်းကို မစားသောက်ကြရပေ။ ဌာနအုပ်ဦးသိန်းထူးနှင့် ရာဇဝတ်

အုပ်ကိုဘကြိုင်တို့ ကြံကြံဖန်ဖန် ရှာဖွေလာသော ပေါင်မုန့်ကလေး အနည်းငယ်နှင့် ငှက်ပျောသီး ဆယ်ဖီးကိုသာ မဝရေစာ စားသောက်ကြ လေသည်။

အချုပ်သားများအား ထမင်းကျွေးရသော ထမင်းကန်ထရိုက်မှာလည်း သည်မြို့မှ ထွက်ခွာပြေးလေပြီ။ အခြား ထမင်းစားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်များမှာလည်း လွန်ခဲ့သော သုံးလေးရက်ကပင် တစ်ဆိုင်မှ မဖွင့်၊ မရောင်းကြတော့ပေ။ လူတွေကအစ မရှိကြတော့ပေ။ မြို့တွင်းရှိ အိမ်ထောင်စုများအားလုံးလိုလိုပင် ပြောင်းရွှေ့သွားကြပြီ ဖြစ်၏။ တစ်မြို့လုံးမှာ ကျီးနှင့်ဖုတ်ဖုတ် ဖြစ်နေလေသည်။

နံရံတွင် ချိတ်ဆွဲထားသော နာရီသည် ကိုးချက်တီတီ မြည်လိုက်၏။ နံနက်ကိုးနာရီ တိတိ ရှိလေပြီ။

အချုပ်ခန်းအတွင်းရှိ တရားခံလေးယောက်အတွက်မှာမူ မည်သို့မျှ သူ့၌အနှောင့်အယှက် ဖြစ်စရာအကြောင်း မရှိသော်လည်း အရေးကြီးသည်မှာ မြို့ပိုင်မင်းနှင့် အထူးအာဏာရ တရားသူကြီးတို့ထံ အကြံဉာဏ် သွားတောင်းကြသော ဌာနပိုင်ဦးသိန်းထူးနှင့် ရာဇဝတ်အုပ်ကိုဘကြိုင်တို့နှစ်ဦး ခုချိန်ထိ ပြန်မလာကြသေးသည်က အကြောင်းကိစ္စဖြစ်လေသည်။ သူတို့ဘာတွေများ ပြဿနာဖြစ်နေကြပါလိမ့်။ အထူးအာဏာရတရားသူကြီးနှင့် မြို့ပိုင်မင်းတို့နှစ်ဦးသည် မြို့တွင်ရှိမှ ရှိကြသေးရဲ့လား . . ။ ဤမြို့ကို စွန့်ခွာလျက် အခြားတစ်ပါးသော

အရပ်ဒေသတစ်ခုသို့ ထွက်ခွာ၍ များ သွားလေသလားဆိုသည် ကိုပင် ကိုသောင်းဖေ အတွေးဝင် လာမိတော့၏။

သူသည် ဂုတ်တဲတံခါး ပေါက်ရှိရာသို့ လျှောက်လာပြီး နောက် မြို့တွင်းသို့ လှမ်းကြည့် လိုက်၏။ ဖြောင့်ဖြူးညီညာသော မြို့တွင်းလမ်းမကြီးကို ဂုတ်တဲ ပေါက်ဝမှနေလျက် အထင်းသား မြင်နေရ၏။ လမ်းမကြီးတွင် လူ ရိပ်လူယောင်ကို ရှာမတွေ့ရ။ မကြာမီလမ်းမကြီးငယ်မှ ဂုတ်တဲ ရှိရာသို့ ခြေလှမ်းသွက်သွက် လျှောက်လာနေသော လူနှစ် ယောက်၏ သဏ္ဌာန်ကို ကွဲကွဲပြား ပြားပင် ကိုသောင်းဖေ တွေ့လိုက် ရ၏။ နှစ်ယောက်စလုံးမှာ အရပ် ဝတ်အရပ်စားများနှင့် ဖြစ်သော် လည်း သူ့လူ သူ့အရာရှိများဖြစ် ကြောင်းကို ကိုသောင်းဖေ သိ လိုက်ရ၏။ တစ်ယောက်က ဌာ နပိုင်ဦးသိန်းထူး၊ တစ်ယောက် က ရာဇဝတ်အုပ်ကိုဘကြိုင်။

ခေတ်ပျက် ကာလပျက် ကြီးအတွင်း၌ ဖြစ်သောကြောင့် လည်း ထိုသူနှစ်ဦးစလုံး ယူနီ ဖောင်းကို မဝတ်ဆင်ထားကြ။ အရပ်ဝတ်၊ အရပ်စားများနှင့် ဖြစ်၏။ ပြီးလျှင် သူတို့၏ခြောက် လုံးပြူးကိုလည်း သိုသိုဝှက်ဝှက် ကိုင်တွယ်ကြလေသည်။

မကြာမီမှာပင် သူတို့နှစ် ယောက် ကိုသောင်းဖေရပ်နေ ရာ ဂုတ်တဲပေါက်ဝသို့ ရောက် လာကြ၏။ ဌာနပိုင်သည် ရောက်မဆိုက်ပင် အချုပ်ခန်းရှိ ရာသို့ မျက်လုံးဝေ့ကြည့်လိုက်ပြီး

"ထွီ . . . ကောင်းပါ့ ကွာ၊ သိပ်ကောင်း . . ဒီသတ္တဝါ

လေးကောင်ကတော့ စည်းစိမ်သုခ တကယ့်ကိုရှိပ့ါဗျာ . ." ဟု ခပ်ငေါ့ငေါ့ရေရွတ်လိုက်၏။ ပြီးလျှင် သူ့နဖူးမှ ချွေးစီးများကို လက်ကိုင်ပုဝါဖြင့် သုတ်လိုက်၏။

"ဘယ်လိုလဲ ဆရာ"

ကိုသောင်းဖေက မျှော်လင့်ချက်တစ်စုံတစ်ရာဖြင့် ရာဇဝတ်အုပ်အား ဆီး၍မေးလိုက်၏။

ရာဇဝတ်အုပ်ကိုဘကြိုင်သည် မျက်နှာကို ရှုံ့ရှုံ့မဲ့မဲ့ပြုလျက်က . . .

"သွားပြီ . . သွားကြပြီ၊ အားလုံး သွားကုန်ကြပြီ . . ၊ တစ်ယောက်မှ မရှိတော့ဘူး" ဟု ပြောလေသည်။

"ရှိ . . . ရှိ တိုးတိုးလုပ်စမ်းပါဗျာ၊ လာကြစမ်း၊ ကိုသောင်းဖေဒီကိုလာ . . ၊ ခပ်မြန်မြန်စီစဉ်မှ ဖြစ်လိမ့်မယ် . . "

ဌာနပိုင်ဦးသိန်းထူး သည် နှုတ်ခမ်းဖျားတွင် လက်ညှိုးတစ်ချောင်းကို အပ်ကာ တရှုံးရှုံးလုပ်ပြီး ကိုဘကြိုင်နှင့် ကိုသောင်းဖေတို့အား ဂိတ်တဲ၏ထောင့်တစ်နေရာသို့ ခေါ်ဆောင်သွားတော့၏။

သူတို့သုံးယောက် တန်းလျားများအပေါ် တစ်ပြေးညီထိုင်ချလိုက်ကြ၏။

"သိပ်ပြီးအချိန်ဆွဲနေလို့တော့မဖြစ်ဘူး ကိုဘကြိုင်၊ အချုပ်တရားခံ လေးယောက်လုံးကို သော့ဖွင့်ပြီးလွှတ်လိုက် . . ၊ တို့ပဲရှိတယ် ကိုသောင်းဖေ၊ နောက်ပြီး ခင်ဗျားလည်း ခင်ဗျားကြိုက်ရာအရပ်ကို သွားပေတော့။ ကိုဘကြိုင်ကတော့ သူ့သားမယားရှိတဲ့နေရာကို သွားလိမ့်မယ် . . ၊ ကျုပ်လဲ ကျုပ်မိန်းမနဲ့ ကလေးတွေရှိတဲ့နေရာကို ဒီနေ့ပဲ လိုက်သွား

တော့မယ်၊ ဒါဟာ နောက်ဆုံး အစီအစဉ်ပဲဗျာ . . .”

“ဗျာ . . အချုပ်ထဲက တရားခံတွေကို သော့ဖွင့်လွှတ်လိုက်ရမယ်ဟုတ်လား . .”

ကိုသောင်းဖေက မျက်လုံးပြူးမျက်ဆံပြူး၍ မေးလိုက်၏။

“လွှတ်လိုက်ရမယ်လေ၊ လုပ်ရမယ့်နည်းလမ်းက ဒီတစ်လမ်းပဲရှိတယ် . .၊ ခုတစ်မြို့လုံး ဘယ်သူမှ မရှိကြတော့ဘူး၊ မနက် (၆) နာရီကပဲ မော်တော်တစ်စင်းနဲ့ ပခုက္ကူကို ထွက်သွားပြီ၊ တရားသူကြီးအိမ်လည်း တစ်အိမ်လုံး မနက် လေးနာရီလောက်ကတည်းက ထွက်သွားပြီ . .”

ဦးသိန်းထူးက အမောတကောပြော၏။

“ဒီတော့ ကျွန်တော်တို့က ဘာဆက်လုပ်ရမှာလဲ ဆရာ”

“လုပ်ရမယ့်အလုပ်တ ဒီအထဲမှာ ရိုင်ဖယ်တစ်လက် ကျန်သေးတယ်မို့လား . .၊ အဲဒီသေနတ်ကို ခင်ဗျားယူသွား ကိုသောင်းဖေ၊ နောက်ပြီး အချုပ်သားလေးယောက်ကို သော့ဖွင့်ပေးလိုက်ရုံပဲ . .၊ သူတို့ကြိုက်ရာလမ်းကို သွားကြပါစေပေါ့ဗျာ . .၊ ဂျပန်စစ်တပ်က ဒီကို နေ့လယ်တစ်နာရီလောက် ရောက်လာလိမ့်မယ်လို့ ကျုပ်သတင်းရထားတယ် . .၊ အဲတစ်ခုရှိတာက ဂျပန်တပ်နဲ့ ပါလာမယ့် နိုင်ငံရေးသမားသခင်တွေက ကျုပ်တို့ကို ချမ်းသာပေးမှာ မဟုတ်ဘူး . .၊ သူတို့တဟိုတုန်းကတည်းက ကျုပ်တို့ကို အငြိုးထားနေကြတာလေ”

ဌာနပိုင်ဦးသိန်းထူးသည် နောက်ကြောင်းမလုံသူ

တစ်ယောက်ဖြစ်၏။ ဗြိတိသျှနယ်ချဲ့သမား၏ တစ်ပါးကျွန်ပြုပြီ ထိုစဉ်အခါက မျိုးချစ်နိုင်ငံရေးသမားများအပေါ်၌ မထောက်ညှာ နှိပ်စက်ညှင်းပန်းခဲ့သူတစ်ယောက်လည်း ဖြစ်ပါသည်။ ဂတ်စာရေးကြီးကိုသန်းဖေမှာလည်း သူနှင့်အတူ ကြံ့ရာပါ တစ်ယောက် ဖြစ်ခဲ့လေသည်။

သူတို့နှစ်ဦးကြောင့် မျိုးချစ်နိုင်ငံရေးသမား အတော်များများသည် ထောင်နန်းစံခဲ့ရလေသည်။ အချို့မှာ သေွးထွက်သံယိုဖြစ်ခဲ့ရသလို၊ အချို့ကား အသက်ပင် ဆုံးရှုံးခြင်း ဖြစ်ခဲ့ကြရ၏။

"ဟို . . ဓားပြကလေးပါ လွှတ်လိုက်ရမှာလား ဆရာ"

"ခင်ဗျား တယ်ခက်ပါလား. . လွှတ်လိုက်၊ အကုန်လုံးလွှတ်လိုက်ရမှာပေါ့၊ မလွှတ်တော့ သူ့ကို ဘယ်သူက စောင့်ပြီး ဘယ်သူက ကျွေးမှာလဲ ခေတ်ပျက်နေပြီဗျ၊ ခေတ်ပျက်နေပြီ သိရဲ့လား၊ ခင်ဗျားအသက်ကိုပဲ ခင်ဗျားလွှတ်အောင်ရှုန်းပေတော့ . . ၊ နောင်ခါလာနောင်ခါရောက် လားပဲ ကိုယ့်လူ . ."

ဌာနပိုင်ကြီး ဦးသိန်းထူးသည် ထိုင်ရာမှ ထလိုက်၏။

သို့သော် ဂတ်စာရေးကြီးကိုသောင်းဖေမှာ ထိုအချိန်ထိ အောင်ပင် တွေတွေငေးငေးကြီး ရှိနေ၏။

"ကိုသောင်းဖေ လုပ်လေဗျာ၊ ဘာငိုင်နေတာလဲ၊ အချိန်သိပ်မရှိဘူးဗျာ၊ ခုဆိုရင် ဆယ်နာရီတောင် ထိုးနေပြီ၊ ခင်ဗျားက ခုကိစ္စကို ပေါ့ပေါ့တန်တန် မှတ်နေသလား . . . ၊ တက်လာမယ့်

ဂျပန်တပ်တွေနဲ့တူ သူခင်ခေါင်း ဆောင်ချင်းရန်သူ နံပါတ်တစ် ဆိုတာ ခင်ဗျားသိတယ်မို့လား . . သူဟာ ခင်ဗျားနဲ့ကျုပ်အပေါ်မှာ ဒီတစ်သက် အကြိုက်အခဲကျေ မယ့် သူမဟုတ်ဘူးဗျ . . ၊ နား လည်ရဲ့လား . . "

ဌာနပိုင်က စိတ်မရှည်နိုင် သဖြင့် အော်ကြီးဟစ်ကျယ် ပြော လိုက်၏။ ကိုသောင်းဖေမှာ သခင်ချင်းစိန် (ယခုကွယ်လွန်သူ ရုပ်ရှင်မင်းသား ဒါရိုက်တာ အ ကယ်ဒမီချင်းစိန်) ဟူသော အသံ ကြောင့် လှုပ်လှုပ်ရှားရှားဖြစ်သွား ၏။ သခင်ချင်းစိန်မှာ ညောင်ဦး မြို့ပေါ်တွင် ဗိုဇမာအစည်းအရုံး ၏ ခေါင်းဆောင်တစ်ယောက် ဖြစ်ပါသည်။ ဌာနပိုင်ဦးသိန်းထူး နှင့် သူသည် သခင်ချင်းစိန်အား ပုဒ်မ ၁၂၄ နှင့်သာမက ဘိန်း ချသူ ဘိန်းကုန်ကူးသူတစ်ယောက် အဖြစ်နှင့် လုပ်ကြံလီဆည်၍ ထောင်မကျ၊ ကျ အောင် ချလိုက်ကြ၏။

"သခင်ချင်းစိန် ဟုတ် လား ဆရာ . . "

ကိုသောင်းတင်က အံ့ ဩတုန်လှုပ်ခြင်းအပြည့်နှင့် မေး ၏။

"ဟုတ်တယ် . . ဟုတ် တယ်၊ ကျုပ်နဲ့ခင်ဗျားနဲ့ ထောင် ထဲပို့လိုက်တဲ့သခင်ချင်းစိန်လေ၊ သူဟာထောင်ထဲက လွတ်ထွက် ပြေးတယ်၊ ခုဂျပန်စစ်တပ်ကို ခေါင်းဆောင်ပြီး ညောင်ဦးမြို့ ကို တက်သိမ်းလိမ့်မယ် . . ၊ ကျုပ်ပြောတာ နားလည်လား၊ ခပ်မြန်မြန်လုပ် . . . "

"သူတို့တပ်က ဘယ်က တက်လာမှာလဲ ဆရာ"

ကိုသောင်းဖေက မေးပြန်သည်။

"ချောက်ဘက်ကနေတက်လာမှာ၊ ဒီတော့ ခင်ဗျားအနေနဲ့ ရှောင်သာတိမ်းသာဖြစ်အောင် အရှေ့ဘက်က ရွာတစ်ရွာကိုပြေးပေါ့၊ နောက်မှ အခြေအနေကြည့်ပြီး ညောင်ဦးကို ပြန်လာပေါ့ . . ."

"အဲဒါမှ ခက်တယ် . . အရှေ့ဘက်ရွာတွေမှာ ကျွန်တော့်အသိအကျွမ်းက သိပ်မရှိဘူး ဆရာ . ."

ကိုသောင်းဖေက ဆိုလေသည်။

"အရှေ့ဖွားစောရွာသွားဗျာ . . ၊ အရှေ့ဖွားစောသူကြီးကို ကျုပ်လွှတ်လိုက်တယ်လို့ပြော၊ အရှေ့ဖွားစောရွာကနေလို့လည်း အင်မတန်ကောင်းတယ်၊ ရွာသူရွာသားတွေကလဲ အင်မတန်ဖော်ရွေတယ်၊ ဓားပြမောင်ပိုက်တို့ရွာပဲ၊ ဟုတ်ပြီ၊ ဒီကောင်လေးကိုပဲ အဖော်လုပ်ပြီးသွားပေတော့၊ နောက်ပြီး ဒီကောင့်ကို ရွာလူကြီးလက် အပ်ထားလိုက်ဗျာ၊ ဟုတ်လား . ."

ဌာနပိုင်က ပြောလေသည်။

မကြာမီသူတို့သုံးယောက်သည် အချုပ်ခန်းတံခါးကို ဖွင့်လိုက်ကြ၏။ ပြီးလျှင် ဓားပြမှုနှင့်ဖမ်းထားသော မောင်ပိုက်မှအပ ကျန်လူသုံးယောက်ကို 'သွားလိုရာသွားတော့' ဟုဆိုကာ လွှတ်လိုက်ကြ၏။ ထို့နောက် ဌာနပိုင်သည် ဌာန၏တံခါးကို သော့ပိတ်လိုက်ပြီး သော့ကိုမူ သူ၏ကုတ်အင်္ကျီအိတ်ထဲသို့ ထည့်လိုက်လေသည်။

စာရေးကြီးကိုသောင်းဖေသည် ယမ်းကပ်အပြည့်ထိုးထားသော ရိုင်ဖယ်သေနတ်ကို လက်တွင် တင်းတင်းဆုပ်ကိုင်၍ မောင်ပိုက်၏ မျက်နှာကို စူးစူးရှရှကြည့်လိုက်၏။

"ကဲ . . ကိုသောင်းဖေ သွားပေတော့၊ ခင်ဗျားရဲ့လွယ်အိတ်ကိုလည်း ယူဦး၊ မောင်ပိုက် မင်းသူနဲ့လိုက်သွား . . ကြားလား၊ မင်းရွာကို မင်းပြန်ရမှာပဲ"

"ဟုတ်ကဲ့ ဆရာ . . . ဟုတ်ကဲ့"

မောင်ပိုက်သည် တစ်စုံတစ်ရာ နားမလည်သလို မျက်လုံးလေး ပေကလပ်၊ ပေကလပ်လုပ်ရင်း ဌာနပိုင်နှင့် ကိုသောင်းဖေကို တလှည့်စီကြည့်လျက် ပြောလိုက်လေသည်။

× × × × ×

မောင်ပိုက်သည် အရှေ့မှနေ၍ စိုက်စိုက်နှင့် သွားသလို ကိုသောင်းဖေကလည်း နောက်မှ ကုန်းကွ၊ ကုန်းကွနှင့် လိုက်နှင့် လိုက်လေသည်။

လမ်းတွင် ခေတ်ပျက်နေသည်ဆိုသော အကြောင်း၊ အင်္ဂလိပ်များ ထွက်ပြေးကြပြီဆိုသော အကြောင်းနှင့် ဂျပန်များ မြန်မာနိုင်ငံအတွင်းသို့ဝင်ရောက်လာပြီဆိုသောအကြောင်းများကို ဂတ်စာရေးကြီးကိုသောင်းဖေက ပြောပြသဖြင့် မောင်ပိုက်နားလည်ရလေသည်။

ခေါ်ပြမှုဖြင့် တစ်လကျော်နှစ်လနီးပါး အချုပ်ခံနေရသဖြင့် ကွဲကွာနေသောအမေကို မောင်ပိုက် တွေ့ချင်လှ၏။ ခေတ်ပျက်နေသည်ဆို၍လည်း အမေ့အတွက် မောင်ပိုက်စိတ်

ပူမိ၏။ အမေတစ်ယောက် ဘယ်လိုများနေရှာပါလိမ့်။ သူတို့တွင် သည်အမေနှင့် သည်သားသာ ရှိလေသည်။

ရွှေ့မှ သွားနေသော မောင်ပိုက်၏စိတ်တွင် ဤသို့ တွေးနေမိသလို နောက်မှလိုက်လာသော စာရေးကြီးကိုသောင်းဖေကလည်း အတွေးပေါင်း မြောက်မြားစွာ ဖြစ်ပေါ်လျက် ရှိနေ၏။

ဒီကောင်လေးဟာ သူ ရွာကိုရောက်သွားရင် ငါ့ကိုများ ရန်မူလေမလား . .။ သူဆွေတွေ မျိုးတွေကဖြစ်ဖြစ်၊ သူ့အ အပေါင်းအသင်းတွေကဖြစ်ဖြစ် ငါ့ကို ရန်ရှာကြမှာလား . . .၊ ကာလကပျက်နေတော့ သူကြီးဆိုတဲ့လူကရော ရွာမှာရှိပါ့မလား၊ ဒီခရီးကို လိုက်လာတာ ငါမှားပြီ၊ ဘယ်နည်းနဲ့မဆို ဒီ ကောင်လေးဟာ ငါ့ကိုရန်လုပ် တော့မှာပဲ. .၊ စစ်ချက်ယူတုန်း ကလည်း သူ့ကိုငါက အော်လား ငေါက်လား၊ ရိုက်လား၊ ပုတ်လား လုပ်ခဲ့မိတယ် . . ”

ဤသည်မှာ စာရေးကြီး ကိုသောင်းဖေ၏ အတွေးများပင် ဖြစ်ပါသည်။

မောင်ပိုက်နှင့် ကိုသောင်း ဖေသည် လှည်းလမ်းအတိုင်း ခပ် သွက်သွက် လျှောက်လာခဲ့ကြ၏။

“ရွာကိုရောက်ရင် ကျွန် တော်တို့အိမ်မှာပဲ နေပါဦးလေ ကျွန်တော့်အမေက အင်မတန် သဘောကောင်းပါတယ် . .၊ မှ လည်း အင်မတန် ရိုးပါတယ်”

မောင်ပိုက်က သမ လည်ပြန် နောက်လှည့်ကြည့်လျှ ကိုသောင်းဖေကို ပြောလေသည်

"မင်းအမေနာမည် ဘယ်သူလဲကွ"

ကိုသောင်းဖေက မေးသည်။

"ဒေါ်ကျင်ယုံတဲ့ ခင်ဗျာ"

"ဒါနဲ့ရွာမှာ မင်းတို့အမျိုးတွေ တော်တော်များသလား . ."

"အမျိုးရယ်လို့တော့ မဟုတ်ပါဘူး . . ၊ ဒါပေမယ့် တစ်ရွာလုံးမှာ တစ်အိမ်ထောင်နဲ့ တစ်အိမ်ထောင်ဟာ ဆွေမျိုးရင်းခြာလို နေကြတာပါ၊ တစ်ယောက်အကြောင်းရှိရင် တစ်ယောက်မနေတတ်ကြပါဘူး . ."

"အင်း . . ငါထင်သလိုတော့ ဖြစ်မှာပဲ၊ ဒီကောင်လေးကို ဒီနေရာမှာပဲ အစဖျောက်လိုက်ရင် ကောင်းမယ်။ ပြီးတော့မှ ငါတစ်ယောက်တည်း ရွာကိုသွားမယ်။ ဒီလိုဆိုရင် ဘာပြဿနာမှ မပေါ်နိုင်ဘူး . ."

ကိုသောင်းဖေ စိတ်ထဲမှ တွေးလိုက်မိ၏။

"ဦးလေး ကျွန်တော်တို့အိမ်မှာပဲနေပါ၊ ဘယ်မှမသွားပါနဲ့နော် . . ."

မောင်ပိုက်က သေချာအောင် ထပ်၍ပြော၏။ သည်လိုပြောရင်းမှပင် ကိုသောင်းဖေကို သူရပ်စောင့်နေ၏။

"ဟေ့ သွားစမ်း၊ သွားစမ်း . . ၊ မင်းရှေ့ကသွားစမ်း"

ကိုသောင်းဖေသည် ပုခုံးမှ ရိုင်ဖယ်ကိုဖြုတ်လျက် လက်ထဲတွင် အသင့်ကိုင်လိုက်၏။ ပြီးလျှင် ခြောက်ကနဲမောင်းထိုးလိုက်သည်။

မောင်ပိုက်သည် ကိုသောင်းဖေ၏ အမူအယာကြောင့် ရုတ်တရက် မျက်နှာပျက်သွား၏။ သို့ရာတွင် သည်လူကြီး သည်

လောက်မရက်စက်တန်ရာဟု သဘောပိုက်ကာ ရှေ့မှနေလျက် တစိုက်စိုက်သွားနေ၏။

"ဟော . . ဦးလေး ကျွန်တော်တို့ရွာကို လှမ်းမြင်နေရပြီဗျ . .၊ ဟိုရှေ့က တောတန်းအုပ်အုပ်ဟာ ကျွန်တော်တို့ရွာ"

မောင်ပိုက်သည် စကားဆုံးအောင်မပြောလိုက်နိုင်ပါ။ နောက်မှနေ၍ "ဒိုင်း . . ဒိုင်း" ပေါ်ထွက်လာသော ရိုင်ဖယ်သံနှစ်ချက်ဆင့်နှင့်အတူ ရှေ့သို့ ဟပ်ထိုးလဲကျသွားလေသည်။

"ဦး . . ဦးလေး ရက်စက်လှချည်လားဗျာ၊ ကျွန်တော့် ကျွန်တော့် . . အမေ . . အမေ"

အချိန်အနည်းငယ်အတွင်း မောင်ပိုက်သည် ငြိမ်သက်သွားလေတော့သည်။

× × × × ×

ကိုသောင်းဖေသည် ရိုင်ဖယ်ကိုကိုင်လျက် အရှေ့ဖွားစောရွာကလေးအတွင်းသို့ အနောက်ဘက်ရွာလမ်းမှနေကာ ခြေလှမ်းသုတ်သုတ်နှင့် ဝင်ရောက်လာခဲ့၏။

ထိုအချိန်မှာပင် ရွာတောင်ဘက်များဆီမှ လူစုလူဝေးများ၏ အသံဗလံများကို ကိုသောင်းဖေကြားလိုက်ရ၏။ ကိုသောင်းဖေသည် အသံကြားရာသို့ လှမ်းမျှော်ကြည့်လိုက်၏။ လူအုပ်ကြီးသည် ရှေ့ဆုံးမှဖြစ်သော သုံးရောင်ခြယ်ပေါင်းအလံများကို တွေ့လိုက်ရ၏။ အလံများသည် လေတွင် တဖျတ်ဖျတ် လူးလွန့်လှုပ်ရှားလျက် ကြွားကြွားဝင့်ဝင့်ရှိလေသည်။

"ဂျပန်တပ်တွေ ညောင်ဦးကိုသိမ်းဖို့ ချီတက်လာနေပြီ၊

တပ်ဦးက သခင်ခေါင်းဆောင်ဦးချင်းစိန်ကိုယ်တိုင်ပါလာတယ်ဟေ့ . . ."

ရွာသားတစ်ယောက်၏ အော်ဟစ်ပြောဆိုလိုက်သော အသံသည် ကိုသောင်းဖေနားတွင်းသို့ ပြတ်ပြတ်သားသား ဝင်ရောက်လာ၏။ ရှေ့ဆုံးမှချီတက်လာသောတပ်ဦးသည် တဖြည်းဖြည်းနှင့် ကိုသောင်းဖေရှိရာသို့ နီးကပ်လာလေသည်။ ကိုသောင်းဖေမှာ ထိတ်ထိတ်လန့်လန့်နှင့် သရက်ပင်ကြီး တစ်ပင်အောက်တွင် မလှုပ်မရှား ကြက်သေသေကာ ရပ်နေမိ၏။

"ဟိုမှာ... ဟိုမှာ သစ်ပင်အောက်မှာ သေနတ်ကြီးကိုင်လို့ လူတစ်ယောက်၊ လူတစ်ယောက်ဟေ့လူ . . ဟေ့လူ၊ မပြေးနဲ့ . . မပြေးနဲ့"

တပ်ဦးမှ ရဲဘော်တစ်ယောက်၏ လှမ်းအော်သံကို ကိုသောင်းဖေ ကြားလိုက်ရ၏။

ကိုသောင်းဖေသည် ပြေးမိပြေးရာ အိမ်ငယ်ကလေးများရှိရာသို့ ခြေကုန်သုတ်လျက် စွတ်ပြေးတော့၏။ ကိုသောင်းဖေပြေးရာနောက်သို့ ရဲဘော်လေးငါးယောက် ဝိုင်းအုံ၍ ပြေးလိုက်လာကြ၏။

"ကျုပ် . . ကျုပ်ကိုကယ်ပါဗျာ . .၊ ကျုပ်အသက်ကို ကယ်ပါဗျာ"

ကိုသောင်းဖေသည် တဲအိမ်ငယ်တစ်လုံး၏ရှေ့တွင် ရပ်နေသော သူနှင့်သက်တူရွယ်တူခန့်ရှိသည့် အမျိုးသမီးကြီး တစ်ဦးအား တောင်းတောင်းပန်ပန်ပြောလိုက်၏။ သေရမည့်ဘေးကို ကြောက်ရွံ့နေသဖြင့်

ကိုသောင်းဖေ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေလေသည်။ သူ့အသံကြီးမှာလည်း မောပန်းနွမ်းဟိုက်နေ၏။

အမျိုးသမီးကြီးသည် အတန်ကြာ တွေဝေနေလေသည်။

"သူ့တို့က ဗမာတွေပဲ၊ ရှင့်ကို ကိုယ့်ဗမာအချင်းချင်း မသတ်မပါဘူး . ."

"မဟုတ်ဘူး . .၊ မဟုတ်ဘူး၊ ကျုပ် . . ကျုပ်မှာက သေနတ်ကြီးနဲ့ဆိုတော့ သူတို့ သတ်လိမ့်မယ်၊ ကျုပ်အသက်ကို ကယ်ပါဗျာ . . ကယ်ပါ၊ ခင်များ ကျေးဇူးကို မမေ့ပါဘူး၊ ဟော ဟိုမှာ သူတို့လိုက်ရှာနေကြပြီ၊ လုပ်ပါဦးဗျာ . ."

ကိုသောင်းဖေ အသံများ တုန်တုန်ယင်ယင်နှင့် ပြောနေ၏။

ရဲဘော်သုံးလေးယောက်သည် မနီးအဝေးရှိ တဲအိမ်များဆီးတွင် ဟိုဝင်သည်ထွက်နှင့် ကိုသောင်းဖေကို လိုက်လံရှာဖွေနေကြ၏။

"ကဲ . . လာ လာ၊ ကျုပ်နောက်လိုက်ခဲ့ . ."

အမျိုးသမီးကြီးသည် ကိုသောင်းဖေအား တဲအိမ်ငယ်နောက်ဘက် နွားတင်းကုပ်ရှိရာသို့ ခေါ်ဆောင်သွား၏။

"ကဲ . . ရှင် ဟောဒီနှမ်းပုတ်ထဲမှာ ဝင်နေပေတော့၊ စိတ်ချရတော့ ကျုပ်အသံပြုလိုက်မယ်"

ကိုသောင်းဖေသည် အမျိုးသမီးကြီးညွှန်ပြသော နှမ်းလှောင်သောပုတ်ထဲသို့ ဝင်လိုက်လေသည်။ သူပုတ်ထဲသို့ ရောက်ရှိသွား၍ မကြာမီအချိန်မှာပင် တဲအိမ်ငယ်၏ အရှေ့ပိုင်း

ဆီမှ အမျိုးသမီးကြီးနှင့် ရဲဘော်များ၏ အသံကို ကြားလိုက်ရ၏။

“ဒီဘက်ကို သေနတ်နဲ့ လူတစ်ယောက်ပြေးလာတာ မြင်လိုက်သေးလား ခင်ဗျ . .”

“ပြေးတယ် . . ပြေးတယ်၊ ဟိုမြောက်ဘက်ကို ထွက်ပြေးတယ် . .”

“ရဲဘော်တွေ လာကြ၊ လာကြတော့၊ ညောင်ဦးကို အချိန်မီ သိမ်းဖို့က အရေးကြီးတယ်ဟော့၊ ဒီအကောင့်နောက် လိုက်မနေနဲ့တော့ . .”

အချိန်အနည်းငယ် အတွင်း၌ပင် လှုပ်လှုပ်ရှားရှားနှင့် စစ်ချီသီချင်းများကို သီဆိုကာ ချီတက်သွားကြသော လူစုလူဝေးများ၏ အသံကို နှမ်းပုတ်ထဲမှ ကိုသောင်းဖေကြားလိုက်ရ၏။

အတန်ကြာလျှင် ထိုအသံများ ဝေးမှန်းမသိ ဝေးသွားတော့၏။

“ထွက်ခဲ့တော့ရှင့် ဂျပန်စစ်တပ်ကြီးရော၊ တို့ဗမာသခင်တွေရော ညောင်ဦးဘက်ကို ချီတက်သွားကြလေရဲ့ . . .”

ကိုသောင်းဖေသည် နှမ်းပုတ်ထဲမှ ခုန်ထွက်လိုက်၏။

“ဒီရွာသူကြီးအိမ်ကို တစ်ဆိတ်ပြပေးစမ်းပါဗျာ . .”

ကိုသောင်းဖေက အမျိုးသမီးကြီးကို ပြောလိုက်၏။

“ဒီရွာသူကြီး မရှိတော့ဘူးတော့၊ လွန်ခဲ့တဲ့နှစ်ရက်လောက်ကပဲ ဂျပန်တပ်တွေ တက်လာမယ့်သတင်းကြားလို့ မြကန်ဘက်ကို ပြောင်းသွားလေရဲ့ . .”

အမျိုးသမီးကြီးက ပြောလိုက်၏။

"အင်း . . ဒီလိုဆိုရင် ကျုပ် မြကန်ရွာကို လိုက်သွားမှ ပဲ . . ဒါထက် ခင်ဗျားကို ကျေးဇူးတင်ပါတယ်ဗျာ . . ၊ ကျုပ် သွားလိုက်ဦးမယ်၊ ဩော် . . မေ့ နေလိုက်တာ၊ ခင်ဗျားနာမည် လေး တဆိတ်လောက် . . "

ကိုသောင်းဖေသည် လှမ်းလက်စခြေလှမ်းကိုရပ်ပြီး သမင်လည်ပြန်ကြည့်ရင်း မေး လိုက်၏။

"မကျောင်ယုံတဲ့ရှင်"

အမျိုးသမီးကြီးက ပြော လိုက်၏။

"ဟင် . . မကျောင်ယုံ ဟုတ်လား . . ၊ အင်း . . အင်း မကျောင်ယုံ၊ မကျောင်ယုံ . . မောင် ပိုက်အမေမကျောင်ယုံ . . "

ကိုသောင်းဖေသည် အရှုးတစ်ယောက် လို ရေရွတ်ရင်း မြကန်ရွာဘက်ဆီသို့ ဦးခေါင်းကို ငိုက်စိုက်ချလျက် ထွက်သွားလေ တော့သတည်း။

ဝန်ခံချက် ။ ။ အင်လိပ်နယ်ချဲ့ တို့အား တော်လှန်ရေးကာလ ဆင်နွှဲစဉ် ပါဝင်ခဲ့သော ညောင်ဦး မြို့နယ်၊ ရေဝန်ရပ်ကွက်မှ အဘ ဦးသိန်း၏ ပြန်လည်ပြောပြချက် ကို ရေးသားပါသည်။ ။

**အောင်သင်းမိုး**

—